www.burmeseclassic.com

သက်ထွန်း (ဆေးသိပ္ပံ)

# ကာလယန္တရား နှင့် အခြားဝတ္ထုတိုများ

BURMESE CLASSIC .com



Illustration Art : PYAE MINN ZAW . 2005 .

www.burmeseclassic.com

www.burmeseclassic.com

## ပြည်ထောင်စုကြီး၏ ရည်မှန်းချက် — နိုင်ငံတော်အစီအစဉ်

### နိုင်ငံတော်၏ အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

သိဟနာဒစာစဉ် (၁)

# သက်ထွန်း(ဆေးသိပ္ပံ)

# ကာလယန္တရား

နှင့်

အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ကာလယန္တရားနှင့် အခြားဝတ္ထုတိုများ**

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
**အုပ်ရေ** (၁၀၀၀)
**တန်ဖိုး** (၈၀၀ ကျပ်)

❒

**စာမူခွင့်ပြုချက်အမှတ်** ● ၅၀၀၄၆၄၀၅၀၄
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ● ၅၀၀၆၂၉၀၅၀၆
**တာဝန်ခံ** ● Dream City
**မျက်နှာဖုံးပန်းချီ** ● ပြည့်မင်းဇော်
**ဖလင်** ● ဦးမျိုးညွန့်

❒

**ထုတ်ဝေသူ**
ဦးသန်းဆွေ (၀၁၄၇၃)
စစ်သည်တော်စာပေ
၁၀၃၁၊ ဥယျာဉ်လမ်း၊
(၁၉) ရပ်ကွက်၊ ဒဂုံ (တောင်) မြို့နယ်

❒

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးဆန်းထူးစိုး (၀၄၆၉၈)
ဆန်းသစင်ပုံနှိပ်တိုက်
၁၉၈/၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

❒

**ဖြန့်ချိရေး**
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | အရိုးမဲ့လူသား | ၁ |
| ၂။ | အုပ်ထိန်းသူ | ၁၆ |
| ၃။ | ကာလယန္တရား | ၂၃ |
| ၄။ | ရင်ခွဲရုံ | ၃၃ |
| ၅။ | တုတ်ကောင် | ၄၆ |
| ၆။ | ပင်နီစလင်စားသူ | ၅၁ |
| ၇။ | နောက်ဆုံးလက်ကျန်ကောင် | ၆၅ |
| ၈။ | ဝေမျှဝေဒနာ | ၈၂ |
| ၉။ | စာရေးဆရာဘချစ် | ၉၃ |
| ၁၀။ | တစ္ဆေခြေထောက် | ၁၀၄ |
| ၁၁။ | မှန်ဝါးပုံရိပ် | ၁၁၇ |
| ၁၂။ | ဒါဏ်သေနလုံးသား | ၁၂၅ |
| ၁၃။ | ကံထဲကလူသားများ | ၁၄၁ |
| ၁၄။ | ဣတ္ထိယတို့သည် | ၁၅၄ |


www.burmeseclassic.com

www.burmeseclassic.com

# အရိုးမဲ့လူသားများ

ကျွန်တော်တို့မိသားစု ဝိုင်းဖွဲ့စကားပြောနေသော တစ်ညနေတွင် သူသည် ခြံထဲသို့ ဝင်လာ၏။ သူ့ကိုမြင်သောအခါ ကျွန်တော်၏သမီးလေးသည် ဖေဖေ... အရူးကြီးလာနေပြီ၊ မီးမီးကြောက်တယ်ဟုဆိုကာ ကျွန်တော်ပေါင်ပေါ် တွယ်တက်ပါသည်။ ကျွန်တော်၏ ဇနီးသည်က သမီးငယ်ကို ဆတ်ခနဲကောက်ချီပြီး အိမ်ထဲဝင်သွား၏။

"မီးရထားဆရာဝန်ကြီးနဲ့ တွေ့ချင်လို့ပါ"

"ကျွန်တော်ပါပဲ၊ ကိစ္စက"

"ရထားလက်မှတ် ဝယ်ချင်လို့"

ထူးတော့ထူးဆန်း၏။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူတစ်ချို့သည် တစ်ခါတစ်ရံ ရထားလက်မှတ် ဝယ်ခိုင်းတတ်ကြပါသည်။ ကိုယ့်အားကိုယ် မကိုးချင်သော ဤကဲ့သို့ အရိုးမဲ့သတ္တဝါများကို ကျွန်တော်သည် မည်မျှပင်ရင်းနှီးရင်းနှီး အားမနာတတ်ပါ။ အကုန်ငြင်းဆန်လွှတ်ပါသည်။ ကျွန်တော့်ဆေးခန်းနှင့် အိမ် ဧည့်ခန်းတွင်လည်း "ရထားလက်မှတ်ဝယ်မပေးပါ' ဆိုသော စာချိတ်ထား၏။

ကျွန်တော်ရှေ့ဝယ် ရို့ရို့ကုလေးရပ်နေသော 'သူ့'ကို ကျွန်တော်မသိ၊ တစ်ခါမှမမြင်ဘူး။ အဝတ်အစားများ စုတ်စုတ်ပြတ်ပြတ်၊ လွင့်ချင်ရာလွင့် သွား ချင်ရာ သွားနေသော အရူးတစ်ယောက်ပုံစံနှင့် 'သူ့'လိုလူသည် ကျွန်တော်ထဲ သို့သော မီးရထားအရာရှိ ဆရာဝန်တစ်ဦး၏ ခြံဝိုင်းထဲ ရဲရဲဝင်လာပြီး လက်မှတ်ဝယ်ခိုင်းသည်မှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်တစ်ခုတော့မဟုတ်၊ ဖြစ်လျှင်မူကား ကွယ်တွင် အကြောင်းတစ်ခုတော့ ရှိမှာ ဧကန်ဖြစ်သည်ဟု ကျွန်တော်ယူဆ၏။

www.burmeseclassic.com



"ကိုယ့်ဘာသာ သွားဝယ်ပါ၊ လက်မှတ်ခ ပိုက်ဆံလိုလို့လား"

"ပိုက်ဆံရှိပါတယ်"

"ဒါဖြင့် ခင်ဗျား အခက်အခဲက..."

"Identity Card မရှိလို့ Station Master က မရောင်းဘူး"

အံ့ဩစရာ...။ ထူးဆန်းသည်။ လူတကာ သုံးနေသော ခေါ်နေသော 'မှတ်ပုံတင်'၊ 'ရုံပိုင်ကြီး' ဆိုသည့် အသုံးအနှုန်းမျိုးကိုပင် သူမသိလေရော့သလား။ ဘာပဲပြောပြော အသံထွက်မှန်သည်။ လေယူလေသိမ်း ပီသသည့် အရှူးဖြစ်လျှင်လည်း သာမာန်အရူးတော့ မဟုတ်။ စာတတ်ပေတတ် အရူးဖြစ်ပေမည်။ ကျွန်တော်လည်း စိတ်ဝင်စားလာသည်မို့ –

"ထိုင်လေ...ထိုင်ပါဦး"

ထိုအခါမှ ကုလားထိုင်တစ်လုံးကို နောက်ဆွဲကာ ရှိုးတိုးရှန့်တန့်မဖြစ်ဘဲ သူဝင်ထိုင်၏။ အက်တီကတ် (Etiquette) ဟုခေါ်သော လူမှုရေးကျင့်ဝတ်တို့ကို ကောင်းကောင်းသိပြီး ကျင့်သုံးနေကျ လူတစ်ယောက်ဟု သူ့ကို သတ်မှတ်လိုက်ပါသည်။ နေစောင်းသည်နှင့် အေးလာတတ်သော မြစ်ကြီးနားမြို့၏ ရာသီဥတုကြောင့် သူသည် ညစ်ပတ်ပြီး စုတ်သည့်နေရာစုတ်၊ ဖွာသည့်နေရာ ဖွာနေသည့် ကုတ်အင်္ကျီ ရင်ဘတ်ကို ဆွဲစေ့လိုက်သည်။ ချမ်းနေသည်ထင်၏။ ကိုယ်ကို ကျုံ့၍ လက်ပိုက်ကာ လက်များကို ချိုင်းကြားထဲ ညှပ်ထား၏။

" ကဲ...Self intro လုပ်ပါဦး"

သူ အင်္ဂလိပ်စာတတ်မတတ် သိချင်၍ အင်္ဂလိပ်လိုပင် မိမိကိုယ်မိမိ မိတ်ဆက်နိုင်းလိုက်ပါသည်။ အဝတ်အစား တစ်ခုတည်းကို ကြည့်ပြီး သူ့အပေါ် နိမ့်ချမဆက်ဆံချင်ပါ။ သူသည် သာမာန်လူတစ်ယောက် မဟုတ်သည်ကိုတော့ ကျွန်တော့်စိတ်ထဲက သိနေသလိုပင်။ စကားပြောနေရင်းနှင့် သူသည် တဖြည်းဖြည်းတုန်လာ၏။ ကချင်ပြည်နယ်မှာ ကျင်လည်ခဲ့တာ (၁၀) နှစ်မကတော့၍ သူငှက်ဖျားတက်လာပြီဟု ကျွန်တော်သိလာ၏။

"ရော့...သောက်လိုက်ဦး၊ နောက်မှပြော"

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရာ၊ ကျွန်တော်သိပ်သောက်ချင်နေတာ"

ကျွန်တော်ဖနီးသောက်သော ရေနွေးကြမ်းဖန်ခွက်ကို သွန်ပစ်ကာ သူ့အတွက် ရမ် ၅ ပက်ခန့် ထည့်ပေးလိုက်ပါသည်။ သူသည် ဟန်ဆောင်အားနာ စကားကို မပြောသော်လည်း ယဉ်ကျေးသော ကျေးဇူးတင်စကားကို [illegible]



ပြောကာ အရက်ကို တစ်ချက်တည်း မော့ချလိုက်၏။

"ကျွန်တော်နာမည် အောင်သိုက်ပါ။ အလုပ်က သတ္တဗေဒပညာရှင်။ လောလောဆယ်မှာတော့ ပရော်ဖက်ဆာဦးဖေဝင်းရဲ့ လက်ထောက်ပေါ့။ ဒါဆို ဒေါက်တာ တစ်ခုခုကို မှတ်မိမလား"

သိပ်မစဉ်းစားရဘဲ ကျွန်တော် မှတ်မိလိုက်ပါသည်။ မနုဿဗေဒပညာရှင် ပါမောက္ခ ဦးဖေဝင်း ခေါင်းဆောင်သော သိပ္ပံပညာရှင်များအုပ်စု သုတေသနလုပ်ငန်း တစ်ခုအတွက် မေခမြစ်အတိုင်း ဆန်တက်သွားသည့် အကြောင်း လွန်ခဲ့သော သုံးလကျော်က သတင်းစာထဲမှာ ဖတ်လိုက်ရ၏။

ထို့နောက် ဘာသတင်းမှမရတော့။ တောထဲမှာ ပျောက်ဆုံးသွားပြီလိုလို ကြားရသည်။ သတ္တဗေဒပညာရှင် အောင်သိုက်ဆိုသူက သူတို့ ကွင်းဆင်းသုတေသန ခရီးစဉ်အကြောင်း ဤသို့ ဆက်ပြောပြ၏။

"ဦးအောင်သိုက်တို့ ကွင်းဆင်းသုတေသန လုပ်ငန်းက ဘာတွေရှာတွေ့ခဲ့လဲ"

"အရိုးမဲ့လူသားတွေ...ဟုတ်တယ်၊ အင်မတန် ရွံစရာ ကြောက်စရာကောင်းတဲ့ အရိုးမဲ့လူသား Jelly ကျောက်ကျောလို အကောင်တွေ ထောင်သောင်းမက တွေ့ခဲ့တယ်။ သူတို့ကို 'အဟူး' တောထဲက သတ္တဝါတွေ အကုန်လုံးက ကြောက်နေရတယ်။ ကျွန်တော့်မျက်စိထဲမှာပဲ ကိုးတောင်ကျားကြီးတစ်ကောင်ကို အရှင်လတ်လတ် စားပစ်လိုက်တယ်။ ကျားက ထွက်မပြေးနိုင်ဘူး။ အာရုံကြောတွေသေသွားသလို လှုပ်တောင်မလှုပ်နိုင်ဘူး။ ဘာကြောင့်လဲ... သူတို့ကိုယ်က ထုတ်လိုက်တဲ့ အရည်ကြောင့်လား၊ သူတို့အနံ့ကြောင့်လား တစ်ခုခုပဲ ကျွန်တော်မသိဘူး"

"ဦးအောင်သိုက်တို့ကိုရော ဒီကောင်တွေက အန္တရာယ်မပြုဘူးလား"

"မပြုဘူး... အဲဒါတစ်ခု ထူးဆန်းတယ်။ ကျွန်တော်တို့ကို သူတို့ ကြောက်တယ်။ ပြန်တွေးလိုက်တင် တကယ့်အိပ်မက်ဆိုးကြီး တစ်ခုလိုပါပဲ ဒေါက်တာရယ်"

"ကျွန်တော် စိတ်ဝင်စားတယ်ဗျာ၊ အဲဒီအကြောင်း နည်းနည်းပြောပြပါလား၊ ပါမောက္ခဦးဖေဝင်းက ဒီလောက်ခေါင်တဲ့ နက်တဲ့တောထဲမှာ ဘာရှာသုတေသန လုပ်တာလဲဆိုတာ..."

"သုတေသနလုပ်ငန်းတွေ၊ တီထွင်ဖန်တီးမှု ဆိုတာတွေဟာ စိတ်ကူးယဉ်သူတွေ၊ ပုံပြင်ဒဏ္ဍာရီတွေက စ,ကြ တာပဲ။ ဒီမှာ ဒေါက်တာ ... တချင်ပြည်နယ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုတွေထဲမှာ 'အဟူး' လူမျိုးဆိုတာ ကြားဖူးလား၊ ကြားဖူးမှာမဟုတ်ပါဘူး။ အဟူးလူမျိုးစုအကြောင်း သိတဲ့လူဆိုလို့လည်း ဒီကမ္ဘာပေါ်မှာ လူဆယ်ယောက်မရှိဘူး။ ဆေးမြစ်များပိုင်း အင်မတန်နက်တဲ့ တောတောင်တွေထဲမှာ သူတို့ကိုယ်သူတို့ 'အဟူး'လို့ ခေါ်တဲ့ လူရိုင်းတစ်မျိုးရှိတယ်။ လူရိုင်းလို့ပြောရတာက သူတို့ဟာ အင်မတန်ခေတ်နောက်ကျပြီး ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်ဘဲ သီးသီးသန့်သန့် ကမ္ဘာနဲ့ အဆက်ဖြတ် နေထိုင်ကြလို့ပဲ။ ယဉ်ကျေးမှုအဆင့်အတန်းဟာလည်း ကျောက်ခေတ်ထက် မဆိုသလောက်ကလေးပဲ သာတယ်၊ ကျောက်လက်နက်ကိရိယာ တချို့ကို သုံးစွဲတုန်း...

ဆရာဦးဖေဝင်းမှာ ထွန်းလူ ဆိုတဲ့ သားချင်းတစ်ယောက် ရှိတယ်။ ကချင်မတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး မိုးကောင်းမြို့နားက ရွာတစ်ရွာမှာ ပုံကျလုပ်ကိုင်စားသောက်နေရာက တစ်နေ့မှာ ...အဲဒါ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်ခဲ့တာ။ သူဟာ ရွှေရှာဖို့၊ ကျောက်စိမ်းရှာဖို့ မေခမြစ်အတိုင်း ဆန်တက်သွားခဲ့တယ်။ ရွှေတော့မရဘူး။ တောထဲမှာ မျက်စိလည်ပြီး 'အဟူး'တို့ကမ္ဘာကို ရောက်သွားရော ဆိုပါတော့။

အဟူးစကားဟာ သိပ်မခက်ဘူး။ ယဉ်ကျေးမှု အဆင့်အတန်းက သိပ်နိမ့်ကျတော့ ဝေါဟာရလည်း မကြွယ်လှဘူး။ တချို့ စကားလုံးတွေဟာ ကချင်စကားနဲ့တူတယ်။ ထွန်းလူနဲ့ သူ့အဖော်ဟာ သူတို့မှာပါလာတဲ့ ပုတီးတွေ၊ မှန်တွေ၊ လက်ကောက်နဲ့ တခြား အထူးအဆန်းပစ္စည်းလေးတွေပေးပြီး မိတ်ဖွဲ့တော့ 'အဟူး'တွေက အန္တရာယ်မပေးတော့ဘူး။ အဟူးတွေက ထွန်းလူမှာပါလာတဲ့ ရိုင်ဖယ်သေနတ်ကိုလည်း သိပ်ကြောက်တယ်။ ဒိုင်းခနဲအသံမြည်ပြီး ကိုယ်မှာ အပေါက်ကလေးတစ်ပေါက်ဖြစ်အောင်၊ သေအောင်ပြုစားတတ်တဲ့ တောင်ဝှေးပိုင်ရှင် နတ်ဘုရားလို့ပြောကြတယ်။

ထွန်းလူအဖော်ကတော့ သေသွားပြီ၊ ငှက်ဖျားကြောင့်။ ထွန်းလူကိုယ်တိုင်လည်း လူရုပ်မပေါ်တော့ဘဲ ခြောက်လ ခုနစ်လကြာမှ မိုးကောင်းကို ပြန်ရောက်လာတယ်။ နောက် ရန်ကုန်ဆင်းသွားပြီး သူ့ဘကြီး ဖြစ်တဲ့ ဆရာဦးဖေဝင်းကို ဒီအကြောင်း ပြောပြတော့ ဆရာဟာ သိပ်စိတ်ဝင်စားသွားတယ်။ ဆရာက မနုဿဗေဒပညာရှင်ကိုး။ မြန်မာပြည်ထဲက ကျောက်ခေတ် လူသားတွေကို သိပ်တွေ့ချင်ပြီး သူတို့အကြောင်း သုတေသနလုပ်ဖို့ သိပ်စိတ်ထက်သန်သွားတယ်"

သတ္တဗေဒပညာရှင် ကိုအောင်သိုက် ပြောနေသည်မှာ ကျွန်ုပ်အဖို့



ယုံရခက် မယုံရခက်ပင်။ ယုံချင်စရာတွေ မယုံချင် စရာတွေ ရောနှောလျက်ရှိ၏။ ဆာရိုက်ဒါဟတ်ဂတ် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှားတို့၏ ဝတ္ထု ဖတ်နေရသလိုပင်။ ပျောက်ဆုံးနေသော ရွှေမြို့တော်၊ ဆော်လမုန်းဘုရင်၏ ရတနာသိုက်၊ ရုပနန္ဒီနှင့်ရူပကလျာဏီ...စသည့် ဝတ္ထုသွားမျိုးဖြစ်၏။ မဖြစ်နိုင်ဘူးဟုပြောဖို့ရာမှာလည်း ပါမောက္ခ ဦးဖေဝင်း ခေါင်းဆောင်သော သိပ္ပံပညာရှင်များ မေခမြစ်ကို ဆန်တက်သွားသည်က အမှန်ဖြစ်နေသည်။ ထိုအုပ်စုထဲမှာ ကျွန်တော့ရှေ့ဝယ် ထိုင် စကားပြောနေသော ပုဂ္ဂိုလ်လေးပါ, မပါတော့ မသိ။ ကျွန်တော် မေးကြည့်သည် "ဒဏ္ဍာရီပုံပြင်နဲ့ ဦးဖေဝင်းရဲ့ သုတေသန ဘယ်လိုဆက်စပ်နေလို့လဲ"

"အဟူးလူမျိုးတွေမှာ ဟိုးရှေးရှေး ကတည်းက ပြောလာခဲ့တဲ့ ဒဏ္ဍာရီလိုလို၊ တကယ်လိုလို ပုံပြင်တစ်ပုဒ်ရှိတယ်။ ကမ္ဘာကြီးဟာ သက်တမ်းသိပ်နုတဲ့ အချိန်တုန်းက ကောင်းကင်ဘုံက နတ်ဘုရားတွေ ဆင်းလာကြတယ်လို့ ဆိုထားတယ်။ အဲ့ဒါကို ဒေါက်တာထူးအောင်က ဂြိုလ်သားတွေ ဖြစ်ရမယ်လို့ ယုံကြည်တယ်။ သူက ဆရာကြီးမိတ်ဆွေ ရုပဗေဒပညာရှင်..."

"ဗျာ... ပုံပြင်ထဲကနတ်ဘုရားနဲ့ ဂြိုလ်သား ဘယ်လိုလုပ် ဆက်စပ်လိုက်တာလဲဗျာ"

"ဒေါက်တာထူးအောင် ပြောတာက ဒီလိုဗျ။ သူက သိပ္ပံပညာရှင်ရှုထောင့်၊ ဘာသာရေးရှုထောင့်၊ သမိုင်းရှုထောင့်နဲ့ ရှုထောင့်ပေါင်းစုံက ပြောတော့ ကျွန်တော်လည်း ဒေါက်တာ့လိုပဲ လက်မခံချင်ပေမယ့် လက်ခံလိုက်ရတယ်။ ဟော့ဒီစကြဝဠာ ကြီးထဲမှာ ကြယ်ဘယ်နှစ်လုံးရှိမယ်လို့ ဒေါက်တာထင်လဲ"

"ဟာ...ဘယ်သိမလဲ။ အတိအကျ ပြောနိုင်ရင် စကြဝဠာမင်း ဖြစ်မယ်လို့တောင် အဆိုရှိတယ်"

မယုံနိုင်အောင် မဆုံးနိုင်လောက်တဲ့ ကိန်းဂဏန်းအရည်အတွက်နဲ့အမျှရှိတယ်။ ဂလက်ဆီလို့ခေါ်တဲ့ ကြယ်စုကြီးတွေတင် သန်းပေါင်းများစွာရှိတယ်။ ကျွန်တော်တို့ရဲ့ နဂါးငွေ့တန်းကြယ်စုကြီး တစ်ခုထဲမှာတင် ကြယ် သန်းထောင်ပေါင်း သုံးဆယ်ရှိတယ်တဲ့။ နောက်ဆုံးတွေ့ရှိချက်အရဆိုရင် သန်းထောင်ပေါင်း တစ်ရာ အနည်းဆုံးရှိတယ်။ ထောင်ပေါင်း သုံးဆယ်ပဲ ထားလိုက်။ နေစကြဝဠာလို ကြယ်ရယ်၊ ဂြိုလ်တွေရယ်ပါတဲ့ စကြဝဠာ အသေးစားလေးတော သန်းထောင်ပေါင်း၁၈။

အဲ့ဒီအထဲက စကြဝဠာ ၁၀၀ မှာ တစ်ခုပဲ သက်ရှိနေနိုင်တဲ့ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



နှီး ကြေဝဠာ သန်းပေါင်းတစ်ရာ့ရှစ်ဆယ်မှာ သက်ရှိဖြစ်ပေါ်နိုင်တယ်။ တင်ရာမှာ တစ်ခုပဲ တကယ်သက်ရှိတွေ ပေါက်ဖွားရင်တောင် ဂြိုလ်ပေါင်း တစ်သန်းရှစ်သိန်းမှာ သက်ရှိတွေရှိပြီ။ ထပ်လျှော့လိုက်ဦး သက်ရှိဂြိုလ် တစ်ရာမှာ တစ်ခုလောက်ပဲ၊ ဟိုမိုစစ်ပီးယင်း (Homosapiens)လို့ခေါ်တဲ့ ကျွန်တော်တို့ လူတွေလောက် အသိဉာဏ်ရှိတဲ့ သက်ရှိတွေ နေထိုင်၊ အသိဉာဏ်ရှိတဲ့ သက်ရှိမျိုးကလ တစ်သောင်းရှစ်ထောင်။ တစ်သောင်းရှစ်ထောင်ထဲမှာ လူထက် အသိဉာဏ်ရှိတဲ့ သက်ရှိဂြိုလ် ဘယ်နှစ်လုံးလောက်ရှိနိုင်မလဲ။ အများကြီးပေါ့။

လွန်ခဲ့တဲ့ နှစ်ငါးထောင်ခြောက်ထောင်က ရေးဆွဲခဲ့တဲ့ အိဂျစ်သချိုင်းဂူ– ပိရမစ်တွေထဲက နံ ရံပန်းချီကားတွေကို ကြည့်။ သူတို့ရဲ့ နတ်ဘုရားတွေဝတ်တဲ့ အဝတ်အစားဟာ ခုခေတ် အာကာသယာဉ်မှူး ဝတ်စုံနဲ့ လုံးဝနီးပါး တူနေတယ်။ ရာမယန အလင်္ကာထဲမှာ သီတာဒေဝီကို ပန်းရံထားယာဉ်ပျံနဲ့ ဝေဟင်ခရီးက နိုးသွားတယ်။ မဟာဘာရတအလင်္ကာထဲမှာ ပဏ္ဍဝနဲ့ ကောရဗျတို့ စစ်တိုက်ကြတော့ ယာဉ်ပျံတွေ၊ ရောင်ခြည်လက်နက်တွေနဲ့ တိုက်ကြတယ်။ သမ္မာကျမ်းစာထဲမှာ ကမ္ဘာဦးကျမ်းကို ဖတ်ကြည့်လိုက်ဦး။ ဘုရားသခင်ဟာ ကောင်းကင်ဘုံက ဆင်းလာတယ်။ အာဒမ်နဲ့ဧဝကို ဖန်ဆင်းတယ်။ သေချာဖတ်ကြည့်ရင် အာဒမ်နဲ့ ဧဝတင်မကဘူး၊ နတ်ဘုရားတွေဟာ သူတို့နဲ့တူတဲ့ လူသားတွေကိုပါ ဖန်ဆင်းခဲ့တဲ့အကြောင်း တွေ့ရမယ်။ နေမိယ ဇာတ်တော်မှာ နေမိမင်းကို ကောင်းကင်ခရီးနဲ့ နတ်ဘုံခေါ်သွားတယ်။ ငရဲဘုံကို ခေါ်သွားတယ်။ အခုခေတ်မှာလည်း ယူအက်(ဖ)အို ဆိုတဲ့ ပန်းကန်ပြားပျံတွေ အမျိုးအမည်မသိယာဉ်တွေ ကမ္ဘာမြေကို လာကြတယ်။ လူသားတွေကို ဖမ်းခေါ်သွားတယ်”

သူသည် မော်သွားဟန်ဖြင့် ခဏနားလိုက်ပါသည်။ ကျွန်တော်က အလိုက်တသိ အရက်နည်းနည်း ထပ်ငှဲ့ပေးသည်။ ရေရော၍ သူက တစိမ့်စိမ့် သောက်သည်။ သူ့ကို ကျွန်တော် အထင်ကြီး လေးစားသည်ထက် လေးစား လာပါသည်။ ယုတ္တိတန်သည်ဖြစ်စေ၊ မတန်သည်ဖြစ်စေ သူပြောသမျှ အကုန် အထင်အရှားရှိနေ၏။

ဗဟုသုတအတော်စုံ၏။ စိတ်နောက်နေသူတစ်ယောက် ဒီလိုမျိုး ယုတ္တိရှိအောင် မပြောနိုင်ပါ။ တကယ်ရူးနေသည်ဆိုလျှင်တော့ အတော်နမြောစရာ ကောင်းပေမည်။

“ခေါင်းဆောင်က ဆရာဦးဖေဝင်း၊ ဆရာ့မိတ်ဆွေ ရူပဗေဒပညာရှိ ဒေါက်တာထူးအောင်၊ အဟူးစကားတတ်တဲ့ ထွန်းလူ၊ ဆရာဝန်ဒေါက်တာလှဘူး၊



ဘူမိဗေဒပညာရှင် ဦးသစ်အောင်၊ နောက် ကျွန်တော် အားလုံးပေါင်း ခြောက်ယောက်။ မေခမြစ်ကို မော်တော်ဘုတ်ကလေးနဲ့ ဆန်တက်ခဲ့ကြတာပေါ့။ အဓိကနဲ့ အရေးကြီးတဲ့ အချက်တွေပဲပြောမယ်။ ခရီးစဉ်တွေ၊ လမ်းခရီးအခက် အခဲတွေ၊ စွန့်စားခန်းတွေ မပြောတော့ဘူး။ ဟုတ်လား။ တောတွင်းစွန့်စားခန်း ဝတ္ထုတွေမှာ ပါတဲ့အတိုင်းပါပဲ။

အဟူးတွေရှိရာအရပ်ကို ရောက်ဖို့ သိပ်မလိုတော့တဲ့ ခရီးမှာပဲ မော်တော် မှောက်တယ်။ စခန်းချဖို့ ကမ်းကပ်တော့မယ့်ဆဲဆဲမို့ ကျွန်တော်တို့ ကံကောင်း တယ်။ ကံကောင်းတယ်ဆိုတာ အားလုံးမသေကုန်လို့ ကံကောင်းတယ်ပြော တာ။ အရေးကြီးတဲ့ပစ္စည်းအချို့နဲ့ ဆေးဝါးအတော်များများ ဆုံးရှုံးရတယ်။ အဆိုးဆုံးက ရေမကူးတတ်တဲ့ ဆရာဝန်ဒေါက်တာလှဘူးဟာ ရေစီးနဲ့မျောပါ သွားပြီး ရှာမတွေ့တော့တာပဲ။

မြစ်ကြောင်းအတိုင်း ကုန်းလမ်းခရီးနဲ့ တောတိုးပြီး ခရီးဆက်ကြတယ်။ လမ်းပြ ထွန်းလူပါလို့ပေါ့။ နို့မို့ဆိုရင် ဒီခရီးကို ကျွန်တော်တို့ချည်းပဲ ဘယ် သွားတတ်မလဲ။ အစစအရာရာ ထွန်းလူကိုပဲ အားကိုးနေရတယ်။ တကယ်တော့ ကျွန်တော်တို့သွားတဲ့ခရီးဟာ ရှေးဟောင်းသုတေသနခရီး၊ ဒီသုတေသနအတွက် ရူပဗေဒပညာရှင် မလိုပါဘူး။ သူက ဆရာကြီးမိတ်ဆွေမို့ ပါလာတာ။ ဒါပေမယ့် သူပါလာတာဟာ တန်ဖိုးမဖြတ်နိုင်အောင်ပဲ။

အင်မတန် တွေးခေါ်မြော်မြင်တတ်တဲ့ ပညာရှင်တစ်ယောက်ပါဗျာ၊ ညိပ်ပြီးတော့ ကွက်ကျော်မြင်တတ်တယ်။ သူက ဆရာကြီးဦးဖေဝင်းကို အကြံ တစ်ခုတင်ပြတယ်၊ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို မတော်တဆ လမ်းသိတဲ့ထွန်းလူ တစ်စုံတစ်ခုဖြစ်သွားရင် အပြန်ခရီးအတွက် ခက်မယ်ဆိုပြီး မြေပုံဆွဲ ဖို့ပြောတယ်။ မြေပုံကိုသူပဲဆွဲရတာပါပဲ။

ကျွန်တော်တို့ဟာ ကိုယ့်ဘာသာရပ်မှာ တစ်ဖက်ကမ်းခတ်ချင်ခတ်မယ်၊ သူ့လိုတော့ မနဲ့စပ်ဘူး။ ရုပ်ရှင်နဲ့ဝတ္ထုတွေထဲမှာလို လက်ဝါးလောက်စက္ကူပေါ်မှာ ဆောင်ခြစ်မြောက်ခြစ်နဲ့ ရတနာသိုက်မြေပုံဆွဲလို့ ရတာမှ မဟုတ်ဘဲ။ ဒါပေ မယ့် ကျွန်တော်တို့မှာ သီအိုဒိုလိုက်ပါတယ်။ ကွန်ပတ်(စ)နဲ့ နက္ခတ်တာရာ ကြည့်မှန်ပြောင်း ပါတယ်။ ဒေါက်တာထူးအောင်က နက္ခတ်ပညာကို တော်တော် ကျွမ်းတယ်။ နောက်ဆုံး အဟူးတို့ရွာကို ရောက်သွားရော ဆိုပါတော့။

ကြိုတင် မျှော်လင့်ထားတာတောင် တကယ်တွေ့ရတော့ မယုံနိုင်စရာပဲ ဗျာ၊ ဒီလောက် ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျတဲ့လူမျိုး ဒီကမ္ဘာပေါ်မှာ ရှိ

www.burmeseclassic.com



နိုင်ငံလေးလို့ အံ့ဩမိတယ်။ ကွန်ပျူတာခေတ်ကြီးမှာ သူတို့ဟာ အခု (၂၀) ထက် ပိုပြီး မရေတွက်တတ်ဘူး။ ခြေချောင်းဆယ်ချောင်း လက်ချောင်း (၁၀) ချောင်း ပဲရှိတာကိုး။ မိုက္ခရိုဝေ့(ဖ)နဲ့ချက်ပြုတ်တဲ့ခေတ်မှာ သူတို့ဟာ မီးဖုတ်စား၊ ထင်စား စားသောက်လုပ်တတ်တယ်။ ကြော်စားတယ်၊ ပြုတ်စားတယ် ဆိုတာတောင် မရှိဘူး။ စာပေ မရှိဘူး။ ဘာသာစကားက အင်မတန်လွယ်တယ်။ ဝေါဟာရ အလုံးသုံးရာလောက်ပဲရှိတယ်။ ကျောက်လက်နက် ကိရိယာတွေ သုံးတယ်။ ရှိန်နဲ့ဓားတ်ဘယ်၊ လေးမြားနဲ့ ပြောင်းမှုတ်မြားကို အဝေးပစ်လက်နက်အဖြစ် သုံးတယ်။ 'စပီးယားထရိုယာ' (Spear Thrower) ဆိုတဲ့ လှံပစ်ကိရိယာကို လည်းတွေ့ရတယ်။

ဘုရင်မလို့ခေါ်ရင်ရတဲ့ မိန်းမ ခေါင်းဆောင်နဲ့ နတ်ဆရာက သူတို့အုပ်စုကို အုပ်ချုပ်တယ်။ ဟိုးရှေးရှေးတုန်းက မိခင်ကြီးစိုးသော ခေတ်ကလိုပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အိမ်ထောင်မှုပုံစံဟာ 'ဒွေးရောယှက်တင် လိင်ဆက်ဆံမှု' ပုံစံဆိုတော့ လူတစ်ဦးချင်းမှာ အမေဆိုတာပဲရှိတယ်၊ အဖေဆိုတာ မရှိဘူး။ အဖေ...ဖခင်ဆိုတဲ့စကားကို သူတို့ မသိဘူး၊ နားမလည်ဘူး"

သူ့ဇာတ်လမ်းသည် နိုင်လုံသည်ထက် နိုင်လုံ၊ ယုတ္တိရှိသည်ထက် ယုတ္တိရှိလာ၏။ စိတ်ကူးနှင့် ဇာတ်လမ်းဆင်၍ ပြောသည်ဆိုဦးတော့ သူသည် မြေပုံဆွဲသည့်ကိစ္စ အသေးစိတ်ကအစ ဟာကွက်မရှိအောင် ပြောသွားပါသည်။ အင်မတန် အကွက်စေ့သော ဝတ္ထုဇာတ်လမ်းပြောသူတစ်ယောက်ပင် သူ့လောက် စေ့စပ်မည်မထင်ပါ။ ကျောက်ခေတ်သမိုင်း မတင်မီခေတ်အကြောင်း ပြောလျှင် ပေါ်မပြဖြစ်သော ကိစ္စရပ်များတွင် သူက 'မိခင်ကြီး စိုးသောခေတ်' 'ဒွေးရောယှက်တင် လိင်ဆက်ဆံမှုပုံစံ' စသည့် ဝေါဟာရများကို ထည့်သွင်းသုံးသွား၏။ ဗဟုသုတ ရှိသူ စာဖတ်များသူ ခေတ်ပညာတတ်သူ တစ်ဦးဖြစ်မည်ကတော့ သေချာပါသည်။

"အဟူးတို့ဒေသမှာ ဆရာဦးဖေဝင်းဟာ နှစ်လကြာအောင် သုတေသန လုပ်တယ်။ စာတမ်းပြုစုတယ်။ အဟူးစကားကို သင်တယ်။ ကိုထွန်းလူက အမဲလိုက်တယ်။ ဦးသစ်အောင် ဘူမိဗေဒပညာရှင်က အဟူးတွေရဲ့ ကျောက်လက်နက်၊ ကျောက်ဂူတွေထဲက ရုပ်ကြွင်းတွေ၊ ပတ်ဝန်းကျင်က မြေသားကို လေ့လာတယ်။ ဒေါက်တာ ထူးအောင်ကတော့ အဟူးဒဏ္ဍာရီပုံပြင်ထဲက နတ်ဘုရားတွေ ဆင်းလာတယ်ဆိုတဲ့ ကိစ္စကိုပဲ စိတ်ဝင်စားတယ်။ ဘာပဲဖြစ်ဖြစ် အားလုံးဟာ ကိုယ်ဝါသနာပါရာ၊ နှစ်သက်တဲ့အလုပ်ကို လုပ်ကြရလို့ ပျော်ရွှင်နေကြတယ်။ ကျွန်တော်တို့ရဲ့ လေ့လာရေးလုပ်ငန်းပြီးရင် အားလုံးဟာ ကမ္ဘာ



ကျော်ဖို့ သေချာနေပြီလေ။

အားလုံးပျော်နေကြချိန်မှာ ဝမ်းနည်းကြေကွဲဖို့ အဖြစ်တစ်ခု ကြုံလာတယ်။ တစ်နေ့တည်းမှာပဲ ဦးသစ်အောင်ဟာ ချောက်ကမ်းပါးက လိမ့်ကျပြီး လည်ပင်းရိုးကျိုး သေသွားတယ်။ ထွန်းလူကတော့ ဝက်ပက်ခံရပြီး ဗိုက်ပွင့်သွားတယ်"

"အဲ့ဒါနဲ့ လုပ်ငန်းကို အဆုံးသတ်ပြီး တပ်ခေါက်ခဲ့ရရော ဆိုပါတော့"

"ဟင့်အင်း...ကျွန်တော်တို့သုံးယောက်တည်း ကျန်ပေမယ့် နောက်မဆုတ်ပါဘူး။ ကျွန်တော်တို့မှာ ဒေါက်တာထူးအောင် သိပ်စိတ်ဝင်စားတဲ့ နတ်ဘုရားတွေလာတယ်ဆိုတာကို စုံစမ်းဖို့ကျန်သေးတယ်"

"အဲ့ဒါ တကယ်လား"

"ဟုတ်တယ်...တကယ်ပဲ။ ဒီလိုဗျ။ ဒေါက်တာထူးအောင်က ရွာမှာ အသက်အကြီးဆုံးဖြစ်တဲ့ နတ်ဆရာကို ဒီအကြောင်းမေးတယ်။ မပြောဘူး။ နောက်ဆုံး နည်းမျိုးစုံနဲ့ လှည့်ပတ်မေးတော့မှ အဟူးရွာနဲ့ မြောက်ဘက် မိုင်ငါးဆယ်ကျော်လောက်လို့ ခန့်မှန်းလို့ ရလာတယ်။ ဟိုး...လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ မရေမတွက်နိုင်တဲ့ နှစ်တွေတုန်းက သူတို့ပြောတဲ့ 'မကောင်းဆိုးဝါးလွင်ပြင်' အရပ်ကို နတ်ဘုရားတွေဟာ မီးဝင်းဝင်းတောက်နေတဲ့ ယဉ်ပျံကြီးကိုစီးပြီး ကောင်းကင်ဘုံက ဆင်းလာတယ်လို့ အဆိုရှိတယ်"

"ဒါပေမယ့် အာကာသယဉ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ စကြဝဠာချင်း သွားနိုင်တဲ့ အာကာသယာဉ်တစ်စီး တည်ဆောက်ဖို့ဆိုတာ မလွယ်ပါဘူး။ ဥက္ကာပျံကော မဖြစ်နိုင်ဘူးလား။ ဥက္ကာပျံတွေ ကမ္ဘာပေါ်ကျလာတော့ လေထုနဲ့ ပွတ်တိုက်ပြီး မီးထ,တောက်တာ ဆိုရင်ရော..."

"ဒီမှာဒေါက်တာ...ကမ္ဘာမှာ ကျောက်ခေတ်ကို ကျော်နိုင်ပြီး 'သတ္တုခေတ်' ကို စ,ခဲ့တယ်ဆိုတဲ့ အီဂျစ်လူမျိုးတွေရဲ့ ယဉ်ကျေးမှုအစ ပထမပြည်ထောင်စုခေတ်ဟာ ဘီစီ ၄၃၀၀ ကနေ ၃၂၀၀ အတွင်းမှာ ဖြစ်ပေါ်တိုးတက်ခဲ့တာပါ။ အခု ၂၀၀၀ပြည့်တော့မယ်။ နှစ်ပေါင်း ၆၀၀၀ ကျော်ရုံလေးရှိသေးတယ်။ ဒီ ဘယ်လောက်တိုးတက်နေပြီလဲ။ အင်္ဂါဂြိုလ်ပေါ် ရောက်ပြီးပြီ။ နောက် နှစ်ပေါင်း တစ်ထောင်၊ တစ်ထောင် များပါတယ်။ နှစ်ပေါင်း နှစ်ရာ သုံးရာအတွင်းမှာဆိုရင် အလင်းအလျင်နဲ့ သွားမယ့်ယာဉ်တစ်ခု မတည်ဆောက်နိုင်ဘူးလို့ ဒေါက်တာ အာမခံနိုင်လား။ ဒီနှုန်းနဲ့ တိုးတက်ခဲ့မယ်ဆိုရင် တခြားဂြိုလ်တစ်ခုခုပေါ်မှာ ကမ္ဘာမြေထက် နှစ်တစ်ထောင် လောက်ပဲစောပြီး ကြေးနီလက်နက်တို့ စသုံး

www.burmeseclassic.com



တဲ့ သက်ရှိတစ်မျိုး ပေါ်ခဲ့ရင် သူတို့ဟာ ဂြကဝဠာချင်းသွားယာဉ် Interuniversal Space Shipကို မတည်ဆောက်နိုင်ဘူးလား။ ဒေါက်တာပြောတဲ့ ဥက္ကာပျံလည်း ဖြစ်ချင်ဖြစ်မယ်လို့ တွက်ပါတယ်။ ဒါကြောင့် သွားကြည့်တာ မမှားဘူးဆိုပြီး ကျွန်တော်တို့ ခရီးဆက်ခဲ့တယ်"

"အဲဒီတော့ ဘာတွေလဲ၊ အာကာသယာဉ်ကို တွေ့ရောလား"

စိတ်မစောပါနဲ့ဒေါက်တာ... ပြောပါ့မယ်။ မကောင်းဆိုးဝါးလွင်ပြင် ဒေသကို ပြန်လမ်းမရှိလို့ အဟူးတွေဟာ လမ်းပြမလိုက်ချင်ကြဘူး။ သူတို့ကို ဘာနဲ့မှ ဆွဲဆောင်လို့ မရဘူး။ နောက်ဆုံးမှာ နတ်ဆရာ ကိုထွန်းလူရဲ့ 'အသံ မြည်၍ သေစေတတ်သော နတ်ဘုရားတောင်ဓား'နဲ့ လာဘ်ထိုးမှပဲ ရတော့တယ်။ နတ်ဆရာအာဏာကြောင့် အဟူးရွာသား သုံးယောက်က လိုက်ပို့ပေးတယ်။ ဒါတောင် လွင်ပြင်ကို မရောက်ခင် မိုင် ၂၀ လောက်အထိပဲ လိုက်ပို့ရဲတယ်။

ကျွန်တော်တို့ သုံးယောက်ပဲ ခရီးဆက်တယ်။ အဟူးတွေခေါ်တဲ့ 'မျောက်ခေါင်းတောင်' အဝေးကကြည့်ရင် တကယ်မျောက်ခေါင်းနဲ့ တူတာဗျ။ အဲဒီတောင်ကို ကျော်တာနဲ့ မကောင်းဆိုးဝါးလွင်ပြင်ကို ရောက်ရော။ တောင်တွေ ကမူတွေ မရှိလို့သာ လွင်ပြင်လို့ ခေါ်တာပါ။ တကယ်ဆိုရင် တောင်ခြေက တောအုပ်ကြီးပါပဲ။ ပတ်လည်မိုင်နှစ်ဆယ် အစိတ်လောက်တော့ ရှိမယ်။ ဘာကြောင့်လဲမသိဘူး။ ကျွန်တော်ဟာ တောအုပ်ထဲ စ,ဝင်တာနဲ့ ကျောထဲကစိမ့်ပြီး အလိုလို ကြောက်လာတယ်။ ကိုယ့်ကို တစ်ယောက်ယောက်က စောင့်ကြည့် ချောင်းကြည့်နေသလို စိတ်ထဲမှာ ခံစားရတယ်။

နှစ်ရက်လုံးလုံး တောအုပ်ထဲမှာ လှည့်ပတ် ရှာဖွေလိုက်တဲ့အခါ သစ်ပင်ချုံနွယ် လုံးဝမပေါက်တဲ့ ကွင်းပြင်တစ်ခုကို တွေ့တယ်။ ကွင်းပြင်က ဘောလုံးကွင်းလေး ငါးကွင်းစာ ကျယ်တယ်။ တလင်းပြင်လိုပဲ ပြောင်ရှင်းပြီး ဘာအပင် တစ်ပင်မှ မရှိဘူး။ ကွင်းပြင်အလယ်မှာ ထီးထီးကြီးရှိနေတာက ငါးပေလေးခန်း အိမ်တစ်လုံးစာလောက်ရှိတဲ့ အာကာသယာဉ်ပျက်ကြီး တစ်ခု။ အနှစ်ငါးသန်းလောက်တော့ သက်တမ်းရှိပြီဆို –"

ထိုအခါ ကျွန်တော်သည် မအောင့်အည်းနိုင်စွာ ရယ်ချလိုက်ပါသည်။ တစ်ချိန်လုံးစောင့်ကာ အလစ်ချောင်းနေတာ ဒီတစ်ကွက်တော့ မိပေပြီ။ သူဖြီးဖြန်းတာကို မိပေပြီ။

"ဟား...ဟား။ ရောမမြို့ကြီး တစ်မြို့လုံးကို မြေကြီးဖုံးသွားဖို့ ဆိုတာ အနှစ်သုံးလေးရာပဲကြာတယ်။ အင်မတန် ရှေးကျပါတယ်ဆိုတဲ့ အီဂျစ်၊ ဘေဘီ



လုံးနီးယား၊ ဆူမားရီးယား ယဉ်ကျေးမှုတွေထက် ပိုရှေးကျတဲ့ အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှု၊ သူတို့နဲ့နှိုင်းစာရင် ဘာမျှမကြာသေးတဲ့ သရေခေတ္တရာမြို့ဟောင်း၊ ပုဂံမြို့ဟောင်းတွေတောင် မြေကြီးအောက် ရောက်ရတယ်။ အဲ့ဒါကို ခင်ဗျားက ငါးပေ လေးခန်းအိမ်လောက်ပဲရှိတဲ့ အနှစ်ငါးသန်း သက်တမ်းရှိ အာကာသယဉ်ကြီး တွေ့တယ်ဆိုတော့ ယုတ္တိရှိပါ့မလား။ နောက်ပြီး ဝတ္ထုပစ္စည်းတွေရဲ့ ကာဗွန် ၁၄ (Carbon 14)လို နည်းပညာနဲ့ ကိရိယာတွေ ခင်ဗျားမှာ ပါလို့ လား...ကဲ"

"အနှစ်ငါးသန်းဆိုတာ ဒေါက်တာထူးအောင် ပြောတာပါ။ ကျွန်တော်လည်း ဒီလိုပဲမေးခဲ့ပါတယ်။ သူက ကမ္ဘာမြေကြီးဟာ ဝတ္ထုပစ္စည်းတွေကို ဝါးမျိုသွားတတ်သလို လျှော်လှုပ်ပြီးတဲ့အခါ မီးတောင်ပေါက်ကွဲတဲ့ အခါမျိုးမှာ ပြန်အန်ထုတ်တယ်တဲ့။ အကောင်းအတိုင်းတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် ယာဉ်ကြီးကိုယ်ထည်ကို တည်ဆောက်ထားတဲ့ သတ္တုဟာ အင်မတန် ခိုင်ခံ့လွန်းလို့ ဘယ်လိုမှ ပျက်ဆီးလို့မရဘူးလို့ ဆိုပါတယ်။ အင်မတန်ပါးလွှာပြီး စက္ကူတစ်ရွက်လောက်သာ ထူပေမယ့် ဆင်ပစ်ရိုင်ဖယ် သံမဏိထိပ်ဖူးတပ်ကျည်ဆန်နဲ့ အနီးကပ်ပစ်တာတောင် ချိုင့်ရာမထင်ဘူး။ အတွင်းကလီစာတွေကတော့ ပျက်စီးပြီး အမှုန့်ဖြစ်ကုန်ပြီ"

"ထားပါတော့...သက်တမ်း အနှစ် ငါးသန်း ဆိုတာကို သူဘယ်လို ရှင်းမလဲ"

ယာဉ်ကိုယ်ထဲကို ဝင်ကြည့်တော့ မြေမှုန့်တွေကြားမှာ သတ္တုပြားပေါ်မှာ မြေပုံလိုလို၊ ဆားကစ်ပြားလိုလို၊ အက်တမ်တစ်ခုရဲ့ နျူးကလိယပ်(စ)ကို အီလက်ထရွန်နဲ့ ပရိုတွန်တို့က လှည့်ပတ်နေတဲ့ပုံစံလိုလို ရုပ်ယှက်ခတ်အောင် ဆွဲထားတယ်။ အဲ့ဒီ သတ္တုပြားကို သုံးရက်နဲ့သုံးည လေ့လာ စဉ်းစားပြီးမှာ သူက ပြောတာ။ သတ္တုပြားပေါ်ကပုံဟာ နေစကြဝဠာရဲ့ပုံ အင်္ဂါဂြိုလ်ကနေ ဒီကမ္ဘာပေါ်ကို လာခဲ့တဲ့လမ်းကြောင်းကို ဆွဲထားတာတဲ့။ သတ္တုပြားပေါ်မှာ ရှိတဲ့ နေရယ်၊ ဂြိုလ်တွေ၊ ကြယ်တွေရဲ့ တည်ရှိပုံ အနေအထားဟာ လွန်ခဲ့တဲ့ အနှစ်ငါးသန်းက တည်ရှိပုံအနေအထားတဲ့"

"ဗျာ...မြတ်စွာဘုရား။ ဒါကို ခင်ဗျားယုံသလား ဦးအောင်သိန်း မဖြစ်နိုင်ဘူး ထင်တယ်။

"ဒီလိုရှိတယ်ဒေါက်တာ...ကျွန်တော်က သတ္တုဗေဒသမား၊ သူက နက္ခတ္တ ဗေဒမှာ ကျွမ်းကျင်တဲ့ သိပ္ပံပညာရှင်။ ကျွန်တော်က ဘာအဆောက်အထားနဲ့

www.burmeseclassic.com



ငြင်းရမှာလဲ။ အဲဒီတော့ မငြင်းဘူး။ အခု ကျွန်တော် ဆက်ပြောမှာကလည်း ဒီ အနုစ်ငါးသန်း ယာဉ်အကြောင်း မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင် ခွဲစိတ် တွေ့လာခဲ့တဲ့ အရိုးမဲ့ သတ္တဝါတွေအကြောင်း အင်မတန်ရှုံ့စရာ၊ ကြောက်စရာ၊ အော့နှလုံးနာစရာကောင်းတဲ့ ထောင်သောင်းမက အကောင်တွေ။

ကျွန်တော်တို့ စခန်းချတာက ယာဉ်ပျက်ကြီးနားမှာ၊ ကွင်းပြင်ထဲမှာ ဆိုတော့ သားရဲတိရိစ္ဆာန်တွေလည်း အလွယ်တကူ မချဉ်းကပ်နိုင်ဘူးပေါ့။ ထင်တော့ချထား ရတယ်။ ခြောက်ရက်မြောက်တဲ့ည ကျွန်တော်ကင်းစောင့် နေတုန်း သန်းခေါင်ယံ အချိန်လောက်မှာ မေ့ခနဲ တစ်ချက်ငိုက်သွားတယ်။ သိပ်မကြာလိုက်ပါဘူး။ ကျောရိုးထဲက စိမ့်၊ ကြက်သီးဖြန်းဖြန်းထပြီး ငိုက်ရာက ဆတ်ခနဲနိုးသွားတယ်။ ကွင်းအစပ်မှာ ကွမ်းသီးလုံးလောက် မီးလုံးနှစ်လုံးကို တွေ့ရတော့တာပဲ။

ကျားလား...ဒါမှမဟုတ် တခြား သားရဲတိရိစ္ဆာန် တစ်ကောင်ကောင်လား ပေါ့။ ကျားလုံးဝမဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆို ကျွန်တော်ဟာ ဆေးဘယ်ညာကို ကြည့်လိုက်တော့ မီးလုံးကလေးတွေ အများကြီးမှ အများကြီးပဲ ဒေါက်တာရာ၊ ကွင်းပြင် ပတ်ပတ်လည်မှာ ကျွန်တော်တို့ကို ဝိုင်းထားလိုက်တာ ထောင်သောင်း မကပါဘူး။ တောခွေးအုပ် မဆိုထားနဲ့ ပိုးစုန်းကြူး ဆိုရင်တောင် အဲဒီလောက် များနိုင်ဘူး။ နောက်ပြီးသူတို့ဟာ မီးခဲလို ရဲနေတယ်။ ပိုးစုန်းကြူးဆိုရင် အစိမ်းရောင် တောက်ရမယ်။

ကျွန်တော့်ခေါင်းထဲမှာ အနံ့တစ်မျိုးရတယ်။ ဘာအနံ့ဆိုတာတော့ ဘုရားမှ သိမှာပဲ။ ဒီမှာဒေါက်တာ...ကြောက်လန့်ခြင်းမှာ အနံ့ရှိတယ်ဆိုတာ သိလား။ ရှိတယ်ဗျ။ မယုံရင် ဆပ်ကပ်ထဲက ကျားတွေ၊ ခြင်္သေ့တွေကို ယဉ်အောင် လေ့ကျင့်ပေးရတဲ့ သားရဲထိန်းတွေကို မေးကြည့်လိုက်။ ကျွန်တော် သိပ်ကြောက် နေပြီ။ နောက်တော့ သတိဝင်လာတယ်။ အဲဒါ ကံကောင်းတယ်။ လက်ထဲကသေနတ်ကို အသိစိတ်မပါဘဲ ခလုတ်ဖြုတ်လိုက်မိတော့ ‘ဒိုင်း’လို့ အသံထွက်လာမှ သတိပြန်ဝင်လာတာ။ သတိလည်း ပြန်ဝင်လာရော ပတ်ပတ် လည်ကိုလှည့်ပြီး ရမ်းသမ်းပစ်လိုက်တာ ဘယ်နှစ်ချက်မှန်းတောင် မသိတော့ဘူး။ အံ့သြစရာဗျာ... ဒီလောက်များပြားတဲ့ မီးလုံးတွေဟာ တစ်မဟုတ်ချင်း ပျောက် ကုန်ရော။ မသိရင် တောချောက်တာလို့ ထင်မယ်”

“ဘာကောင်တွေလဲ... ခင်ဗျားပြောတဲ့ အရိုးမဲ့သတ္တဝါတွေလား”

“သိပ်ဟုတ်တာပေါ့။ ကွင်းစပ်နားလောက်ဆီမှာ အဲ့ဒီအကောင် အလောင်း



သုံးလောင်း ကျန်ခဲ့တယ်။ တကယ်ပါ ဒေါက်တာရယ်...ရွံစရာ၊ အော့နှလုံးနာ စရာ”

“ဦးအောင်သိုက်က သတ္တဗေဒပညာရှင်ဆိုတော့ ခွဲစိတ်မကြည့်ဘူးလား”

“ကြည့်ရတာပေါ့ဗျာ... ကိုယ့်တာဝန်ပဲဟာ။ ခွဲစိတ်ရလို့လည်း အခုထိ ကျွန်တော် စက်ဆုပ်နေရတာ”

“ဒီလောက်တောင်ပဲလား၊ ခင်ဗျားတွေ့တာတွေ ပြောစမ်းပါဦးလေ”

လေးပေလောက် မြင့်ပြီး သုံးပေလောက် လုံးပတ်ရှိတဲ့ မီးခိုးရောင် ကျောက်ကျောတုံးကြီး တစ်တုံးကို ဒေါက်တာ့မျက်စိထဲမှာ မြင်ကြည့်လိုက်။ အပေါ်ပိုင်းမှာ ကွမ်းသီးလုံးလောက် မျက်စိနှစ်လုံးပါတယ်။ နှာခေါင်းပေါက် မရှိဘူး။ ပါးစပ်လို့ယူဆရတဲ့ ဟော့ဒီဖန်ခွက်အဝလောက် အချိုင့်ရာတစ်ခု မျက်စိအောက်မှာရှိတယ်။ လက်ညှိုးနဲ့ထိုးကြည့်ရင် ပျော့စိစိ ပျဉ်းတွဲတွဲ။ အနံ့က ချိုင်းချွေးနံ့လိုလို ပုပ်အဲ့အဲ့ ချဉ်စုတ်စုတ်၊ ခင်ဗျား ရေခဲတိုက်ထဲရောက်ရင် ရတဲ့အနံ့မျိုးဗျာ”

“ခြေတွေ လက်တွေရော...”

“ခြေလက်လို့ ယူဆရတဲ့ တစ်ထွာလောက် အတတ်လေးခုပဲရှိတယ်။ လိင်အင်္ဂါ မရှိဘူး...စအိုပေါက် မတွေ့ဘူး”

“ခွဲကြည့်တော့”

“အဲဒီမှာ ကျွန်တော် ယုံတောင်မယုံဘူး။ ကိုယ်တိုင်ခွဲ ကိုယ်တိုင်မြင်ခဲ့ ရလို့သာ။ အတွင်းကလီစာ ဘာဆိုဘာတစ်ခုမှ မရှိဘူး။ ကျောက်ကျောတုံးကြီး ကို ဓားနဲ့လှီးလိုက်ရသလိုပဲ။ အရိုးမရှိ၊ အဆုတ်မရှိ၊ နှလုံးအသည်းမရှိ၊ အူမရှိ ...ဘာမှမရှိတဲ့သတ္တဝါ။ ဘယ်လိုအသက်ရှူလဲ...အညစ်အကြေးစွန့်လဲ...မျိုးပွား လဲ...မေးစရာမေးခွန်းတွေ တစ်ပုံကြီးပေါ့။ သစ်ပင်တွေမှာတောင် အသက်ရှူ အင်္ဂါရှိတယ်။ အဲ့ဒီ အရိုးမဲ့သတ္တဝါဟာ သတ္တဗေဒပညာရှင်တွေ သိထားတဲ့ အချက်အလက်တွေနဲ့ တစ်ခုမှမကိုက်ညီဘူး။ မျက်စိရှိတာလည်း အံ့သြစရာပဲ။ ဪ...ကျန်သေးတယ်။ မျက်စိအနောက်ဘက်အတွင်းမှာ လိမ္မော်သီးလောက် ပြူးပြူးအလုံးတစ်ခု တွေ့ရတယ်။ ဦးနှောက်လို့ ခေါ်ချင်ခေါ်ပေါ့။ ကျွန်တော် ကတော့ အင်မတန်ကြီးမားတဲ့ ကလပ်စည်း(ဆဲလ်) တစ်လုံးကို ထိန်းထားတဲ့ နျူးကလိယပ်(စ) (Neucleus) လို့ပဲခေါ်ချင်တယ်။ နေပြင့်လာတဲ့အခါ အားလုံး အရည်ပျော် အငွေ့ပျံသွားရော”

“ဒီကောင်တွေ နောက်ထပ် အန္တရာယ် ပေးသေးလား”

www.burmeseclassic.com

www.burmeseclassic.com



"မသေးဘူးဗျ၊ ကျွန်တော်တို့ကိုကြောက်တယ်၊ ရင်ဆိုင်တွေ့တာနဲ့ ပြေးတာပဲ။ သူတို့ဟာ ခြေထောက်သာ မရှိတယ်၊ ပတ်ကျိတွေသွားသလို လျှောတိုက်ပြီးသွားတာ ကျွန်တော်တို့ လမ်းလျှောက်သလောက်ကို မြန်တယ်"

"ဘာဖြစ်လို့ လူကိုကြောက်ရတာလဲ။ ခင်ဗျားပြောတော့ ကိုးတောင်ကျားဆောင် စားပစ်တယ်ဆို"

"ဘာကြောင့် လူကိုကြောက်လဲ၊ အတိအကျမသိဘူး။ ဒါပေမယ့်ကျွန်တော်ကတော့ မှန်းရာပါ 'ဇာတိကြောက်စိတ်'လို့ ထင်တယ်။ Instinctly ကြောက်တာပေါ့ဗျာ။ အန္တရာယ်ပေးနိုင်တယ်ဆိုတဲ့ အသိကြောင့် Reason ကြောင့် ကြောက်တာ မဟုတ်ဘူး။ အလိုလိုကို ကြောက်တာ။ ဘာမှမသိသေးတဲ့ မျောက်ကလေးတွေ မြွေကိုကြောက်သလိုမျိုးပေါ့။

ကျန်တဲ့သားရဲတိရစ္ဆာန်တွေကတော့ သူ့တို့ကို ကြောက်တယ်။ ကြောက်တာမှ နေစရာမရှိအောင်ကိုကြောက်တာ။ နောက်တစ်နေ့ကျွန်တော် အမဲပစ်ထွက်ရင် ဒီကောင်တွေနစ်ရာလောက် သစ်ပင်တစ်ပင်ကို ဝိုင်းထားတာတွေ့တယ်။ သစ်ပင်ပေါ်ကို ကြည့်လိုက်တော့ သင်းခွေချပ်တစ်ကောင်။ သိတယ်နော် သင်းခွေချပ်လိုကောင်မျိုးဟာ ခွေနေလိုက်ရင် ဆင်နင်းတာတောင်မဖြုံဘူး။ ကျောက်ကျောကောင်တွေဟာ ပတ်ကျိလိုပဲသစ်ပင်ပေါ်တက်ကြတယ်။ သင်းခွေချပ်ကြောက်လွန်းလို့ သစ်ကိုင်းဖျားဘက်ကို ရွှေ့ရွှေ့သွားတယ်။ အဖျားပိုင်းရောက်တော့ သစ်ကိုင်းကျိုးပြီး ကျသွားပါရော။ အောက်က စောင့်နေတဲ့ကောင်တွေဟာ သင်းခွေချပ်ကို ဝိုင်းအုံတွယ်ကပ်ပြီး စုပ်လိုက်ကြတာ တစ်မိနစ်လောက်ပဲကြာမယ်။ အစအနတောင် မကျန်ဘူး။ စားတာမဟုတ်ဘူး...စုပ်တာ။ သူတို့ရဲ့ ပါးစပ်လို စုပ်ခွက်နဲ့ စုပ်တာ။ ပထမသင်းခွေချပ်ရဲ့ အကြေးခွံကြားထဲကအသားမျှော့ကို စုပ်တယ်။ အသားမရှိတော့လို့ အကြေးခွံတွေ ပြုတ်ထွက်ကုန်တော့ ကျန်တာကို ဆက်စုပ်တယ်။ ကြောက်စရာကောင်းလိုက်တာ...ကြောက်တာနဲ့ ကျွန်တော်လည်း စခန်းကို ပြန်ပြေးလာရတယ်။

ဒါနဲ့ ကျွန်တော်တို့လည်း ကြာရင်မဖြစ်ချေဘူးဆိုပြီး အဟူးရွာကို ပြန်လာကြတယ်။ အပြန်ခရီးက သိပ်မခက်ပါဘူး။ မြေပုံပါနေတာပဲ။ လမ်းမှာ ဆရာဦးဖေဝင်းကို 'ဂျရာဂျာကာ'လို့ ကချင်လိုခေါ်တဲ့ မြွေကိုက်တယ်။ သူကိုက်ရင် ဆင်တောင်မခံနိုင်ဘူး။ ဆေးဝါးမရှိ ဆရာဝန်လည်းမရှိတော့ ဆရာဦးဖေဝင်း ကျွန်တော်တို့ မျက်စိအောက်မှာ တစ်ကိုယ်လုံး မဲပြာပြီး အသက်ပျောက်သွားတာကို ထိုင်ကြည့်နေရုံအပြင် ဘာမှမတတ်နိုင်ခဲ့ဘူး။



အတိုချုံ့လိုက်တော့မယ်ဗျာ...အဟူးရွာဆိုတာ မရှိတော့ဘူး။ ဘာကြောင့်လဲ မသိဘူး။ တစ်ရွာလုံး ပြောင်းပြေးကုန်တယ်။ ဆိုးတာက အပြန်ကျမှယူမယ်ဆိုပြီး ထားခဲ့တဲ့ ကျွန်တော်တို့ရဲ့ စာရွက်စာတမ်းနဲ့ ပစ္စည်းတွေကိုပါ ယူသွားတာပဲ။ ဒီကြားထဲ ဒေါက်တာထူးအောင်လည်း ငှက်ဖျားဝင်လာတယ်။ နောက်ဆုံး သူလည်း ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ပြီး သေသွားတယ်။ ကျွန်တော့်ကိုတော့ ကချင်မုဆိုးတစ်ယောက်က တွေ့ပြီး သူတို့ရွာကမှတစ်ဆင့် ဒီကိုရောက်လာတာပဲ။ သြော်...ကျွန်တော်အရက်နည်းနည်း ယူမယ်နော်"

"ထည့်ပါထည့်ပါ။ စိတ်ကြိုက်သောက်ပါ။ ဒါနဲ့ မြေပုံပါတဲ့ သတ္တုပြားလေးဆိုတာကရော"

"ဒေါက်တာထူးအောင်ရဲ့ အလောင်းကို မြှုပ်တော့ ပါသွားတယ်။ ကျွန်တော်မေ့ပြီး မယူထားလိုက်မိဘူး"

သွားပြီ။ လမ်းစပျောက်ပေပြီ။ အထောက်အထား ဘာမှမကျန်တော့။ တမင်ပဲ လက်စဖျောက်လိုက်သည်လော။ သူက နိဂုံးချုပ်စကားပြောသည်။

"အင်္ဂါဂြိုဟ်သားတွေဟာ အကြောင်းတစ်ခုခုကြောင့် မပြန်နိုင်တော့ဘူး။ သူတို့ဟာ နှစ်ငါးသန်းအတွင်းမှာ အလွန်အဆင့်အတန်းနိမ့်တဲ့ဘဝကို နိမ့်ကျသွားခဲ့မှာ ကေန်ပဲ။ တဖြည်းဖြည်းနဲ့ ဆင့်ကဲဖြစ်စဉ်ရဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေကို နာကျင်ခံစားပြီး ပြန်တိုးတက်ခဲ့ရတယ်"

"ဦးအောင်သိုက်ပြောတာ အမှန်လို့ ယုံလိုက်ပါ့မယ်။ ဒါပေမယ့် ဒီအင်္ဂါဂြိုဟ်သားတွေ...ဆိုပါတော့ အရိုးမရှိတဲ့ အင်္ဂါဂြိုဟ်သားတွေ၊ ကျောက်ကျောတုံးတွေဟာ ဝတ္ထုတွေနဲ့ အာကာသယာဉ်ကို ဘယ်လို တည်ဆောက်မလဲ၊ အရိုးမရှိဘူးလေ"

ထိုအခါ သူသည် ဆတ်ခနဲဖြစ်သွားပါသည်။ ကျွန်တော်ကိုလည်းဒေါသဖြင့် စိုက်ကြည့်ပြီး–

"ဘာ...ဒေါက်တာ့ကို ဘယ်သူက အဲဒါအင်္ဂါဂြိုဟ်သားတွေလို့ပြောလဲ။ ကျွန်တော်ပြောတာကို သဘောမပေါက်ဘူးလား။ ခင်ဗျားတော်တော်ထုံဆေးတယ်။ ဒီမှာ...အင်္ဂါဂြိုဟ်သားဆိုတာ လူလို့ခေါ်တဲ့ ကျုပ်တို့ဗျ။ ကမ္ဘာဂြိုဟ်သားအစစ်အရိုးမဲ့သတ္တဝါတွေ...ကျောက်ကျောတုံးတွေ...ရှင်းပြီလား။ ■

မြားနတ်မောင်၊ [illegible] ၂၀၀၂

□

www.burmeseclassic.com

www.burmeseclassic.com

## အုပ်ထိန်းသူ

ရထားက ကျွန်တော်တို့နှစ်ယောက်ကို မစောင့်ဘဲ လက်ပံတန်းဘူတာတွ ထားခဲ့ကာ ထွက်သွားသည်။ စောင့်ရအောင်လည်း စက်ခေါင်းမောင်းသူ လည်းကောင်း၊ ရထားထိန်သည် လည်းကောင်း သူတို့ရထားပေါ်တွင် ကျွန်တေ တို့နှစ်ယောက် ပါလာမှန်းပင်မသိ။

အမှတ် (၇၁) ပြည်အမြန်သည် ရန်ကုန်မှ စတင်ထွက်ကတည်းက သုံ နာရီနောက်ကျသည်။ တစ်လမ်းလုံးလည်း ချုချာလာ၏။ ထို့ကြောင့် လက်ပံတ ရောက်သောအခါ ည ၈ နာရီထိုးပေပြီ။ ရထားဆိုက်လျှင် ဆိုက်ချင်း ရထား ပြင်ဘက်မှ ဝန်ထမ်းများ ရောက်လာကာ တူတစ်လက်ဖြင့် ရထားဘီးများ လိုက်ခေါက်၏။

ကျွန်တော့် အတွေ့အကြုံအရ ရထားကြာတော့မည်။ ထင်သည့်အတိုင် ပင် တွဲစောင့် ဆင်းသွားပြီး ပြန်တက်လာသည့်အခါ ရထားဘီးပူသဖြင့် နာ ဝက်ခန့် ကြာဦးမည်ဟု သတင်းပေးသည်။ ထိုအခါ ကျွန်တော်နှင့် ကိုသိန်းဇွ တို့ နှစ်ဦး လက်ဖက်ရည်သောက်ရန် အောက်သို့ဆင်းပြီး ဘူတာနား လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ထွက်လာ၏။

သူရောကျွန်တော်ပါ လက်ဆွဲအိတ်တစ်လုံးစီသာ ပါသည်မို့ မထားခဲ့ ယူလာမိသည်က ကံကောင်းသွား၏။ လက်ဖက်ရည်သောက်၊ မုန့်စားရင်းနှ စကားပြောနေကြတာ မိနစ် ၂၀ ခန့်ကြာ၏။ လက်ဖက်ရည်ဆိုင်ဘေးကာရာအို ဆိုင်မှ သံသေးသံကြောင် သံပြာ သံဝါ စည်းဝါးမကျ ဘယ်ကီးမှမဝင်သော အသံဆိုး ဆူညံသံတို့က စိတ်ပျက်စရာ ကောင်းလှသည်။



ရထားဘီးပူတာကို ၁၅ မိနစ်နှင့် ပြုပြင်ပြီးစီးသွား၍ ရထားဆက်ထွက် မည်ဖြစ်ကြောင်းကို ဘူတာရုံက အသံချဲ့စက်ဖြင့် ကြေညာပါသည်။ သို့ လည်း ခရီးသည်များ မိမိတို့နေရာများတွင် အဆင့်သင့် နေရာယူထားကြ ဆိုသော ရုံပိုင်၏အသံသည် အောင်သွယ်တော်...ဖိုးရွှေလမင်းရယ်...တိမ် ဝင်ကာမပြေးနဲ့ဟူသည့် 'တွံတေးအတု'၏ အသံကို မထိုးဖောက်နိုင်သဖြင့် တော်တို့မှာ ဒီတစ်ညအတွက်တော့ နှမလက်လျှော့ နေလိုက်ရပါသည်။

ညအိပ်တည်းခိုဖို့တော့ ကျွန်တော်မပူပါ။ လက်ပံတန်းတွင် ကျွန်တော့် မီးရထားဆရာဝန်ရှိသည်။ သို့သော် ညအချိန်မတော်ကြီးတွင် သူ့အား သောက်ရေး ဒုက္ခမပေးချင်၍ ညစာစားရန် စည်ဘီယာပါ တွဲရောင်းသော ပွဲစားရုံသို့ အရင်ထွက်ခဲ့ပါသည်။ ထိုအခါ ကျွန်တော်သည် အလွန်ထူးခြား လူတစ်စုနှင့် ကြုံတွေ့ ရလေတော့၏။

ဆိုင်ထဲဝင်ဝင်ချင်း ကျွန်တော် တွေ့လိုက်ရသည်မှာ လူထွားကြီးတစ်ဦး ဟုတ် လူဘီလူးကြီးတစ်ဦးပင်။ အရပ် အနည်းဆုံး ၇ ပေကျော်မည်။ အမောင်းနှင့် လိုက်ဖက်ညီသော ကြီးမားထွားကြိုင်းလှသည့် ကိုယ်ကာယ သူနှင့်တစ်ဝိုင်းတည်း သူ့ညာဘက်တွင် ထိုင်နေသူက ပိုထူးခြားသည်။

ရုတ်တရက်ကြည့်လိုက်လျှင် လူမပါဘဲ ဝတ်စုံချည်းသာ ထိုင်နေသလို ၏။ ရှပ်အင်္ကျီလက်တိုအောက်မှ ထွက်နေသော လက်မှာ အသားမပါ လာက် အရိုးနှင့်အရေသာရှိ၏။ လူဘီလူးကြီး၏ ဘယ်ဘက်တွင် အိမ်တွင်း ကုလားမများသဖွယ် ထူထဲသော ပိတ်စတစ်ခုဖြင့် မျက်နှာကို ဖုံးထား အမျိုးသမီးတစ်ဦး ထိုင်နေပြန်၏။

စားသောက်ခန်းမ အလယ်တွင် လင်မယားဟုထင်ရသော လုပုလေး ယောက်။ အရပ်အမောင်းက ၃ ပေတောင် ရှိမည်မဟုတ်။ ဘီယာပုလင်းခွံ လုံးကို ဆင့်ထောင်ထားကာ သူတို့၏ သေးကွေးပေါ့ပါးသော ကိုယ်ခန္ဓာဖြင့် ရုပ်ပြီး အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေကြ၏။ ဆိုင်ထဲတွင် အဆန်းကြယ်ဆုံး ဝင်စားစရာ အကောင်းဆုံးလူသည် သူများလို ကုလားထိုင်ပေါ်တွင်မထိုင်၊ ပေါ်တက်ထိုင်ပြီး သူ့ဘီယာခွက်ကိုတော့ ကုလားထိုင်ပေါ် တင်ထားသည်။

ဘီယာခွက်ကို သူသည်ခြေနှစ်ဖက်ဖြင့် ကျွမ်းကျင်စွာညှပ်မတော သောက် ။ အဘယ်ကြောင့်ဆိုသော် သူ့မှာ လက်နှစ်ဖက်စလုံး မရှိသောကြောင့် အားလုံး အရက်သော်လည်းကောင်း၊ ဘီယာသော်လည်းကောင်း သောက် ကြ၏။ လူထွားကြီး၏ ကြီးမားလှသည့် လက်ထဲတွင် ဘီယာမတ်ခွက်ကြီး

www.burmeseclassic.com



မှာ သောက်တော်ရေကွက်ပမာ သေးသေးလေးဟုထင်ရ၏။ မျက်နှာဖုံးနှင့် အမျိုးသမီးသည်လည်း လိမ္မော်ရည်ကို မျက်နှာဖုံးအောက်မှ ထိုးသွတ်ပြီးသောက်၏။

ဘယ်လိုလူတွေလဲ။ ထူးဆန်းလှချည်လား။ ငါ အိပ်မက်မက်နေတာလား။ သူတို့ တစ်ဦးချင်းစီကို အပြင်တွင်တွေ့လျှင် ဘာမှထူးဆန်းမည်မဟုတ်။ လူထွားကြီးသည်လည်း မထူးဆန်း၊ လူပုကလေးများကရော။ လောကမှာ လူပုတွေပေါလွန်းလို့၊ အရိုးပိန်၊ ဒါဟာလည်း ရှိတာပဲ။ လက်နှစ်ဖက်မရှိတဲ့သူ၊ မျက်နှာဖုံးနဲ့မိန်းမ တွေ့ဖူးတာပဲ။ သို့သော် ဒီလိုလူတွေကို တစ်စုတစ်ဝေးတည်း တစ်နေရာတည်းတွင် ယခုလို မြင်လိုက်ရသည်ကတော့ မယုံနိုင်စရာ။

"ကိုသိန်းဌေး ကြည့်စမ်းပါဦးဗျာ။ ဘယ်လိုလူတွေလဲ။ ထူးဆန်းလိုက်တာ"

"ဟုတ်တယ်။ မယုံနိုင်စရာပဲ။ အိပ်မက်ကမ္ဘာကို ရောက်သွားတာလား"

"အောင်သစ္စာဆပ်ကပ်က အဖွဲ့သားတွေလေ။ လက်ပံတန်းကို ဒီညနေပဲရောက်လာတာ။ ညစာ မစားရသေးလို့ လာစားကြတာပေါ့"

ကျွန်တော်နှင့် ကိုသိန်းဌေးတို့ ထိုင်နေသောဝိုင်းသို့ ပိန်ညှော်ညှော်လူတစ်ယောက် လာထိုင်ကာ ရှင်းပြလိုက်မှ ဒါကြောင့်ကိုးဟု ဘဝင်ကျသွား၏။ သူသည် စပို့ရှပ်ညစ်ထပ်ထပ်၊ ဂျင်းဘောင်းဘီဖြူလျော့လျော့နှင့် လမ်းမပေါ်မှာ တွေ့နေကျ သာမာန်လူတစ်ဦးသာဖြစ်၏။ ဘာမှ မထူးခြား။ တော်တော်တော့ သောက်ထားပုံရ၏။

"ဟို လူ့ဘီလူးကြီး နာမည်က 'ကိုတာနော'တဲ့။ အရပ် ၇ ပေနဲ့၃ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၀၀ ရှိတယ်။ ဒါပေမယ့် ခြင်တစ်ကောင်တောင်မှ မသတ်ဘူး။ သိပ်စိတ်နှလုံးသိမ်မွေ့တာ။ သူ့ဘေးက မျက်နှာဖုံးနဲ့ အမျိုးသမီးက 'မမွေးထူ' ဆိုတာပဲ။ မျက်နှာမှာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတွေ ရှိတယ်။ အစစ်တွေနော်၊ ဒါကြောင့် ဖုံးထားတာ။ ဈေးပေါသွားမှာစိုးလို့။ ငှက်ရိုးဆိုတဲ့ ငပိန်ကတော့ ကမ္ဘာပေါ်မှာ အပိန်ဆုံးလူသားပဲ။ သူ့ကို 'လူ့စပုတ်တိုင်' လို့လည်းခေါ်တယ်။

"ခင်ဗျားကရော ဆပ်ကပ်ထဲက ပဲလား"

"ဟုတ်ကဲ့။ ကျုပ်နာမည်က 'ဖိုးသင်း'တဲ့။ ကြားဖူးလား"

"ဟင့်အင်း။ မိတ်ဆွေက ဘာလုပ်လဲ"

"ဟားဟား ကျုပ်တို့မိတ်ဆွေက အရက်တိုက်ချင်လို့လား။ တော်ပါပြီဗျာ။ အတင်းတိုက်မှာပဲ ဟုတ်လား။ ဒါဆိုလည်း မငြင်းတော့ပါဘူး။ ဟော့ကောင်လေး-



ရမ် ၂ ပက် ယူခဲ့ဦး။ ကျုပ်က သိပ်သောက်လို့ မဖြစ်ဘူး။ အရက်မူးလာရင် စကားများရော။ ကျုပ်မှာလား ပြောစရာတွေအများကြီး ရှိတာပေါ့။ မိတ်ဆွေတို့ကို ပြောပြမယ်၊ ပြောပြမယ် စိတ်ချ။ ဒါထက် စကားမစပ် မိတ်ဆွေတို့ မျောက်ကို ချစ်လား"

"ဘာ မျောက်။ ဘာဖြစ်လို့ မေးတာလဲ"

ကျွန်တော်သည် ဝိုင်းကူးအရက်သောက်သူ၊ မူးလာလျှင် စကားများသူ၊ ရစ်တတ်သူ၊ သိသိမသိသိ အတင်းဝင်ရော မိတ်ဖွဲ့တတ်သူ၊ သူများဝိုင်းထဲ အတင်းလာ စကားရောဖောရောနှင့် အရက်ကပ်သောက်သူ 'ကပ်တီးမူးလဲ'အရက်သမားဆိုလျှင် အလွန်ပင် မုန်းပါသည်။ ထို့ကြောင့် အရက်ဆိုင်တွင် သောက်လေ့သောက်ထမရှိ။ သောက်လျှင်လည်း တစ်ယောက်တည်း မြန်မြန်သောက်ပြီး ပြန်သည်။ ယခု ဧည့်သည် ကိုသိန်းဌေးပါနေ၍ ခါတိုင်းလိုထမသွားသာ။ သည်းခံနေရသည်။

"ကျုပ်က ဆက်ကပ်ထဲမှာ မျောက်ဆရာလေ။ မျောက်တွေကို သင်ပေးရတဲ့သူပေါ့။ ကမ္ဘာပေါ်မှာ အတော်ဆုံး မျောက်ဆရာ။ 'နှင်းမှုံ'ဆိုတဲ့ မျောက်မလေး တစ်ကောင်အကြောင်းရော ကြားဖူးလား"

"မကြားဖူးဘူး။ သိလည်းမသိချင်ဘူး။ ကဲသောက်ပြီးတော့သွားတော့ဗျာ။"

မတတ်နိုင်ပါ။ ရိုင်းသည်ဟု ထင်ချင်လည်းထင်ပရော့။ ဒါမျိုးကိုကျွန်တော် နည်းနည်းမှသည်း မခံနိုင်။ ကိုသိန်းဌေးကသာ စိတ်ဝင်တစားရှိသည်။ မျောက်ဆရာသည် မူးနေ၍လော။ ကျွန်တော် စိတ်တိုနေသည်ကို မသိ၍လော။ ကျွန်တော့်ကို အရေးမစိုက်တော့ဘဲ ကိုသိန်းဌေးကိုသာ ကြည့်၍ ဆက်ပြောနေ၏။

'နှင်းမှုံက ကမ္ဘာပေါ်မှာ ဉာဏ်အထက်ဆုံး မျောက်မလေးပေါ့။ ကျွန်တော် ကိုယ်တိုင် သင်ထားတဲ့မျောက်ဗျ။ ဘာထင်လို့လဲ။ နှင်းမှုံက ချင်ပန်ဇီမျောက်မျိုး။ ကမ္ဘာပေါ်မှာ မျောက်ဝံဘယ်နှမျိုး ရှိလဲသိလား။ ၄ မျိုးဗျ။ ချင်ပန်ဇီရယ်၊ ဂေါ်ရီလာရယ်၊ ဩရင်အူတန်နဲ့ ဂစ်ဘွန်ဆိုပြီး ၄ မျိုးရှိတဲ့ အထဲမှာ ချင်ပန်ဇီက အသိဉာဏ်အရှိဆုံး"

"ကျုပ်လက်ထဲရောက်တော့ နှင်းမှုံဟာ ၆ လသမီးပဲ ရှိသေးတယ်။ သူဟာ အရမ်းအရမ်း အသိဉာဏ်ရှိတယ်ဗျာ။ ပြောရင်ယုံမှာမဟုတ်ဘူး။ စကားမပြောတတ်တာကလွဲလို့ အကုန်လုပ်တတ်တယ်။ ဒီလောက်ဉာဏ်ကောင်းတဲ့ မျောက်မလေး။ သူစကားပြောတတ်တယ်ဆိုရင်တောင် ကျုပ်ထင်မှာ မဟုတ်

www.burmeseclassic.com



သူ့ တတယ် တကယ်"

"ကျုပ်ဟာ နှင်းမှုံရဲ့ အဖေဆိုလည်းဟုတ်၊ အမေဆိုလည်းဟုတ်တယ်။ သူ ကျောင်းလက်ထဲရောက်လာတော့ တောခေါင်ခေါင်ထဲက ဖမ်းလာတာသုံးရက် ပဲရှိသေးတာပေါ့။ ကျုပ်က သူ့ကို လူသားတစ်ဦးနဲ့တူအောင် သင်ကြားပေးခဲ့တာ။ လေ့ကျင့်ပေးထားတာ။ မိတ်ဆွေတို့ စဉ်းစားကြည့်ပါ။ ဇွန်းခက်ရင်းနဲ့ ထမင်းစား တတ်တယ်ဗျာ။ သူ့ဘာသာသူ အဝတ်ဝတ်တတ်တယ်။ အဝတ်လျှော်တတ်တယ်။ တတယ့်မိန်းကြီး တစ်ယောက်ဖြစ်အောင် ကျုပ်ပြုပြင်လိုက်တာပဲ"

ကျုပ်ကို ကြည့်စမ်းပါ၊ အဝတ်အစားတွေက ဘယ်လောက် မသားနား ရုတ်ပြတ်နွမ်းဖတ်နေသလဲလို့လေ။ ဘာကြောင့်လဲ။ ကျုပ်က ကျုပ်ဝင်ငွေအား လုံးကို နှင်းမှုံအတွက်ပဲ ပုံအောသုံးခဲ့တာကိုးဗျ။ နှင်းမှုံအတွက်ဆိုရင် အကောင်း ဆုံး၊ အကောင်းဆုံးကလွဲလို့ ဘာမှမသုံးဘူး သိလား"

"ဘာကြောင့်လဲ။ နှင်းမှုံအတွက် ကျုပ် သိပ်ဂုဏ်ယူတယ်။ နှင်းမှုံဟာ ကျုပ်ဘဝ ကျုပ်အသည်း၊ ကျုပ်သမီးဆိုတာ မိတ်ဆွေတို့ ယုံထား။ မိုးလင်းတယ် ဆိုရင် နှင်းမှုံဟာ သူ့ဘာသာသူ အိပ်ရာထ၊ သူ့ အိပ်ရာသူသိမ်း၊ သူ့ဘာသာသူ ရေချိုးတတ်တယ်။ ပြောရဦးမယ်။ နှင်းမှုံကလေး ရေချိုးတဲ့အခါ 'ပါမိုးလစ်'တို့၊ 'ကယ်မီ' ဆပ်ပြာမွှေးတို့မှသုံးတာ။ လပ်(ခ်)ဆပ်ပြာတို့ တရုတ်ဆပ်ပြာတို့ဆို လှည့်တောင်မကြည့်ဘူး"

"ရေချိုးပြီးတော့ ပေါင်ဒါရိုက်တယ်။ နှုတ်ခမ်းနီဆိုးတယ်။ ရွှေမွှေးဆွတ် တယ်။ ပြီးမှ ဘော်လီဝတ်၊ အတွင်းခံဝတ်၊ ထဘီ အင်္ကျီဝတ်တာ။ နောက်ဆုံး ခေါက်ဖိနပ် စီးပြီးမှပဲ သူအလှပြင်တာပြီ·တော့တယ်"

မှုံးမှုံးရှုံးရှုံးနှင့် တွေ့ကရာ ပေါက်ဟတ်ကရတွေ ဖွတ်ပြောနေသော 'ဖိုး သင်း'ဆိုသူကို ကျွန်တော် အမြင်ကပ်သထက် ကပ်လာပါသည်။ နဂိုကမှ ရထားထွက်သွားပြီး ကျန်နေခဲ့၍ ဒေါသဖြစ်နေရသည့်အထဲ ဒင်းက တစ်မျှောင့်။ ပထမ သေချာမသိဘဲ နာရီဝက် ကြာမည်ဟု သတင်းမှားကြီးပေးသောတဲစောင့်၊ နောက် ကာရာအိုကေရုံထဲမှ သံပြာသံကြောင်ပိုင်ရှင် တွံတေးအတု၊ အခုဖိုးသင်း နှင့် သူ၏မျောက်။ ထို့ကြောင့် ကျွန်ုပ်တော် ပြုပြီးပြုပြီးပစ်လိုက်၏။

"ခင်ဗျား မျောက်စာလည်းရေးတတ် ဖတ်တတ်မှာပေါ့"

"ဘွဲ့ရပြီးပြီလား"

"ဟား ဟား ဟား မိတ်ဆွေကြီးကလည်း ကျုပ် ဒီလောက်ထိတော့ မကြွားတတ်ပါဘူးဗျ။ ဒါပေမယ့်နော် သူက အက္ခရာစာလုံးတွေကိုတော့သိတယ်။



စာလုံးတွေကို မရေးတတ်၊ မတွဲတတ်တာ တစ်ခုပဲ။ ကျုပ်က သူ့ကိုကားမောင်း နဲ့ ဖဲကစားတာတောင် သင်ပေးခဲ့ဖူးတယ်။ တတ်ပြီးမှ တစ်ခါ တစ်ခါ တော စိတ်ဝင်လာလို့ ပြန်မေ့သွားတာ။ ကျုပ်ကြွားတာ မဟုတ်ဘူး၊ ကျုပ်လောက် တော်တဲ့ မျောက်ဆရာ ရှိကိုမရှိဘူး"

မြတ်စွာဘုရား။ သေဟဲ့ နန္ဒိယဟုဆိုတာ ကျွန်တော် ပက်လက်လန် သွားပါသည်။ ကုလားထိုင် နောက်ကျောမှီရှိ၍ တော်သေးသည်။ မေးမိတာ မှားပါတယ် ဖိုးသင်းရယ်။ ကိုယ်သိန်းငွေက ကျွန်တော့်ကို ကိုယ့်လူဘာတတ် နိုင်သေးလဲ ဟူသော အပြုံးမျိုး ပြုံးပြသည်။

"နှင်းမှုံက အလှအပလည်း တော်တော်ကြိုက်သဗျ။ သိပ်ခေတ်ဆန်ချင် တာ။ ကျုပ်တို့ ပြည်မြို့မှာ ပွဲသွင်းတုန်းကဖြစ်ပေါ့ဗျာ။ ရှေ့ဆုံးတန်းက ကောင်မလေး တစ်ယောက်က ယုန်မွှေးဆွယ်တာဝတ်ထားတာကိုး။ ဒါကို နှင်းမှုံက သဘောကျ လို့ မဆုံးဘူး။ တကြည့်ကြည့်နဲ့ သူ့အခန်းကိုတောင် သူကောင်းကောင်းမပြန်နိုင် ဘူး။ ကိုယ်လေ့ကျင့်ထားတဲ့မျောက်ပဲ သိတာပေါ့"

ဒါနဲ့ပဲ နောက်တစ်နေ့ကျ ဈေးထဲက ဆွယ်တာတစ်ထည် သွားဝယ်ရတယ်။ ယုန်မွှေးဆွယ်တာတော့ ကျုပ်ဘယ်တတ်နိုင်မလဲ။ ဒီလောက်ဈေးကြီးတာကြီးကို။ နိုးရိုးသိုးမွှေး ဆွယ်တာပဲပေါ့။ မချောက ယုန်မွှေးမဟုတ်ဘဲ သိုးမွှေးမို့လို့ သဘောကျတော် မမူဘူးဗျို့။ ဟား ဟား ကျုပ်ကို ထုရိုက်ကုတ်ဆွဲနဲ့ တစ်ပတ် လောက် စိတ်ကောက်နေတာ"

"ကျုပ်ကလည်း အံလိုလိုက်ထားတာကိုးဗျ။ အလိုလိုက်ရမှာပေါ့။ တတ် တာလည်း မပြောနဲ့လေ။ မိတ်ဆွေကြီးတို့ ယုံချင်မှ ယုံ၊ မီးပုတိုက်တတ်တယ်ဗျာ။ မီးပယ်တိုက်တတ်တယ်ဗျာ။ ပြီးတော့ ဟင်းလည်းချက်တတ်တယ်။ နေဦး နေဦး ကျုပ်ပြောတာ လောသွားတယ်။ ဟင်းချက်တတ်တယ်ဆိုတာက ကြက်ဥကြော် တာလောက်ပေါ့လေ။ ဆီပြန်ဟင်းတို့၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော် တို့တော့ ဘယ်ဟုတ်မလဲ"

ထိုအခါ မနေနိုင်၍ ကျွန်တော်ဝင် အငေါ်တူးပြန်ပါသည်။

"ဒီလောက်တတ်တဲ့မျောက်၊ ခင်ဗျားတော်တော် ဝင်ငွေကောင်းမှာပေါ့ ချော်"

"မိတ်ဆွေကြီးက အဲဒီလို ထင်လို့လား။ ဒီမှာ ကျုပ်တို့တတွေကြည့်ခင်း ပါ။ ပိုက်ဆံတော့ ရပါရဲ့။ ဒါပေမယ့် ကျုပ်က နှင်းမှုံအတွက်ချည်း သုံးတစ် တာ။ နှုတ်ခမ်းနီကိုတောင်မှ ကောင်းပေး ဈေးကြီးပေးဆိုတဲ့ 'အက်ဇရိုဒိုက်'

www.burmeseclassic.com

www.burmeseclassic.com



မှ ဝယ်ပေးတာ။ တီဗွီမှာ ထက်ထက်မိုးဦးနဲ့ကြော်ငြာတဲ့ နတ်ခမ်းနီ"

"ကျုပ်ကတော့ ဘာဝတ်လဲ မေးကြည့်။ ကျုပ်မှာ အဝတ်အစား သုံးစုံပဲ ရှိတယ်။ ဒွေးတို့ ကျော်ရဲအောင်တို့ ဝတ်တာမျိုး မဟုတ်ဘူးနော်။ လေဆားထည်၊ ဆေထုတ်ထဲကဟာတွေ။ ဖိနပ်ကိုလည်း ရော်ဘာဖိနပ်ပဲစီးတယ်"

ကျွန်တော် တစ်ခုခု ပြောတော့မည်ဟု ပါးစပ်ပြင်လိုက်စဉ် ငရဲပြည်ပမာ ဆူညံပွက်လောရိုက်နေသော အခန်းသည် ရုတ်တရက် တိတ်ဆိတ်သွား၏။ အားလုံး၏ မျက်လုံးများသည် ဆိုင်ပေါက်ဝဆီသို့ ကြည့်နေကြသဖြင့် ကျွန်တော် လည်း ခေါင်းလှည့်ကြည့်လိုက်သည်။

ဆိုင်ဝတွင် ယောထဘီ၊ ဇာပေါက်အင်္ကျီနှင့် နတ်ခမ်းကို ရဲနေအောင် ဆိုးထားသော မျောက်မလေးတစ်ကောင်။ သိုးမွေးဆွယ်တာ တစ်ထည်ကိုလည်း ဝတ်ထား၏။ နင်းမှုံဆိုတာပဲ ဖြစ်ရမည်။ လေဒီရှူးစီးထားသော နင်းမှုံသည် ဆိုင်ထဲတွင် လှည့်ပတ်ရှာပြီး ဖိုးသင်းကိုတွေ့သွားသောအခါ ယိုင်တီးယိုင်ထိုးဖြင့် လျှောက်လာသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်၊ ဘေးဘယ်ညာကို မကြည့်။

ဖိုးသင်းက အရက်ခွက်ကို မော့နေသည်။ ထိုအခါ နင်းမှုံသည် 'ခွီး' ခနဲတစ်ချက် မာန်ဖီလိုက်ကာ ဖိုးသင်းလက်ထဲမှ အရက်ခွက်ကို ပုတ်ချလိုက်၏။ အရက်ခွက်သည် သမံတလင်းပေါ်သို့ ကျကွဲသွား၏။ လူ့ဘီလူးကြီးတာနောက ဒူးခေါင်းလောက်ရှိသော သူ့တံတောင်ဖြင့် အရိုးပိန်ကို တွယ်တာ ထိုအဖြစ်အပျက်ကိုပြ၏။ အရိုးပိန့်သည် ကြောင်စီစီရယ်လိုက်၏။

မျောက်မလေးသည် ဖိုးသင်းကို ခါးပတ်မှ ဆွဲခေါ်သွား၏။ ထိုအခါ လူပုမလေးက –

"ကြည့်ကြပါ အရပ်ကတို့။ သူကိုယ်သူ မျောက်ဆရာတဲ့။ တကယ်ဆိုရင် ဘယ်သူက ဘယ်သူ့ကို လေ့ကျင့်ပေးတာလဲ။ လူက မျောက်ကိုလား။ မျောက်က လူကိုလား။ ဘယ်သူက ဘယ်သူ့ကို အုပ်ထိန်းသူလဲ။ ရှင်းပါတယ်နော်"

ထို့နောက် လူပုတို့ လင်မယား ဆက်ရန်ဖြစ်ကြ၏။ ကျွန်တော်သည် အိမ်တွင် ကျန်နေခဲ့သော ဇနီးသည်ကို ဖျပ်ခနဲ သတိရလိုက်ပါသည်။

မဟေသီ၊ ဇူလိုင်လ၊ ၂၀၀၃

❐

# ကာလယန္တရား

မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလားတဲ့။

ကောင်လေးတွေ ဘောလုံးကစားနေကြတယ်။ အနားကိုစိတ်ပညာရှင်ကြီးတစ်ယောက် ရောက်လာပြီး သူတို့မေးတယ်။ နောက်တစ်နာရီကြာရင် ဒီကမ္ဘာကြီးဟာ အလွန်ကြီးမားတဲ့ ဂြိုဟ်ပုံကြီး တစ်လုံးနဲ့ တိုက်မိတော့မယ်။ မင်းတို့ ဘာလုပ်ကြမလဲ။ ကလေးတွေ သိပ်ကြောက်သွားပြီး ထိုင်ငိုတဲ့ကလေးက ထိုင်ငိုတယ်။ မိဘတွေဆီ အားကိုးတကြီး ပြန်ပြေးတဲ့ကလေးက ပြန်ပြေးတယ်။ တချို့က ဒိတ်ထဲမှာ ကျန်သမျှပိုက်ဆံကုန်တဲ့အထိ မုန့်ဝယ်စားတယ်။ ဘုရားကျောင်းကိုပြေး ဆုတောင်းတဲ့သူလည်းရှိတယ်။ ဆောက်တည်ရာ မရကြဘူး။

ဒါပေမယ့် က... ...ဂစ်ယောက်ကတော့ အေးအေးဆေးဆေးပဲ 'ကလေးမင်းရော ဘာမှမလုပ်ဘူးလား' လို့ မေးတဲ့အခါ ကလေးက –

"သူတို့ ပြန်လာရင် ဒီပွဲကို ပြီးအောင် ဆက်ကစားမယ်"တဲ့။

ရှောင်လွှဲလို့မရတာ သေချာနေတဲ့အခါ ကျုပ်မှာလည်း အဆုံးသတ်ပေးရမယ့် ကစားပွဲ ကျန်သေးတယ်။ ကျုပ်စကားကို ရယ်ချင်လည်းရယ်ပေါ့။

ကျုပ်ကို ဘာမှ မတတ်နိုင်တော့တဲ့ သူတစ်ယောက်လို့ ထင်နေတယ် မဟုတ်လား။ ဒီမယ်လေ ကျုပ်စကားပြောနေနိုင်သေးတယ်။ ကျုပ်လက်တွေ လှုပ်နေနိုင်သေးတယ်။ ခုချိန်ထိ ဒီအိမ်မှာကျုပ်ဩဇာတည်နေသေးတယ်မှတ်။

ဦးအောင်ငြိမ်း အသက်(၈၀)နှစ် ဆိုတဲ့ အခေါင်းကြီးတစ်လုံးမြင်လား အဲဒါ ကျုပ်သေရင်ထည့်ဖို့။ ဘယ်မြန်မာလူမျိုးအိမ်မှာ အခေါင်းကြီး ဝယ်ထားတယ်လို့ ကြားဖူးလဲ။ ကျက်သရေမရှိတဲ့ပစ္စည်း။ ဒါပေမဲ့ ကျုပ်လုပ်တယ်၊ ကျုပ်လုပ်နိုင်းတယ်။

www.burmeseclassic.com



ကျုပ်ကို ဘယ်မယား ဘယ်သားသမီးကမှ မတားဆီးရဲဘူးဆိုတာ ကျုပ်ပြောတာတည်နေသေးတယ်ဆိုတာ အဲဒီ အခေါင်းက သက်သေပဲ။ ကျုပ်ကို ပြန်မပြောနဲ့၊ အတွန့်မတက်နဲ့ ဒါပဲ။ ကျုပ်သေတော့မယ်ဆိုတာ ကျုပ်သိတာပေါ့။ ကျုပ်ကိုယ်ကျုပ် ဆရာဝန်မို့ ပြောနိုင်တာမဟုတ်ဘူး။ လူတိုင်းတစ်နေ့ကျ သေရမယ်ဆိုတာ လူတိုင်းသိတယ်။ မသေခင် ပြင်ဆင်ထားရဦးမယ်လို့လည်း လူတိုင်းပြောတယ်။ ဒါပေမယ့် ဘာကိုပြင်ဆင်ကြမှာလဲ။ ဘယ်သူကရော ဘာကယ်ပြင်ဆင်ကြလို့လဲ။ ကျုပ်ကမှ ကျုပ်သေရင် ထည့်မယ့်အခေါင်းကို စိတ်ကြိုက်မှာနိုင်၊ [illegible]မလှ ကြည့်နိုင်သေးတယ်။ အနည်းဆုံးပေါ့။

အတိအကျမ[illegible]တ်တောင်မှ ကျုပ်ဘယ်တော့ သေမယ်ဆိုတာ အနီးကပ်ဆုံး ကျုပ်ခန့်မှန်းနိုင်တယ်။ အဲဒါ သမားဖြစ်ရခြင်းအတွက် ဆုလာဘ်လား၊ ကျိန်စာလား။

ပညာရှိ ဆော့ခရတ္တိက သူဘာမှ မသိဘူးဆိုတာ တစ်ခုပဲသူသိတယ်တဲ့။ ဘာတစ်ခုမှ မမြဲတဲ့ လောကကြီးထဲမှာ မြဲနေတဲ့အရာဟာ သင်္ခါရတရားပါတဲ့။ ဘာကိုမှ မယုံကြည်ခြင်း တစ်မျိုးပါတဲ့။ ဘယ်လောက် အကြောင်းကြောင်းနိုင်တဲ့ စကားတွေလဲ။

တစ်ယောက်က Everything is Possible Under The Milky Ways ဟောဒီနဂါးငွေ့တန်း ကြယ်စုကြီးထဲမှာ အရာရာဟာ ဖြစ်နိုင်ပါသတဲ့။ နောက်နပိုလီယံဆိုတဲ့ ဧတိကလည်း မဖြစ်နိုင်ဘူးဆိုတဲ့စကားလုံးဟာ အရူးတွေရဲ့ အဘိဓာန်ထဲမှာသာရှိတယ်လို့ ပြောပြန်ရော။ ပြီးတော့ မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလားလို့ နောက်ဆုံးတစ်ယောက်က ပြောလာပြန်တော့ ကျုပ်က နောက်တစ်ခါ လာပြန်ချည်သေးလို့ အော်ဟစ်ပစ်လိုက်ချင်ရဲ့။

ကျုပ်ကလည်း ပြောလိုက်ချင်တယ်။ ကဲ ဣဒ္ဓိပါဒ်ဆရာကြီးတွေ ကျုပ်ကိုမသေအောင် တတ်နိုင်လို့လား။ ကျုပ်ကိုယ်ထဲမှာ တစ်နေ့ထက်တစ်နေ့ ပိုပိုပွားနေတဲ့ ဘိုးဘိုးအောင် ဝလုံးကင်ဆာဆဲလ်တွေကိုပဲ သတ်ကြည့်ပါဦး။ လေမကြွားပါနဲ့။ သတ်ပေးမယ်၊ လူမသေဖူးတဲ့ အိမ်က မုန်ညင်းစေ့ ခုနစ်စေ့ ရအောင် ရှာလာခဲ့တဲ့လား။ ခင်ဗျားမှ အပြောကောင်း၊ ဟူစိန်အကြောင်းမပါတဲ့ ဓမ္မင်းဂျာနယ်လောက်ဆို တော်သေး။ သင်္ခါရ မပါကြေး၊ သေခြင်းတရား မပါကြေး၊ အနိစ္စတရား မပါကြေး၊ ဇာတိဇရာ ဗျာဓိမရဏတွေ မပါကြေးဟုတ်လား။

ကောင်းပြီလေ။ ဒါဆိုလည်း ကျုပ် ဧရာဝတီမြစ်ထဲကို နှစ်ကြိမ်ဆင်း



ချင်တယ်။ အင်းဝတံတားကြီးအောက်မှာ စီးသွားတဲ့ ရေတွေ နောက်တစ်ကြိမ် ပြန်စီးပြပါ။ ညဉ့်ဦးယံမှာ ထွန်းခဲ့တဲ့မီးတိုင်ကို ညဉ့်လယ်ယံမှာ ထပ်ထွန်းပြပါ။ ဒေါက်တာ အောင်ငြိမ်း အသက် (၈၀) ဆိုတဲ့ ကျုပ် လေးတန်းကျောင်းသား မောင်အောင်ငြိမ်း ဖြစ်ချင်တယ်။

"ဘိုးဘိုး ကြက်စွပ်ပြုတ်ရည် သောက်ရအောင်"

ကျုပ်မြေးမ ဒေါက်တာအမရာလေးက လာပြောတယ်။ လုပ်ပေါ့မြေးလေးရယ်။ ဒီမြေးလေးက ကျုပ်အချစ်ဆုံး၊ ကျုပ်အသည်း၊ ကျုပ်ကို[illegible]ပွား ကလေးလေး ကျုပ်လိုပဲဆေးကုတယ်၊ စာရေးတယ်၊ တစ်ယူသန်တ[illegible]

လုပ်ပေါ့လို့ ပြောလိုက်တာက ကျုပ်မှပါးစပ်[illegible] မသောက်နိုင်တော့တာ။ သူက စွပ်ပြုတ်ရည်တွေကို ၅၀ စီစီဝင် ဆေးထိုးပိုက်ကြီးနဲ့ စုပ်ပြီး ကျုပ်နှာခေါင်းမှာ တပ်ထားတဲ့ အစာပိုက်ကတစ်ဆင့် ထိုးထည့်မှာ။ နောက်တစ်နာရီကြာရင်လည်း ဆေးတွေကို ရေဖျော်ပြီး ဒီလိုပဲ ထိုးထည့်ဦးမှာ။

"ဘိုးဘိုး၊ ဧည့်သည်တစ်ယောက်၊ ဒေါက်တာ နိုင်မာလာတဲ့။ တွေ့ချင်လား"

ကျုပ်စကားမပြောနိုင်ပေမယ့် ကျုပ်မျက်လုံးကို ကြည့်ရုံနဲ့ ကျုပ်မြေးက ကျုပ်ပြောချင်တာကို သိတယ်။ စကားပြောနိုင်ရင်တော့ ပြောလိုက်ချင်ပါတယ်။ ယုံပါ။ ရင်ဘုံ့[illegible]ဆဲပါ နိုင်။ ဒါပေမယ့် ကျုပ်ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး။

ဘာလုပ်မှာလဲ[illegible]က်သာလား၊ နေကောင်းလားလို့ သူတို့မေးကြမယ်။ ကျုပ်ဟာလည်း ဆရာ[illegible]ဆိုတာ သူတို့မေ့သွားပြီး မကြာခင်ကောင်းသွားမှာပါလို့ ညာကြမယ်။ ကျုပ်ရဲ့ သိပ်မကျန်တော့တဲ့ အချိန်တွေကို ဘယ်သူကိုမှ ထပ်ခွဲမပေးပါရစေနဲ့တော့။ ကစားလက်စ ပွဲကလေးပြီးအောင် ကျုပ်ဆက်ကစားဖို့ လိုသေးတယ်လေ။

ကျုပ် စာဆက်ဖတ်ချင်သေးတယ်။ ကျုပ် သဘောကျတဲ့ ခဏခဏ ထပ်ဖတ်တဲ့စာအုပ်တွေ၊ အခုချိန်မှာ ကျုပ်ဖတ်သွားချင်မယ်လို့သူထင်တဲ့ စာအုပ်တွေကို ကျုပ်မြေးမလေးက ကျုပ်ဘေးနားမှာ အဆင်သင့်ပုံပေးထားသေးရဲ့

ဒေါက်တာနိုင်မာလာဆိုတဲ့ အဘွားကြီးကြောင့် 'ခုတော့လည်း သူစိမ်းတွေလိုပါပဲလား' ဆိုတဲ့ စာအုပ်ကို ကောက်ကိုင်ပြီးမှ ပြန်ချလိုက်တယ်။ နိုင်မာအောင် မဟုတ်တော့ဘူးလေ။ မိန်းမလှ အမုန်း၊ ပါရမ်ဖက်ခင်မွန်၊ မင်းလိုလူဘားအခြားကြီးဟော့၊ ရဲဘော်တို့နှင့်အတူ၊ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ၊ ကမ္ဘာလှ၊ ရှမ်းပြည်ရောက် ဧည့်သည်၊ နွယ်ဦးမွန်မို့ ချစ်တွေ့ရတင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ထပ်ဖတ်ချင်သေးတဲ့ စာအုပ်တွေလေ။ တစ်ခေါက်တည်းပါ။ တစ်ခေါက်တည်းပဲ ဖတ်ခွင့်ပြုပါ။ ကျုပ်အချိန်မဖြုန်းတော့ဘဲ စာအုပ်တစ်အုပ် ရွှင့်လိုက်တယ်။ ကျွန်တော့်ဘဝဇာတ်ကြောင်း။

ကျုပ်ဘဝဇာတ်ကြောင်းမှာ ထူးထူးခြားခြား ပြောလောက်စရာမရှိပါဘူး။ အဲဒီလို အရပ်ပြောမပြောဘဲ ခုံခုံညားညား ပြောမယ်ဆိုရင်တော့ ကျုပ်သမိုင်းမှာ သားစဉ်မြေးဆက် ဂုဏ်ယူစရာဘာမှတ်တိုင်မှ မရှိခဲ့ပါဘူး။ သမိုင်းမရှိတဲ့ No body ဆိုပါတော့။ ဒီလိုပဲ မွေးလာ၊ ဒီလိုပဲ သေသွားမှာပါ။

ဘာမှမရှိ း‌လုံးချောမပြောင့်တပြောင် မမိုန့်တမှိန် ကျုပ်သမိုင်လေး ကိုပဲ ပြောပြပါဆိုရင်တော့ သာမန်မင်းမှုထမ်းမျိုးရိုးက ဆင်းသက်လာတယ်ဗျာ။ အဖေက အလတ်စားအရာရှိ၊ အမေက ကျောင်းဆရာမ။ မောင်နှမသားချင်း လေးယောက်ရှိတယ်။

မင်းမှုထမ်း မျိုးရိုးဆိုပေမယ့် ကျုပ်အဘိုးအဘွားရဲ့ အဘိုးအဘွားတွေ ဟာ မြို့ဝန်မင်းတွေ စစ်သူကြီးတွေ မင်းညီမင်းသား၊ မင်းညီမ မင်းသမီးတွေ တစ်ယောက်မှ မပါပါဘူး။ ငယ်ကျွန်တော် ထီးတော်မိုးတွေလည်း မရှိဘူး။ ဆိုလိုတာက ရွှံ့ထဲမှာ မရုန်းရဘူး။ ချိန်ခွင်အလေး မကိုင်ခဲ့ဘူး။ ရွှေထီးမဆောင်း ရသလို ဓားမနောက်ပိတ်ချွေးလည်း မဟုတ်ဘူး။ သာမန်ပဲ။

ငယ်စဉ်အခါကတည်းက စာဖတ်ဝါသနာနဲ့ စာအုပ်ရတဲ့ ဝါသနာပါတယ်။ ဉာဏ်ရည်ပြကိန်းက သာမန်ပျမ်းမျှခြင်းရဲ့ အထက်မှာရှိပြီး တစ်နှစ်တစ်တန်းကို မပင်မပန်း အမြီးမြှောက်အီးပေါက် လုပ်ရင်း ဆယ်တန်းအထိရောက်တယ်။ ဆယ်တန်းအောင်တော့ တော်တော် အမှတ်ကောင်းကောင်းနဲ့အောင်လို့ မိဘတွေဆန္ဒနဲ့ ဆေးကျောင်းတက်ခဲ့တာပဲ။

အချိန်တန်တော့လည်း ဆရာဝန်ဖြစ်လာတယ်။ ဒီလိုပါပဲ။ ဆေးပညာ ဆိုတာ မလွယ်လှပေမယ့် သိပ်ခက်တယ်လည်း ပြောသလောက် မဟုတ်လှပါဘူး။ ကိုယ်ပိုင်ဦးနှောက် သိပ်မစိုက်ထုတ်ရတော့ ကျက်ရတဲ့စာများတာ တစ်ခုကလွဲရင် လွယ်တယ်ပြောချင်လည်း ပြောပေါ့။ စာမေးပွဲတစ်ခါမှ မကျဖူးသလို ထူးထူး ချွန်ချွန်လည်း မရှိခဲ့ပါဘူး။ တကယ့် သူလိုကိုယ်လိုပါ။

လက်ထောက်ဆရာဝန် ဖြစ်သွားကြတဲ့ ဆရာဝန်အများစုနဲ့ နည်းနည်း လေးကွဲပြားသွားတာက ကျုပ်ဟာ စာဖတ်ဝါသနာပါရာကနေ စာပါ ရေးချင်လာလို့ ဒုတိယနှစ်မှာ စာစရေးတာ၊ တတိယနှစ်ကျတော့ စာရေးဆရာဖြစ်နေပြီ။ AS ဆိုတဲ့ လက်ထောက်ဆရာဝန်မဖြစ်ခင် ဆေးမှူးလို့ခေါ်တဲ့ လက်ဖတင်နှင်



စစ်ဗိုလ်ဘဝနဲ့ သုံးနှစ်အထိ စစ်မှုထမ်းခဲ့သေးတယ်။

ပွင့်ချိန်တဲ့အခါ အိမ်ထောင်ကျပြီး သီးချိန်တန်တော့ သမီးတစ်ယောက် ရလာရော။ သမီးမွေးတော့ မြေးအစစ် ချီရတာပေါ့ မဟုတ်ဘူးလား။ ကျုပ်ချိုပိုး ပုံသွင်းလာတဲ့ မြေးမလေးတောင် အခု ကျုပ်လိုပဲ ဆရာဝန်စာရေးဆရာမကြီး ဖြစ်နေပြီ။ ကျုပ် အငြိမ်းစား ယူခဲ့တာလည်း ကြာကြာခဲ့ပေါ့။ ဒါပေမယ့် ကျုပ် တကယ် ငြိမ်ငြိမ်လေးနေပြီး မစားပါဘူး။ ကျုပ် ဆေးမကုတော့ပေမယ့် စာဆက်ရေးနေသေးတယ်။ လက်လှုပ်နိုင်သရွေ့ဆိုပါတော့။

ဒါကြောင့် ကျုပ်ဇာတ်လမ်း မဆုံးသေးပါဘူးလို့။ ပြည်ဖုံးကား ကျလာမှ ဇာတ်လမ်းသိမ်းမှာ။ ကျုပ်သေမှ ပြည်ဖုံးကားချမှာ။ အခုတော့ မသေသေးဘူး။ အဲသမယ့် မဝေးတော့ဘူး။ အင်း ဆေးအတတ်ကို တတ်နေတော့လည်း ကိုယ့် ဇာတ်သိမ်းချိန်ဟာ သိပ်မလိုတော့ဘူးလို့ ပြောနိုင်တာ အမြတ်ပေါ့။ နို့မဟုတ်ရင် Pandora သေတ္တာထဲက နောက်ဆုံးပိတ် ကျန်ခဲ့တဲ့ အကောင်လေးလုပ်တာနဲ့ ကျုပ်လည်း ဒီလောက်ဝေဒနာ ခံစားနေရတာတောင် ကိုယ့်ကိုကိုယ် မသေနိုင်ဘူး ထို့ ထင်နေဦးမှာ။ ပြီးတော့ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ကာမုပါဒါန်၊ အတ္တာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဝိညာဉ်သဖွယ် လောက်လန်းတွယ်ဆိုတာတွေနဲ့ ဆုံတွေး ပတ်ချာလိုက်နေဦးမှာ။

ခုတော့ ကျုပ်လုပ်စရာရှိတာ အကုန်ပြီးပြီ။ နောက်ဆုံးဆောင်းပါး စာစုဒ်ကိုလည်း အဆုံးသတ်ပြီးပြီ။ စာအုပ်တွေလည်း ဖတ်စရာ သိပ်မကျန်တော့ ဘူး။

ကမ္ဘာဘုံလောကကြီးဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ငါးထောင်လောက် ကနေ အခုအချိန်အထိ အမြဲပြောင်းလဲနေတာပဲဗျာ။ ဒါကို ဖြစ်ပျက်ဖြစ်ပျက်လို့ ပြောချင်လည်း ပြောပေါ့။ တိုးတက်လာတာလား။ ဆုတ်ယုတ်သွားတာလားဆို တာကတော့ မိမိဆန္ဒ မိမိသဘော ပြောချင်သလိုပြော။

လူတွေဟာ ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် ဘယ်နေရာမှာ ပဲဖြစ်ဖြစ် အတ္တကြီးတယ်နော်။ ကိုယ်ခေတ်ကိုမှ ကိုယ်အကောင်းဆုံးလို့ ထင် ကြသူ သူတို့ လူဖြစ်လာတဲ့ အချိန်ကိုသာ အကောင်းဆုံးနေ့တွေလို့ ထင်ပြီး မွေးမဆုံး တ,မဆုံး ပြောမဆုံး။ ဒီလူမျိုးတွေပေါ့။ သေလို့ နတ်ဖြစ်သွားရင်း တောင် အငွေ့စားရတာ မဝါးရလို့ အားမရပါဘူး လုပ်ကြတာ။

မယုံရင် ကြည့်ပါလား။ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်က မင်းတို့ တောင်း ကြောက်ရ၊ မင်းလက်သုံးကြီးတွေကိုလည်း ကြောက်ရ၊ သူတို့ခြွေသမျှ

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ဘဝကို ဘိုးဘိုးဘွားဘွား (အခုချိန်မှာတော့ မကျန်တော့ပါဘူး) တို့က ဘာကြောင့် 'တို့များ ငယ်ငယ်တုန်းကလေ'လို့ အစချီပြီး ပြန်လွမ်းတသခဲ့ကြရတာလဲ။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေချင်ကြလို့ပါဆို အပြစ်မပြောတော့ဘူး။

အခု ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရ၊ ကိုယ့်အချုပ်အခြာ အာဏာနဲ့ကိုယ် လွတ်လပ်တဲ့ဘဝ ရောက်နေပြီလေ။ ဒါကိုဘာဖြစ်လို့ သခင်ကြီးတွေကို ဘုရားထူပြီး 'ရက်ဆား' လုပ်ချင်နေကြသေးတာလဲ။ ကျွန်ခေတ် ကိုလိုနီခေတ်ဆိုတာကို Go Went Gone ထားလိုပါလား။ တချို့ ဘိုးသက်ရှည် ဘွားသက်ရှည်တွေကို ပြောတာပါ။

ကုန်ကုန်ပြောပါမယ်။ တစ်နိုင်ငံလုံး ခုံရကား၊ ဘတ်ဂဲရီးသံတွေ တည်ည်နဲ့ ရဟန်းသံဃာတွေပါမကျန် တဖြောင်းဖြောင်းပါးရိုက်ခံနေရ၊ ရေနွေးပူလောင်းခံနေရတုန်းက တစ်ကိုယ်လုံး ဝဲပေါက်လို့ တဗျင်းဗျင်း ကုတ်ရတာကိုတောင် ဇိမ်တစ်မျိုးလို့ထင်ပြီး ပြန်ဇိမ်ခံချင်သူတွေ ရှိသေးတာကတော့ အံ့စရာပဲ။

ကျုပ်တို့ခေတ်က တီဗီ ဗီဒီယို ဗီစီဒီတွေကို မကြိုက်ဘူး။ တစ်ရွာလုံးမှာ သူကြီးအိမ်က တစ်လုံးတည်းသော ရေဒီယိုကို တစ်ရွာလုံး ဖိနပ်ဖင်ခုထိုင်ပြီး ဝိုင်းနားထောင်ရတာကိုပဲ ကြိုက်တယ်တဲ့။ အီးမေးလ်တွေ စလောင်းတွေ အင်တာနက်တွေ မလာနဲ့။ မယုံဘူး။ အင်းကို ဟင်္သာဆင်းမည်။ ဆင်းရင်လေးနဲ့ခွင်းမည်။ သိကြားမင်းသည် နွားစီး၍ မိုးတုတ်ကိုင် ဆင်းမည်ဆိုတာပဲ ယုံတယ်တဲ့။ ဒွေး၊ ဓက ဒွေး၊ နောဓက နောဆိုတာက သင်တန်းတက်စရာ မလိုဘူး။ ကွန်ပျူတာထက် ပိုမြန်တယ်တဲ့။

ကဲ မခက်ပေဘူးလား။

ကျုပ်လည်း သူတို့လိုပါပဲ။

ကျုပ် ကျောင်းသားဘဝတုန်းကဆိုရင်လေ မိသားစုကန်တော့ပွဲသူငယ်ချင်းတို့ ဇနီးမောင်နှံ၊ ကျွန်းရွှေဝါ စတဲ့ သံပြိုင်သီချင်းတွေကို သိပ်မုန်းတာပဲ။ တနင်္ဂနွေနေ့ နေ့လယ် ၁၂ နာရီဆိုရင် ပုံပြင်လက်ဆောင်လာတယ်။ အဲဒါပြီးတော့ ဇာတ်လမ်းပမာ နားဆင်စရာ၊ ပြီးတာနဲ့ ခုနပြောတဲ့ သံပြိုင်သီချင်းဆိုတာတွေ လာပြီ။ ကျုပ်ပြောချင်တာက သံပြိုင်သီချင်းလာရင် တနင်္ဂနွေနေ့ဝက်ကျော်ပြီ။ ညကျ စာကျက်ရတော့မယ်။ ဒါကြောင့် အဲဒီသီချင်းသံတွေ ကြားရင် သိပ်ငိုချင်တာ။

အခုကျတော့ အဲ့ဒီ သံပြိုင်သီအချင်းတွေကို နားထောင်ချင်နေတယ်။



နားထောင်ပြီး ဟိုးတုန်းက ကျောင်းသားဘဝ နေ့တွေကို ပြန်တွေး ပြန်လွမ်းရတာ သိပ်အရသာရှိတာပဲ။ ဒါပေမယ့် တစ်ခါတစ်ခါကျတော့လည်း ကျုပ်ရဲ့ နေဝင်ချိန်ကို သတိပေးနေသလိုမို့ ငယ်ငယ်တုန်းကလိုပဲ ငိုချင်တယ်။ ကျုပ်အဖို့ သံပြိုင်သီချင်းဆိုတာ ပျော်စရာအချိန်တွေ ကုန်ဆုံးတော့မယ့် အတိတ်နိမိတ်ဖြစ်နေပြန်ရော။

ဟိုးတုန်းကလည်း သကြန်ဆိုရင် သံချပ်တိုင်ကြတာပဲ။ သီချင်းဖွင့်ကြ ကကြတာပဲ။ အခုကျတော့လည်း 'တူးပို့ တူးပို့'၊ 'မောင်ရို့ မောင်ရို့'မို့ တွေတုပါပဲ။ ခေတ်ပေါ် တူရိယာပစ္စည်းတွေနဲ့ တီးကြ ဆိုကြ ကကြ ပိုပြီး ဆိုမီ ပြောင်မြောက်တဲ့ စကားလုံးတွေနဲ့ သံချပ်ထိုးကြပေမယ့် ကျုပ်ငယ်ငယ်တုန်းလောက် မပျော်ဘူး။ အရသာမရှိဘူးဗျာ။

ကျုပ် နှစ်ပေါင်းမြောက်မြားစွာ ဆေးခန်းထိုင်ပြီး ဆေးကုခဲ့တယ်။ ကျုပ်ကယ်ခဲ့တဲ့ အသက်တွေဆိုတာလည်း နည်းရောလား။ ဒါပေမယ့် ကျုပ် ဆရာဝန်ပေါက်စဘဝတုန်းက ပထမဦးဆုံး ဖွင့်ခဲ့တဲ့ ကြို့ကုန်းရပ်ကွက်ထဲက ဆေးခန်းစုတ်စုတ်ကလေးကိုပဲ သတိရနေတယ်။

ကျုပ်ဆရာဝန် တစ်သက်မှာ ဆရာ ဆရာလို့ အခေါ်ခံရတဲ့ အခွန်းပေါင်းတာလည်း ပေလီသောင်ယံက သဲလုံးအရေအတွက်လောက် ရှိမှာပါ။ ဒါပေမယ့် ကျုပ်ရဲ့ ဦးဆုံးသော အသည်းအသန်လူနာ ဒေါ်မြခင်ပြောတဲ့ "ကျွန်မမှာ ဆရာပေးတဲ့အသက်ပဲရှိပါတယ်"ဆိုတဲ့ စကားလောက် ဘယ်ဟာကမှ ကျုပ်ကို ပီတိ မဖြစ်စေဘူး။

အခုဆိုရင် ဆောင်းပါးဝတ္ထု လုံးချင်းပေါင်းများစွာ ကျုပ်ရေးပြီးပါပြီ။ ကျုပ်အိမ်မှာ ကား၂ စီးရှိတယ်။ ဘယ်မဂ္ဂဇင်း ဂျာနယ်စာအုပ်တိုက်ကို စာမူသွားပို့ချင်လဲ။ ရတယ်။ ဘာမှ မပင်ပန်းဘူး။ တကယ်တော့ အခုအချိန်မှာ ကျုပ်က သွားပို့စရာတောင်မလိုပါဘူး။ ကျုပ်စာမူကို လိုချင်လွန်းလို့ တပူဆာဆာ တောင်းခံနေရတဲ့ ဝါရင့်ကလောင်အိုကြီးပါ။ ဖုန်းတစ်ချက် ဆက်ရုံပါ။

ဒါပေမယ့် အရသာက ပေါ့ပြက်ပြက် ဖွယ်တယ်တယ်နဲ့။ ငယ်ငယ်တုန်းက ...ကဲ့ကြီးထဲမှာ တစ်လမ်းဝင် တစ်လမ်းထွက်လျှောက်၊ မဂ္ဂဇင်းတိုက်တွေ ...တိုက်ပြီးတစ်တိုက်ရောက်၊ အယ်ဒီတာအခန်းကို မရဲတရဲဝင်၊ ...ကလေးရပ်ပြီး 'ကျွန်တော် စာမူလေး ရွေးပယ်သိပါရစေ'လို့ မေးခွင့်တောင်းရတာလောက် ရင်မခုန်ဘူး။

ကျုပ်ရဲ့ဘဝ ဇာတ်ခုံပေါ်မှာ ကျုပ်သရုပ်ဆောင်ခဲ့တာက ဆရာဝန်ဗျာ၊ အရာရှိဗျာ။ စာရေးဆရာဗျာ။ ကဲစရိုက်အမျိုးမျိုးတွေ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အရက်သောက်ခန်းလေးတွေလည်း ပါမှာပဲ။ ဒါပေမယ့် ကျုပ် နုစဉ်တုန်းက မုံရွာမြို့မှာ ညအချိန်မရှိ အချိန် ရှိ၊ ကင်းအထပ်ထပ်ကိုဖြတ်၊ ခွေးတစ်စီကြားက တောအရက်ကို မရမကဝယ်လာပြီး ငါးပိထောင်း ဆီးဖြူသီးအမြည်းစားပြီး စာရေးဆရာမောင်ရဲခိုင်နဲ့အတူ သောက်ခဲ့ရတဲ့ အရသာကိုဟိုမင်းသားလေး အကယ်ဒမီရတဲ့ညက သောက်ခဲ့ရတဲ့ Chivas ဝီစကီဆိုတာကခြေဖျားတောင် မမှီဘူး။ လွမ်းတယ် လွမ်းတယ်ဗျာ။

လွမ်းတာနဲ့ ပျော်တာ၊ ပြည့်စုံတာနဲ့ ချို့ငဲ့တာ၊ တိုးတက်တာနဲ့ ဆုတ်ယုတ်တာ၊ တိုက်နဲ့တဲ၊ အက်(စ်)အီးကားနဲ့ ဆင်ကြယ်ရော်ဘာဖိနပ်၊ ဘယ်ဟာကပိုကောင်းလဲဆိုတာ မေးစရာတောင်မလိုပါဘူး။ ဒါပေမယ့် ဘာကြောင့် လူတွေဟာ ကုန်ဆုံးသွားတဲ့ အတိတ်ကို ပြန်လွမ်းနေကြတာလဲ။ ကြွေရေချိုးကန်ထဲမှာရေပူရေအေး ရေစိမ်ချိုးနေရင်းက "မိုးရွာရင် မိုးရေချိုးမယ်" ဆိုတာကို ပြန်သတိရနေကြတာလဲ။ ဘာအရသာရှိလို့ 'ငယ်ဘဝကိုပဲ တမ်းတနေမိတယ်' ဆိုတဲ့ 'ဇရာ အိုရဲ့လွမ်းတေး' သီချင်းကို တစာစာ သီဆို နေချင်ရတာလဲ။ ကျုပ်ပြောတာမဟုတ်ဘူးလား။

လေရူးသုန်သုန်ဝတ္ထု (Gone With The Wind) ထဲကရက်ဘတ္တလာနဲ့စကားလက်အိုဟာရာတို့ကိုလည်း မေးကြည့်လိုက်ပါဦး။ အမေရိကန် ပြည်တွင်းစစ်ကာလကို မလွမ်းဘူးလားလို့လေ။ အခု အစ္စရေးလ်ပြည်မှာ ရော။ အိုက်ခ်မန်းငရဲခန်းပြန် ဂျူးအဘိုးကြီး အဘွားကြီးတွေဟာ ပိုလန်မှာ နာဇီဂတ်စတာပိုတွေလက်က ထွက်ပြေးပုန်းအောင်း ထိတ်လန့်နေရတဲ့ ရက်တွေကို တသသမနေဘူးလို့ ပြောနိုင်လား။

ကျုပ် ဆရာဝန်ဖြစ်ခါက မွန်ပြည်နယ် ဖားအောက်ဆိုတဲ့ ရွာကလေးမှာဆေးခန်းဖွင့်ခဲ့တဲ့ကာလဟာ ကျုပ်ဘဝမှာ အတောက်ပဆုံး အမြူးကြွဆုံးအရူးအထဆုံးအချိန်ပေါ့။ မနက်ဘက်နဲ့ ညနေဘက်ပဲဆေးခန်းဖွင့်ပြီး နေ့လယ်ကျတော့ မိုင်သုံးဆယ်လောက်ဝေးတဲ့ စက်စဲပင်လယ်ကမ်းခြေကို သွားပြီး ရေချိုးတယ်။ အရက်သောက်တယ်။ အသည်းကွဲတဲ့ဒဏ်ရာကို အရသာရှိရှိ စားမြုံ့ပြန်တယ်။

မော်လမြိုင် ဦးခန္တီတောင်ပေါ် ဘုရားကနေပြီး ကျိုက်မရောဘက်ကိုမျှော်တယ်။ ဘီလူးကျွန်းဘက်ကို ကြည့်ပြီးဆွေးတယ်။ ညဘက်သန်းခေါင်တလွဲဆိုင်ကယ်တွေ အုပ်လိုက်စီးပြီးမှဒုံ မော်လမြိုင်တက် ပွဲကြည့်တာတွေ၊ သကြန်နှစ်ဆန်း (၁) ရက်နေ့ ရိုးဂိုးဘုရားပွဲမှာ ရေပက်တာတွေ၊ ကျိုက်မရောက



ဖားအောက်ကို ရိုးရိုးလမ်းက မပြန်ဘဲတောင်ပေါ်လမ်း တောလမ်းဆိုတဲ့ခုနစ်ခွေလမ်းအတိုင်း စားပြမကြောက် သူပုန်မကြောက်ဘဲ အဖော်မပါ ဆိုင်ကယ်စီး ပြန်ခဲ့တာတွေ သိပ်သိပ်ကို သတိရမိတယ်။

ကျုပ် တပ်ထဲမှာတုန်းက (၈၈၃) ဗျူဟာနဲ့အတူ (၆၆၈၉) တောင်ထိပ်ရန်သူ့စခန်းသိမ်း တိုက်ပွဲအတွက် မိုင်းယောင်း တစ်ချီတက်ခဲ့ရတယ်။ တစ်နေ့တစ်ညတစ်မနက်လုံးလုံး ချီတက်ခဲ့တာ လုံးဝမအိပ်ခဲ့ရပါဘူး။ တောင်ပေါ်တက်လိုက်၊ ဆင်းလိုက်၊ ညမှောင်မှောင်မှာ ခါးလယ်ထိနက်တဲ့ ချောင်းထဲ ဆင် ဖြတ်လိုက်လုပ်ခဲ့ရတယ်။ ရိက္ခာခြောက် ဘီစကွတ်မုန့်ပဲစားခဲ့ရတော့ ကျုပ်တို့တပ်စခန်းတစ်ခုကို အဖြတ်မှာ စခန်းက ရဲဘော်တစ်ယောက်ဆီက ထမင်းနည်းနည်းတောင်းစားရတာပေါ့။

ထမင်းက ငါးပိထောင်းတဲ့ ငရုတ်ဆုံကို လှုံးထားတဲ့ ထမင်းလက်တစ်ဆုပ်တည်းပါ။ ဖက်တွေ ပန်းကန်တွေတောင် မပါဘူး။ လက်ခုပ်နှစ်ဖက်နဲ့ပဲခံပြီးလမ်းသွားရင်း စားခဲ့ရတာပါ။ အခု အဲသည့်ထမင်းကလေး ပြန်စားချင်လိုက်တာ။ ကျုပ် လွမ်းတသနေတဲ့အရာတွေဆီကို သိပ်ပြန်သွားချင်တယ်ဗျာ။ ဘယ်ရတော့မလဲနော်။ မျှော်ရုံမျှော် ဆွေးရုံဆွေး၊ လွမ်းရုံလွမ်းလို့ပဲ ရမယ်။ ကျုပ်မိုင်းယောင်းကို ပြန်သွားလို့ရမယ်။ မော်လမြိုင်၊ ဖားအောက်၊ မုံရွာကိုရထားစီး ကားစီးသွားလို့ရမယ်။ ဒါပေမယ့် အဲဒီ နေရာတွေက ဗိုလ်အောင်ငြိမ်း၊ ဒေါက်တာအောင်ငြိမ်း ရောက်ခဲ့တဲ့ နေရာတွေ မဟုတ်တော့ဘူး။ အဘိုးကြီးအောင်ငြိမ်းသွားတဲ့ နေရာတွေပဲ ဖြစ်မယ်။

ကျုပ်သွားချင်တဲ့ ခရီးက အချိန်ကာလခရီး။ နေရာတစ်နေရာကနေနောက်တစ်နေကို သွားတဲ့နေရာခရီး။ Space Travel တွေမဟုတ်ဘူး။ အချိန်ကို နောက်ပြန်ဆုတ်လို့တော့ ဘယ်ရမလဲလေ။

ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေ ကျုပ်တို့မျက်စိရှေ့မှောက်မှာပဲ ဖြစ်ဖြစ်လာတာ များလှပါပြီ၊ အသံကို ဖမ်းထားလို့ရတယ်ဗျာ၊ အင်္ဂါဂြိုဟ်ပေါ်က ဓာတ်ပုံကို ကမ္ဘာဆီလှမ်းပို့လို့ရတယ်ဘူး။ အဲဒီလိုလုပ်လို့ရတယ်ဆိုတာ လွန်ခဲ့တဲ့ အနှစ် ၂၀၀ လောက်တုန်းကပြောကြည့်ပါလား။ အရူးလို့ရင်လည်း ပြောချင် ပြောခံရမယ်၊ မီးရှို့ပြီးရင်လည်း အသတ်ခံချင်ခံရမယ်။ အလင်းရဲ့အလျင်ထက်မြန်တဲ့ အလျင်တစ်ခုနဲ့ ရွေ့လျားနေရင် အချိန်ကာလနောက်ပြန်ဆုတ်သွားတယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ဒါဆို အချိန်ကာလခရီးသွားလို့ ရတာပေါ့။ ဒါပေမယ့် အလင်းအလျင်ထက် မြန်အောင်သွားမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားယာဉ် ကာလယန္တရားကြီး ဘယ်မှာလဲ။

ကျွန်ုပ်ခေတ်သေခင် အချိန်အတွင်းမှာတော့ သိပ္ပံပညာရှင်တွေ တီထွင်နိုင်ဦးမယ် မထင်ဘူး။ ဒီတော့လည်း ကျွန်ုပ်ဘာသာကျွန်ုပ် ကာလယန္တရားတစ်ခု လုပ်ရတော့မှာပါ။ မဖြစ်နိုင်ဘူးလို့ ပြောတာ အရူးတွေလေ။

ကာလယန္တရားကြီးကို ကျွန်ုပ်ထွင်ပြီးသွားပြီ ကျွန်ုပ် အချိန်ခရီးသွားတော့မယ်။ ကျွန်ုပ်ကစားနေတဲ့ ဘောလုံးပွဲလည်း ပြီးသွားပြီ။ ကျွန်ုပ်ဖတ်ချင်တဲ့ စာအုပ်တွေလည်း ဖတ်ပြီးကုန်ပြီ။ ကျွန်ုပ်အခန်းထောင့်မှာ ကျွန်ုပ်စာရေးနေကျ လေးထောင့်စပ် စာရေးစားပွဲလေး တစ်လုံးရှိတယ်။

ကျွန်ုပ်ရဲ့ ပထမဦးဆုံး ဆောင်းပါးကို စာကျက်ချင်ယောင်ဆောင်ပြီး အဲသည်စားပွဲခုံမှာ ထိုင်ရေးခဲ့တာပေါ့။ ကျွန်ုပ်စာတွေအားလုံးဟာလည်း ဒီစားပွဲခုံပေါ်မှာ ရေးခဲ့တာ။ ကျွန်ုပ်အလွမ်းဆုံး ရက်တွေဟာလည်း ဒီစားပွဲလေးမှာ ထိုင်ပြီး စာရေးခဲ့တဲ့ ရက်တွေ။

ကိုး–ရှစ်–ခွန်–ခြောက်–ငါး–လေး–သုံး–နှစ်–တစ်။ ကာလခရီးစပြီ။ ကျွန်ုပ်နှာခေါင်းမှာ တပ်ထားတဲ့ အောက်ဆီဂျင်ပိုက် အစာသွင်းပိုက်တွေကို ကျွန်ုပ်ဆွဲဖြုတ်လိုက်တယ်။ စက္ကန့်ပိုင်းလေးအတွင်းမှာ ကျွန်ုပ် ၁၅ နှစ်အချိန်နောက် ဆုပ်သွားပြီလေ။ မအံ့သြနဲ့။

ကျွန်ုပ်အသက် (၆၅) နှစ်ပဲ ရှိသေးတယ်။ ဘာရောဂါမှ မရှိဘူး။ ကျွန်ုပ်ဘာသာကျွန်ုပ် စိတ်ကူးနဲ့ ရှိကြည့်တာ။ ကျွန်ုပ်အမိန့်နဲ့ အခေါင်းမှာတယ်။ ကျွန်ုပ်အမိန့်အရ ကျွန်ုပ်မြေးက ကျွန်ုပ်ကိုသေခါနီး လူမမာအဘိုးကြီးတစ်ယောက် မှုစုသလို ပြုစုရတယ်။ မဖြစ်နိုင်ဘူးဆိုတဲ့ ရှေးရောင်ရက်တွေဆီကို ပြန်သွားချင်လို့။

ကျွန်ုပ် စာရေးစာပွဲမှာ ထိုင်ပြီး စာရေးရမယ်။ ဘာရေးရမလဲ။ ကျွန်ုပ်ရဲ့ ကာလခရီးအကြောင်း ဝတ္ထုတစ်ပုဒ် ရေးရမယ်။ ဝတ္ထုခေါင်းစီးက –

"မဖြစ်နိုင်ဘူးဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

နွယ်နီ၊ ဒီဇင်ဘာလ၊ ၂၀၀၃

▢

# ရင်ခွဲရုံ

ရင်ခွဲရုံထဲသို့ မှောင်နှင့်မည်းမည်းတွင် တစ်ယောက်တည်း ဝင်ရတော့မည်။

ရင်ခွဲရုံသည် ဆေးရုံ၏အနောက်မြောက်ထောင့်တွင် ထီးထီးမည်းမည်း မိုးမိုးကြီး တည်ရှိနေ၏။ ပတ်ပတ်လည်တွင် အတော်ကြီးမားသော ကုက္ကိုပင်ကြီးသုံးပင်က အကိုင်းချင်းယှက် အုပ်မိုးထား၏။

မြို့နယ်ဆရာဝန်ကြီးအိမ်နှင့် ရင်ခွဲရုံကြားတွင် မြို့နယ်ဆေးရုံကြီးရှိသည်။ ဆေးရုံမှ အနောက်မြောက်ယွန်းယွန်းသို့ ကိုက်သုံးရာခန့်သွားမှ ရင်ခွဲရုံသို့ရောက်၏။ အနိဋ္ဌာရုံဖြစ်၍လည်း အလောင်းကောင်များထားရာ ရင်ခွဲရုံကို ဆေးရုံနှင့် အဝေးဆုံးထောင့်တွင် ဆောက်ထားခြင်း ဖြစ်ပေ၏။

ည ကိုးနာရီအချိန်လည်းဖြစ်ပြန် လမိုက်ညလည်းဖြစ်ပြန်မို့ မည်းမှောင်နေ၏။ နေ့အချိန်သာဖြစ်မည်ဆိုပါလျှင် စနေထောင့်အရပ်ဆီတွင် ညို့တက်နေသော မိုးသားတိမ်စိုင်ထုကြီးကို မြင်ရပေမည်။ ဧရာမဘီလူးကြီးတစ်ကောင်၏ ပုံသဏ္ဍာန်ဆောင်သော မိုးတိမ်ထုကြီးသည် အမှောင်ထဲမှ အမည်းဖြစ်၍ မြင်သာ မထင်သာသော်လည်း မြင်တွေ့နေကျ စိန်ကြယ်ပွင့် လင်းလင်းလက်လက်ကလေးများကို မမြင်ရခြင်းကြောင့် ကောင်းကင်ယံတစ်ခုလုံး တိမ်လွှာတို့ ဖုံးအုပ်နေကြောင်း သိနိုင်ပေ၏။

ရေငွေ့ပါသော မိုးသက်လေက သူကျော့ရိုးတစ်လျှောက် စိမ့်ဝင်သွား၏။ လေပြင်းဟု မခေါ်နိုင်သည့်တိုင် နုနွဲ့သော လေညှင်းမဟုတ်သည်ကတော့ သေချာသော၏။ ၎င်းလေမပြင်းတပြင်းသည် ကုက္ကိုရွက်များကြား ဖြတ်ပြေးသောအခါ

www.burmeseclassic.com



ထောရှည်သော်ကို ဖြစ်စေပြီး အချင်းချင်းရိုက်ခတ် ပွက်ကြိတ်မိသော သစ်ကိုင်းတို့က လည်း မောင်မိုးသံတစ်မျိုးကို ဖြစ်ပေါ်စေ၏။

မိုးရွာ မိုးကောင်းသောအရပ်နှင့် မိုးဆက်မပြတ်တော့သော ဝါခေါင်လ အခါသမယ ဖြစ်လေ၍ လေပြင်းကျနိုင်၏။ မိမိအိမ် မိမိအိပ်ရာထဲတွင် ကွေး နေသင့်ဝါလျက်နှင့် သူသည်မည်သူမှ မသွားချင် မသွားရဲသော ရင်ခွဲရုံထဲ တစ် ယောက်တည်း သွားရမည်ဆိုသောအခါ သူ့ကိုယ်သူသာ ပြန်ကျိန်ဆဲမိတော့ သည်။ သူလုပ်တာကိုင်တာ မသေချာ၍ ရင်ခွဲရုံဆီသို့ တစ်ခေါက်ပြန်သွားရခြင်း ဝင်။ ညနေခင်းက –

“ဗိုလ်ကြီး ငှက်ဖျားပိုး ဦးနှောက်ထဲရောက်တဲ့ လူနာတစ်ဦး လာဖို့ရှိတယ်”

“ဆက်လုပ်လေ ထုံးစံအတိုင်း လုပ်ထားပေါ့။ ဘိုအောင်တို့ ဌေးမြင့်တို့ ရှိတယ်မဟုတ်လား”

“မဟုတ်ဘူး ဗိုလ်ကြီး၊ လူနာက သေနေပြီ”

“ဟ …သေနေတာကို မြှုပ်မပစ်ပဲ ငါတို့ဆီ ဘာဖြစ်လို့သယ်လာရတာလဲ”

“အဲဒါ ဗိုလ်ကြီးသူငယ်ချင်း၊ ဗိုလ်ကြီး မောင်မောင်ကြူတပ်ခွဲက၊ ဒု– ဗိုလ်ခင်မောင်မြင့်လို့ ပြောတာပဲ”

“တောက် …ဒီကောင် ကြောင်ကြောင်ကြူ လုပ်လိုက်ရင် ဒီအတိုင်းပဲ။ အင်မတန်ပဲ့တယ်။ ဆရာဝန်ကွ၊ စဏ္ဍာလမဟုတ်ဘူး။ နေပစေဦး ဒီကောင်လာမှ သိမယ်”

ဒု–ဗိုလ်ခင်မောင်မြင့်သည် တောထဲတွင် အပြင်းဖျား၏။ ‘ပိုင်ကြဲ’ စခန်းမှ ဆေးတပ်သားနှင့် ကုသော်လည်း မသက်သာ။ ကယောင်ကတမ်းတွေ ပြောပြီးနောက် သတိလစ်သွား၏။ ထိုအခါ လှိုင်းဘွဲ့မြို့ပေါ်ရှိ ဗျူဟာဆေးခန်းသို့ သယ်ယူအလာ လမ်းခရီးတွင် ကွယ်လွန်ခဲ့၏။

သေပြီဆိုတော့လည်း သူသာမဟုတ် သိကြားမင်းကြီးပင် ဘာတတ်နိုင် မည်နည်း။ လူနာရောက်လာသောအခါ သူစမ်းကြည့်သည်။ မှန်ပါ၏။ အသက် မရှတော့။ နှလုံးမခုန်တော့လည်း သေပြီပေါ့ဟုတရားကျလိုက်မိပြီး မသေသေးသော လူနာများကို မသေအောင်သာ ကုနေတာ အလောင်းကို ခဏညသိပ်ထားရန် မြို့နယ်ဆေးရုံ ရင်ခွဲရုံ ပို့ခိုင်းလိုက်၏။

ည ခုနစ်နာရီတွင် အလုပ်တွေအားလုံး ပြီးသောအခါ နောက်လူနာတွေ လည်း ထပ်ရောက်စရာမရှိသဖြင့် ဗျူဟာမှူးထံ သတင်းပို့၍ သူနှင့်ရဲဘော်ယုနောင် မြို့နယ်ဆေးရုံသို့ လာခဲ့၏။ မြို့နယ်ဆရာဝန်ကြီးမှ သူနာပြုဆရာမလေး



တင်တင်အေးကို ဦးမြင့်စိုးလာပတ်နေစဉ်ကာလ သူ့အလုပ်သင်ဆရာဝန်ဘဝ ကတည်းက ခင်မင်ခဲ့၏။

ဆရာဝန်ကြီးနှင့် ဆရာမက ညစာထမင်း အတင်းကျွေး၏။ သူ တစ်ယောက်တည်းဆို အကြောင်းမဟုတ်သော်လည်း လူပိုတစ်ယောက်ပါ ထပ်ပါလာသဖြင့် သူအားနာ၏။ အလိုက်မသိရာ ကျမည်ဆိုးသဖြင့် ယုနောင် ကို ပြန်လွှတ်လိုက်သည်။ စကားပြောဘာပြောနှင့် သူကြာချင်လည်း ကြာနိုင် သဖြင့် အရေးအကြောင်းရှိလျှင် လာခေါ်ရန် မှာလိုက်၏။

သူ တွက်ထားသည့်အတိုင်း ည ၉နာရီထိုးသေ   ါမှ မိုးတွေခြိမ်း လျှပ်တွေလက်လာသဖြင့် သူပြန်ဖို့ ပြင်တော့၏။

အပြန် တစ်ယောက်တည်းပေမင့် သူမကြောက်ပါ။ ဆရာဝန်ပဲ၊ စစ်ဗိုလ် ပဲ၊ လူသေတာမဆန်း။ အလောင်းကောင်ဆိုတာ မဆန်း။ ညမှောင်တာမဆန်း။ သူမှာ လက်နှိပ်ဓာတ်မီးပါသည်။ သေနတ်ပါသည်။ သို့သော် …

အပြန်ဆေးရုံဝရောက်မှ သူလာရင်းကိစ္စကို သတိရတော့၏။ ခင်မောင်မြင့် ၏အလောင်းကို သူသေချာ မစစ်ကြည့်ရသေး။ အကယ်၍သာ သေပြီဆိုပြီး ရင်ခွဲရုံပို့ထားသော အလောင်းသည် မသေသေးပဲ ထလာခဲ့သော်။ ဒီလိုအဖြစ် မျိုးတွေ  ကြာခဏဖြစ်ဖူးသည်။ အသေအချာ စစ်ဆေးပြီး သေပြီဆိုကာ ထားသောအလောင်းများပင် တကယ်မသေပဲ ပြန်ထလာခဲ့ဖူးသည်။

ထိုသို့သာဆိုလျှင် ကောင်းကောင်း အရေးယူခံရမည်။ ဟက်တက် ကက်တက်ကြီး အရှက်ကွဲမည်။ မောင်အောင်မြင်မြင် သိက္ခာကျမည်။ ထိုသို့ ဆိုတော့လည်း သူသည် ရင်ခွဲရုံဆီသို့ About turn နောက်လှည့် ချီတက်ရပြန် ၏။

သူချီတက်နေစဉ်မှာပဲ မိုးက ဖြန်းခနဲ သဲသဲမဲမဲကြီး ရွာချလိုက်သော အခါ သူစိုစိုရွှဲ ရွှဲရွဲစိုသွားရပါသည်။ မိုးနှင့်အတူ လျှပ်စစ်နှင့် မိုးကြိုးပစ်သံက ထပ်ပါလာသည်။ လင်းခနဲ ဝင်းခနဲ လျှပ်စစ်အလက်တွင် ရင်ခွဲရုံ မည်းမည်း ကြီးကို ထီးထီးမားမားကြီး လှမ်းတွေ့ရ၏။ တစ်ခါ တစ်ခါ နားကွဲလုမတတ် ချိမ်းခနဲ ဂျိုင်းခနဲ မိုးကြိုးပစ်လိုက်သေး၏။

သည်းထိတ်ရင်ဖို ဗွီဒီယိုရုပ်ရှင်ထဲက အတိုင်း ဖြစ်သည်။ မှောင်မည်း မည်းပိတ်ပြီး မိုးသဲကြီးမဲကြီးရွာကာ လျှပ်စီးတွေလက် မိုးကြိုးတွေပစ်နေသော ညတစ်ညတွင် မင်းသား သို့မဟုတ် မင်းသမီးသည် လူသူကင်းဝေးသော ခြောက်ခြားဖွယ်အိမ်ကြီးတစ်လုံးဆီသို့ ရောက်လာ၏။ အိမ်ထဲတွင် သူရဲသော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



တဆွေသော်လည်းကောင်း၊ သွေးစုပ်ဖုတ်ကောင်သော်လည်းကောင်း၊ စိတ္တဇလူသတ်သမားသော်လည်းကောင်း တစ်ကောင်ကောင်နှင့် တွေ့၏။

ရှင်ခွဲရုံအဝင်တံခါးသည် မင်းတုံးကန့်လန့်၊ ဂျက်မရှိသဖြင့် လေအတိုးဝယ် ဖွင့်လိုက်ပိတ်လိုက်ရှိ၏။ တံခါးတစ်ချပ်သည် ပတ္တာတစ်ခုမရှိတော့သဖြင့် ရွဲ့စောင်းကာ ပြုတ်ထွက်လုမတတ် ဖြစ်နေ၏။ သံချေးကိုက်နေသော ပတ္တာသံ တကျွီကျွီနှင့် လေပြင်းသောအခါ တံခါးနှင့် အုတ်နံရံထိရိုက်သံ တဒိုင်းဒိုင်းကိုလည်း ကြားရ၏ စစ်ပိုလ်ဆိုပေမင့် တစ်ယောက်တည်းမို့ နည်းနည်းတော့ လန့်သည်။ ဆရာဝန ဖြစ်ပေမင့် ရင်ခွဲရုံထဲမှာ အလောင်းကောင်ကြီးနှင့် တစ်ဦးချင်း ရင်မဆိုင်ရဲ။

ရင်ခွဲရုံထဲတွင် ခင်မောင်မြင့်၏ အလောင်းတစ်လောင်းတည်းလော၊ တစ်ခြားဘယ်နှစ်လောင်းရှိသေးသနည်း။ အလောင်းများသည် လတ်လတ်ဆတ်ဆတ်မဟုတ်ပဲ ရင်ခွဲ ဗိုက်ခွဲပြီးသားဆိုလျှင် ဗိုက်ပွင့်ပွင့် ရင်ပွင့်ပွင့်နှင့် မမြင်ဝံ့စရာ ပိုလန့်စရာကောင်းတော့မည်။

ရင်ခွဲရုံဝရောက်သည်နှင့် ရင်ခွဲရုံနံ့ကို သူရတော့သည်။ ပုပ်အဲ့အဲ့အနံ့၊ ညှီစို့စို့အနံ့၊ ချိုင်းချွေးနံ့၊ အသားစိမ်းအနံ့ နှင့် သူမပြောပြတတ်သော အနံ့ဟောင်းအနံ့ပေါင်းစုံကို ရောထားသော ရင်ခွဲရုံဆိုတာ သီးသန့်ရှိ၏။ မပြောမပြီး မတီးမမြည်သလို မလုပ်မပြီးသည်မို့ ရင်ခွဲရုံထဲသို့ ခြေလှမ်းလိုက်၏။

ရင်ခွဲရုံထဲတွင် အပြင်မှာထက် ပိုမှောင်၏။ တစ်မြို့လုံး မီးပျက်နေသည်မို့ မဆန်း။ ခင်မောင်မြင့်နှင့် အခြားအလောင်းနှစ်လောင်းကို လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တွေ့ရ၏။ ခင်မောင်မြင့်အလောင်းကို ရင်ခွဲသော ကျောက်ခုတင်ပေါ်တင်ထားပြီး ကျန်အလောင်းနှစ်လောင်းက အေးစက်စိုစွတ်သော သံမံတလင်းပေါ်မှာ စန့်စန့်ကြီးဖြစ်၏။ မိုးပက်သည့်အပြင် အမိုးကလည်း မလုံသည်မို့ အခင်းသံမံတလင်းမှာ စိုစွက်ချောကျိနေပြီး ညစ်ပတ်လှသည်။

ခင်မောင်မြင့်၏ လက်ကောက်ဝတ်သွေးခုန်သည် မခုန်တော့သည် စမ်း၍မရတော့ပြီမှန်းသိရက်နှင့် သေချာအောင် နောင်မစမ်းခဲ့ရလေခြင်းမလုပ်ခဲ့ ရလေခြင်း မဖြစ်ရအောင် စမ်းသပ်သောအခါ အေးစက်စက်အထိအတွေ့ကိုရ၏။ လက်ကောက်ဝတ် သွေးကြောထက် ပိုကြီးသော ပိုခုန်ချက်ပြင်းသော လည်ပင်းသွေးကြောကို ထပ်စမ်းရသည်။ ဘယ်သွေးကြောမှ မခုန်။ တစ်ခုပြီးသွားပြီ။ ဒုတိယ ...

တုန်ရီသောလက်များဖြင့် အကျီကြယ်သီးများကို ဖြုတ်နေစဉ် သူအလိုလို



ကြောက်လာ၏။ အကျီချွတ်နေစဉ် ဘယ်လောက်မျှ မကြာသောအချိန်ကလေးအတွင်းမှာပင် ရွှေဒေါင်း၏ အပေါ်ထပ်မှ ခရီးသည်၊ ပထမ ဆရာသိန်းနှင့်တွေ့ဆုံခြင်းဆိုသော ဝတ္ထုနှစ်ပုဒ်နှင့် ကိုကိုလေးရေးသော မော်ဆရာမှတ်တမ်းထဲမှ မီးနေသည် သရဲအကြောင်းတို့ကို တွေးဖြစ်အောင်တွေးမိ၏။ သူ့နှာခေါင်းထဲတွင် နနွင်းနံ့ရသလိုလို ရှိလာ၏။

သူ့ရှေ့မှ အလုပ်ကိုမဲလုပ်နေစဉ် သူ့နောက်ဘက်မှ အလောင်းကောင်ကြီးနှစ်ကောင်ထလာသည်ကို သူမသိ။ ကုလားအလောင်းကောင်သည် လက်တစ်ဖက်ပြတ်နေကာ သွေးရွဲညစ်ပတ်စုတ်ပြတ်နေသော အဖြ ... င် သင်တိုင်းရှည်ကြီးကိုဝတ်ထား၏။ ဖူးယောင်နေသော အထွတ်ထွတ် ... မျက်နှာပေါ်တွင် အက်ကွဲသည့်နေရာ အက်ကွဲကာ ထိုအကွဲတို့ကြားမှ သွေးလိုလို သင်ရှည်လိုလို စိမ်းစိမ်း ဝါဝါ နီနီ အရည်တို့ ယိုစီးနေလေသည်။

စုတ်ဖွားဖွားနှင့် ချုပ်ခဲကြီးဖြစ်နေသော ဆံပင်တို့သည်လည်း မိုးရေစိုပြီး အချောင်းအချောင်းကျနေ၏။ ထိုဆံပင် အချောင်းချောင်းတို့မှ မိုးရေတစ်စက်စက်ကျနေသည်။ မျက်ခွံမရှိတော့သည့် ပြူးထွက်နေသော မျက်လုံးနှစ်လုံးအနက်တစ်လုံးသည် ကျန်တစ်လုံးထက် ပိုကြီးပိုပြူး၏။ ထိုပိုပြူး ပိုကြီးသော မျက်လုံးသည် ဂေါက်သီးလုံးခန့်ရှိကာ အညိုအမည်းစွဲပြီး နီရဲယောင်ကိုင်းနေသော မျက်လုံးအိမ်ထဲမှ ပြုတ်ထွက်ကျရန် တည်းတည်းလေးသာ ကျန်တော့၏။

မိန်းမ အလောင်းကောင်သည်လည်း ကုလားအလောင်းကောင်နှင့် မယှိုးခွဲ၊ ထိတ်လန့်ချော ... ဖွယ် ကောင်းလှသည်။ ပက်လက်လှဲထားစဉ်က ဗိုက်ပေါ်မှာ လွှမ်းထားသည့် ထမန်အဝတ်သည် သူထလာသောအခါ အောက်လျှောကျပြီး အလောင်းမှာ လုံးတီးဖြစ်သွားသည်။

လုံးတီးဖြစ်သွားသောအခါ သူ့ကိုရင်ခွဲထား ဗိုက်ခွဲထားတာ ပေါ်လာ၏။ ရင်ခွဲထားသော်လည်း သူ့ရင်ခေါင်းထဲတွင် ဘာမှမရှိ။ ဟောင်းလောင်းကြီးဖြစ်နေသည်။ ခွဲစိတ်ဖြတ်ထုတ်ထားသော နှလုံးနှင့် အဆုတ်သည် သူ့ခြေရာအတိုင်းပြင်ဖ ... ပွင့်နေသော ဗိုက်ထဲမှသာ အူစတို့ တန်းလန်းကျနေသည်။

သူ့နောက်ဘက်မှ ညည်းသံလိုလို မာန်ဖီသံလိုလို ကြားလိုက်ရသဖြင့် ခေါင်းနပန်းကြီးပြီး ဆံပင်မွေးများပင် ထောင်ထလာသည်။ ခါးကြားက ထိုးမိတော ပစ္စတိုလ်ကို ဆွဲထုတ်ကာ ဆက်ခနဲလှည့်ပြီး ဓာတ်မီးနှင့်ထိုးလိုက်သည်။ အလောင်းနှစ်လောင်းသည် သံမံတလင်းပေါ်တွင် ထားမြဲ ... လက်နေမြဲ ... လက်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူ ကြည့်ဖူးသော Mortuery (ရင်ခွဲရုံ) ဗွီဒီယိုကားထဲမှ မြင်ကွင်းကို ပြန်တွေးမြင်ယောင်မိမှန်း သိကာ သက်ပြင်းချနိုင်တော့သည်။ ကြောက်နိုင်မှန်း မဟုတ်မှန်း သိသော်လည်း ကြောက်စရာရှိ၍ ဆက်ကြောက်လာသည်။ ထို့ကြောင့် အလုပ်ကို တက်သုတ်ရိုက်ပြီးလုပ်သည်။

သူငယ်အိမ်သည် ဓာတ်မီးရောင်ကို တုံ့ပြန်မှုရှိ မရှိသိရန် မျက်လုံးကိုဖြဲ၍ ဓာတ်မီးနှင့် ထိုးသည်။ ခင်မောင်မြင့်က သူ့ကို မျက်လုံးကြီးပြူးကာ စိုက်ကြည့်နေသလိုရှိသဖြင့် ကျောချမ်းမိသော်လည်း အားတင်းပြီး သူ့အလုပ် ဆက်လုပ်သည်။ သေချာပြီ ခင်မောင်မြင့် တကယ်သေပြီ။

ရင်ခွဲရုံထဲမှ တက်သုတ်ရိုက်ထွက်လာသော သူ့မျက်နှာပေါ်ဝယ် ချွေးစက်တွေ သီးနေ၏။

ဤကဲ့သို့ ရင်ခွဲရုံနှင့်ပတ်သက်သည့် အဖြစ်အပျက်အကြောင်းအရာ ပြောစရာတို့ သူ့တွင်များစွာရှိသည်။ သူနှင့် ရင်ခွဲရုံသည် ဘဝအစကတည်းမှ ဆက်စပ်ပတ်သက်နေ၏။

အုဝဲ ... အုဝဲဆိုသော အသံကို မွေးကင်းစကလေးငယ်တစ်ဦး ပြောသော စကားဟု အသိအမှတ်ပြုမည်ဆိုပါလျှင် သူပထမဦးဆုံး စကားပြောသည်မှာ ရင်ခွဲရုံတွင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ့ကို ရင်ခွဲရုံတွင် မွေးသောကြောင့်ပင်။

မင်းနန္ဒာ မိချောင်းစီးလို့ မြစ်ကြီးကူးခဲ့သလေဆိုသော ရှင်မွေးလွန်း မင်းနန္ဒာဇာတ်တွင် ရှင်မွေးလွန်းသည် ဘုရင့်သမီး၊ မင်းသမီးပင်ဖြစ်လင့်ကစား လူသေတို့ မြှုပ်နှံရာ သုသာန်မှာ မွေးခဲ့သောကြောင့် မြို့ထဲသို့မဝင်ရဆိုလျှင် သူကဲ့သို့သော လူသေတို့အား ရင်ခွဲသော ကျောက်ခုတင်ပေါ်တွင် မီးရှူးသန့်စင်ခဲ့ပါက ဘယ်အရပ်၌ ထားမည်ကို မသိ။ သူ့အဖြစ်အပျက်ကလည်း ဇာတ်ထဲကကဲ့သို့ ဆန်းကြယ်လှ၏။

သူ့အဖေနှင့် အမေသည် အလွန်တရာခေါင်းမာသော ခေတ်မီသော ဆရာဝန်လင်မယားဖြစ်၏။ ထို့ကြောင့် သူ့ကို မွေးဖွားရန် နေ့စေ့လစေ့ ကိုယ်ဝန်ကြီး တကားကားနှင့် အသုဘပို့သွား၏။ သေဆုံးသည့် အမေတို့ လင်မယား၏ မိဘသဖွယ် ကြည်ညိုလေးစားရသော သူတို့ဆရာကြီး ဒေါက်တာ ဦးဖေသက် ဖြစ်လေသောကြောင့်။ အဖေသည် ရွှေမန်းတင်မောင် ဖွားတော်မူခန်း ဇာတ်ထဲ မှ ပြောသလို "မသွားပါနဲ့ မိဖုရား၊ မသွားပါနဲ့"ဟု မတားသာပဲ သူပါ အလိုတူ အလိုပါ အတူတူလာခဲ့ကြ၏။



အသုဘပို့ရန် စုရပ်သည် ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ခေါ် ရင်ခွဲရုံတွင် ဖြစ်သည်။ ဆရာဝန်ကြီး ဦးဖေသက်သည် ရောဂါကြောင့် ဆေးရုံတက်နေစဉ် အတည်းက သေသူလည်း သေပြီ၊ နောက်လူ ရှင်သူတို့ အကျိုးရှိစေရန်နှင့် ဆေးပညာရပ် တိုးတက်နိုင်စေရန် သူသေပြီးနောက် သူ့ရောဂါနှင့် ခန္ဓာကိုယ်ကို ခွဲစိတ်လေ့လာဖို့ မှာကြားခဲ့၏။ ထို့ကြောင့် သူ့အမှာ သူ့ဆန္ဒအတိုင်း ရင်ခွဲရုံတွင် ဒေါက်တာ ဦးဖေသက်၏ ကြွင်းကျန်သော ရုပ်ခန္ဓာကို လေ့လာခဲ့ကြသည်။ ထို့နောက် ကြံတောသုသာန်သို့ ပို့ဆောင်မြှုပ်နှံမည်။

ဆရာသမားလိုမျိုး မိဘလိုမျိုးမို့သာ ဤအသုဘကို လိုက်ပို့သည်။ အခြားအသုဘကိုဆိုလျှင် မည်မျှရင်းရင်း လိုက်ပို့မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုကလည်း ပူပြင်းသည်။ သူသည်လည်း ကိုယ်ဝန်အရင့်အမာကြီးနှင့်။ ထို့အပြင် သူ့တွင်နှလုံးရောဂါရှိ၏။

နှလုံးရောဂါကြီးနှင့် ကိုယ်ဝန်မဆောင်သင့်မှန်းကို ဆရာဝန်ရင့်မကြီးဖြစ်သူ မသိ၍မဟုတ်။ သိသည်။ သိရက်နှင့် စွန့်စားပြီး ကလေးယူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့လင်မယားတွင် ညားပြီး နှစ်အတန်ကြာတာပင် ကလေးမရသဖြင့် ကလေးရူးရူးခဲ့ကြသည်။ အထ အထိုင်တွေလေး မှုးဆောင်အန်ပြီး ကလေးရှိလာပြန်တော့လည်း ဒီဗိုက်ကို ယုယလိုက်ရသည့်ဖြစ်ခြင်း။

နောက်ဆုံးကြည့်ခြင်း၊ နောက်ဆုံး ကန်တော့ရခြင်းမို့ ဆရာသမား၏ မျက်နှာကို ကြည့်ချင်ပါသည်ဟု ဒေါက်တာခင်လေးဆွေက တောင်းဆိုလာသောအခါ မငြင်းသာပဲ အခေါင်းကို ဖွင့်ပြရသည်။ အခေါင်းထဲတွင် ဆရာဝန်ကြီး၏ ရုပ်ကလပ်သည် မမြင်ရက် မရှုရက်စရာပင်။ ရင်ခေါင်းသည်လည်းကောင်း၊ ဝမ်းဗိုက်သည်လည်းကောင်း ဖွင့်ပြီးမှ ပြန်ပိတ်ထားသည်မို့ ချုပ်ရိုးကြီးများက အရှုပ်ဆိုး အကျည်းတန်စွာ ထင်းထင်းကြီးပေါ်နေ၏။ ဦးခေါင်းခွံကိုလည်း လွှစာဖြင့်တိုက်ဖျက်ဖွင့်ပြီးမှ ပြန်ဆက်ထားလေသဖြင့် ဖရန်ကင်စတိန်းရုပ်ရှင်ထဲမှ ဘီလူးကောင်ကြီးလို မြင်ရ၏။

အခေါင်းထဲသို့ ငုံ့ကြည့်ပြီး ဒေါက်တာခင်လေးဆွေ မေ့လဲကျသွား၏။ ဆရာသမားဖြစ်သူ၏ မမြင်ရက်စရာ ရုပ်ပျက်ဆင်းပျက် ရုပ်ကလာပ်ကို တွေ့လိုက်ရ၍လော၊ နဂိုရောဂါအခံရှိ၍လော သူပဲ သိပေမည်။ သို့သော်ဒေါက်တာခင်လေးဆွေသည် ပြန်မပြောနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ဒေါက်တာခင်လေးဆွေ အသက်မရှိတော့သောကြောင့်ပင်။ မယုံနိုင်စရာ။ တစ်မိနစ်မပြည့်မီ အချိန်တိုလေးအတွင်း သူ့အသက်

www.burmeseclassic.com

www.burmeseclassic.com



မှီတော့ပြီ။ သူသေဆုံးသွားတာ အသက်မရှိတော့တာ သိပ်ကို သေချာသည်။

ဆရာဝန်ကြီး၏ အသုဘကို လာပို့သော ဆရာဝန်တွေအားလုံးက ထောက်ခံ၏။ ဝါရင့်သမားတော်ကြီး လေးဦးကိုယ်တိုင် စမ်းသပ်သည်။အားလုံးတညီတညွတ်တည်း ခေါင်းခါသည်။ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးကလည်း အတည်ပြုပေးသည်။

သူအတည်ပြုပေးမှ မဟုတ်ပါ။ သေမည့်သူကို ရှင်အောင်မကုနိုင်လျှင်သာ ရှိမည်။ အသက်မရှိတော့သော သူသေကို လူသေဖြစ်ကြောင်းတော့ ဆရာဝန်တိုင်း ပြောနိုင်ပါ၏။ အသက်မရှူတော့။ နှလုံးမခုန်တော့။ မျက်စေ့ကို ဓာတ်မီးနှင့်ထိုးသောအခါ မျက်စိသူငယ်အိမ်သည် ကျဉ်းမသွားတော့။ ပို၍သေချာသည်က နှလုံးရောဂါဆရာဝန်ကြီး၏ ခရီးဆောင် နှလုံးတိုင်းဆက်ဖြင့် စမ်းသပ်သောအခါ၌လည်း လှုပ်ရှားသည်ကို မတွေ့ရ။

လူသားတစ်ဦး လူ့လောကမှ ဆန့်သောလက် မကွေးမီ ကွေးသောလက် မဆန့်မီ ထွက်ခွာသွားချေပြီ။ သို့သော် ထိပ်ဖျားခြင်း ထိလုဆဲဆဲ လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မာပြည်မှ အပ်တစ်စင်းကျန်သေး၏။ ထွက်သွားသော လူသားတစ်ဦး၏ ဗိုက်ထဲတွင် လူလောကထဲ ဝင်လာတော့မည့် နောက်လူသားတစ်ဦး ကျန်သေးသည်။

သူ့အဖေဖြစ်လာမည့် ဒေါက်တာဘသက်ဆွေသည် အံကိုတင်းတင်းကြိတ်ကာ၊ ခိုင်မာသော ဆုံးဖြတ်ချက်ချ၍ ဇနီးဖြစ်သူ၏ အလောင်းကို ကျောက်ခုတင်ပေါ် တင်လိုက်၏။ ထို့နောက် ရရာဓားတစ်ချောင်း၊ လူသေခွဲသောဓားတစ်ချောင်းဖြင့် အသက်မရှိတော့ပြီဖြစ်သော ဒေါက်တာခင်လေးဆွေ၏ဗိုက်ကို ခွဲချလိုက်လေတော့၏။

ဤသို့ဤပုံဖြင့် သူသည် လူ့ဘဝကို ရင်ခွဲရုံထဲရှိ လူသေခွဲသော ကျောက်ခုတင်ပေါ်တွင် စခဲ့၏။ သူပထမဆုံး မြင်ကွင်းသည် ရင်ခွဲရုံမြင်ကွင်း၊ ရှူရှိုက်ရသော ရနံ့သည် ပုတ်အဲ့သော၊ ညှီစို့သော ရင်ခွဲရုံအနံ့ ဖြစ်ပေတော့သည်။

ရင်ခွဲရုံတွင် ဘဝစခဲ့သော သူသည် စားဝတ်နေရေးနှင့် သားကျွေးမွေး မယားကျွေးမှုအတွက် ကိုယ်စီပါရမည်ဖြစ်သော အသက်မွေးမှုပညာ တစ်ခုကို ရွေးချယ်သောအခါတွင်လည်း ဆရာဝန်အလုပ်ကို ရွေးကျယ်ခဲ့ပြန်သည်။

ထိုအခါ ရင်ခွဲရုံနှင့် ဆက်လက်ပတ်သက်ရပြန်သည်။ ဆေးကျောင်းသားတွင် ရောဂါဗေဒဘာသာရပ်နှင့် မှုခင်းဆေးပညာ ဘာသာရပ်တို့ကို သင်ယူ



လေ့လာသောအခါ သူငယ်ချင်းတွေက သပ်သပ်ရပ်ရပ် သားသားနားနားနှင့် ဆေးရုံကြီးတွေ စာသင်ခန်းမကြီးတွေတွင် ရှိနေချိန်မှာ သူကတော့ သားရေချုပ်ပြား တစ်ခုကို ခါးမှာပတ်ကာ ရင်ခွဲရုံထဲ၌ ချွေးတလုံးလုံး။

မှုခင်းဆေးပညာ ဆရာဝန်ကြီး ဒေါက်တာမောင်မောင်တိတ်၏ တစ်ဦးတည်းသော လက်ထောက်၊ တစ်ဦးတည်းသော အကူ၊ တစ်ဦးတည်းသော မှုခင်းဆေးပညာပို့ချပေးသူ၊ တစ်ဦးတည်းသော ရင်ခွဲစစ်ဆေးသူအဖြစ် စရိုက်အမျိုးမျိုး အလုပ်အမျိုးမျိုး လုပ်ဆောင်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ အင်မတန်နည်းပါးလှသော မှုခင်းဆေးပညာ ဆရာဝန်များထဲတွင် တစ်ယောက်ဖြစ်သူ၊ သို့သော် အလုပ်မများပဲ ချင်းရိုငြီးငွေ့နေသူ တစ်ဦးဖြစ်သော သူသည် သူ့အလုပ်ကို စိတ်ပျက်လာခဲ့၏။ သူ့အလုပ်မှာ ပျော်စရာ ဘာမျှမရှိ။ စိတ်လှုပ်ရှား စိတ်ဝင်စားစရာ နတ္ထိ။

မှတ်မှတ်ရရ သူ့ သူငယ်ချင်းတစ်ဦးဖြစ်သူ စိုးဝင်း မင်္ဂလာဆောင်သည်။ သူငယ်ချင်းများ ငွေစုပြီး လက်ဖွဲ့ရန် သူငယ်ချင်းဒေါက်တာ ခိုင်မာလာ သူ့ဆီကိုလာ၍ ငွေကောက်သည်။ ထိုအခါက ခိုင်မာလာ ဖြစ်ပျက်သွားပုံကို သူ့သတိမမေ့၊ မျက်စိထဲမှာ မြင်ယောင်တုန်း၊ ပြုံးချင်နေတုန်းပင်။

"ရော့ကွာ၊ ငါတော့ ငါးဆယ်ပဲ ကတ်နိုင်တယ်"

"အေးပါ... ဟင် နင့်ပိုက်ဆံကလည်း အကြွေစေ့တွေချည်းပဲ"

"အေးလဟယ်၊ ငါက နင်တို့လို ချမ်းသာတဲ့ ဆရာဝန်မဟုတ်ဘူးဟ၊ လူသေ ဗိုက်ခွဲပြီး ရှာဖွေ ... ကောက်ပြီးပေးရတာ"

"အောင်မယ် လူပျိုကြီး၊ သူဌေးသားကများ၊ ပိုက်ဆံတစ်မတ်စေ့တွေချည်းပါလား။ မတ်စေ့ပဲရွေးနုလား"

"ဒါပေါ့ ငါ့ဆီလာတဲ့လူနာက လူသေတွေချည်းပဲဆိုတော့ နင်မေ့နေပြီထင်တယ်"

ဒေါက်တာ ခိုင်မာလာသည် မျက်လုံးကြီးပြူး၊ ပါးစပ်ကြီးဟပြီး ငြိကြောင်သွား၏။ ရုတ်တရက် သွေးဆုတ်သလို မျက်နှာဖွေးသွားသည်။ လက်ထဲမှာ ကိုင်ထားသော အကြွေထုတ် လွှတ်ကျသွား၏။ ခိုင်မာလာကို နောက်ပြောင်ချင်ရန် တကူးတက ဘဏ်တိုက်မှာသွားလဲလှယ်ထားရသော စတ်စေ့မှစ်ရာ ဝယ် ကြမ်းခင်းပေါ်ဝယ် ပြန့်ကျဲသွား၏။

စိတ်ဆိုးသွားသော ခိုင်မာလာကို ဘယ်လိုမှ ရှင်းပြ၍မရ။ နောက်တော ဝယ့်ပိုက်ဆံအသန့်ပါဟု၍ တောင်းပန်လည်းမရ။ ထိုအခါမှစ၍ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



များသည် သူပေးသောပိုက်ဆံဆိုလျှင် မတ်စေ့ဖြစ်ပါက ဘယ်သူမျှ လက်မခံတော့သည်မှာ ရင်ခွဲရုံနှင့်ဝေးရာ တပ်မတော်ထဲသို့ သူပြောင်းရွှေ့ တာဝန်ထမ်းဆောင်လေသည်အထိ ဖြစ်ပေ၏။

ပြောရလျှင် ရှေ့တန်းစစ်မျက်နှာတွင် ရင်ခွဲရုံဆိုတာမရှိ။ ဘာမှ ရင်ခွဲစစ်ဆေးနေစရာမလို။ ဗုံးမှန်၍ စက်သေနတ်မှန်၍ ရင်ပွင့်ပြီးသား ဗိုက်ပွင့်ပြီးသား အလောင်းများကို တွင်းတူးမြှုပ်လိုက်ရုံသာ။ ဒါတောင် သူ့ကျတော့ ရင်ခွဲရုံ နှင့် လာပြီးပတ်သက်ဖြစ်အောင် ပတ်သက်ကဲ့ရသည်။

သုံးနှစ်ကြာသောအခါ သူသည်တပ်မှူးကို အလေးပြုနှုတ်ဆက်၊ တပ်မတော်မှ ထွက်ခွာပြီး ရထားပို့ဆောင်ရေးဝန်ကြီး၏ အရိပ်အောက် ရောက်သွားပြန်သည်။ ရထားဆရာဝန်သည်လည်း ဗိုလ် ဒေါက်တာကဲ့သို့ပင် ရင်ခွဲရုံနှင့်ဝေးကွာလှသောအရပ်မှာ အလုပ်လုပ်သူတစ်ဦးဖြစ်ပါသည်။ သို့သော်... သူကျတော့၊ သူနှင့်ကျမှ ...

တစ်ည ကညွတ်ကွင်းဘူတာနှင့် တောကျွဲအင်းဘူတာကြားတွင် မန္တလေး ရန်ကုန် အမှတ် (၂) အစုန်စာပို့ရထား မိုင်းထိသည်။ မနက်မိုးလင်း သတင်းကြားသည်နှင့် အခင်းဖြစ်ပွားရာအရပ်သို့ သူပြွန်တန်ဆာမှ ထွက်ခဲ့၏။ ထိုနေရာသို့ လူကြီးမင်းများ မရောက်လာမီ သူရောက်နှင့်ပြီး အားလုံးကို အဆင်သင့်ဖြစ်နေစေရမည်။ မေးလျှင် ဖြေနိုင်ရမည်ဖြစ်၏။

အခင်းဖြစ်ပွားရာနေရာတွင် ပိုးလိုးပက်လက် တွဲပျက်များသာ ကျန်တော့သည်။ သေဆုံးသူများသည်လည်းကောင်း၊ ထိခိုက်ဒဏ်ရာ ရသူများသည်လည်းကောင်း အားလုံး ကညွတ်ကွင်း တိုက်နယ်ဆေးရုံသို့ ရောက်ရှိကုန်ပြီဖြစ်၏။ ဘာမှမဖြစ်သူတို့ကလည်း ဘာမှမဖြစ်သလို လိုရာခရီးသို့ ဆက်လက်ထွက်ခွာသွားကြပေပြီ။

ဆိုင်ရာ ပိုင်ရာတို့ရောက်လျှင် ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်နှစ်ယောက်လဲ ဆိုသော 'ဘ'ကုန်းတွေ တစ်လုံးပြီး တစ်လုံး လာတော့မည်မို့ တိုက်နယ်ဆရာဝန်ထံ သေဆုံးသူစာရင်း၊ လူနာစာရင်းကို မေးမြန်းကူးယူရသည်။ စာရင်းရပြီးနောက် လူနာတွေကို သွားရောက်ကြည့်ရှုအားပေး၊ တိုက်နယ်ဆရာဝန်နှင့် ညှိပြီးသောအခါ သေဆုံးသူတို့ကို ရင်ခွဲရုံထဲတွင် သွားရောက်စစ်ဆေးရန်သာ ကျန်တော့၏။ အစုလိုက် အပြုံလိုက်သော လူ့သေများသည် ဆရာဝန်တစ်ယောက်အတွက် မဆန်းပါ။ စစ်မြေပြင်ရောက်ခဲ့သော သူလို ဆရာဝန်တစ်ယောက်အတွက် အစိမ်းသေဆိုသည်မှာလည်း မဆန်းလှပါ။ မီးလောင်ထားသော၊ ပြတ်သတ်နေ



သော၊ ပွင့်ပေါက်နေသော အလောင်းပေါင်းများစွာကို မကြည့်ဖူးအောင် နှ၍ မြင်ဘူးပါသည်။ ဘူဘာမျှ မဖြစ်ခဲ့။

တိုက်နယ်ဆေးရုံ ရင်ခွဲရုံထဲတွင် ရထားမိုင်းထိ အလောင်းရှင်လောင်းကို မြင်ရသောအခါတွင်တော့ သွေးပျက်ချင် သလိုလိုဖြစ်ပြီး ဆရာဝန်အလုပ်ကို သူတော်တော် စိတ်ကုန်သွား၏။ ရထားတွဲအောက်တွင် မိုင်းကွဲခဲ့သဖြင့် အပေါ်တဲ့တဲ့မှ မိုင်းတိုက်ရိုက် ထိသေသောအလောင်း၊ ရထားကြိတ်သေသော အလောင်းနှင့် အနီးအပါးမှ ကောက်ယူလာခဲ့သော ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ရင်ခွဲရုံသံမံ တလင်း ပေါ်ဝယ်စုပုံထား ၏။

အလောင်းအချို့ဝယ် ဖုံအလူးလူး နှင့် သွေးစေးကပ် ညစ်ပတ်စုတ်ပြနေသော အဝတ်အစားများရှိ၏။ အချို့ကျတော့ လုံးတီးနှင့်။ ပေါင်ပြတ်နေသော အလောင်းသုံးလောင်းပါသည်။ ငုံးတိတိ ပေါင်ထိပ်ပြတ်များသည် ရဲသည့်နေရာရဲ မည်းသည့်နေရာ မည်းနေသည်။

ခေါင်းပြတ်နေသော အလောင်းတစ်လောင်း၏ ဘေးဝယ် သူ့ခေါင်းဟု ယူဆရသော ခေါင်းပြတ်တစ်လုံးကို ချထားသည်။ ရထားကြိတ်မိပြီး ကိုယ်နှစ်ပိုင်းပြတ်နေသော အလောင်းကလည်း မမြင်ဝံ့ မရှုဝံ့စရာပင်။ အူတန်းလန်းနှင့် အလောင်းများကိုလည်း တွေ့နိုင်သည်။

တာဝန်အရမို့သာ ကြည့်ရှုစစ်ဆေး နေရသည်။ ဝမ်းထဲမှ ပျို့ပျို့တက်လာသည်ကို မနည်း ကြိတ်မှိတ်မျိုချရတာ မသက်သာလှ။ နောက်ထပ် ဘယ်နှစ်ရက် ဆက်ပြီး အစားအသောက် ပျက်နေဦးမည် မသိတတ်တော့။ တိုက်နယ်ဆရာဝန်ကလေး၏ မျက်နှာကလည်း မသာယာ။ နောက်ထပ် ဘယ်နှစ်ကြိမ်လောက် တာဝန်ရှိသူတွေလာတိုင်း ရင်ခွဲရုံကို လိုက်ဖွင့် ဖွင့်ပြရဦးမည်နည်းမသိ။

ရင်ခွဲရုံဆိုတာ ဤသို့သာတည်း။

ရင်ခွဲရုံထဲတွင် ဘဝစခဲ့သည်ဆိုသော ဒေါက်တာစောနိုင် (ဗိုလ်ကြီး-အငြိမ်းစား) တစ်ယောက် ယခုတော့ ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံ အလောင်းစင် ပေါ်ဝယ် ပက်လက်ကလေး ရှိနေလေ၏။

သူတပါးလုပ်ကြံ၍ သေရပြီ။ လည်ပင်းအညှစ်ခံရ၍လော။ အဆိပ် ခတ်ခံရ၍လော။ သေတာကတော့ သေပြီဖြစ်၏။

ဘာကြောင့် သတ်တာလဲ။ ဘယ်သူသတ်တာလဲဆိုသည်ကာ

ရဲအုပ် ဘသာတို့၊ ဆားပုလင်းနှင်းမောင်တို့၊ အိုင်အိုမင်းမောင်တို့မှာရှာဖွေ ဖော်ထုတ်ကြပေလိမ့်မည်။ လိုအပ်လျှင် စီအိုင်ဒီမှ ကြည်ကြည်မာလည်း ဆင်းချင်

www.burmeseclassic.com

www.burmeseclassic.com



ခင်းလာမည်ဖြစ်၏။

မှုခင်းဆရာဝန်ကြီး ဒေါက်တာကျော်က ဒေါက်တာစောနိုင်၏ အလောင်းကို ခွဲစိတ်စစ်ဆေးပေးရမည် ဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံရဲစခန်းမှ အမှုလိုက်အရာရှိ ဦးစိုးအောင်လာလျှင် အလုပ်စတော့မည်။

ဦးစိုးအောင် ရောက်လာသည်နှင့် လုပ်ငန်းစတော့မည်။ အလောင်းကို မခွဲစိတ်မီ ဦးစွာ ပြင်ပလက္ခဏာများကို စစ်ဆေးရာ၏။ ရှပ်အင်္ကျီရင်ပတ်တွင် သွေးများစွန်းနေခြင်းနှင့် လည်ပင်းဝယ် အညိုအမည်းစွဲနေခြင်းတို့မှ လွဲ၍ မသင်္ကာဖွယ်ရာ အချက်ကိုယ်ပေါ်တွင် ဘာမှရှာမတွေ့။

"ဓာတ်ခွဲခန်းအဖြေရပြီ။ အင်္ကျီမှာ စွန်းနေတဲ့သွေးက ဒေါက်တာစောနိုင် သွေးမဟုတ်ဘူး"

ဒါဆို လူသတ်သမားရဲ့သွေး ဖြစ်နိုင်တာပေါ့၊ သူဘယ်လို ဒဏ်ရာရသွားသလဲ၊ စစ်မိုလ်လူထွက်သာဆိုတယ်၊ ဒေါက်တာစောနိုင်ဟာ တကယ့်လူဗလံလေး။ လက်နက်မပါဘဲနဲ့တော့ လူသတ်သမားကို သွေးထွက်သံယိုဖြစ်အောင် လုပ်နိုင်မယ့်ပုံ မရပါဘူး"

"အခင်းဖြစ်ပွားရာ ပတ်ဝန်းကျင်မှာလည်း ဘာလက်နက်မှ မတွေ့ဘူး"

ကဲ ...ကျွန်တော်တို့ ဖွင့်လိုက်ကြရအောင်လား"

ကျောက်စင်ဘောင်ပေါ်တွင် ဓား၊ လွှ၊ ဆောက်၊ ကတ်ကြေးနှင့် အခြားကိရိယာများရှိသည်။ ဒေါက်တာကျော်၏ အကူတစ်ယောက်က ဦးခေါင်းရေကို ဓားနှင့် ရစ်လှီးကာ ဆွဲခွာချလိုက်သည်။

"ကဲ ... သူငယ်ချင်းရေ Sorry ပဲ Duty is Duty မို့ပါ"

ဒေါက်တာကျော်က ရင်ခွဲဓားတစ်ချောင်းကို ကောက်ကိုင်ကာ အသက်မရှိတော့ပြီဖြစ်သော ဒေါက်တာစောနိုင်ဖြစ်ခဲ့ဖူးသည့် အတ္တဘောကြီးကို တောင်းပန်လိုက်၏။ ဒါကို ပိုသည်ဟု ထင်သူတွေက ထင်ပေလိမ့်မည်။ သို့သော် Bone Cutter ခေါ် အရိုးဖြတ်ကတ်ကြေး၊ လွှ၊ ဆောက်၊ ဓားတို့ဖြင့် နံရိုးကိုဖြတ်ခြင်း၊ ဦးခေါင်းခွံကိုဖွင့်ခြင်း၊ ဗိုက်ကိုခွဲ ရင်ကိုခွဲခြင်း,တို့ကို လာကြည့်ပါလျှင် အလောင်းကောင်ဖြစ်ပေမင့် သက်ရှိတစ်ဦးလို တောင်းပန်ခွင့်တောင်းသင့်သည်ဟု ထောက်ခံကြပေမည်။

ဗိုက်လည်းဖွင့်၊ ရင်ခေါင်းလည်းဖွင့်၊ ဦးခေါင်းခွံလည်းဖွင့်သွားပြီ။ ဦးနှောက်ပိုင်းတွင် ဘာမှုထူးထူးခြားခြား မတွေ့ရ။ ဒေါက်တာစောနိုင်၏ အဆုပ်များက အသက်ရှူကျပ်၍ သေဆုံးရခြင်းဖြစ်ကြောင်းကို ပြနေသည်။ ဝမ်းတွင်းခေါင်းထဲမှ



အစာအခွေများနှင့် အစာအိမ်ကို ကျောက်စားပွဲပေါ်သို့ ဆွဲထုတ်ကာ အပြင်မှ လိုက်ညှစ်ကြည့်၏။

အူနှင့် အစာအိမ်တို့တွင် ပေါက်ပြဲနေခြင်းများလည်း မရှိ။ အစာအိမ်ကို ညှစ်ကြည့်သောအခါ မာတာတာတစ်ခုကို စမ်းမိသလိုတော့ရှိသည်။ ဘာလဲတော့မသိ။

ဖွင့်ကြည့်မှသိရမည်။ ဓာတ်ခွဲခန်းပို့ရန် အစာအိမ်တွင်းရှိ အစာနမူနာများ ထည့်ဖို့ခွက် တစ်ခုကိုယူပြီးနောက် အစာအိမ်ကို အလျားလိုက် ဒေါက်တာကျော်ခွဲချလိုက်သောအခါ –

"ဟာ..."

"လက်ညှိုးပြတ် တစ်ချောင်းပါလား"

"ဒါ ...လက်သူကြွယ်လက်ချောင်း၊ လက်စွပ်တစ်ကွင်းလည်း စွပ်ထားပါလား။ ဒီလက်စွပ်ကို ကျွန်တော်မြင်ဖူးတယ်"

"ဟုတ်တာပေါ့၊ ဒါ ...ဒါ ဒေါက်တာကျော်စိန် ဝတ်နေကျ ပတ္တမြားလက်စွပ်၊ ဒီလိုဆိုရင် ဒေါက်တာကျော်စိန်က..."

"သေချာသလောက်ပါပဲ ဆရာ။ ကျွန်တော်တို့လည်း သူ့ကို မသင်္ကာဖြစ်မိပါတယ်။ သက်သေ မခိုင်လုံသေးတော့လည်း ...။ အခုတော့ ကွယ်လွန်သူ ဒေါက်တာစောနိုင်က သေပြီးတာတောင် သူ့ကိုသတ်တာ ဘယ်သူပါလို့ ပြောလိုက်ပါပြီ"

ရင်ခွဲရုံရှိ ရင်ခွဲသော ကျောက်ခုတင်ပေါ်တွင် လောကကြီးအား စတင်နှုတ်ဆက်စကားပြောခဲ့သူ ဒေါက်တာစောနိုင် တစ်ယောက်သည် မယုံနိုင်လောက်အောင် ...သူ့နောက်ဆုံးစကားကို ရင်ခွဲရုံထဲ၌ပင် ပြောကြားလိုက်ပြီဖြစ်ပါလေတော့သည်။

နွယ်နီ၊ ဒီဇင်ဘာလ၊ ၂၀၀၂

❐

www.burmeseclassic.com

www.burmeseclassic.com

# တုတ်ကောင်

ကျုပ်တို့သခင်နဲ့ သခင်မ ညကအကြီးအအကျယ် ရန်ဖြစ်ကြတယ်။ သိပ်နားထောင်လို့ ကောင်းတာပဲ။ ဗဟုသုတလည်းတိုးပါ့။ သူများတကာ လင်မယားတွေလို အယုတ္တအနတ္တ ဖရုသဝါစာ နားကလောစရာတွေ မပြောကြဘူးဗျ။ ဘောင်ထဲကပဲ ပြောတယ်။

နှစ်ယောက်စလုံးက ခေတ်ပညာတတ်၊ ဥပဒေပညာတတ်ရှေ့နေတွေကိုး။ ဘယ်လိုပြောလိုက်ရင် ဆဲဆိုမှု၊ အသရေဖျက်မှု၊ လက်ရောက်မှုဖြစ် သွားမယ်ဆိုတာတွေ သိနေကြတော့ ဘယ်သူမှ 'တရားခံဖြစ်သွားသော ရှေ့နေကြီး' မဖြစ်ရအောင်၊ စည်းလွတ်ဘောင်လွတ် မလုပ်ကြဘူး။ ဥပဒေပုဒ်မတွေနဲ့ လင်မယားရန်ဖြစ်တယ်ဆိုတာကတော့ ရှားပါ့။

ကျုပ်နဲ့အနီးကပ်ဆုံး ကျုပ်သခင်မို့ ဆန္ဒကတိနဲ့ပြောတာ ဘက်လိုက်ပြောတာမဟုတ်ဘူး။ (ကျုပ်တောင်အနေကြာလို့ ဆန္ဒကတိတွေ ဘာတွေပြောတတ်နေပြီ။) ကျုပ်သခင်က စာတွေလည်းသိပ်ဖတ်တော့ စီရင်ထုံးတွေ လျှောက်လဲချက်ပေးတာတွေ(မှားသွားပြန်ပြီ) ဆင်ခြင်ပေး စကားပြော လွတ်ကောင်းတာဗျ။ ပြောလိုက်ရင် ချက်ကျကျလက်ကျနဲ့ ရုပ်ရှင်မင်းသားမြတ်လေးလား။ ဘီအီးဒီအောင်သိုက်လား ထင်ရတယ်။ များများလည်း သောက်တတ်တယ်။ သခင်မက မကြိုက်ဘူး၊ မသောက်ရဘူးတဲ့။

"တစ်ဖက်က ဝတ်လုံတော်ရမင်းပြောတာကို ကန့်ကွက်ပါတယ်။ ဥပဒေအားလုံးရဲ့ အနှစ်သာရဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတောင် အရက်မသောက်ရဘူးဆိုတဲ့ တားမြစ်ချက်မရှိပါဘူး။ ကျွန်တော် အရက်မူးပြီး ရမ်းကားရင်



တော့ တစ်ခြားပုဒ်မတစ်ခုတပ်ပြီး စွဲချက်တင်နိုင်ပါတယ်။

ဗဟိုကချုပ်ကိုင်ထားတဲ့ ဆိုဗီယက်ရုရှား နိုင်ငံမှာတောင် ခရုရှက်လက်ထက်က ဗေါ်ဒကါအရက်ကို ပိတ်ပင်ဖို့ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ကြောင်း လူကြီးမင်းအသိပေးခါ်င်ဗျာ"တဲ့။

ဒါပေမယ့် ညကရန်ဖြစ်တဲ့ ကိစ္စမှာတော့ ကျုပ်သခင် အမှုရှုံးဖို့သေချာသလောက်ပဲ။ သခင်မလည်း နာမည်ကိုက ဝတ်လုံတော်ရ ထက်ထက်မြ ဆိုတော့ ထိလိုက်တာနဲ့ 'ရှ'ပြီး သွေး'ရဲ'ကနဲဖြစ်သွားမယ်မှတ်။ ညက သခင်ကမူးပြီး ပြန်လာတဲ့အပြင် ကော်လံပေါ်မှာ နှုတ်ခမ်းနီတွေ၊ ပါးပြင်ပေါ်မှာ နှုတ်ခမ်းနီတွေပေလို့၊ 'ကော်လံပေါ်က အနီစက် တရားခံဘယ်သူလဲဟေ့'ဆိုတာကဖြစ်လာပါ။ သခင်မကတော့ "ဒီမှာကိုနိုင်မာ ရှင်ဘယ်လိုများ ခုခံကာကွယ်ချင်သေးလဲ။ ကားကျပ်လို့ ဒရိုင်ဘာက ဘရိတ်အုပ်လိုက်တာ ဘေးနားကကောင်မလေးက ရင်ခွင်ထဲလဲကျလာလို့ပါလို့တော့ မပြောနဲ့။ ရှင်ပြန်လာတာကိုယ်ပိုင်ကားနဲ့။ ဒီတော့ မိစမ်းလက်ချက်လား။ မိသက်ရဲ့ လက်ချက်လား..."

"ဟ...ဒီလိုကျပြန်တော့လည်း ကိုယ့်မိန်းမ အသံကနားသာပိတ်ထား၊ ခေလာအသံနဲ့တထေရာတည်းပါလား..."

"ရှင့်ကို သီချင်းဆိုပြနေတာမဟုတ်ဘူး၊ ရှင့်ဆီမှာ 'ချိန်ဘာ'ဆင်းနေတဲ့ မိစမ်းနဲ့မိသက်ဆိုတဲ့ ဆတ်စလူးမ ၂ယောက်ကိုပြောနေတာ။ ပြောစမ်း"

"စကားလုံးတွေက ကြမ်းလှချည်လား ...မင်းနဲ့ငါနှစ်ယောက်တည်းရှိနေလို့ပေါ့ကွာ၊ လူအများ ရှေ့မှာသာပြောမိရင် အသရေဖျက်မှု မြောက်သွားပြီ"။

"လူသတ်မှုမြောက်လည်း မိထက်တို့က ဂရုမစိုက်သေးဘူးမှတ်ပါ။ ဒါလင်မယားရန်ဖြစ်နေတာ။ ကဲပြောစမ်းပါ ဘယ်ကောင်မနဲ့ဘာတွေဖြစ်ခဲ့ကြတာလဲလို့။ ရှင့်မှာ ကာမပိုင် ကိုယ်ပိုင်မရှိလို့လား။ မိထက်တို့က ကျသွားလို့ နိုးသွားတာလား၊ ကျောက်ရိုးမလောက်၊ မြက်မလောက်ကြီးရဲ့"

ကျုပ်သခင်က စာတွေဖတ်၊ ခေတ်ပညာတတ်တဲ့အပြင် ရှေ့နေတစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်းကလည်းဖြစ်ပြန်၊ ပြီးတော့ ခါတိုင်းထက်လည်း ပိုပြီးရှုပ်နေတော့ မထိတထိရှိတဲ့နေရာမှာ ဒီညဟာ အကယ်ဒမီညပါပဲ။ သခင်နဲ့အနီးကပ်ဆုံး ဖြစ်နေတဲ့ကျုပ်တောင် ရီတီတီဖြစ်နေပြီ။ သခင်မကလည်း ဒီညအရှုပ်ထဲပေါက်ကွဲနေလိုက်တာ 'ကရက်ကတိုအာ' မီးတောင်ပေါက်တုန်းကလိုတောင် ဆိုးနေသေး။

'လင်နဲ့ပတ်သက်လာရင် မုန့်ကိုသာဝေစားမယ်' ဆိုတဲ့ကားလုံးသာတ

www.burmeseclassic.com



သာ ကျုပ်ကသိတာ။ ကျုပ်ဆရာကတော့ 'မှတ်ဉာဏ်ကလည်း အထူးကောင်း တော့ ဆော်ရုံတန်ရုံစီရင်ထုံးတွေကို စာအုပ်မလှန်ဘဲ ဘယ်လောက်မူးမူး လက်တန်း ပြောနိုင်သဗျ။ သခင်ပြောတာမယုံလို့ စာအုပ်သွားပြန်လှန်ကြည့် ဒက်ထိကွက်တိပဲ။ အခုလည်း မူးမူးနဲ့ငိုနေပြန်သေးတယ်။

"ရွှေမန်းတင်မော်က' 'အင်း ဣတ္တိယဆိုတဲ့ အန္တရာယ်သတ္တဝါ ဘယ် ဟာမဆို အစဉ်တဲ့ပေမယ့် လင်နဲ့ကျတော့ သဝန်တိုတတ်တာပဲမင်းကြီးရဲ့လို့ ဒါ့ကြောင့် ဗုဒ္ဓဝင်တောထွက်ခန်းမှာ ပြောခဲ့တာကိုး။ မင်းလည်း ဒီလိုဖြစ်နေပြီ ထက်ထက်မြ"

"တော်တော် ဘာမှမပြောနဲ့။ ဒီနှုတ်ခမ်းနီရာတွေက သက်သေပဲ"

"ရှေ့နေလုပ်နေပြီး ငါ့မိန်းမဖြစ်လျက်နဲ့ မင်းတော်တော်ညံ့သေးတာပဲ။ မင်းသိပါတယ်ကွာ ...လူတစ်ယောက်က အပြစ်ကျူးလွန်တယ်ထင်ရင် အပြစ် ကျူးလွန်ကြောင်း အနိုင်အမာ သက်သေပြဖို့က တရားလို၊ တရားလိုရှေ့နေ၊ သက်သေခံပစ္စည်းတွေနဲ့ အမှုလိုက်ရဲတို့ရဲ့တာဝန်၊ ဆုံးဖြတ်ရမှာက တရားသူ ကြီး။ စွပ်စွဲခံရသူမှာ'သူဟာအပြစ်ကင်းပါတယ်'လို့ စတင်ပြီး သက်သေပြဖို့ ဘာမှမလိုဘူး။ သူ့တာဝန်မဟုတ်ဘူး။

မင်းလုပ်နေပုံက လူတစ်ယောက်ကို သွားပြီး 'ရှင့်အမေလင်ငယ်မနေတာ သက်သေပြစမ်းပါ'လို့ စော်ကားသလိုဖြစ်နေပြီ။ တရားသူကြီးက 'မောင်မင်း မှာအပြစ်ရှိလား'လို့ မေးမယ်။ 'မရှိပါဘူးလို့' စွပ်စွဲခံရသူက ဖြေလိုက်ရင် အပြစ်ရှိကြောင်း သက်သေပြရဖို့က မင်းတို့တာဝန်ဖြစ်သွားပြီ။ တရားသူကြီးက စီရင်ချက် မချမချင်း သူ့ကို တရားခံလို့တောင် ခေါ်ခွင့်မရှိသေးဘူး။ မင်းတို့ တာဝန်က သက်သေအရင်ပြ ... သူကပြန်ချေ။ ဒါပဲကွ။ ဒါတောင် သက်သေ မခိုင်လုံရင် သံသယအကျိုးခံစားခွင့်ဆိုတာ ရှိပါသေးတယ်"

ဒါမျိုးလေးတွေကြောင့် သခင့်ကို'ဒိုင်'(ဒိုင်ယာလော့)တွေကောင်းပါတယ် လို့ ပြောတာပေါ့။ ရေထဲမိုးထဲစကားနိုင်လုကြရင် ကျုသခင်ကို ဘယ်သူမှမနိုင် ဘူး။ ကျုပ်သခင်ရဲ့ မိန်းမက ဒေါသကြီးဖို့ပဲတတ်တာ။ တကယ်တော့ဖွတ်။ ကျုပ်သခင်က ...

"ဒါပေမယ့် ငါ့တာဝန်ခံပါမယ်... ဒါကလည်း ပြစ်မှုဒဏ် သက်သာ အောင်ကိုယ်တိုင် ဖြောင့်ချက်ပေးတာ၊ အစိုးရသက်သေလုပ်တာ၊'ဖော်ကောင် ဘညွှန့်'လုပ်တာမျိုးမဟုတ်ဘူးနော်။ လုပ်ရဲရင်ခံရဲတဲ့သဘော၊ ယောကျ်ားပီပီ



ရင့်ရင့်လင်းလင်း ကိုယ်ယုံကြည်တာကို ယုံကြည်တဲ့အတိုင်း ပြောတာကွ။

ဒီကနေ့ ငါအမှုနိုင်လို့ အမှုသည်က စားသောက်ဆိုင်အကြီးကြီး တစ်ခု မှာ ညစာကျွေးတယ်။ ကောင်မလေးတွေ သီချင်းဆိုတာကို သဘောကျတဲ့သူတွေ က ပန်းကုံးစွပ်တယ်၊ သရဖူဆောင်းပေးတယ်။ သူတို့ဘာကိုသဘောကျသလဲ ဆိုတာတော့ သူတို့စိတ်သူတို့ပဲ သိမယ်။

ငါကတော့ သီချင်းဆိုတဲ့ဟန်၊ အသံနဲ့ သီချင်းစာသားကို သဘောကျလို့ ပန်းကုံးသွားစွပ်တဲ့အခါ သူကခေါင်းအငုံ့လွန်သွားတော့ ငါ့ပါးနဲ့အင်္ကျီကို မတော် တဆထိပြီး နှုတ်ခမ်းနီတွေပေသွားတယ်ကွာ။ ဒါပဲ... "

"ဘာသီချင်းသံနဲ့ သီချင်းစာသားကို သဘောကျတာလဲ။ ဒီသီချင်းကိုပဲ' ဆိုဟန်ရော၊ အသံရောကြိုက်ရင် အိမ်မှာဗွီစီဒီရှိတယ်၊ ကက်ဆက်ရှိတယ်။ ရှင်းအဆိုတော်ထက် ဒီကောင်မလေးက သာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ လူကြီးလူကောင်း တွေတဲ့တော်...စင်ပေါ်တက်ပြီး ကားပြ၊ ကော့ပြ၊ လှုပ်ပြ၊ [illegible]စိမိုတ်ပြတာကိုများ ဆိုဟန်ကိုသဘောကျလို့တဲ့။ ကိုယ့်ဟာကိုယ်ထတယ်၊ [illegible]တယ်၊'ဘူးတယ်'လို့ ဝန်မခံရဲဘူး၊ ဒါလား လူကြီးလူကောင်းတွေ။"

"တော်...တော်...။ အသရေဖျက်မှုနော်၊ အသရေဖျက်မှု၊ ဒါနိုင်ငံတော်က [illegible]ရားဝင်ခွင့်ပြု ထားတဲ့အလုပ်ဆိုတာ တစ်ဖက်ရှေ့နေကြီး သတိပြုပါ။"

သခင်က အဲသည်လိုပြောလေ သခင်မက ဒေါသကြီးလေပဲ။ ဒေါသကြီး [illegible]တော့လည်း သခင်မရဲ့ ပညာတွေ၊ ဥပဒေပုဒ်မတွေ ခေါင်းထဲမရှိတော့ဘူး။ [illegible]ကြီးလူပျက်၊ မယားကြီး၊ မယားငယ်၊ မယားပြိုင်၊ အလေလိုက်တာ၊ [illegible]စာတ်ခင်းတာ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ ဆိုတာတွေ ပါလာပါလေရော။

"ဒီမှာကိုခိုင်မာ... ရှင်က မယားပြိုင် ဥပဒေဆိုတာကို အားကိုးပြီး [illegible]ယားငယ်ထားဖို့တော့ စိတ်မကူးနဲ့၊ ရှင်ရှုံးသွားလိမ့်မယ်။"

အဲသည်လိုပြောပြီး သခင်မက ဘီဒိုကြီးထဲက စီရင်ထုံးစာအုပ်ကို [illegible]တော့တာပဲ။ သခင်ကတော့ လှောင်ကြည့်ကြည့်နေတာဗျ။ သခင်က ဒီဥပဒေ [illegible] စီရင်ထုံးတွေကို အကုန်အလွတ်ရပြီးသား။ သခင်မက သူရှာနေတာတွေ [illegible]တော့

"ဟော့ဒီမှာ... ၁၉၆၄၊ မတစ ၁၁၄။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ [illegible]င်ယောကျ်ားဖြစ်သူသည် ၎င်း၏သဘောဆန္ဒအလျောက် အကြောင်းမဲ့သင့် [illegible] မယားဖြစ်သူကို ကွာရှင်းခွင့်မရှိစေရ။"

"၁၉၆၃၊ မတစ၊ ၂၉၅။ ပထမ မယားကြီးရှိလျက် ဒုတိယမယား

www.burmeseclassic.com

www.burmeseclassic.com



ထုံခြင်းသည် ရက်စက်ခြင်းပင်ဖြစ်ရာ ပထမမယားဒွိ ကွာရှင်းခွင့်ရှိသည်။"တဲ့

"ဆေးလေကွာ။ ငါ့ဒုတိယမယားယူရင်တော့ မင်းကွာချင်ကွာပေါ့။ ဘာသာရေးဆိုကော ပန်းကုံးစွပ်တာလောက်နဲ့တော့ မင်းကွာလို့မရဘူး။ ငါထင်တယ် မြန်မာအမျိုးသမီးရေးရာ ကော်မတီကိုလည်း တိုင်လို့မရဘူး"

ရှင့်တို့က အဲ့ဒါအားကိုးနဲ့ အလေလိုက်ကြ Living Together ဆိုတဲ့ ခွေးဓာတ်ခင်းကြ၊ လက်ထပ်စာချုပ်ဆိုတာကြီးကြောင့် ကျွန်မတို့ မိန်းမတွေက မျက်ရည်နဲ့ဒူးသုတ်နေရ၊ စိတ်ဆင်းရဲနေကြရ... တရားပါတယ် တော်တော့်ကို တရားမျှတမှုရှိတဲ့ ယောကျ်ားသားကြီးတွေပဲ။ သဘောထားကြီးကြပါပေ။ ရှင်တို့လို ကျွန်မတို့လည်း လိုက်လုပ်မယ်လေ။ ရှင်တို့သဝန်မတိုနဲ့ မယားခိုးမှုနဲ့တရားမစွဲနဲ့။

"သဝန်မတိုနဲ့ဆို မတိုပါဘူးခင်ဗျာ။ ကိုယ့်မိန်းမကို ကိုယ်ယုံကြည်စိတ်ချပြီးသားပါ။ ဒါပေမယ့် မယားခိုးဥပဒေဆိုတာ ငါလုပ်တာမဟုတ်ဘူးကွ။ ဥပဒေပြုမှုအာဏာပိုင်တဲ့ သူတွေလုပ်ထားတာမို့ ငါလည်းမတတ်နိုင်ဘူး"

"ရှင့်ဟာရှင်တိုတို မတိုတို၊ သဘောထားကြီးကြီး မကြီးကြီး ကျွန်မပြောနေတာက မိန်းမသားထုတစ်ရပ်လုံးအတွက် ပြောနေတာ။ ရှင်တို့ကတော့ ရှင်တို့အသာရတော့ ဒီ Living Together ကြီးကို သဘောကျမှာပေါ့။ အစာဝကာမှ ဌာနပြန်ပြီကွယ့်လေးဆိုတဲ့ တောကရွှေကျေးကြီးတွေရဲ့။ ဒါမြန်မာ့ယဉ်ကျေးမှုလား၊ လက်မထပ်ပဲ လင်မယားလိုနေတာဟာ မြန်မာ့ထုံးတမ်းဓလေ့လား။ ခေတ်မီခေတ်လွန်ချင်သူကြီးရဲ့"

သခင်ကြီး သက်ပြင်းရှည်ကြီးချပြီး ခေါင်းယမ်းလိုက်တာ သူ့ဗိုက်ပူကြီးတွေတောင် တုန်သွားတယ်။ ထမင်းစားခန်းထဲကိုသွားပြီး အရက်တစ်ခွက်ထပ်သောက်သေးသဗျ။ သူ့အစား ကျုပ်တောင်မူးလာတယ်။ ပြီးတော့မှ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ မတ်မတ်မှီပြီး ခြေထောက်တစ်ဖက်ကို ပေါင်ပေါ်တင်လိုက်တယ်။ သခင့်အကျင့်တွေကို ကျွန်တော်ကသိနေတာမို့ ဒီပုံစံမျိုးဆိုရင်တော့ ရေကုန်ရေခန်းဆော်တော့မယ်။

"ဒီမှာ ဒေါ်ထက်ထက်မြ... ဥပဒေပညာရှင်ပီပီတိကျတဲ့ ဥပဒေစကားကိုပဲပြောပါ။ မြန်မာ့ယဉ်ကျေးမှုဆိုတဲ့ ဒိုင်းကိုအကာအကွယ်ယူ သုံးနှုန်းပြီး၊ ထိုးနက်တိုက်ခိုက်တဲ့ "သံချွန်"လို ဝေဖန်ရေး စကားတွေမပြောပါနဲ့။ ကျုပ်က လိုရင်လိုသလို တိုချင်တိုသလို ဆွဲဆန့်လို့ရတဲ့ ထုံးတမ်းဓလေ့ဆိုတာတွေကို မယုံကြည်ဘူး။ တိကျတဲ့ ဥပဒေကိုပဲကြိုက်တယ်၊ လိုက်နာတယ်။ ရှင်းတယ်



ချော်

မြန်မာအစက ဘကောင်းကလို့ ပြောမလား။ တရုတ်ပြည်အနောက် တ်ဘက်'ကန်စု'နယ်ကနေ ဆင်းသက်လာပြီး ကျောက်ဆည်ဒေသမှာ အခြေ သူတွေရဲ့ ယဉ်ကျေးမှုကို မြန်မာ့ယဉ်ကျေးမှု လို့ပြောမှာလား။ မြန်မာ့ယဉ်ကျေးမှု တဲ့စကားက အင်မတန်ချဲ့ချင်သလိုချဲ့လို့ရပါတယ်။ ထုံးတမ်းဓလေ့ အစဉ် လာဆိုတာကတော့ ဘာလဲ။ ယဉ်ကျေးမှုနဲ့ သွားမရောနဲ့။

ငါတို့လူသားတွေ တိုးတက်ယဉ်ကျေးလာတာ ဘာကြောင့်လဲ။ မျိုးတုန်း သွားလို့ပေါ့ကွာ။ သဘာဝတရားကြီးက မင်းထင်သလိုမဟုတ်ဘူးကွ။ ခွင်ချ နေရာမှာ သိပ်တော်တယ်။

Evolutionary processes have selected those organisms with such a physiologic nature that they will engage in activities which promote the perpetuation of race. Thus an organism so constituted that it will experience unpleasantness if denied, and very pleasant effect if permitted to achieve.

"ကိုနိုင်မာ... လိုရင်းကိုပြောစမ်းပါ၊ ရှင့်ကိုယ်ရှင် စာတတ်တယ် တ် တယ်ဆိုပြီး စာအုပ်ထဲကပဟာတွေ ဘိုလိုရွတ်ပြမနေနဲ့။ ကျွန်မတို့က ရှင့် မြန်မာလိုပြော"

"ဒါကြောင့် မင်းတို့လို ပြည်တွင်းဖြစ် ဆောင်းပါးလေးတွေဖတ်ပြီး ကိုကိုယ် ဟုတ်လှပြီ ထင်နေတဲ့သူတွေကို ပြောရတာ လှတိုက်ရတာထက် န်းတယ်။ လိုရင်းကို ဒဲ့ဒိုးပြောချလိုက်ရင် ဝေဖန်ရေးဆရာတွေ အာဘော် င်း "ခွေးဓာတ်"လို့မင်းတို့ပြောဦးမယ်။

မျိုးမတုန်းဖို့အတွက် ဒီသုံးခုအရေးကြီးဆုံးပဲ။ ဒါမရှိရင် မျိုးပြုတ်ပြီ။ ထို့အတွက်ကြီးတဲ့ကောင်က ငယ်တဲ့ကောင်ကိုစားတယ်။ အိပ်ချင်တဲ့နေရာ အိပ်တယ်။ ကာမအတွက်တော့ လိင်စိတ်ဆိုတာကို သဘာဝကဖန်တီးပေး တယ်။ လိင်စိတ် အလိုလိုက်ရင် အရသာခံစားရမယ်။ ငြင်းဆန်ရင် ဒုက္ခ ခံစားရမယ်။ ဒါကြောင့် လိင်စိတ်ဆိုတာ ကျန်းမာရေးလို့ စာရေးဆရာမ ယောက်က အမှန်အတိုင်း ပြောတော့ မင်းတို့က ဝိုင်းရှုံ့ချတယ်"

"ဩော်–ဩော် ဒါကြောင့် ရှင်တို့က ဒီဇင်ဘာလ အားကစားလမှာတင် အားမရလို့ ညတိုင်း ကျန်းမာရေးလိုက်စားနေကြတာကိုး။"

"တွေ့...မင်းလည်း ဟိုအကောင်လိုပဲ၊ ကိုယ်နားမလည်တဲ့ကိစ္စမှာ ငါ

www.burmeseclassic.com

www.burmeseclassic.com



စားနွားရ သိပ်လုပ်ချင်တယ်”လို့ ပြောပြီး သခင်ကအရက်သွားထည့်ပြန်တယ်။ သခင့်အစား ကျုပ်တော့တော်တော်မူးနေပြီ သခင်ကတော့ ‘နိုင်’တွေ ပိုထိုက်လာတယ်။

“ဟုတ်တယ် ဥပဒေဆိုတာ မပေါ်ခင်တော့ တင်းပုတ်နဲ့နောက်ကအုပ်ပြီး ဆံပင်ဆွဲခေါ်သွားတာပဲ။ တိရိစ္ဆာန်နဲ့ မုဒိမ်းကောင်နဲ့ ဘာမှမထူးဘူး။ နောက်နည်းနည်း ယဉ်ကျေးတိုးတက်လာတော့၊ လူ့အဖွဲ့အစည်းပေါ်လာတော့ အိမ်ထောင်မှုပုံစံဆိုတာ ပေါ်လာတယ်။ ထုံးတမ်းစဉ်လာလို့ ပြောချင်ပြော။ အိမ်ထောင်မှုပုံစံအမျိုးမျိုးရှိတယ်။ လူတွေယဉ်ကျေးလာတာနဲ့အမျှ လိုအပ်ချက်အရ ပုံစံတွေလည်း ပြောင်းသွားတာပဲ။ မင်းတို့ခေတ်က ထဘီခွေးချေးသိမ်းဝတ်ပြီး အခုစကတ်ထဘီဝတ်ကြသလိုပေါ့။ အေး...ဒါပေမယ့် ပုံစံချပြီးမှ လိင်ဆက်ဆံတာငါကွဆိုပြီး သိပ်တော့ ဘဝင်မြင့်မနေနဲ့။ တိရိစ္ဆာန်တွေမှာလည်း အိမ်ထောင်မှုပုံစံဆိုတာရှိတယ်။ တစ်လင်တစ်မယားစနစ်နဲ့ နေတဲ့ တိရိစ္ဆာန်တွေရှိတယ်။ တာကယ်ဆိုရင် တစ်လင်တစ်မယား စနစ်ကို သစ္စာရှိရှိလိုက်နာတဲ့နေရာမှာ ငှက်တွေကို ဘယ်အကောင်မှလိုက်မမီဘူး။ မင်းတို့ပြောတဲ့ ကိန္နရီကိန္နရာတို့ ဆောက်ချင်းငှက်တို့ပေါ့ကွာ။

တချို့တိရိစ္ဆာန်တွေလို သိပ်ရိုင်းနေသေးတဲ့ အချိန်ကတော့ လူတွေမှာ လွတ်လပ်သော လိင်စပ်ယှက်မှု သို့မဟုတ် အစုအပြုံလိုက် လင်မယားစနစ်၊ မိခင်ကြီးစိုးသောခေတ်မှာ ‘တစ်မယားလင်အများ’စနစ်၊ ပဒေသရာဇ်ခေတ်တုန်းက ဘုရင်ကြီးတွေ နယ်စားကြီးတွေရဲ့ တစ်လင်မယားအများစနစ်၊ သာကီဝင်မျိုးတွေရဲ့ ဆွေချင်းထပ်မြတ်တယ်ဆိုတဲ့ ဆွေမျိုးသားချင်း အချင်းချင်း လိင်မှုပြုတဲ့အိမ်ထောင်မှု ပုံစံ... စသဖြင့်ပေါ့။

၁၉၄၈၊ မြန်မာနိုင်ငံစီရင်ထုံး ၆၂၅၊ မြန်မာဗုဒ္ဓဘာသာတရား ဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း တရားဝင်စေရန် အခမ်းအနားမလိုပေ။ ကာယကံရှင်နှစ်ဦးသဘောတူညီမှု ဆန္ဒသာလျှင် လိုအပ်သည်တဲ့။”

“မိန်းမများသည်သာ ကိုယ်ဝန်ဆောင်ရမည်ဆိုတဲ့ သဘာဝတရားကြီးရဲ့ ဥပဒေကိုတော့ ငါလည်းမပြင်နိုင်ဘူး။ ဘယ်သူမှလည်း မတတ်နိုင်ဘူး။ ဒီမှာ မိန်းမရယ်... ငါပြောနေတာက မင်းတို့မိန်းမတွေဘက်က မခံနိုင်လို့လိုက်ပြောနေတာပါကွ။

ဒီကနေ့ ခမ်းနားကြီးကျယ်စွာ မင်္ဂလာဆောင်၊ နောက်တစ်နေ့ကျ ဖောက်ပြန်၊ မိန်းမက သိတော့ စိတ်ဆင်းရဲယောကျ်ားက ဥပဒေကိုလက်တစ်လုံး



ခြားရှောင်ပြီး ကွာရှင်းခွင့်မပေး၊ ကြည့်စမ်းမိန်းမတွေ ဘယ်လောက်နစ်နာသလဲ။ လူကြီးစုံရာနဲ့ လက်ထပ်ပြီးမှ နှစ်ဦးသဘောတူ ကွာရှင်းကြတာတွေလည်းရှိတာပဲ။

အဲဒါတွေကို ကြောက်ရင်တော့ တစ်ကိုယ်တည်းအပျိုကြီးဘဝနဲ့ပဲနေ။ လိင်စိတ်မပြည့်ဝလို့ Mental Conflict တွေ Frustration (စိတ်တွင်းပဋိပက္ခနှင့်အလိုမပြည့်မှု)တွေ ဖြစ်လာတဲ့အခါ၊ ကျန်းမာရေး မကောင်းတဲ့အခါ မီးယပ်ကိုင်သလိုလို၊ ပယောဂလိုလို၊ ဟစ်စတီးရီးယားလိုလို တွေဖြစ်။ တတ်ယောင်ကားဘိုးတော်၊ ဝိဇ္ဇာပယောဂဆရာတွေနဲ့ကု၊ ပြီးတော့ သူတို့နဲ့လိုက်ပြေး။ မတတ်နိုင်ဘူး။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲမိန်းမ။ ကဲ မင်းဘာသိချင်သေးလဲ။”

“ဘာမှမသိချင်ဘူး... သတိတော့တစ်ခုပေးလိုက်မယ်။ နောက်တစ်ခါ မန်းကုံးစွပ်တယ်ကြားရင် ရှင့်ကို အဆိပ်ခပ်သတ်မယ် သိလား”

“ဟား ဟား ဟား၊ မင်းငါ့ကို မလုပ်ရက်ပါဘူးကွာ။ ငါ့ကိုသိပ်ချစ်တာ ငါသိတာပေါ့။ မင်းသာလုပ်ရင် မင်းပေးတဲ့အဆိပ် မျက်စိတောင်မမှိတ်ပဲ ငါမြိုချပြပါ့မယ်။ ငါကလည်း မင်းကိုသိပ်ချစ်တာကိုး”

သခင်မက ဆောင့်အောင့်ထသွားပြီး အိပ်ခန်းတံခါးကို ဆောင့်ပိတ်သော့ခတ်လိုက်တယ်။ ကျုပ်သခင်က စိတ်ရင်းကောင်း၊ သဘောကောင်းကြီးပါ။ သခင်မကိုလည်း သိပ်ချစ်တာ။ ဒီည စကားများတာက တိုက်ဆိုင်သွားလို့ပါ။

“အင်း...ဒီညတော့ဆိုဖာပေါ်မှာပဲ အိပ်ရတော့မယ်ထင်ပါရဲ့။ အရက်ကလည်း ကုန်ပြီ။ တတ်နိုင်ဘူး။ အိပ်ဆေးသောက်အိပ်ရမှာပဲ” အင်း ငါပိုင်တဲ့မယား ငါ့သဘောဆိုပြီး သွားအနိုင်ကျင့်လို့လည်း ဥပဒေမှာက ကိုယ့်မယားဖြစ်စေကာမူ ကာယကံရှင်ကလက်မခံရင် မုဒိမ်းမှုတဲ့ဗျာ. မိန်းမတွေကို အကာကွယ်ပေးထားတဲ့ ဥပဒေလည်းရှိတာပဲ။

သခင်အိပ်ဆေးတစ်ပြားသောက်လိုက်တာ [illegible] သောက်မိုပဲ။

အိမ်မှာ သခင်နဲ့သခင်မ မရှိကြဘူး။ မနက်က တော်စီးဆွဲမှာ [illegible] ချင်းသာ ဆိုင်တယ်။ စကားမပြောကြပေမယ့်၊ ဟိုကရှုရင်တော့ [illegible] မှာမဟုတ်ဘူး။ သခင်က တရားခံဘက်ကရှေ့နေ၊ သခင်မက [illegible] ရှေ့နေ၊ ဒီနေ့အမှုချိန်းနေ့လေ။ ကျုပ်နဲ့ ကျုပ်အဖော်ကတော့ [illegible] အခန်းကျဉ်းလေးထဲမှာ နှစ်ယောက်တည်း။ ကျုပ်က သူ့အနားတိုးတစ်[illegible]

“ရှင်နော် ကျွန်မအနား ဘာလို့ကပ်လာတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ၊ စကားပြောမလို့ပါ။ ညတုန်းက သူတို့ရန်ဖြစ်ကြတယ်"

"ကြားပါတယ်၊ ကျွန်တော်လည်း နားထောင်နေတာ၊ ကျွန်တော်တို့ သခင်က စကားပြောသိပ်ကောင်းတယ်နော်။"

ကျုပ်အဖော်က ဒီလိုပဲ။ သူ့ကိုယ်သူ ကျွန်တော်ပြောလိုက် ကျွန်မ ပြောလိုက်နဲ့။ ဒီလိုပါ ကျုပ်တို့က သခင့်ကိုယ်ထဲက တုတ်ကောင် Tape Worm တွေပါ။ တစ်ကောင်မှာ အဆစ်ပေါင်း ၅၀ကနေ ၂၀၀ထိရှိတယ်။ အဆစ်တိုင်းမှာ အဖို အမ လိင်အင်္ဂါအစုံလိုက်ပါတယ်။ Cohabitation တွေ၊ ယောက္ခမ၊ ခယ်မပြဿနာတွေ ဘာမှမရှိဘူး။ အေး ဆေးပဲ။

သခင်ညက မူးမူးနဲ့ အိပ်ဆေးဆိုပြီး မှားသောက်လိုက်တာ တုတ်ကောင်ချ ဆေး၊ ဟင်း... ချေးစော်နံလိုက်တာ။

စတိုင်သစ်၊ ဖေဖော်ဝါရီ၊ ၂၀၀၄

▢

## ပင်နီစလင်စားသူ

ဤ၀တ္ထုတွင် ဇာတ်လိုက် ကိုထင်ကျော်သည် တက္ကသိုလ်တစ်ခုမှ သင်္ချာကထိကလေးဖြစ်၍ ဇာတ်လိုက်မင်းသမီး သူ၏ ချစ်သူ ဒေါက်တာခင်မေချစ် သည် သူဌေးသမီးတစ်ဦးဖြစ်၏။ ဒေါက်တာခင်မေချစ်၏ ဖခင် ဦးကျော်ဇော သည် အလွန်အောင်မြင်သော ဖိနပ်လုပ်ငန်းရှင် တစ်ဦးဖြစ်၍ ကမ္ဘာ့နိုင်ငံတော် တော်များများတွင် သူ၏ ဖိနပ်စက်များရှိ၏။ ဦးကျော်ဇောသည် သူ၏ တစ်ဦး တည်းသော သမီးလေး ခင်မေချစ်အား ဘယ်သူဌေးသား ဘယ်ပညာရှင် အမျိုး အစားနှင့်မျှ သဘောမတူပါ။

သူ၏ သားမက် ဖြစ်ချင်သူသည် သူ၏ နေရာကိုဆက်ဆံနိုင်မည့် ဖိနပ် လုပ်ငန်းကို နားလည်ကျွမ်းကျင်သူ ဖြစ်ရမည်ဟု ဆုံးဖြတ်သတ်မှတ်ထား၏။ ထို့ကြောင့် သင်္ချာပညာရှင် ကိုထင်ကျော်နှင့် ဒေါက်တာခင်မေချစ်တို့၏ ချစ် ခရီးလမ်းတွင် အခက်အခဲ ကြုံတွေ့နေရ၏။ ယခု ဤဇာတ်လမ်း စချိန်တွင် ကိုထင်ကျော်နှင့် ခင်မေချစ်တို့သည် စားသောက်ဆိုင်တစ်ခုထဲတွင် ယင်းပြဿနာ ကို ဆွေးနွေးတိုင်ပင်နေကြ၏။

"ဘယ်လိုပြောလိုက်တယ်။ မောင့်လို မကြာခင် ပါမောက္ခဖြစ်တော့ မယ့် ပညာရှင်တစ်ယောက်က ဖိနပ်ချုပ်စားရမယ်တဲ့လား"

"ဖေ့ဖေ့လုပ်ငန်းကို အဲသည်လောက်မနှိမ်ပါနဲ့။ သေသေချာချာ ဖိနပ်လုပ်ငန်း ရှင်ပါ။ ဖိနပ်ချုပ်စားတဲ့သူ မဟုတ်ပါဘူးနော်။ ဘာပဲဖြစ်ဖြစ် မောင့်[illegible] ပညာတွေ ဘယ်လောက်တတ်တတ်၊ ချစ်ကို လိုချင်ရင်တော့ ဖေဖေ့လုပ်ငန်း ကို နားလည်အောင် မောင်ကျိုးစားရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မောင်ဘယ်လိုနည်းနဲ့မှ အဆုံးရှုံး မခံနိုင်ဘူးချစ်၊ မိုးဘီးယပ်(စ်) အလိမ် (Mobius Twist)ဆိုတာထဲမှာ ပိုက်ဆံမရှိတာနဲ့ပဲ ချစ်ကိုလက်လွှတ် လိုက်ရတော့မှာလား။"

"ဘာ… မောင် ဘာပြောလိုက်တယ်"

"မိုးဘီးယပ်(စ်)အလိမ်လေ… ချစ်ကို မောင်မပြရသေးဘူးထင်တယ်"

ကိုထင်ကျော်သည် ဤသို့ပြောပြီးနောက် တိုက်ပုံအကျႌအိတ်ထဲမှ အနံသုံး လက်မခန့်ရှိသော စက္ကူလိပ်ကလေး ဟစ်လိပ်ကို ထုတ်က[illegible]၍ နှစ်ပေခန့် ဖြတ်လိုက်၏။ ထို့နောက် အစတစ်ဖက်ကို တစ်ချက်လိမ်[illegible]ကော်သုတ်ကာ ကျန်တစ်ဖက်နှင့် တွေ့ဆက်လိုက်၏။ တစ်ဖန် ကတ်ကြေးအသေးစား တစ်လက် ကို အိတ်ထဲမှပင် ထုတ်ယူပြန်သည်။

ဒါမောင့်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်လားဟု မေးချင်သည်ကို မမေးသေးဘဲ၊ ခင်မေချစ်က အသာကြည့်နေ၏။ ကိုထင်ကျော်က ခင်မေချစ် အား ကတ်ကြေးအသေးလေး လှမ်းပေးပြီး ဒီကွင်းကိုအလယ်ကနေ အလျား လိုက် တောက်လျှောက် ဖြတ်လိုက်ဟု သူ့ချစ်သူကို ခိုင်း၏။

"ဖြတ်တော့ဘာဖြစ်လဲ… ကွင်းနှစ်ကွင်း ရမှာပေါ့"

"ဖြတ်သာ ဖြတ်ပါ ဒေါက်တာ၊ ဒေါက်တာအံ့သြသွားမှာပါ"

ကိုထင်ကျော် ပြောသည့်အတိုင်း အလျားလိုက် ကွင်းတောက်လျှောက် ခင်မေချစ် လိုက်ဖြတ်၏။ ကွင်းဆုံးသောအခါ ခင်မေချစ်ထင်သလို ကွင်းနှစ် ကွင်းမရဘဲ၊ မူလကွင်း၏နှစ်ဆဖြစ်သော ကွင်းကြီးတစ်ကွင်းသာရ၏။ ခင်မေချစ် အံ့သြသွားရသည်။

ဒါဘာသဘောလဲ။ မောင် မျက်လှည့်ပြနေတာလား။ မိုးဗီးယပ်(စ်)ဆိုတာ ဘာလဲ"

"မိုးဗီးယပ်(စ်)ဆိုတာက… ၁၉ရာစုနှစ်တွေရဲ့ သင်္ချာပါရဂူတစ်ယောက်ပဲ။ သူ့အကြောင်း ပြောစရာတွေ အများကြီးရှိတယ်။ ဒီမှာကြည့်လိုက်ဦး"

ကိုထင်ကျော်က နောက်တစ်မျိုး ထုတ်ပြပြန်၏။

"ဒါက ဆဲလ်လိုဖိန်းဆိုတဲ့ ပလတ်စတစ်အစ… ။ ထွင်းဖောက်မြင်နိုင် တော့ ဒီပေါ်မှာ ရုပ်ပုံတစ်ပုံ ရေးဆွဲလိုက်ရင် နှစ်ဘက်စလုံးက မြင်ရတယ်။ အဲသည်ရုပ်ပုံကလေးဟာ တဖြည်းဖြည်း ရွေ့သွားမယ်ဆိုရင် မိုးဗီးယပ်(စ်)အလိမ် ကို တစ်ပတ် ပတ်ပြီးတဲ့အခါမှာ သူဟာ ပုံမှန်မဟုတ်တော့ဘူး။ သူ့ရဲ့မှန်ထဲက အရိပ်အတိုင်း ပြောင်းသွားပြီ။ ဆိုလိုတာက သူ့ညာဘက်လက်ဟာ သူ့ဘယ်ဘက်



လက်ဖြစ်သွားရော"

ကိုထင်ကျော်က တက်ကြွနေသလောက် ခင်မေချစ်ကတော့ စိတ်ပျက် နေ၏။ ဒါတွေကို ဘယ်နေရာသွား အသုံးချမည်နည်း။ မောင်သည် ကလေး မဟုတ်၊ သူငယ်မဟုတ် ဘာမဟုတ်တာတွေနှင့် ကစားနေသည်ဟု ထင်၏။ မောင်လိုလူမျိုးကို ဖေဖေက သဘောတူမည် မဟုတ်တာသေချာလှသည်။

"မင်း … ဒိုင်မင်းရှင်း (Dimension) ဆိုတာကို သိလား"

"အလျား၊ အနံ၊ ထုဆိုတာကို ပြောတာ မဟုတ်လား"

"အေး [illegible]ဟုတ်တယ်။ အိုင်းစတိုင်း မတိုင်ခင်ကတော့ အလျား၊ အနံ၊ ထုဆိုပြီး ဒိုင်မ[illegible]င်း သုံးခုသာရှိတယ်။ အခုအချိန်တွေ နေရာတွေ အလျှင် တွေ စသဖြင့် အများကြီး တိုးလာပြီ။ Dimension အထိတောင် ရှိနေပြီ"

"မောင့် … ပို့ချချက်တွေ တော်ရောပေါ့မောင်၊ ဖေဖေ သဘောတူအောင် မောင်ဘာလုပ်မလဲဆိုတာသာ မောင်စဉ်းစား"

"မောင်က 'တိုပိုလိုဂျစ်'ဆိုတဲ့ သင်္ချာပညာရှင် တစ်ယောက်ပဲ။ ဖိနပ် လုပ်ငန်းနဲ့ ပတ်သက်ပြီး မောင် ဘာတတ်နိုင်မှာလဲ။ မောင်စိတ်လည်း မဝင်စား ဘူး၊ ဒီမှာချစ် နောက်တစ်ပတ် မောင်တင်သွင်းမယ့် မောင့်ရဲ့ ပါမောက္ခဘွဲ့ယူ စာတမ်းမှာ အဲသည်အကြောင်းပါတယ်"

"ဘာအကြောင်းလဲ … မိုးဗီးယပ်(စ်)အလိမ် အကြောင်းပဲ မဟုတ်လား"

"ဟုတ်တာပေါ့။ ရုပ်ပုံတစ်ပုံဟာ ဘယ်လိုပဲ ဆွဲထား ဆွဲထား အလျား၊ အနံဆိုတဲ့ နှစ်ဘက်မြင် Two Dimension ပဲ ရှိနိုင်မယ်။ မောင့်ရဲ့ တွက် ချက်မှုသာ မမှားဘူးဆိုရင် ကမ္ဘာမြေကြီးတစ်နေရာမှာ ဖောက်ပြန်မှုတစ်ခုကြောင့် သုံးဘက်မြင် မိုးဗီးယပ်(စ်)အလိမ်တွေကို တွေ့နေရပြီ။ ဥပမာ ဒေသ တစ်နေရာထဲမှာပဲ တွေ့ရတဲ့ ခရုတွေ၊ တချို့ ခရုခွံက ဘယ်လိမ် တချို့က ညာလိမ်"

"ဟုတ်လား … အံ့သြစရာပဲနော်။ အဲသည့်ခရုတွေ ဖမ်းပြီး Happy World ကို မောင်သွားရောင်းပါလား"

ကိုထင်ကျော်၏ မျက်နှာရဲတက်သွား၏။ ချစ်သူ၏ မလှောင်[illegible] [illegible]လှောင်ခံလိုက်မှုကြောင့် အထူးပဲရှက်သွားသည်။ သူ့ကို ခင်မေချစ်အထင် [illegible]သွားတော့ပြီလော။

ထို့ကြောင့် သူကလည်း ဒေါသဖြင့် ပြန်အော်လိုက်၏။

Happy World မှာ မရောင်းဘူး။ မင်းအဖေကို သွားရောင်းမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ရှင့်။ ကိုထင်ကျော် ရှင်လွန်နေပြီနော်"

ထိုအခိုက် ကိုထင်ကျော်၏ မျက်နှာသည် ရုတ်တရက် ဝင်းလက်သွား၏။ သူ၏ ဖြစ်လက်စ ဒေါသတို့သည်လည်း ချက်ချင်း ဘယ်ပျောက်ပြီ မသိတော့။

"ဟော့ ချစ် ... မင်းပိုက်ဆံပါတယ်မဟုတ်လား။ မောင် သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ အခုချက်ချင်းသွားမှ ဖြစ်မယ်။ မင်း ပိုက်ဆံရှင်းလိုက်တော့"

"ဘာ...ဘာ။ ဘယ်လို သွားမှာလဲ"

"မင်း အဖေဆီကို"

"ဘာလုပ်ဖို့လဲ"

"မင်းပြောတာတွေ သွားရောင်းမလို့"

"ရှင်"

ရန်ကုန်တက္ကသိုလ်မှ ပညာတတ် ကထိက ဆရာတစ်ဦးဖြစ်နေ၍ တစ်ကြောင်း၊ သမီးခင်မေချစ်၏ ချစ်သူဟု သိထား၍ တစ်ကြောင်း၊ ထိုအကြောင်းတွေကြောင့် ကိုထင်ကျော် ဦးကျော်ဇောက လက်ခံတွေ့ဆုံသည်။ ဒါတောင် နာရီဝက်ပဲအချိန်ပေးနိုင်မည်ဟု ဆို၏။

"ဒီလိုပါ အန်ကယ်လ်...ဒီလောကမှာ မိန်းမယောကျ်ား အားလုံးဟာ ခြေထောက်နှစ်ဘက်ဆီ ရှိကြပါတယ်။ တစ်ဘက်က ညာ... တစ်ဘက်ကဘယ်"

"ဘာ...ဘာဖြစ်တယ်"

ဦးကျော်ဇော အံ့သြထိတ်လန့်သွား၏။ သိပ်မဆိုးဝါးအောင် ဒီဆရာလေး စိတ်မှကောင်းသေးရဲ့လားဟု သူတွေးလိုက်မိသည်။ သူအတွေး ကိုထင်ကျော်က မသိ၍ ...

"အဲသည်တော့ ဖိနပ်နှစ်ဘက်လုပ်ရတဲ့ အတွက် ကုန်ကျစရိတ်တွေ ပိုလာပါတယ်"

"မောင်ရင်ပြောတာ မှန်တယ်။ ဒါကြောင့် လူတွေဟာ ခြေတစ်ပေါင်ကျိုးခန်သွားကြရင် ကောင်းမယ်လို့ ဦးလည်း တွေးမိတယ်"

ဦးကျော်ဇောက မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်ပြီး ရယ်ရယ်မောမောနှင့် ထိုသို့ ခပ်လှောင်လှောင်ပြောလိုက်၏။ သို့သော် ကိုထင်ကျော်ကတော့ ယောက္ခမလောင်း အကြိုက်လိုက်၍ ရယ်ရမှန်းပင် မသိတော့ဘဲ၊ ခင်မေချစ်ကို ရှင်းပြခဲ့ ပြသခဲ့သည့်အတိုင်း လုပ်နေသောအခါ ဦးကျော်ဇော စိတ်ညစ်သွားသည်။



"ဒီမှာ မောင် ... ဦးဟာအလွန် အလုပ်များတဲ့သူပါ။ မောင်ပြောတာတွေ ဦးတစ်လုံးမှ နားမလည်ဘူး။ မောင်ပြောတာ ပြတာတွေနဲ့ ဦးရဲ့လုပ်ငန်း ဘယ်လိုပတ်သက်နေလဲ ဒါပဲပြော"

"ကောင်းပါပြီ အန်ကယ်လ်... အမှန်တော့ ဘယ်ဖိနပ်နဲ့ညာဖိနပ်ဆိုတာ တစ်ခုဟာ တစ်ခုရဲ့ မှန်ထဲကအရိပ်တွေပါ။ ဒီတော့ တကယ်လို့သာ ကျွန်တော်ပြောတဲ့ သုံးဘက်မြင် မိုးဗီးယပ်(စ်)အလိမ်ဆိုတဲ့ နေရာကို တွေ့ခဲ့ရင် အဲသည်နေရာကို တစ်ပတ်ပတ်ပြီးတာနဲ့ ဘယ်ဘက်ဖိနပ်ဟာ ညာဘက်ဖိနပ်ဖြစ်သွားလိမ့်မယ်။ ဒါပါပဲခင်ဗျာ"

ဦးကျော်ဇောသည် ဒုံးဝေးသူတစ်ယောက် ဘယ်တုန်းကမှ မဟုတ်ခဲ့ပါ။ ထို့ကြောင့်လည်း အခုလို အောင်မြင်ကြီးကျယ်သော လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်နေပေသည်။ ဆွေးနွေးပြီးသောအခါ "မောင်ရင်ပြောတာ တကယ်မှန်တယ်ဆိုရင် မောင့်ကို ဦးသမီးနဲ့ သဘောတူမယ်။ ဦးရဲ့ လုပ်ငန်းထဲမှာ အစုရှယ်ယာဝင်တစ်ဦး ဖြစ်စေရမယ်"

ထိုသို့ပြောပြီး ဦးကျော်ဇောက စိတ်ကူးယဉ်ကြည့်လိုက်၏။ သူ့ရှေ့မှ ကထိကလေး ပြောသလိုသာ ဖြစ်လာလျှင် ဘရာဇီး စက်မှုတော်လှန်ရေးကဲ့သို့ ဖိနပ်လုပ်ငန်းတော်လှန်ရေးကြီး တစ်ရပ်ပေါ်ပေါက်လာပေရော့မည်။ ညာဘက်ဖိနပ်တစ်ဘက်လုပ်ရုံနှင့် တကျသော ကုန်ကျစရိတ်မရှိသလောက်သော ဘယ်ဘက်ဖိနပ်ကို ရပေတော့မည် မဟုတ်ပါလော"

"ကသာခရိုင် ရွှေလီမြစ်ညာဘက်မှာ အဲသည်လို နေရာမျိုးရှိနိုင်တယ်လို့ ကျွန်တော်တွက်ချက်လေ့လာမှုအရ သိထားပါတယ်"

"ဘယ်မှာပဲ ဖြစ်ဖြစ်လေ ... မောင်ပြောတဲ့ မိုးဗီးယပ်(စ်)ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မောင် ပြန်မလာချင်းတော့ ဘာမင်္ဂလာပွဲမှ ရှိမှာတော့ မဟုတ်ဘူး ဟုတ်လား"

ရွှေလီမြစ်ကို ဆန်တက်နေသော ကသာသင်္ဘောပေါ်တွင် ကိုထင်ကျော်သည် မျှော်လင့်ချက်အပြည့်နှင့် ဖြစ်၏။ သူနှင့်အတူ ညာဘက်ဖိနပ်ချွန်းအခုတစ်ထောင်ပါလာသည်။ ကြိုတင်လေ့လာထားရန် အစုစပ်ရှယ်ယာ ဝင်များနှင့် အထွေထွေလုပ်ငန်းသုံးငွေအဖြစ် ငွေသုံးသောင်းကို ယောက္ခမလောင်းကြီးက ထည့်ပေးလိုက်၏။

ရွှေလီမြစ်ညာ ရောက်သောအခါ အထမ်းသမားများနှင့်တကွ သင်္ဘောဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ရသည်။ ကိုထင်ကျော်၏ ခေါင်းသည်လည်း မူးဝေပြီး ချာချာလည်နေ၏။ အထမ်းသမားနှင့် လမ်းပြမှဆိုးများ အလွန်ကြောက်သောနေရာတွင် ထူးဆန်းအံ့ဩဖွယ်ရာများကို တွေ့ရတော့၏။

သစ်ပင်တို့သည် ပုံမှန်မဟုတ်သော ထောင့်ချိုးများနှင့် ပေါက်နေကြ၏။ တောအုပ်၏အစိတ်အပိုင်းအချို့သည် ဖောက်ထိုးဖြစ်နေ၏။ ရွှေလီမြစ်ညာ ရောက်ခါနီးကတည်းက ကိုထင်ကျော်ဖျားလာခဲ့သည်မှာ ထိုနေရာသို့ ရောက်သောအခါ အတော်စိုးရိမ်ရသည့် အခြေအနေဖြစ်နေ၏။ နောက်ဆုံးတွင် အဖျားကြီးလှသောကြောင့် သူ့ကိုအထမ်းသမားများက စောင်ပုခက်နှင့် ပြန်ထမ်းခေါ်လာရ၏။ ကိုထင်ကျော် ဘာမျှ မလေ့လာခဲ့ရ။

ကသာသို့ရောက်ရန် နှစ်ရက်အလိုတွင်မှ သူ သတိပြန်လည်လာသည်။ သူထိုင်နိုင်သည်နှင့် ပထမဆုံးလုပ်သော အရာမှာ ဖိနပ်သေတ္တာကို ဖွင့်ကြည့်ခြင်းသာ။ ခဲလေသမျှ သဲရေကျဖြစ်ရပြီ။ အားလုံးသည် ညာဖက်ဖိနပ်အဖြစ်သာ ကျန်ရှိနေ၏။ စိတ်ပျက်စွာ ဖိနပ်များကို မြစ်ထဲပစ်ချ လိုက်၏။

ကသာသင်္ဘောဆိပ်မှာခင်မေချစ်တို့သားအဖနှစ်ယောက်စလုံးစောင့်ကြိုနေကြသည်။ ခင်မေချစ်က မျှော်လင့်ချက်အပြည့်နှင့် ဝမ်းသာအားရ နှုတ်ဆက်၏။ ဦးကျော်ဇောက ...

"ဘယ်လိုလဲဟေ့၊ ဖိနပ်တွေကော ..."

"မြစ်ထဲ အားလုံး ပစ်ချလိုက်ပြီ ခင်ဗျ"

ဒါဆိုရင် ..."

ဦးကျော်ဇော စကားဆုံးအောင် မပြောနိုင်။ ခင်မေချစ်လည်း စိတ်ပျက်သွား၏။

"ဟုတ်ပါတယ် အန်ကယ်လ်။ ကျွန်တော်ရဲ့ စိတ်ကူးယဉ်သီအိုရီကြောင့် အန်ကယ်လ်ကို ဒုက္ခပေးမိသလို ဖြစ်သွားတာ တောင်းပန်ပါတယ်။ သုံးဘက်မြင် မိုးဗီးယပ်(စ်)အလိမ်ဆိုတာ တကယ်တော့ မရှိပါဘူး။ အန်ကယ်ပေးလိုက်တဲ့ စာချုပ်တွေကို ပြန်အပ်ပါတယ်"

ကိုထင်ကျော်က ဝမ်းနည်းကြေကွဲစွာ တောင်းပန်ပြီး လက်ဆွဲအိတ်ထဲမှ စာချုပ်များကို ထုတ်ပေးလိုက်သည်။ ဦးကျော်ဇောက လှမ်းယူကြည့်သည်။

"ဟာ ... ထူးဆန်းလိုက်တာ၊ ဒီစာလုံးတွေ ငါဖတ်လို့မရပါလား။ ဒီမှာကြည့်စမ်း"

"ဖေဖေ ... ဒါမှန်စာလို့ခေါ်တယ်။ စာကြောင်းကိုမှန်ထဲမှာ ပေါ်တဲ့အတိုင်း



ရေးထားတာ"

ချက်ချင်းဆိုသလို ကိုထင်ကျော် ဉာဏ်ပွင့်သွား၏။ တကယ်တော့ သူမမှား။ မှားသည်ဟုထင်ခဲ့ခြင်းသာ ဖြစ်၏။ သူ ယူခဲ့သော ညာဘက်ဖိနပ် များအားလုံးသည် ဘယ်ဘက်အဖြစ်သို့ ပြောင်းသွားခဲ့ပြီး ဖြစ်သည်။ သို့သော် ထိုအလိမ်နေရာကိုပတ်ပြီးသောအခါ သူကိုယ်တိုင်၏ ညာဘက်ခြေထောက်သည် လည်း ဘယ်ဘက်ခြေထောက်သို့ ပြောင်းလဲခဲ့လေသည်။ ဒါကိုသူ သတိမပြုမိခဲ့။ ခင်မေချစ်ကို သူက ...

"ဒေါက်တာ ကျွန်တော့်နှလုံးကို စမ်းကြည့်စမ်းပါ။ အခု ညာဘက်ရောက် သွားပြီ"

"မောင့် နှလုံးသားက ဘယ်ဘက်မှာရှိရှိ၊ ညာဘက်မှာရှိရှိ ဆက်ချစ်နေမှာ ပါ"

ခင်မေချစ် ရှက်စနိုးလေး ပြောလိုက်သံကို ဦးကျော်ဇော မကြားချင်ယောင် ဆောင်နေ၏။

ကိုထင်ကျော်နှင့် ဒေါက်တာခင်မေချစ်တို့သည် အကြီးအကျယ် မင်္ဂလာပွဲ ဆင်နွှဲပြီးကြသော်လည်း သူတို့၏ ရှေ့လမ်းခရီးကတော့ အားလုံးအဆင်မချော ခဲ့ပါ။ ဦးကျော်ဇော၏ ဖိနပ်လုပ်ငန်းကြီးသည်သာ မယုံနိုင်အောက်အောင် ကြီးပွားတိုးတက်ခဲ့သည်။ ကိုထင်ကျော်၏ ကျန်းမာရေးကတော့ တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။

အလွန်ကောင်းမွန် အာဟာရပြည့်ဝသော အစားအစာများကို စားသောက် နေရသည့်တိုင် ကိုထင်ကျော်သည် တစ်ရက်ထက်တစ်ရက် အငတ်ဘေးကြုံတွေ့ နေရသည့် တိုင်းပြည်များမှ ဒုက္ခသည်များကဲ့သို့ အရိုးပြိုင်းပြိုင်း ဖြစ်လာသည်။ ဇနီးသည်က ဆရာဝန်မတစ်ဦးမို့ ကိုယ်တိုင်လည်းကုသည်။ အကောင်းဆုံး ဆေးရုံပေါ်ဝယ် အတော်ဆုံးသမားတော်ကြီးများနှင့်လည်း ကု၏။

သို့တိုင် ကိုထင်ကျော်၏ ရောဂါကို တိတိကျကျ ရှာဖွေမတွေ့ကြ။ အနာသိဆေးရှိဆိုသော်လည်း အနာမသိရတော့ ဆေးရှာခက်လှသည်။ သူတို့ အလွန်ဆုံး ပြောနိုင်သည်မှာ ကိုထင်ကျော်သည် အသားစားနေပါလျက်နှင့် အသားဓာတ်ချို့တဲ့သော 'ကွာရှီရောကော' (Kwashiorkor)ရောဂါဖြစ်နေခြင်း အကြောင်းမှန်းမသိ။

နောက်ဆုံးတွင် မြန်မာနိုင်ငံ ဆေးသုတေသနဌာနမှ ဇီဝဓာတုဗေဒပညာရှင် ဒေါက်တာခင်မောင်မောင်နှင့် တွေ့မှပဲ အတိအကျသိရတော့သည်။ ဒေါက်တာ

www.burmeseclassic.com



ခင်မောင်မောင်က သုံးဘက်မိုးဗီးယပ်(စ်)အလိမ်အကြောင်း၊ ကိုထင်ကျော်၏ စွန့်စားခန်းများအကြောင်း၊ နလုံး ဘယ်မှညာသို့ ပြောင်းသွားသည့်အကြောင်း တို့ကို နားထောင်ပြီးသောအခါ ကိုထင်ကျော်သည် အသားဓာတ်စားသော်လည်း စားသည့် အသားဓာတ်ကို လုံးဝအစာမချေနိုင်သောကြောင့် ယခုလို ဖြစ်နေရ သည်ဟု ဆို၏။

"ခင်ဗျားကို ဒုက္ခပေးနေတာက ခင်ဗျားရဲ့ အစာချေဖျက်ရည်တွေပဲဗျ။ အစာချေရည်ဆိုတာမှာ လီဗိုနဲ့ဒက်စတရင်ဆိုပြီး ၂မျိုးရှိတယ်။ Levo and Dextran variety တဲ့။ သူတို့နှစ်မျိုးဟာ ခင်ဗျားပြောတဲ့ မိုးဗီးယပ်(စ်)ပုံရိပ် တွေလိုပဲ တစ်မျိုးနဲ့ တစ်မျိုးဟာ မှန်ထဲကအရိပ်တွေ အပြန်အလှန် ဖြစ်နေကြ တယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အသားဓာတ် ပရိုတိန်းဓာတ်အားလုံးလိုလိုဟာ လီဗို အမျိုးအစားတွေသာဖြစ်တယ်။ သူတို့ကို ဒက်စတရင်အမျိုးအစား အစာချေရည် တွေက ဘယ်လိုမှ မချေဖျက်နိုင်ကြဘူး။ ဆရာထင်ကျော်ဟာ သုံးဘက်မြင် မိုးဗီးယပ်(စ်)အလိမ်ကို တစ်ပတ် ပတ်ခဲ့တဲ့အတွက် ဆရာ့ရဲ့ လီဗိုအင်ဇိုင်းတွေဟာ ဒက်စတရင်အင်ဇိုင်းတွေအဖြစ် ပြောင်းသွားတာကြောင့် လီဗိုပရိုတိန်းဓာတ်ကို မချေဖျက်နိုင်တော့ဘူး။ ဒါကြောင့် ဆရာထင်ကျော်ဟာ အသားစားနေလျက်က အခုလို အသားဓာတ်ချို့တဲ့နေရတာ။ ရှင်းလား"

"ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်မရှင်းဘူး။ လီဗိုပရိုတိန်းဆိုတာ ဘာလဲ။ ဒက်စတရင်ပရိုတိန်းဆိုတာ ဘာလဲကျွန်တော် သေချာသိချင်တယ်"

"ကောင်းပြီလေ ... ဒီလိုရှိတယ်ဆရာ။ သက်ရှိသတ္တဝါတွေရဲ့ ဖွဲ့စည်း တည်ဆောက်မှုမှာ အရေးအကြီးဆုံးက ပရိုတိန်းလို့ခေါ်တဲ့ အသားဓာတ်ပဲ။ အဲဒီပရိုတိန်းဆိုတာကိုလည်း အမိုင်နိုအက်ဆစ်ဆိုတဲ့ ဒြပ်ပေါင်းတွေနဲ့ပေါင်းစပ် တည်ဆောက်ထားပြန်တယ်။ ဒီအထိရှင်းတယ်နော်။

အမိုင်နိုအက်ဆစ် (Amino Acid) ဒြပ်ပေါင်း သို့မဟုတ် မော်လီကျူး တစ်ခုမှာ အမိုင်နိုအုပ်စု၊ အက်ဆစ်အုပ်စု သူတို့ကို ဆက်သွယ်ပေးထားတဲ့ ဟိုက်ဒြိုဂျင်အက်တမ်ရယ်လို့ သုံးပိုင်းပါတယ်။ ကျန်တစ်ခုလုံးကိုတော့ ရက်ဆီဒြူး (Residue) လို့ခေါ်တယ်"

"ဟုတ်ကဲ့ ဒေါက်တာ ရှင်းပါတယ်... ဆက်ပြောပါ"

"ကဲ ဆရာထင်ကျော်ရဲ့လက်ဖဝါးနှစ်ဖက်ဟာရက်ဆီဒြူးနှစ်ခုဆိုပါတော့။



အမိုင်နိုအုပ်စုကို လက်မပေါ်မှာ ကပ်၊ အက်ဆစ်အုပ်စုကို လက်ညှိုးပေါ်မှာတင်ကပ်၊ ဟိုက်ဒြိုဂျင်အက်တမ်ကို လက်ခလယ်ပေါ်မှာတင်။ အဲဒီတော့... ဘယ်ဘက် လက်ဖဝါးက လီဗိုရက်ဆီဒြူးဆိုရင် ညာဘက်လက်ဖဝါးက ဒက်စတရင် ရက်ဆီဒြူးပဲ။ နှစ်ခုဟာ လုံးဝဖွဲ့စည်းပုံတူတယ်... ဒါပေမယ့် တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက် ကျနေတယ်။ မှန်ထဲက အရိပ်တွေဖြစ်နေတယ်။ တစ်ခုရဲ့ ဘယ်ဟာ တစ်ခုရဲ့ညာ။ ရှင်းလား"

"ဟုတ်ကဲ့"

"သူတို့ နှစ်မျိုးကို ရောင်စဉ်ဖြာနည်းနဲ့ပဲ ခွဲခြားလို့ရတယ်။ ဒီနေရာမှာ သဘာဝတရားရဲ့ လျှို့ဝှက်ချက်တစ်ခုက ကျွန်တော်တို့ဟာ ဓာတ်ခွဲခန်းထဲမှာ လီဗိုသော်လည်းကောင်း၊ ဒက်စတရင်သော်လည်းကောင်း ကြိုက်တဲ့အမျိုးအစား ကို ကြိုက်သလောက်ထုတ်လုပ်ယူလို့ ရနိုင်တယ်။ ဒါပေမဲ့ ကမ္ဘာပေါ်ကသဘာဝ ရဲ့ သက်ရှိမှန်သမျှ ဆရာ၊ ကျွန်တော်၊ ဦးကျော်ဖေ၊ လူ၊ ခွေး၊ နွား၊ သစ်ပင် အားလုံးဟာ လီဗိုအမျိုးအစားဝင်တွေသာ ဖြစ်တယ်။ သဘာဝ ဒက်စတရင် ပရိုတိန်းရယ်လို့ မရှိဘူး"

"အဲဒါ ဘာကြောင့်လဲ၊ ဇီဝရှုထောင့်က ကြည့်ရင် လီဗိုက ဒက်စတရင် ထက် ဘာအားသာချက်ရှိလို့လဲ"

သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ကိုထင်ကျော်အဖို့ ဒေါက်တာခင်မောင်မောင် ရှင်းပြသည်များကို ဘာမျှ နားမလည်နိုင်စရာ အကြောင်းမရှိပါ။ ဒါပေမယ့် ကမ္ဘာပေါ်မှာ အဘယ်ကြောင့် လီဗိုအမျိုးအစား ပရိုတိန်းတွေချည်းသာ ရှိနေ သနည်း။ သူစားဖို့ ဒက်စတရင် ပရိုတန်း မရှိတော့ပြီလော။

"ဒါကိုတော့ ကျွန်တော် သေချာမသိပါဘူး ကိုထင်ကျော် တစ်ချိန်ကတော့ ကမ္ဘာပေါ်မှာ လီဗိုအုပ်စုနဲ့ ဒက်စတရင်အုပ်စုဆိုပြီး သက်ရှိနှစ်မျိုးနဲ့ ရှိခဲ့ဖူးလိမ့် မယ်။ ဆင့်ကဲဖြစ်စဉ်တစ်လျှောက်မှာ လီဗိုအုပ်စုဟာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဒက်စတရင်အုပ်စုကတော့ တစ်စုံတစ်ခုသော အကြောင်းကြောင့် လုံးဝပျောက် ကွယ်သွားရတယ်လို့ ယူဆရတာပဲ။ ဆရာထင်ကျော်ကတော့ ... လီဗိုအုပ်စုသာ ရှိဘဝကနေ မိုးဗီးယပ်(စ်)နေရာကို တစ်ပတ်သွားပတ်မိလို့ လုံးဝမရှိတော့တဲ့ ဒက်စတရင် အုပ်စုဝင်ဖြစ်သွားရတာပဲ"

"အဲဒါမှ သောက်ဌ ကန်တော့ပါရဲ့။ ဒီလိုဆို ဒေါက်တာရှင် — အဲဒီနေရာကိုပဲ နောက်တစ်ပတ် သွားပြန်ပတ်ရင် ကျွန်တော်ဟာ လီဗိုအုပ်စုအဖြစ် ပြန်မဖြစ်နိုင်ဘူးလား။"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော် မသိဘူး။ ဖြစ်နိုင်ခဲ့ရင်လည်း ဆရာထင်ကျော်ရဲ့ နှလုံးတွေ အသည်းတွေ၊ ကလီစာတွေဟာ ခဏ ခဏ ဘယ်ညာပြောင်းတဲ့ ဒဏ်ကို ခံနိုင်ရည် ရှိ မရှိ ဆိုတာလည်း ကျွန်တော် တာဝန်မခံနိုင်ဘူး။"

"အဲသဟာဖြင့် ကျွန်တော်က ဒက်စတရင် လူသားဘဝနဲ့ပဲ ငတ်ပြီး အသေခံရတော့မှာပေါ့"

"ဒီအတွက်တော့ မပူပါနဲ့။ ခင်ဗျားယောက္ခမဟာ အင်မတန်ချမ်းသာတဲ့ သူဌေးကြီးတစ်ဦးမို့ ... သူ့သားမက်ကလေးအတွက် ဒက်စတရင်ပရိုတိန်းတွေ ထုတ်လုပ်ပေးပါလိမ့်မယ်"

"အခု လောလောဆယ်ကော... ဘာစားရမလဲ"

"ပင်နီစလင်စား"

"ဗျာ ... ဒေါက်တာ ..."

"ကျွန်တော် ကိုထင်ကျော်ကို ပြောဖို့ တစ်ခုကျန်နေခဲ့တယ်။ ကမ္ဘာပေါ်မှာ ဒက်စတရင် သက်ရှိတွေ အာလုံးမျိုးတုံးခဲ့ပြီဆိုပေမယ့် ကျန်နေသေးတဲ့ ဒက်စတရင်နည်းနည်းလေးတော့ ရှိတယ်။ ဒါလည်း သိပ်သိပ်ကို နည်းတယ်"

"ဘာကောင်တွေလဲ စားလို့ မရဘူးလား"

"ရတော့ ရတယ်၊ ဒါပေမယ့် သူတို့ဟာ အကောင်ကြီးတွေတော့ မဟုတ် ဘူး။ ပင်နီစလင်ထုတ်တဲ့ မှို (fʌngus) တွေကို သိပ်ကို သေးငယ်တဲ့ ဟာတွေ"

ကိုထင်ကျော်က အစေခံခေါ်သော ခလုတ်ကို နှိပ်လိုက်၏။ မကြာခင် အလုပ်သမားတစ်ယောက် ရောက်လာသောအခါ ...

"ရန်ကုန်တစ်မြို့လုံးက ဆေးဆိုင်တွေ ကွမ်းယာဆိုင်တွေမှာရှိသမျှ ပင်နီစလင်အကုန်လုံးကို အမြန်ဆုံး သိမ်းကျုံးဝယ်ပေးစမ်းပါ၊ ရရင်ဇလုံအမောက် ထည့်ယူလာခဲ့၊ ငါ သိပ်ဆာနေပြီ။

စတိုင်သစ်၊ နိုဝင်ဘာလ၊ ၂၀၀၃

❒

## နောက်ဆုံးလက်ကျန်ကောင်

ကျွန်တော့်ကိုမြင်သည်နှင့် ရွှန်းလဲ့သော သူ့မျက်လုံးများက ပိုမိုတောက်ပသွားသည်။ မတွေ့တာ နှစ်အစိတ်ရှိပေမယ့် သူ့ရုပ်အသွင်နှင့် ကိုယ်နေဟန်က ပြောလောက်အောင် မပြောင်းသေး။ သူကလည်း ကျွန်တော့်ကို လုံးဝမျှော်လင့်မထားတာ သေချာ၏။ လုံးဝမထင်ထားသူကို မထင်မှတ်ပဲ တွေ့လိုက်ရသည့်အခါ ခံစားလိုက်ရသည့် ပုံစံမျိုးအတိုင်း အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ဘာစပြောရမည်မသိခြင်း စသည့် စိတ်လှိုင်းများသာ သူ့မျက်နှာပေါ်မှာ ဖြစ်သွား၏။

ကြာခဲ့ပြီပဲ။ ကျောင်းပြီးသွားပြီးကတည်းက မတွေ့ကြတာ နှစ်အစိတ်ပြည့်ရန် လပိုင်းမျှသာလိုတော့သည်။ အဆောင်အလက်စုံလင်၍ ထမင်းစားလက်မှတ်ကိုယ်စီရသောအခါ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြသူများရှိသလို ရွှေပင်လယ်ငွေသမုဒ်ပြင်တို့ကို ကျော်ဖြတ်အတောင်ဆန့်ပြီး တစ်ကျွန်းတစ်နယ်အရပ်ဆီသို့ ရောက်သွားသူတို့လည်းရှိသည်။ ရွှေပင်လယ်ကာဆီး ခရီးရှယ်မှန်းတယ်ဆိုသော အရပ်ဝယ်ရှိ တခြားကမ္ဘာမှ ချစ်ရသူတို့ကို မဆိုထားဘိ၊ တစ်မြို့တည်းက သူ့အချင်းချင်းပင် တွေ့ချင်မှ တွေ့ဖြစ်သည်။

သောကမီးအသွယ်သွယ်ကိုယ်စီနှင့်မို့ ငယ်ငယ်တုန်းက ဘဝတွေကို တစ်ခါတစ်ရံ အောက်မေ့ရုံသာရှိကြပေသည်။ တချို့ ဘယ်ရောက်၍ ဘယ်မှာရှိသည် နေကြမှန်းပင်မသိ။ အဘယ်မည်သော ရေကြည်ပြီး မြက်နုရာသို့ ရောက်ကုန်ကြသည်မသိ။ အခုလိုတွေ့ချင်လွန်း၍ တကူးတကလိုက်ရှာမှသာ တွေ့နိုင်ပေသည်။ ကျွန်တော်က ဘာမှမပြောပဲ ပြုံးကြည့်နေ၏။ သူကစ၍

"တို့ဒီမှာရှိတာ ဘယ်လိုသိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမှာသွားမေးတာပေါ့။ ဌာနမှာမလုပ်တော့ဘူး။ ဒီဆေးခန်းမှာ ထုတ်နေတယ်ဆိုလို့"

"လက်ပံတန်းမှာ။ မခိုင်ကိုတွေ့ချင်လွန်းလို့ တမင်ကိုလိုက်ရှာတာ"

ခိုင်မာလာဆိုသော ကျွန်တော့်အရင်းနှီးဆုံး သံယောဇဉ်အရှိဆုံး သူငယ်ချင်းမက ကျွန်တော့်ကို အပေါ်ထပ်သို့ခေါ်သွားပြီး လက်ဖက်ရည်တိုက်သည်။ မတွေ့ခဲ့ကြသော နှစ်တွေအတွင်းက အကြောင်းတွေကို ဟိုရောက်ဒီရောက် ရှေ့နောက် အစီအစဉ်မကျ ပြောကြမေးကြသည်။

"ခိုင့်မင်္ဂလာဆောင်ဖိတ်စာရတယ်။ အဲဒီတုန်းက တို့ဖောင်ကြီးတက်နေလို့ မလာနိုင်ခဲ့တာ"

"သူ့အကြောင်းတွေလည်း ကြားပါတယ်။ တစ်ခုမှအကောင်းမပါဘူး။ အရက်မူးပြီး နှစ်ထပ်တိုက်ဝရန်တာက လိမ့်ကျတယ်၊ ဆိုင်ကယ်မှောက်လို့ ပေါင်ကျိုးတယ်၊ အောက်ပိုင်းသေသွားတယ်။ အခုကော သောက်တုန်းပဲလား"

ကျွန်တော်ပြုံးရုံသာပြုံးပြီး ဘာမျှမပြောပါ။

"သူကျောင်းတုန်းက အရမ်းလိမ္မာပါတယ်။ ခုမှ ဘယ်လိုဖြစ်တာလဲ။ အသက်တွေလည်း ငယ်တော့လို့လား"

"အချိန်ဆိုတာက မရှိတာကို ရှိအောင် ရှိတာကိုပျောက်ပြတတ်တဲ့ အတော်ဆုံးမျက်လှည့်ဆရာကြီး။ 'အခြေအနေ'ကတော့ အဖြူကိုအမည်း အနီ၊ အစိမ်း၊ အပြာဆိုးပေးတဲ့ အတော်ဆုံး ပန်းချီဆရာကြီးတွေ မဟုတ်လား။ ဒီလောက်တော့ရှိမှာပေါ့။ ဒါပေမယ့် တို့မှာရှိတဲ့ ခင်မင်မှုတွေ၊ ရိုးသားမှုတွေ၊ သံယောဇဉ်တွေကိုတော့ သူတို့မပြောင်းနိုင်ပါဘူး"

"သူလိမ္မာဖို့ကောင်းပြီ၊ သူငယ်ချင်းတစ်ယောက် အချိန်မတိုင်ခင်သေသွားမှာ စိုးလို့ပြောတာ"

"မပူပါနဲ့ သူငယ်ချင်းရယ်။ ဒီကောင်က မိုင်းပေါ်ဖင်တက်ထိုင်တာတောင် မသေတဲ့ကောင်ပါ။ ခုလည်း မသောက်တော့ပါဘူး။ သမီးလေးကြောင့်။ ခိုင်ကော ကလေးရပြီလား"

"သားတစ်ယောက်။ ရှစ်နှစ်။ သူ့သမီးဘယ်အရွယ်လဲ။ ချောလား။ ချောရင်စရန်ရိုက်မလို့"

"သမီးကသုံးနှစ်။ အဖေလို မည်းမည်းပုပုမဟုတ်ဘူး။ ဖြူတယ်၊ ထွားတယ်။ ချောတာကတော့ လူဦးရေသန်းပေါင်း (၆၀၀၀)မှာ နံပါတ်တစ်ဖွဲ့တယ်။ ခိုင့်သားဆိုရင်လည်း ချောမှာပါ"



"ဆိုးတယ် ... သူ့အမေက အလိုလိုက်လွန်းတယ်။ တို့ကတော့ မရဘူး ရှင်းတာပဲ။ မေ့သွားမှာစိုးလို့တောင် တစ်လလောက် အပြစ်မရှိလည်း အပြစ်ရှာပြီး ရိုက်ပေးရတယ်"

ရယ်လိုက်ကြသည်။ သူငယ်ချင်းမကို ကျွန်တော်သေချာကြည့်သည်။ ... နှာကနည်းနည်းလေးတည်ငြိမ်ရင့်ကျက်လာသည်ကလွဲ၍ ကျောင်းသူဘဝက အလှတွေ အပြည့်အဝကျန်နေတုန်း။ ဟိုတုန်းကလည်း မြင့်မြင့်သွယ်သွယ် ... နွဲ့နှောင်းနှောင်း ယခုလည်း ထိုအတိုင်းပင်။

"မဆွေ ... သည်မှာတွေ့ခဲ့တယ်။ ပြည်ဆေးရုံမှာ ဓာတ်မှန်ဆရာဝန်မကြီး။ တင်မောင်ရီက ခွဲစိတ်၊ သူရက ကလေးအထူးကု။ မဆွေလည်း ခိုင့်လိုပဲ ပြောင်းလဲဘူး။ လှတုန်း။ အိမ်ထောင်သည်ကလေးအမေလို့ မထင်ရဘူး။ သူရကတော့ မတရားဝနေပြီ။ မျိုးမင်းခေါင်က ကြို့ပင်ကောက်မှာ။ လှမျိုးကြီး တလောက လေဖြတ်သွားတယ်ကြားတာပဲ"

"ဟုတ်လား... တော်တော်များများက ဝဖီးနေကြပြီ။ တလောက ရွှေစင်တို့ဆီက ဓာတ်ပုံရတယ်။ သူကောညိုညိုစိမ့်ကော သူတို့သမီးလေးပါ အကုန်လုံးတစ်ပုံစံတည်း။ ဖိုးဝရုပ်သုံးရုပ် ထောင်ထားသလိုပဲ။ သူလည်း ကျောင်းတုန်းကအတိုင်းပါ။ မျက်နှာတော့ကျသွားတယ်။ ဒါလည်း သိပ်သောက်လို့ ဖြစ်မှာပဲ"

"ဟုတ်တယ်... ဘွဲ့ယူတုန်းကပေါင် (၁၂၀)၊ အခု (၁၉၉)ပေါင်။ ... ကိုက ဘာမှမပြောင်းပါဘူး။ အခုထိလွယ်အိတ်တစ်လုံးနဲ့ လမ်းလျှောက်နေတုန်း"

သီတာလည်း ကျောင်းတုန်းကနဲ့ ဘာမှမဆိုင်ဘူး။ အရမ်းကိုဝတုတ်ပြကြီး ... နေပြီဟု ပြောသောအခါ နှလုံးသားကို ထိခိုက်လှုပ်ရှားခြင်းကင်းသော ... အားမှုဖြင့် ရယ်မောပြီး 'ဟုတ်လား။ တို့ကံကောင်းတာပေါ့' ကျွန်တော်ခပ်ပေါ့ ... ပြန်ပြောနိုင်ခဲ့သည်မှာလည်း အချိန်မျက်လှည့်ဆရာကြီးကြောင့် ဖြစ်ပေမည်။ ... နှုန်ခဲ့သော နှစ်သုံးဆယ်တုန်းကတော့ 'သီတာ'ဆိုသော အသံကို ကြားမိရုံနှင့် ... ထဲမှာ အေးမြသွားသည်။ လှိုင်းတံပိုးထလာသည်။ လွင့်လွင့်သွားခဲ့ရသည်။

"ဇန်နဝါရီ(၁၀)ရက်နေ့မှာ တို့တွေ အစည်းအဝေးရှိတယ်။ သူလာနိုင် ... လား"

"ဘာအစည်းအဝေးလဲ။ ဘယ်မှာလဲ။ တို့ကနယ်မှာဆိုတော့ ... ... ဘာမှမရဘူး"

"(၇၉)ခုနှစ်ဘွဲ့ရ တို့တွေ ငွေရတုအထိမ်းအမှတ် (၂၀၀၄)မှာ ပြန်ဆုံမယ်

www.burmeseclassic.com



လေ။ နိုင်ငံခြားရောက်နေသူတွေလည်း ပြန်လာလည်ကြမယ်။ ဆရာတွေလည်း ကန်တော့ကြမှာ။ အဲဒါတိုင်ပင်ဖို့ အကြိုစည်းဝေးတာ။ (၁)နာရီ အာရှပလာဇာကို သူလာနိုင်ရင် လာခဲ့ပါလား"

"ခွင့်ရရင်လာမယ်လေ။ အာရှပလာဇာဆိုတာ ဘယ်မှာလဲ။ တို့ကတော သား"

"ယူကလည်း အာရှပလာဇာဆိုတာ ဗိုလ်ချုပ်လမ်းနဲ့ (၃၈)လမ်းထောင့်မှာလေ။ ကိုမောင်မောင်ဦးပိုင်တာ။ ယူလာရင်တော့ လ ရမယ်"

မနက် (၇)နာရီ ရန်ကုန်ဘူတာကြီး ဝင်နေကျအ ၁ (၇၂)အစုန် ပြည်ရန်ကုန်အမြန်ရထားက နောက်ကျလွန်းစွာ (၁၀)နာရီခွဲမှ ရန်ကုန်ရောက်သည်။ ကျွန်တော်တည်းခိုမည့် ကြို့ကုန်းသို့သွားပြီးမှ မြို့ထဲသို့ပြန်လာရမည်ဆိုလျှင် အစည်းအဝေးမီချင်မှမီမည်။ ထို့ကြောင့် ကြို့ကုန်းမသွားတော့ရန် ဆုံးဖြတ်ပြီး ဒုရုံပိုင်ချုပ် ကိုထွန်းအေးအခန်းထဲမှာ သွားနေလိုက်သည်။ ကိုထွန်းအေးကလည်း ကျွန်တော်နှင့် အထက်တန်းကျောင်းမှာ ကျောင်းနေဖတ်။ အခုတော့ဌာနတစ်ခုတည်းမှာ လုပ်ဖော်အဖြစ် ပြန်ဆုံရသည်။

"သူငယ်ချင်း ဒီနေ့ပွဲရှိလား။ ဘယ်အချိန်လဲ"

"ရှိတယ်လေ။ ည(၈)နာရီ လောက်မှန်းတယ်"

"အတော်ပဲ၊ ကိုယ်လက်ပံတန်း ပြန်လိုက်မယ်။ အပ်ပါးတစ်နေရာလောက် မှတ်ထားလိုက်နော်"

ဘူတာကြီးစကြံမှ ဆိုလျှင် အာရှပလာဇာဟိုတယ်ကြီးကို လှမ်းမြင်နေရသည်။ အတွင်းသို့မရောက်ဖူး၍ မည်သို့ ရှိနေမည်တော့မသိ။ အပြင်ပန်းအမြင်အရတော့ အတော်ပင်ကြီးကျယ်ခန်းနားလှသည်။ ဩော် ..ဒါငါ့သူငယ်ချင်း တစ်ယောက်ပိုင် ဆိုပါလား။ ကျောင်းကုန်းကတော့ ကိုမောင်မောင်ဦးနှင့် မရင်းနှီး၍ သူဘယ်လောက်ချမ်းသာပြီးသားမို့ ဒီဟိုတယ်ကြီးကို ဆောက်သည်လား။ သို့မဟုတ် အောင်ပြီးမှ ကြိုးစားမှုကြောင့် ကျိုကျိုတက်လာသည်လား။ ဘာကြောင့်ဖြစ်ဖြစ် ဝမ်းသာရပါသည်။

မောင်မောင်ဦးလို ဆရာဝန်အလုပ်၊ ဆေးကုသည့်အလုပ်မလုပ်ဘဲ စီးပွားရေးလုပ်နေသူများလည်းရှိသည်။ ခင်ဇော်ကြူးက ရခိုင်ဘက်မှာ ငါးပုစွန် လုပ်ငန်းလုပ်နေသည်။ ခင်မေစုကတော့ ကုမ္ပဏီထောင်ကာ အတော်ချမ်းသာနေပြီ ဖြစ်၏။ ဆေးရုံဆေးခန်းကြီးကြီး မှန်သမျှ သူ့ကုမ္ပဏီနှင့်မကင်း။ ကျောင်းတုန်းကဆိုလျှင် အလွန်အရပ်ရှည်၊ ဆံပင်ရှည်ပြီး မြန်မာဆန်ဆန် (အလှကြီးတော့မဟုတ်)



ခင်မေစုကို အခုလို ဒေါ်လာတွေ၊ အက်(ဖ)အီးစီတွေနှင့် လုပ်ငန်းရှင် အပြန်လုံးဝ စိတ်မကူးမိခဲ့။

စစ်တပ်ထဲ ဝင်ရောက်အမှုထမ်း သူတွေလည်းရှိသည်။ သူတို့ကတော့ အခုဆိုလျှင် အားလုံးဗိုလ်မှူးကြီးအထူးကုတွေ၊ တပ်ရင်းမှူးတွေဖြစ်နေကြပြီ။ အရပ်ဘက်ဝင် အမှုထမ်းသူများဆိုလျှင်လည်း ညွှန်ကြားရေးမှူးတွေ၊ ဆေးရုံအုပ်ကြီးတွေ၊ အထူးကုပါရဂူကြီးတွေ ဖြစ်ကုန်ကြပေပြီ။ အစိုးရအမှုမထမ်းဘဲ ကိုယ်ပိုင်ဆေးခန်းဖွင့်သူတွေကျတော့လည်း တော်တော်ချမ်းသာကုန်ပြီဖြစ်၏။

ကျွန်တော်တို့နှစ်မှ အတော်များများက တစ်ပြည်တစ်ရွာမှာ ရေကြည်ရာမြက်နုရာရှာကြ ၊ အနောက်ဘက်ထွက်သူ။ တောင်ဘက်ဆင်းသူတွေဘဝကဂုဏ်ယူစရာကောင်းလှသည်။ အိုးတိုက် ပန်းကန်ဆေး၊ ဓာတ်ဆီထည့် တစ်ယောက်မှမပါ။ သူတို့နောက်မြီးများက သူတို့ကိုယ်ကို ခုနစ်ပတ်လောက်ပတ်နိုင်ပြီး အမှာ့ထိပ်တန်းဆေးရုံ ဆေးတက္ကသိုလ်တို့တွင် ပါမောက္ခတွေ၊ ထိပ်ဆုံးကပါရဂူဆရာဝန်ကြီးတွေ ဖြစ်နေကြသည်။

ဟိုတုန်းက ဖဲအလွန်ရိုက်သော၊ တစ်တန်းမှာ တစ်ဘာသာလောက်မှမကျရလျှင် မနေနိုင်သော ခင်မောင်ဝင်းပင်လျှင် အတိုင်ပင်ခံသမားတော်ကြီးတဲ့။ ကိုကတည်းက မိုးပျံနေသော ရွှေဇင်၊ နေမျိုးအောင်၊ ဝင်းအောင်၊ စိုးသိန်း၊ ညီညီ စိမ်း၊ အက်(စ)သာ၊ စိုးနောင်တို့ဆိုလျှင် မည်မျှအမြီးတွေရှည်၊ ဘွဲ့တွေများနေပြီကို မမှန်းဆတတ်တော့။ ဘာပဲပြောပြော အခြေအနေအခွင့်အရေးချင်းတူလျှင်ကျွန်တော်တို့လူမျိုးသည် ကမ္ဘာပေါ်က ဘယ်လူမျိုးကိုမဆို ထိပ်ပုတ်နိုင်သည်ဟုကျွန်တော်ယုံထား၏။

ထိပ်ဆုံးက သူငယ်ချင်းများအတွက် ဂုဏ်တက်မိသလို တက်ကျိုးသွားသူတွေ၊ ဝဲဂယက်မှာ စုံးစုံးမြုပ်သွားရသူတွေအတွက်လည်း စိတ်မကောင်း။ ...ကား(ခေါ်) ခင်မောင်လေးက ပထမနှစ်ကတည်းက စာမေးပွဲကျ၍ ...ကျောင်းထွက်သွားရသည်။ အေးအောင်၊ စိုးရင်၊ မျိုးထွန်း၊ ခင်မော်တို့ဘ...တော်လျက်နှင့် ခရီးဆုံးပန်းတိုင်မရောက်ခဲ့ရ။ အေးအောင်ဆိုလျှင် (၁၀)တန်း...အောင်တော့ မြန်မာတစ်ပြည်လုံးတွင် အဆင့်ပဌမလားမသိချိတ်သည်။ အလွှမ်း... အင်္ဂလိပ်စာသိပ်တော်သည်။ ယခုတော့ လက်နက်နှင့် ငြိမ်း...သောအဖွဲ့တစ်ခုတွင် ထိပ်တန်းရာထူးနှင့်ဟုကြား၏။ စိုးရင်က လူ...ယ်ကျွမ်းစာရေးဆရာ။ အလွန်စာရေးကောင်းသူ။ ကိုမျိုးထွန်းက လ...နှင့်သဘောထား အင်မတန်ပြည့်ဝသူ။ အခုလက်ဖက်ရည်ဆိုင်ဖွင့်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ဝင်းမှည့်ပြီးမှ ကြွေကျရသော ခင်ခင်ဝင်း၊ ခင်ကျော်တို့ကို အခုလိုအချိန်တွင် ကျွန်တော်အထူးသတိရသည်။ ခင်ခင်ဝင်းသည် အပြင်ဗာဟိရကိစ္စများနှင့် အမြဲရှုပ်နေတတ်သူ၊ ကျွန်တော့အား ဒိုင်ခံလက်မှတ်ခိုးထိုးပေးသူ၊ စာကူးပေးသူဖြစ်၏။ ခင်ကျော်ကတော့ ပွေဖက်၊ ရှုပ်ဖက်၊ ဖဲရိုက်ဖက်ဖြစ်သည်။

နောက်ဆုံးနှစ်အောင်ပြီး လပိုင်းအတွင်း ကင်ဆာရောဂါနှင့် ခင်ခင်ဝင်းဆုံးသည်။ လူပြည်ကို စာလာကျက်သလိုပင်။ ခင်ကျော်ကတော့ တမူးဘက်တွင် ဆေးခန်းသွားဖွင့်ရာမှ ဖရနစ်သေဆုံးသည်ဟု ကြားသည်။ သူ့အသုဘကိုလိုက်ပို့သောအဖွဲ့မှာလည်း လေမှောက်၍ သူ့နောက်သို ိ တ်ရဲဘော်သုံးဦးလိုက်ပါသွားကြ၏။

သူတို့နှစ်ယောက်က အရင်ဦးဆုံး သူငယ်ချင်းများကို စွန့်ခွာသွားသူများဖြစ်ကြ၏။ သူတို့နောက်ကလိုက်သွား သူများက တင်လေးအောင်၊ မိုးခင်လတ်ဝင်း၊ ရဲလွင်၊ ဂစ်ယန်ရှည်သာတို့ဖြစ်ကြသည်။ ကျွန်တော်မသိတာတွေလည်းရှိဦးမည်။

လူတိုင်းသည် မွေးကတည်းက သေမိန့်ကျပြီးသော သူများဖြစ်သည်။ ဒါကို လူတိုင်းသိလျက်နှင့် မသိချင်ယောင်ဆောင်ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ မသေနိုင်သူများပမာ ပျော်ရွှင်နေနိုင်ကြသည်။ သေနေ့မရောက်မချင်း ဉစ္စာ၊ ငွေမ ြ ကို ရှာကြသည်။ ထိပ်ဆုံးသို့ ရောက်အောင်တက်ကြသည်။ ဂုဏ်အရှိန်အဝါနှင့်အာဏာကို အရူးအမူးရှာကြသည်။ ၎င်းတို့ကို ပိုင်ဆိုင်ရရှိဖို့ရာတွင် အထောက်အပံ့ ဖြစ် မ ၊နိုင်သည့်ပညာကို သင်ယူကြ၏။

ဘယ်စာအုပ်ထဲမှာလဲမသိ၊ မေးခွန်းလေးတစ်ခုကို ဖတ်မှုသည်။ သင်မနက်ဖြန်သေမည်ဆိုလျှင် ဘာလုပ်မည်နည်းတဲ့။ တော်တော်ဖြေရခက်မည့်မေးခွန်းပင်။ ဒီမေးခွန်းအတွက် အကောင်းဆုံးအဖြေတစ်မျိုးတည်းတော့ ရှိမည်မထင်။ လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ အဖြေတွေကလည်း အမုံမုံဖြစ်မည်မှာ သေချာ၏။ ယူမသွားနိုင်မည့်ပစ္စည်းဉစ္စာရတနာတို့ကို လှူဒါန်းမည့်သူများရှိသလို နောက်ဆုံးအချိန်တွင် ထိုဉစ္စာချမ်းသာတို့ကို အကုန်သုံးကာ အမြင့်ဆုံးသော ကာမဂုဏ်အာရုံများကို ခံစားရင်း ရိက္ခာယူမည့်သူများလည်း ရှိမည်မှာမလွဲ။ ထို့အတူ တစ်သက်လုံး အတ္တတွေများခဲ့၊ မောဟတွေဖုံးခဲ့၊ လောဘတွေတက်ခဲ့၊ ဒေါသတွေကြီးခဲ့ပြီး ထိုအချိန်မှ အပြေးအလွှားပဋ္ဌာန်းခံမည့်သူ၊ တရားထိုင်မည့်သူတွေလည်း နည်းလိမ့်မည်မထင်။

ကျွန်တော့် ထိုမေးခွန်းမေးလာခဲ့လျှင်ကော။ ကျွန်တော်မည်သို့ ဖြေရမည်



နည်း။ ကျွန်တော် သေချာစဉ်းစားကြည့်လျှင်တော့ ဖြေနိုင်လိမ့်မည်ဟု ယင်သည်။ အခုတော့ မစဉ်းစားအားသေး။ သေကာမှသေရော။ (၁)နာရီထိုးလျှင် အစည်းအဝေးတက်ရမည်။အစည်းအဝေးပြီးလျှင် သမီးအတွက်မုန့်ဝယ်ရမည်။ ဇနီးမှာလိုက်သော ထီးတစ်လက်ဝယ်ရမည်။ (၈)နာရီအမီပြန်လာပြီး ပုဂံရထားဖြင့်ပြန်လျှင် လက်ပံတန်းသို့ ည(၁၂)နာရီရောက်မည်။ မနက်ဖြန်မှ ကျွန်တော်ပြန်ရောက်မည်ထင်ထားသော သမီးက ကျွန်တော့်ကို တွေ့လျှင် ဘယ်လောက်ပျော်သွားမည်နည်း။

"ကွာ... မာဇဒါဂျစ်တစ်စီးကို သိန်း(၂၀)တက်ပစ်ရော။ သေရော။"

"မသေနဲ့လေ။ မင်း၊သေလို့မဖြစ်သေးဘူး။ မာဇဒါဂျစ်မစီးနဲ့ကွာ။ ဆိုက္ကားစီး"

"ငါက ဘတ်ဂျက်ဆွဲရတာကွ။ 'ဆွဲပြီးသားတွေသွားရော"

ကျွန်တော်သူတို့နားရောက်တော့ ထိုသို့ကြားလိုက်ရသည်။ ဘတ်ဂျက်တွေ ဂျစ်တွေနှင့် ကြီးကျယ်နေသူက ထွန်းနိုင်ဦး။ လုံကသာဗိုက်ထွက်ဝဖြိုးနေသော်မယ့် အသံကတော့ နဂိုအတိုင်း။ ပြာတာတာ ဗလုံးပထွေးနိုင်တုန်းပင်။ သူ့ကို ခွေးပစ်တဲ့တုတ်ထက်ပိုတိုသော ဆေးပေါ့လိပ်အစီခံ သာသာခင်မောင်လေးက ထောက်ခံသလိုနှင့် လှောင်နေ၏။

ထွန်းနိုင်ဦး ဝသီကတော့ ဘယ်တော့မှပျောက်မည်မဟုတ်။ ကလေးတွေပြောသလို ပြောရလျှင် ဒီကောင်ကတော်တော်'ပဲ'များသည်။

ကျွန်တော်တို့နောက်ဆုံးနှစ်တုန်းက အရေးကြီးသော ပါမောက္ခကိုယ်တိုင်သင်သည့် သင်ခန်းစာတစ်ခုကို လက်ချာလိုနေစဉ် စာသင်ခန်းအဝနားသို့ သူအရေးတကြီးရောက်လာသည်။ ကျွန်တော့်အားမှ မခင်မော်ကို လက်ယပ်ခေါ်သည်။ မခင်မော်က အင်မတန်စာကြိုးစားသည်။ ဒါပေမယ့်ထွန်းနိုင်ဦးအာအရေးတကြီးပုံစံနှင့် ခေါ်နေတော့ ဘာများပါလိမ့်ဆိုပြီး ထွက်တွေ့သည်။ သူက မခင်မော်ကို ပြောလိုက်သည် အရေးတကြီးစကားက 'ငါ့ကို ဆောသုံးအသင်းလက်ရွေးစင်ရွေးလိုက်ပြီ'တဲ့၊ ထိုအခိုက်

"ကောင်းတော့မိုန်းနေတယ်နော်။ မင်းအသံမထွက်ဘူး"

"မဟုတ်ပါဘူးကွ"

"အေးပါ၊ မိုန်းနေပါ အသံမထွက်ပါနဲ့"

ဝင်လာပြီး သူ့ပုံစံအတိုင်း ပါးစပ်ကလေးရွဲ့၍ ခေတိတတိ ခနဲ့တရုန့် ထွန်းနိုင်ဦးကို ပြောလိုက်သူက ဗိုလ်မှူးကြီး ကျော်စိုးထွန်းဖြစ်သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗိုလ်ချင်း ဘာအချိတ်အဆက်အထာတွေရှိသည်မသိ၊ ထွန်းနိုင်ဦးတစ်ခါတည်း ငြိမ်ကျသွားတော့သည်။

"အာလူးလာမှပဲ ဒီကောင်အမြီးကုပ်သွားတော့တယ်"

"မခင်မော်မရှိလို့။ ရှိရင်ဒီကောင်အီးတောင်မပေါက်ရဲဘူး"

မိတ္ထီလာကို ရောက်နေသည့် ဗိုလ်မှူးကြီးမခင်မော်ကလည်း ထွန်းနိုင်ဦးကို အသေနိုင်သည်။ ခင်ဇော်ကြူးက သမားတော်ကြီး ကာနယ်ကျော်စိုးထွန်းကို အာလူးဟုခေါ်ကာ နှိပ်လိုက်ပြန်သည်။ ဒီဝိုင်းထဲသို့လာလျှင် ဘားတွေအပွင့်တွေ ဖြုတ်လိုက်။ ဒီနေရာမှာ ရာထူးတွေ နေရာတွေကို ဘယ်သူမှအသိအမှတ်မပြု။ ...အားဟာရောက်လာတော့ ထွန်းနိုင်ဦးက တစ်စခန်းထပြန်သည်။

"မနိုင်တို့ ဌာနမှာလုပ်မလား။

တစ်ယောက်လိုလို့။ ကားရမယ် အိမ်ရမယ်။ ညွှန်ကြားရေးမှူးရာထူး အထိ တိုးသဘောနဲ့ခန့်လို့ရတယ်"

"လခဘယ်လောက်လဲ"

"အနည်းဆုံး သောင်းနှစ်ထောင်"

"အေး... ဒေါ်လာနဲ့ သောင်းနှစ်ထောင်ဆိုလုပ်မယ်"

အားလုံးဝိုင်းဟားသည်။ ခုထိ မင်းမလျှော့သေးဘူးလားဟု ဝိုင်းပြောကြသောအခါ ထွန်းနိုင်ဦးငြိမ်ကုပ်သွားရပြန်သည်။ သူက နိုင်မာလာကို အသေအလဲ ပိုးခဲ့ဖူးသူဖြစ်၏။ ထိုစဉ် ကျွန်တော့ကျောကိုပုတ်ပြီး ဘယ်တုန်းကရောက်နေလဲဟု မေးလိုက်သံကြား၍ လှည့်ကြည့်လိုက်သည်။ ကျွန်တော့်နှလုံးသားသည် ပါးစပ်ထဲ ခုန်ထွက်သွားသလိုပင်။ ကျွန်တော်သိပ်တွေ့ချင်သူ၊ လူအုပ်ထဲမှာလိုက်ရှာနေသူ။

"ဟင်... ယု... ယု..."

"ပြောလေ... ငါဘယ်သူလဲ၊ ငါ့ကိုမမှတ်မိရင် နင်မလွယ်ဘူး"

"ဟို... နာတာရှာ... ဟုတ်ပါဘူး။ ခင်သက်ထွန်း၊ ခင်သက်ထွန်းပါ"

"နင်သိသားပဲ၊ လာ... ငါတို့ ဟိုဘက်မှာသွားထိုင်မယ်"

သူက ကျွန်တော့်လက်မောင်းကိုဆွဲကာ လူရှင်းသောစားပွဲလွတ်ဆီသို့ ဆွဲခေါ်သွားသည်။ ပြန်လည်ဆုံတွေ့ရသည်ကို ကျွန်တော်ကဲ့သို့ သူလည်းအလွန် ဝမ်းသာနေပုံပေါ်သည်။

ကျွန်တော် ခင်မိသူ သံယောဇဉ်တွယ်မိသူများအနက် ခင်သက်ထွန်းနှင့် ခင်လေးမူနှစ်ယောက်က ထိပ်ဆုံးကပါသည်။ ခင်သက်ထွန်း ကျောင်းသူဘဝ တုန်းက စစ်နှင့်ငြိမ်းချမ်းရေး ရုပ်ရှင်ကားထဲမှ 'နာတာရှာ'လုပ်သော မင်းသမီးလေး



နှင့်အတော်တူသည်။ နဖူးရှင်းရှင်း၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့်ဖြစ်သည်။ လည်တိုင်ကလေးကလည်းရှည်၍ အသားလေးများဖွေးဆွတ်နေ၏။

အေးသည်၊ ရီးသားသည်။ ကလေးငယ်တစ်ဦးကဲ့သို့ မာန်မာန ခေါသ ကင်းကာ အပြုံထည်လေးမို့ သူကိုကြည့်ရတာ အေးချမ်း၏။ ထို့ကြောင့် သူငယ်ချင်းတစ်ယောက်အပေါ်ထားသော ခင်မင်မှုတွင် နှမလေးတစ်ယောက်ကဲ့ သို့ စေတနာပိုမိအလိုလိုက်ခဲ့မိရုံသာမက ခင်သက်ထွန်းနှင့်ခင်လေးမူတို့ မျက်နှာကို မြင်နေရလျှင် ကျွန်တော်အလိုလိုအေး ချမ်းစိတ်ချမ်းသာနေ၏။

သူက ကျွန်တော်ထွက်ပြေးမှာ စိုးသည့်နှယ် လက်ကိုဆုပ်ထား၏။ ကျွန်တော့်သွေးကို နွေးထွေးစွာလှည့်ပတ်နေနိုင်သည်မှာ အသွေးအသားဆိုတာ မထူးဆန်းသည့် ဆရာဝန်များမို့လို့လား။ ဆန်းဆန်းပြားပြား စိတ်အတွေးများက ယောင်၍မျှ နမ်းစေ့လောက်တောင်မဖြစ်။

"နင် ကျောင်းတုန်းကလိုမဟုတ်ဘူး။ တော်တော်ပျက်စီးနေတယ်ဆို။ ဘာလို့မိုက်ချင်ရတာလဲ"

"ဒီလိုပါပဲခင်သက်ရာ။ အခု ပြန်ကောင်းသွားပါပြီ"

"အေး... မမိုက်နဲ့တော့။ အခုဘယ်မှာလဲ။ အလုပ်ဝင်သေးလား"

"ဝင်တယ်လေ... ပထမစစ်တပ်ထဲမှာ သုံးနှစ်။ နောက် Civil ဘက် ပြောင်းလိုက်တယ်။ လက်ပံတန်းမှာ"

"ဘာလို့ပြောင်းလိုက်တာလဲ။ ဆက်နေရင် အခုဆို ဗိုလ်မှူးကြီးဖြစ်မှာ"

"သြော် ခင်သက်ထွန်းရယ်။ ယောက္ခမသေမယ်မှန်းသိရင် မြင်းဝယ်စီးမှာ ပေါ့"

သူ့အကြောင်း ကိုယ့်အကြောင်း သူများအကြောင်းတွေကို သတင်းချင်း လှယ်လိုက်သောအခါ သူငယ်ချင်းအား လုံးနီးပါးသည် ဇောတိကဖြစ်သူဖြစ်၊ ပညာရှင်သခင်မဖြစ်သူတွေဖြစ်၊ ဂေါ်ဇီလာဖြစ်သူဖြစ်၊ မင်းကြီးသမက် စစ်သူကြီး ချွေးမဖြစ်သူတွေဖြစ်၊ လက်ညှိုးညွှန်ရာ ရေဖြစ်သူတွေဖြစ်၊ ဆေးလောကဥဿုံချင် ဖြစ်သူတွေဖြစ်ကုန်ကြပြီကို သိလိုက်ရသည်။

အနိမ့်ဆုံးဆိုသူပင်လျှင် သိန်းသုံးလေးရာတန် ပရာဒိုတွေ၊ အက်(စ)အီး... နှင့်ဖြစ်၏။ ကျွန်တော့မှာကတော့ အက်(စ်)ကေဆိုသော ဆင်ကြယ်ဖိနပ်... ... မှမလဲနိုင်သော ဖအေတူသမီးလေးတစ်ယောက်၊ ဘီဒိုခြောက်... ...ထုပ်များ၊ ကလောင်နာမည်လေးတစ်ခု၊ ဒေါင်ဒေါင်မြည်နေသော... ... ...သွေပဲချမ်းသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ အစည်းအဝေးလုပ်မည့် ထမင်းစားခန်းကျယ်ကြီးထဲဝင်ကြသည်။ ထိုင်ခုံအစီအစဉ်နှင့် နေရာချထားခြင်းမရှိ။ ခင်မောင်လေးက တစ်ခန်းထသည်။ ပထမနှစ် ခုံနံပါတ်အတိုင်း ခိုင်မာလာနှင့် မိုးမိုးဆန်းနှစ်ယောက်ကြားမှာ သူထိုင်မည်ဆိုတော့ ဝိုင်းဆဲကြသည်။ ထိုနှစ်ယောက်က အတန်းထဲမှာ ထိပ်တန်းအဆင့်လွန် အလှပိုင်ရှင်နှစ်ယောက်ဖြစ်သည်။ အခုတော့ မျက်နှာလေးတွေက ဟိုတုန်းကလို လှပဆဲရှိနေသေးသော်လည်း မိုးမိုးဆန်းဆိုလျှင် တော်တော်ဝနေပြီဖြစ်သည်။

အပျိုကြီးဆွေဆွေဝင်း တစ်ယောက် ဟိုထိုင်ရမလို ဒီထိုင်ရမလိုဖြစ်နေသည်။ ကိုစိုးကျော်က ငါ့နားလာထိုင် ဆိုသောအခါ မထိုင်ဘူး။ နင့်ကိုကြောက်တယ်ဟု ပြန်ပက်ထည့်လိုက်၏။ ကျွန်တော်နှင့်ခင်မော မျက်နှာချင်းဆိုင်ကျသည်။ ကျွန်တော့်ကို ပထမတော့ မမြင်သေးဘဲ ဘေးဘက်လှည့် လေပေါ်နေရာမှ ရုတ်တရက်မြင်သောအခါ 'အောင်မလေး သရဲ'ဟု အော်သည်။ ကျွန်တော်က 'မျက်စိကိုဖွင့်ကြည့်လိုက်ရင် မင်းရှိနေမှ၊ အသည်းထဲကို ငုံ့ကြည့်လိုက်ရင် မင်းရှိနေမှ'ဟု ပြောလိုက်၏။

တချို့ကိုမှတ်မိသော်လည်း တချို့ကို လုံးဝမမှတ်မိ။ မတရားဝလာသူတွေ၊ ထိပ်ပြောင်သူတွေ၊ ခေါင်းဖြူသူတွေ၊ အိုစာသွားသူတွေမို့ အားလုံးတစ်ယောက်စီ ကျွန်တော် ကျွန်မဘယ်သူပါဟု ထမိတ်ဆက်ရသည်။ လုံးဝမပြောင်းသူက မအောင်လင်း။ ကျောင်းသားဘဝတုန်းကလိုပင် လည်ကတုံးလက်ရှည်အဖြူကို ပင်နီတိုက်ပုံကြယ်သီးအပြည့် တပ်လျက်ဝတ်တုန်းပင်။

ယခုအစည်းအဝေးက တတိယအကြိမ်မြောက်ဖြစ်သည်။ ပထမ နှစ်ကြိမ်ကို ကျွန်တော်မသိ၍ မတက်ခဲ့ရ။ ကျွန်တော့်လိုပဲ ခင်မောင်လေးကလည်း ခုတစ်ကြိမ်မှ တက်လာခြင်းဖြစ်သည်။ ကျွန်တော် ခင်မောင်လေးပါဟု ဆိုသောအခါ အားလုံးက 'သူများတွေက ဝလာလို့ မမှတ်မိပေမယ့် နင့်အရုပ်ကတော့ ဘယ်တော့မှရုပ်လာမှာမဟုတ်လို့သိတယ်'ဟု ပြောကြ၏။ ဥက္ကဋ္ဌတာဝန်ယူထားသူ မောင်မောင်ဦးက အစည်းအဝေးစလျှင် –

"အစည်းအဝေးမစခင်မှာ လွန်ခဲ့တဲ့နှစ်ရက်က ကွယ်လွန်သွားသူ ကိုဇော်ဝင်း(ခေါ်)တဲရင့်(စ်)ကို သတိရဝမ်းနည်းခြင်း အထိမ်းအမှတ် အားလုံးမတ်တပ်ရပ်ပြီး တစ်မိနစ်ငြိမ်သက်စွာနေကြပါခင်ဗျား"

ပြန်ထိုင်ကြသောအခါ ပွစိပွစိ ပြောကြသည်။ မသေခင်ကပဲ အုန်းနို့ခေါက်ဆွဲအတူစားကြတာ၊ ကိုယ့်မှာသွေးတိုးရှိတာသိရက်နဲ့ ဆရာဝန်ဖြစ်ပြီးပေါ့



တယ်၊ ဘာညာပြောကြ၏။ မိုးမိုးဆန်းက

"အေးဟယ်၊ တို့တွေလည်း အသက်တွေကြီးကုန်ကြပြီ၊ တို့ဖြစ်ရင် ပစ်မထားကြပါနဲ့နော်"

ခိုင်မာလာကလည်း

"တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်မပြတ်ကြေးပေါ့နော်"

ထိုအခါ ကြားထဲကဝင်၍ အမှတ်ယူသူက လောင်ခင်မောင်လေးဖြစ်သည်။ သူက မိုးမိုးဆန်းကို "စိတ်ချရင်ထဲက တမ်းတလိုက်ရုံလေးနဲ့ မိုးဘဝရဲ့နေရာတိုင်းမှာ တို့ရှိတယ်"ဟု ပြောပြီးနောက် ခိုင်မာလာကို "ယုံပါရင်သို့ တိုးဆဲ့ဆဲပါနိုင်"ဟု ဆိုသောအခါ ကျန်သူများက "မကြားရဘူး... ခုံပေါ်တက်ပြော"ဟု ဝိုင်းအော်၏။ သူတို့တစ်တွေဟာ ဗိုလ်မှူးကြီးတွေ၊ ပါမောက္ခကြီးတွေ၊ သူဌေးကြီးတွေပါဟုဆိုလျှင် မည်သူယုံမည်နည်း။

ထို့နောက် ရန်ပုံငွေကောက်ရန် တိုင်ပင်ကြသည်။ အရင်ဦးဆုံး မတည်ငွေအဖြစ် တစ်ယောက်တစ်သောင်းထည့်ကြရန် ပြောကြသည်။ လွန်ခဲ့သော ငါးနှစ်ခန့် ကျွန်တော်မိုးကောင်းစဉ်ကဆိုလျှင်တော့ ဒီငွေတစ်သောင်းသောက်က ကျွန်တော်တစ်ရက်အလွန်ဆုံး တစ်ရက်ခွဲရှာစာသာဖြစ်သည်။ ကွမ်းဖိုးသက်သက်သာရှိ၏။

ယခုတော့ ကျွန်တော့်မိသားစု ဝင်ငွေတွင် တစ်လလျှင် တစ်သောင်းမှ ပိုလာပါစေတော့ရယ်လို့ အလွန်ကြိုက်သော၊ အလွန်ဖြတ်ရခက်သော (အရက်၊ ဆေးလိပ်ထက်ဖြတ်ရခက်သော) ကွမ်းကို ရအောင်ဖြတ်ခဲ့ရသည်။ အများနှင့်လုပ်သောကိစ္စ ဘာတတ်နိုင်ပါမည်နည်း။ ဒီငြင်းခြားရောက်နေသူများဆိုလျှင် ကြို့တင်၍ ဒေါ်လာငါးရာ (ကျပ်ငွေငါးသိန်း) ဒေါ်လာတစ်ထောင် (ကျပ်ငွေဆယ်သိန်း)ထဲ့သူများပင်ရှိ၏။ လိုလျှင်ထပ်ပြောပါဟုလည်း ပြောကြသေးသည်။ သူတို့လာလျှင်ဆိုလျှင် ခရီးစရိတ်နှင့် ဘာနှင့် အနည်းဆုံး သိန်းသုံးဆယ်လောက်တော့ ကုန်မှာသေချာ၏။

မြန်မာပြည်မှ အလွန်အောင်မြင်နေကြသူများကတော့၊ တချို့က ဘာတစ်ချက်ခွဲလိုက်ရုံနှင့် တစ်သိန်းတန်၏။ ရင်ဘတ်ပေါ် မှဲ့တစ်လုံးပေါ်လာလေးတစ်ချက် (ဆယ်တစ်ချက်တည်း) ထောက်လိုက်ရုံနှင့် တစ်သောင်းလောက်၊ သူတို့ညာ [illegible]ဘက်က တန်ဖိုးရှိနေ၏။ 'သန်းခေါင်ဗိုလ် တစ်ယောက်နိုင်လျှင် [illegible]အောင်ဆိုလည်းဟုတ်' ဟူသော စကားကို နေ့လယ်ခြင်းထောင်မှာ [illegible]င်ခိုခရာမလို၊ လေအေးစက်တပ် ရုံးခန်းကျယ်ကြီးထဲ့ ပေါလစ်ရောင်

www.burmeseclassic.com



ပြောင်ပြောင် စားပွဲကြီးပေါ်၌ လက်မှတ်လေးတစ်ချက် ထိုးပေးလိုက်ရုံမျှနှင့် တစ်ခွေလုံး တစ်မျိုးလုံးအား ကမ္ဘာပျက်သည်အထိ ကျွေးမွေးထားနိုင်သည့် 'အကောင်' ဆိုသူများက ရယ်ကြပေမည်။

ငယ်သူငယ်ချင်းများကို တစ်ရက်တစ်ညပြန်တွေ့ပြီး ငယ်ငယ်တုန်းက အကြောင်းများကို စားမြုံ့ပြန်ပျော်ရွှင်ဖို့အတွက်မျှနှင့် ထိုပမာဏမျှလောက်သော ငွေကို အလွယ်တကူအကုန်ခံမည့် သူငယ်ချင်းများကို ကျွန်တော်အလွန်ချီးကျူးပါသည်။ သူတို့စိတ်ဓာတ်ကိုလေးစားပါသည်။ ကျွန်တော့်နေရာကကြည့်တော့ တစ်မျိုးဖြစ်သည်။

သိန်းသုံးလေးငါးဆယ်အကုန်ခံလျှင် ကွယ်လွန်သွားပြီဖြစ်သော ကျွန်တော့်မွေးသဖခင်အရင်းနှင့် (၇)ရက်ပြန်နေရမည်ဆိုလျှင်တောင် ကျွန်တော်ချက်ချင်းခေါင်းညိတ်နိုင်ပါမည်လောဟု ကျွန်တော့်ကိုယ်ကျွန်တော် သံသယရှိသည်။ သိန်းထောင်ပေါင်းများစွာ ချမ်းသာလျှင်တော့ သိန်းငါးဆယ်လောက်ကို ဘာနှမြောနေမည်နည်း။ (ယခုထိတိုင် မပိုင်ဆိုင်နိုင်သေးတာ) သိန်းငါးဆယ်ခန့် ချမ်းသာလျှင် ဘာလုပ်မလဲဟုမေးလျှင်တောင် ကျွန်တော်ဘာဖြေရမည်မသိ။

ကျွန်တော်ဘာအလုပ်မျှ မလုပ်တော့။ ကျွန်တော်စာအုပ်တွေဝယ်မည်။ စာဖတ်မည်။ စာရေးမည်။ ကျွန်တော့်သမီးလေးကို ဘယ်ကျူရှင်မှမပို့ဘဲကျွန်တော်ကိုယ်တိုင်စာသင်ပေးမည်။ ဦးနှောက်အစာကျွေးမည်။ ထို့နောက် စိတ်ဖြောင့်ဖြောင့်နှင့် လောကကြီးကို အနိုင်နှင့်ပိုင်းပြီး နှုတ်ဆက်သွားပါမည်။ ဤသို့ဖြေမိမည်လားမသိ။

"ရွှေဇင်က E-mail ပို့လိုက်တယ်။ သူလည်းတဲ့၊ မိန်းမနားမကပ်ချင်တာနဲ့ အချိန်ရှိသရွေ့ ကွန်ပျူတာရှေ့ထိုင်ပြီး သူငယ်ချင်းတွေဆီ ဆက်သွယ်နေတာပဲတဲ့"

အားလုံးသဘောကျပြီး ရယ်လိုက်ကြသည်။ "ဘယ်ကပ်မလဲ သူ့မိန်းမကြီးက ပုံမှမလာပဲ"ဟု ခင်မောင်လေးကပြောတော့"မင်းမရလို့ပြောတာမဟုတ်လား"ဟု ဗိုလ်မှူးကြီးကျော်စိုးထွန်းက နှိပ်ကွပ်လိုက်၏။

"ဒီမှာအာလူး၊ ငါမလိုချင်လို့ ရွှေဇင်ရသွားတာကိုယ့်လူ။ အခုငါယူထားတဲ့ မိန်းမကိုလာကြည့်ဦး။ နန္ဒာလှိုင် ထိုင်ငိုရတယ်။ အခုငါလာတော့ ငိုကျန်ခဲ့တယ်။ ပြန်သွားရင်လည်း (၇)ရက်လောက် ဆက်ငိုဦးမှာ။ တက္ကသိုလ်ကျောင်းသူကွမင်းတို့ရဲ့ ရွှတ်တွကြီးတွေလိုမျိုးမဟုတ်ဘူး"

"စကားမပြောတတ်တာလေးတစ်ခုပဲ ပြောစရာရှိတယ် မဟုတ်လား"

ခင်မောင်လေး၊ ရွှေဇင်ထွန်း၊ စိုးနောင်တို့သုံးယောက်က ကျောင်းမှာ



ဘယ်လိုမှခွဲခြား၍မရသော Three Stooges လိုလူရွှင်တော်သုံးဦး၊ အတန်းထဲက သူတို့နှင့်အရုပ်တူသော ကောင်မလေးမှန်သမျှ သူတို့မလိုက်ဖူးတာမရှိ။ သူတို့အရွယ်ဝတ်တွေကလည်း တော်တော်ရှားသည်။ သီတာနှင့်ခင်မျိုးငယ်တို့ ခင်မောင်လေးကလိုက်သည်။ အခင်အမင်မပျက်သွားတာ ကံကောင်း။ ဒါတောင် ခင်မျိုးငယ်က သူ့ကိုနောက်ဆုံးနှစ်ကျမှ ပြန်စကားပြောသည်။ ရွှေဇင်က လိုက်တုန်းကသန်းသန်းအေး၊ ရတော့ သန်းသန်းအေးသူငယ်ချင်း။ ညိုညိုစိမ်းနှင့် ခင်မောင်လေးမှာ တစ်တန်းလုံးတွင် ထိပ်တန်းအလှူရှင် ခိုင်မာလာနှင့်တွဲကျူပါလျက်နှင့် ဟိုက သူ့ထက် (၆)လက်မခန့်ပိုမြင့်နေ၍ တဗျစ်တောက်တောက် ပြောမဆုံး။

မရဒသကချိုင်ပြီး အောက်တန်းကစင်သီယာဆိုသော တရုတ်မလေးကို ဆင်းကြိုက်တာ ကလေးမလေးက သေဆုံးသွားသည်။ ဒါကို သူစာပေးလို့ စိတ်ညစ်ပြီး သေသွားတာဟု နာမည်ကြီးသွားသေး၏။ ဒါပေမယ့် ခင်မောင်လေးနှင့် ခိုင်မာလာအောင်သွယ်ကောင်းမှုကြောင့် ခိုင်မာလာ့သူငယ်ချင်း ခိုင်ထွေးနှင့် စိုးနောင်ဖူးစာဆုံသွားသည်။

ခင်မောင်လေးက ပျော်တတ်သည်။ ကူညီတတ်သည်။ အသင်းအဖွဲ့ကိစ္စများတွင် စိတ်ဝင်စားသည်။ ထို့ကြောင့် ခင်မင်သူများသည်။ အကြောင်းမသိသူများကတော့ ဟိုစပ်စပ်ဒီစပ်စပ်ပါလွန်းသဖြင့် အလွန်သောက်မြင်ကပ်၏။ သူ့ကို သူ့အရပ်နှစ်ပြန်ရှိသော ခင်မေစုနှင့် စနောက်ပြီး ပေးစားကြသည်။ ဒီကောင်ကလည်း သူ့ကိုတွေ့သည်နှင့် ထိပ်ခေါက်လွန်းသဖြင့် ခင်မေစုကို အလွန်ကြောက်။ ဒီလောက်ပုသည့်ကောင် စစ်ဗိုလ်ဖြစ်လိုက်သေးသည်။ ဒါပေမယ့် သူရတော့ သူထက်အသက်နှစ်ဆယ်ငယ်သည့် အလွန်လှသော တက္ကသိုလ်ကျောင်းသူ ဘော့တနီ Queen ။ သူ့သမီးလေးကလည်း သိပ်ချစ်စရာကောင်းလွန်း၍ ဒီကောင်လက်မထောင်နေပြီး သူ့သမီးလိုချင်လျှင် "မဟောသဓလောက်ပညာရှိပြီး မဟာဇနကလောက် သတ္တိရှိရမည်"ဟု အော်နေ၏။

"အခုသက် ဘာလုပ်နေလဲ"

"ငါလား... ဘာမှမလုပ်ပါဘူးဟယ်။ ငါ့ယောကျာ်းကလည်း ဘာမှမလုပ်ဘူး"

"အိမ်မှာဆေးခန်းလေးတောင် မဖွင့်ဘူးလား"

"အေးဟာ... အိမ်အလုပ်ပဲ လုပ်နေရတယ်။ သိပ်ပျင်းတာပဲ"

ကျွန်တော့်ဘေးမှ ခင်သက်ထွန်းကိုမေးတော့ သူကညည်းညူ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြော၏။ မိသက်၊ အိသက်၊ ခင်သက်၊ သူငယ်ချင်း၊ ခင်သက်ထွန်းဟူ၍ စိတ်ထဲပေါ်လျှင် ပေါ်လာသည့်အတိုင်း ခေါ်နေကျ ကျွန်တော့သူငယ်ချင်းမလေးသည် ထိုကြောင့် ပင်ပင်ပန်းပန်းဘာမျှ မလုပ်ရဘဲနှင့် အိုစာသွားသည်ဟု ကျွန်တော်ထင်၏။ သူစိတ်ဓာတ်ပိုကျသွားမည် စိုး၍ နင်သိပ်ကျသွားတာပဲဟု ပြောမှာကို မပြောဖြစ်တော့ပါ။

လူဆိုတာ အလုပ်မရှိလျှင်လည်း ဟိုတွေးဒီတွေးနှင့် ရောဂါထူအရွယ်ကျတတ်သည်။ ခင်ဇော်ကြူးကျတော့လည်း ပုစွန်လုပ်ငန်းနှင့် ချမ်းသာနေသည်။ သို့သော် နေပူမိုးရွာမုန်တိုင်းထန်စသည့် အထုအထောင်းတို့ကြောင့် မသိသူများဆိုလျှင် သူ့ကိုဆရာဝန်တစ်ယောက်ဟု မည်သူမျှယုံမည်မဟုတ်။ တကယ့်ရေလုပ်သားတစ်ယောက်လို မည်းမည်းသဲသဲနှင့် ဆံပင်တွေကလည်း ဟိုတစ်ကွက် ဒီတစ်ကွက်ဖွေးနေ၏။ ခါးကိုင်းနေသောကြောင့် ပုစွန်ပုံပေါက်နေသည်ကို ခင်မောင်လတ်က ခေါင်းကလည်းပုစွန်ခေါင်းချိုး(ချေး) Brain ဟုပြောသောအခါ ကွမ်းချေးများနှင့် မည်းသဲနေသောသွားများကို ဖော်၍ မချိသွားဖြဲရယ်နေ၏။ ဟိုတယ်ပိုင်ရှင် မောင်မောင်ဦးကတော့ ကုဋေကုဋာကြွယ်သူဌေးပီပီ စိုဝင်းဖြူဖွေးသောအသား၊ လျှာထိုးဦးထုပ်ကလေးနှင့် နုပျိုလှ၏။ ကျွန်တော်က လွှဲ၍ အားလုံးမှာ Hand Phone ကိုယ်စီနှင့်။

စားကြသောက်ကြ၊ လုပ်ငန်းများအတွက် ကော်မတီဖွဲ့ကြ၊ နောက်ပြောင်လိုက်ကြနှင့် လေးနာရီထိုးမှ အစည်းအဝေးပြီးသည်။ ပွဲပြီးတော့ ကျွန်တော်နှင့် ခင်မောင်လေးကပ်ပါလာသည်။ သူကမြို့ထဲမှာ နေသူဖြစ်ပြီး ကိုယ်ပိုင်ဆေးခန်းလည်းမထိုင်သဖြင့် နောက်ကြောင်းအေးသည်။ ကျွန်တော်တို့အတန်အသင့်စားသောက်ဆိုင်တစ်ခုကို ဝင်ထိုင်ပြီး စားစရာများမှာသည်။ စားပြီး ဘူတာတန်းဆင်းရုံပင်။ သူ့ကိုသောက်မလားဆိုတော့ သူကပြုံး၍ခေါင်းခါပြသဖြင့် ကျွန်တော်က စားစရာများသာ မှာလိုက်၏။

“မင်းဆေးခန်းမထိုင်ဘူးလား”

“အနှစ် (၂၀)ကျော်ထိုင်ပြီးမှပဲကွာ။ တော်လောက်ပြီလေ။ စိတ်ပျက်တယ်။ စိတ်မပါတော့ဘူး”

“ဒါဖြင့် ဘာတွေလုပ်နေလဲ”

“စာရေးတယ်။ စာအုပ်ထုတ်တယ်။ အခု AIDS ပညာပေးဗွီဒီယိုတစ်ကားရိုက်မလို့”

“ဘယ်သူ့ဝတ္ထုလဲ။ နာမည်ကရော။ မတော်တဆမှားပြီး ကြည့်မိမှာ



နီးလို့ပါ”

“ငါ့ဝတ္ထု၊ ငါ့ဇာတ်ညွှန်းပါပဲ။ အရှုံးမပေး မဆုံးသေးပါဘူး မသိတာတဲ့။ တီဗွီကလွှင့်မှာ”

သူက တိုက်ပုံအင်္ကျီအိတ်ထဲမှ ဆေးတံထုတ်ကာ မီးညှိနေသောအခါ ကျွန်တော်ရယ်ချင်သွား၏။ နှစ်ကျပ်ခွဲသား ဆီမှုတ်ခွေးချီလာသလိုပဲဟု ပြောမည်ကြံလိုက်ပြီးမှ မပြောတော့ဘဲ မင်းလည်းအခုထိတောင် သိတော့ကိုမလျှော့သေးပါလားလို့သာပြောလိုက်သည်။ သူက –

“ဒီလိုလည်းမဟုတ်ပါဘူးကွာ။ ငါ့မသိစိတ်ကပေးလိုက်တဲ့နာမည်ပါ။ အားလုံးပြီးကုန်မှပဲ။ ဒါနဲ့ တဲရင့်(စ်)အတွက် စိတ်မကောင်းဘူးကွာ”

“အေးပေါ့ကွာ။ ငါတို့အားလုံးဟာ မွေးကတည်းက သေမိန့်ကျပြီးသား မဟုတ်လား”

“ဟုတ်တယ်။ ဒါပေမယ့် လူတွေအားလုံးက ဒါကိုမသိချင်ယောင်ဆောင်နေကြတယ်ကွ။ ငါတို့ဆရာဝန်တွေကတော့ ကြိုးတိုက်ထဲရောက်နေရတဲ့ သူတွေလိုပါ”

“မင်းဘာကိုဆိုလိုချင်တာလဲ”

“ကိုကိုလေး။ မင်းကိုငါ ရှေ့ဦးခေါင်းရေးတဲ့ ဝတ္ထုတစ်ပုဒ်ပြောပြမယ်။ အဲသည်ဝတ္ထုထဲမှာ လူတစ်ယောက်ဟာ ထူးဆန်းတဲ့ရောဂါတစ်ခုရနေတယ်။ သူ့ရောဂါရှေ့ဘာဖြစ်မလဲဆိုတာကို လုံးဝ မှန်အောင် ကြိုသိနေတာပဲ။ ဒါ့ကြောင့် သူဟာ မစားနိုင်မသောက်နိုင် တပိန်ပိန် တလိမ်လိမ်ဖြစ်နေရတယ်”

“ဟော့ကောင် ခင်မောင်လေး။ ရှေ့ဖြစ်ကိုကြိုသိတဲ့ အနာဂတံသဉာဏ်ဆိုတာ ဘုရားတွေ ပစ္စေကဗုဒ္ဓါတွေမှရတာကွ။ အခုခေတ်အကြားအမြင်ရတယ်ဆိုတာ လိမ်ညာရိုက်စားတွေ”

“ခိုးတဲ့မှ။ ဝတ္ထုပါဆို”

“အဲသည့်ရောဂါများရလို့ကကွာ သူဌေးဖြစ်ပြီ။ ချဲထိုးမယ်။ ဂျင်ထိုးမယ်”

“ဒါကမင်းအထင်ကိုးကွ သောက်အ့ရ။ မင်းချဲထိုးလို့ ထောင်တန်ထုပ်တွေ (၁၀)ဘီးကားနဲ့(၁၀)စီး စာလောက်ပိုင်နေဦး။ မင်းနောက်ဆုံး ကြာရင်သေမယ်လို့ ကျိန်းသေသိနေရင် ပျော်နိုင်မလား”

ကျွန်တော်ဘာမှမပြောနိုင်။ သူပြောတာလုံးဝမှန်သည်။

“ဒါပဲကွ ကိုကိုလေးရ။ ဆရာဝန်တွေကို အားကျသူတွေ အတော်များသူတွေရှိချင်လည်းရှိမယ်ကွ။ ဒါပေမယ့် ငါတို့နေရာကို တကယ်ဝင်စားကြည့်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်ပျက်စိတ်ကုန်သွားလိမ့်မယ်။ ငါတော့ နောင်ဘဝဆိုတာများရှိခဲ့ရင် ဘယ်ဘဝမှာမှ ဆရာဝန်မဖြစ်ပါရစေနဲ့လို့ ဆုတောင်းတယ်”

ဘာဖြစ်လို့လဲ။ မင်းလုပ်နေတဲ့ အလုပ်ကို မင်းကိုယ်တိုင်က မွန်မြတ်တယ် သမ္မာအာဇီဝဖြစ်တယ်လို့ မယုံဘူးလား”

“ကုသိုလ်ရတာ မွန်မြတ်တာက တစ်ပိုင်း၊ စိတ်ပျက်စိတ်ကုန်စရာ ကောင်းတာ၊ လူဖြစ်ရှုံးနေရတာတွေကတစ်ပိုင်းကွ။ ကိုယ့်အရေးထက် သူတစ်ပါး အရေးကို ဦးစားပေးရတာတွေ၊ အနစ်နာခံနေရတာတွေ၊ ရောဂါကူးစက်ခံရတာ တွေကတော့ မင်းလည်းသိပြီးသားမို့ ငါမပြောလိုတော့ပါဘူး။ ဒါပေမယ့် မင်း သတိမေ့နေတာတစ်ခုရှိတယ်။ ပန်ဒိုရာသေတ္တာ Pandora Box ဆိုတာ သိတယ်မဟုတ်လား”

“အိုလံပတ်(စ်)တောင်ပေါ်က မီးကိုခိုးယူသွားလို့ ဇု Zeus နတ်မင်းကြီး က စိတ်ဆိုးပြီး လူသားတွေကို ဒဏ်ခတ်ဖို့ပေးလိုက်တဲ့သေတ္တာကို ပြောတာ မဟုတ်လား”

“အေး... အဲ့သည်သေတ္တာကို တမင်မဖွင့်ချင်ဖွင့်ချင်အောင် ဇုနတ်မင်းကြီး က မဖွင့်ရဘူးလို့မှာလိုက်တာကို သွားဖွင့်တော့ ဘာတွေထွက်လာလဲ”

“ကပ်ရောဂါတွေ၊ လောဘ ဒေါသ မောဟတရားတွေ၊ လိမ်ညာကောက် ကျစ်မှုတွေ၊ ကမ္ဘာစစ်ပွဲတွေပေါ့”

“ဟုတ်တယ်။ သေတ္တာကို ကမန်းကတန်းပိတ်လိုက်တဲ့အခါ တစ်ကောင်ပဲ ပိတ်မိကျန်ခဲ့တယ်။ အဲဒီကောင်လေးက မျှော်လင့်ခြင်းတဲ့။ မင်းသိပြီးသားပါ။ အဲသည်မျှော်လင့်ခြင်းဆိုတာလေး ကွယ်ပျောက်မသွားဘဲရှိနေသေးလို့သာ လူသား တွေဟာ လူ့ဘဝကြီးမှာ နေပျော်နေတာမဟုတ်လား။ ကင်ဆာဖြစ်နေတဲ့သူ တီဘီဖြစ်နေတဲ့သူ၊ ဆီးချိုဖြစ်နေသူ၊ အသည်းခြောက်နေသူ စတဲ့မကြာခင်သေ တော့မယ့်သူတွေအားလုံးဟာ သေမှာသေရော။ မသေခင်တော့ ပျောက်နိုး ပျောက်နိုးနဲ့ မကြောက်မလန့်နေသွားကြရသေးတာပဲ”

မင်းကဆရာဝန်။ မင်းအရက်သောက်လို့ အသည်းခြောက်သွားပြီ၊ နလံ ရောဂါရနေပြီ၊ ကင်ဆာဖြစ်တာကိုသိနေပြီ။ ကဲ... မင်းကိုဘယ်သူမှ မကြာ ခင်ပျောက်သွားမှာပါလို့ လာပြီးလိမ်ညာနှစ်သိမ့်လို့မရတော့ဘူး။ ဘယ်နေ့မှာ မင်းသေတော့မယ်ဆိုတာ အတိအကျနီးပါး မင်းသိနေပြီ။ ကဲဒါဆိုမင်းအဖြစ်ဟာ ကြိုးမိန့်ကျပြီးသား။ ဘယ်နေ့ကြိုးပေးမယ်ဆိုတာ သိနေတဲ့ ကြိုးတိုက်ထဲက ကြိုးသမားနဲ့ ဘာထူးလဲ။ ပန်ဒိုရာသေတ္တာထဲက မျှော်လင့်ချက်ကောင်ဟာ



ဆရာဝန်နဲ့ ဘာမှမသက်ဆိုင်သလိုပဲမဟုတ်လား”

“မင်းပြောတာမှန်တယ်ခင်မောင်လေး။ သေခြင်းတရားနဲ့ အမြဲတမ်း ထိတွေ့နေရတဲ့ ငါတို့ဟာ သေခြင်းတရားကို မေ့ထားလို့မရနိုင်တာ ငါတို့တစ်ယန်း ရှုံးတာပဲ။ အခုသေသွားတဲ့ တဲရင့်(စ်)ဝင်း အပါအဝင် ငါတို့ Batch ကသေ သွားတာ (၁၄)ယောက်ရှိပြီ။ ခင်ခင်ဝင်းဆိုရင် စာကျက်ဖို့ လူ့လောကထဲရောက် လာသလိုပဲ။ ငါတို့အားလုံး ဒီဇင်ဘာမှာ ပြန်ဆုံမတွေ့ခင် ဘယ်နှစ်ယောက် သေဦးမလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး။ မင်းမပါဘူး ငါမပါဘူးလို့တောင် မပြောနိုင်ဘူး။ ပြောနိုင်တဲ့သူကတော့ ပန်ဒိုရာသေတ္တာထဲက နောက်ဆုံးလက်ကျန် ကောင်လေးပဲ။ ကဲ... ငါသွားမယ်။ ရထားချိန်နီးပြီ”

ထိုနောက်ဆုံးလက်ကျန်ကောင်လေးကို မြင်ယောင်ကြည့်ရင်းနှင့် ခင်မောင် လေးကို နှုတ်ဆက်ကာ ဘူတာရုံရာသို့ရှေ့ရှု၍ ကျွန်တော်ထွက်လာခဲ့သည်။ ကျွန်တော့် မျှော်လင့်ချက်ကလေးသည် အဖေကြီးပြန်လာလျှင် ချော့ကလက် ယ်ခဲ့မည်ဟုပြောခဲ့၍ အိပ်တောင်ပျော်ပါ့မလားမသိ။ အဖေကို စောင့်နေပေ ရော့မည်။

ပိတောက်မြေ၊ ဖေဖော်ဝါရီလ၊ ၂၀၀၄

❒

www.burmeseclassic.com

www.burmeseclassic.com

## ဝေမျှဝေဒနာ

ဒီဆရာဝန် ဒေါက်တာအောင်သော်ဆိုတဲ့သူ တော်တော်ပုံပြောကောင်း
တယ်။ ပုံပြင်ဇာတ်လမ်းအသစ်တစ်ပုဒ်ကို လက်တန်းပြောနိုင်ဖို့ဆိုတာ နည်းနည်
နောနော လွယ်တဲ့ကိစ္စမှမဟုတ်တာ။ ကျနော်တို့စကားဝိုင်းတွေမှာ သူလက်တန်
ပြောခဲ့တဲ့ ဇာတ်လမ်းဆိုတာ မနည်းလှတော့ဘူး။

သူ့အဖေက နိုင်ငံကျော် ဟာသနဲ့ ဘဝသရုပ်ဆောင် စာရေးဆရာကြီ
ကိုး။ သူ ကိုယ်တိုင်ကတော့ စာမရေးပါဘူး။ သူ ဟာသူ သူ့လူနာတွေနဲ့ မျော်
နေတာပဲ။ ဒေါက်တာအောင်သော်က စိတ်ရောဂါ အထူးကုဆရာဝန်၊ ဆေး
ကြီးတစ်ခုရဲ့ အရက်နှင့်ဆေးစွဲရောဂါ ကုသရေးဆောင်က အဆောင်ပိုင်ဆရာဝ
ကြီးပေါ့။ ကျွန်တော်က ပြောပါတယ်။ ခင်လည်းခင်နေတော့ သူ့ကို အ
သောသူတွေလို ခေတ်မီစူးရှထက်မြတ်တဲ့၊ နာမည်ကျော်ပြီး ဈာနိုင်တဲ့ မီဒီယ
တစ်ခုပိုင် ဆရာဝန်ဖြစ်အောင် စာရေးပါလားလို့။ သူပြန်ပြောတာက သူ့လူ
တွေနဲ့နေတာပဲ ကောင်းပါတယ်တဲ့။ လူမိုက်တွေ၊ လူမောဟသမားတွေ၊ ဒေါ
အတိပြီးသော မနုဿတွေနဲ့ မရောချင်လို့ပါဆိုပါလား။

ချက်ကော့ကလည်း ပြောဖူးပါတယ်။ ဆေးကုတာဟာ သူ့ရဲ့မယားကြ
စာရေးတာဟာ သူ့ရဲ့မယားငယ်။ ဒါကြောင့် မယားကြီးနဲ့နေရတာ မပျော်
မယားငယ်ဆီသွားတယ်။ မယားငယ်ကို ငြီးငွေ့လာတဲ့အခါ မယားကြီးဆီ ပြ
သွားတယ်တဲ့။ ဒေါက်တာအောင်သော်ကတော့( စကတ်ထဘီ) အကွဲလေး
တွေ့ရင် မယားကြီးအလစ်မှာ ခိုးကြည့်တတ်တာကလွဲလို့ တစ်လင်တစ်မယ
စနစ်သမားဆိုပါတော့။ သူ့လိုသာဆို ဆရာဝန် စာရေးဆရာမလေးတွေကျ



ဘယ်လိုပြောရမလဲ။ နောလေ... ကိုယ့်ဆရာကိုပဲ စဉ်းစားကြည့်ပါဦး။

စာရေးဝါသနာမပါလို့သာ စာမရေးတယ်။ သူက တော်တော်ဖတ်တယ်။ (စာရေးဆရာသားကိုး။) ကျွန်တော်ကြားဖူးတာက သူ့အဖဆရာကြီးဟာ ဝတ္ထု တွေကိုသာ အစီကထားရေးသူဖြစ်ပေမယ့် လက်တဲန်းကဗျာစပ်တဲ့နေရာမှာ လက်ကုန်တော်တဲ့ ဆရာကြီးဆိုပဲ။ ဆရာသော်ကျတော့ လက်တန်းဇာတ်လမ်း ဆင်ပြီး ဝတ္ထုပုံပြင်တွေပြောတာများ လက်ဖျားခါလောက်တ ်ယ်။

ဝတ္ထုတွေဖတ်ထားပြီး အလွတ်ကျက်ပြန်ပြောတယ် ...ဟာ ကျွန်တော် မထင်ပါဘူး။ ဘာဖြစ်လို့ဆို သူပြောတာတွေက စကားဝိုင်းဖွဲ့ ပြောနေကြရင်းနဲ့ အကြောင်းတိုက်ဆိုင်လာမှ ချက်ချင်းထပြော(ထိုင်ပြော)တာကိုး။ နောက်ပြီး ဘယ်သူမှ မကြားဖူး၊ မဖတ်ဖူးသေးတဲ့ ဇာတ်လမ်းတွေ။ သူက စကားဝိုင်းထဲက တစ်စုံတစ်ယောက်ကို ကျီစယ်နောက်ပြောင်ချင်၊ လှောင်ချင်တဲ့အခါ ဇာတ်လမ်း ဆင်ပြီး ပုံပြင်တွေ တီထွင်ပြောတာမှန်း သိပ်သိသာတယ်။ ဒါပေမဲ့ တကယ့်ဝါရင့် ပျော်ဖက်ရှင်နယ်တစ်ယောက် ပြောနေသလိုပဲ။ သူ့ဇာတ်လမ်းတွေဟာ ဆွဲ ဆောင်အားသိပ်ကောင်းပြီး နောက်ဆုံးချမှ သူဆိုလိုချင်တာကို မထင်မှတ်ဘဲ အလှည့်ကလေး စကားတစ်ခွန်းတည်းနဲ့ ပိတ်လိုက်တာဆိုတော့ဗျာ။ ဘယ်လို ပြောရမလဲ၊ အဝေးကြီးကို လှည့်ပတ်ခေါ်သွား အယုံသွင်းပြီးမှ ပိတ်ရိုက်ချ လိုက်သလိုပါပဲ။

တစ်ညနေခင်းမှာပေါ့။ ကျွန်တော်ရယ်။ ဒေါက်တာအောင်သော်ရယ်၊ ကိုမြတ်သူဆိုတဲ့ စာရေးဆရာ တစ်ယောက်ရယ်ဟာ ဘီယာသောက်ရင်း ဝိုင်းဖွဲ့ စကားပြောနေကြတယ်။ ကိုမြတ်သူဆိုတဲ့လူက (ဆရာသော့်အခေါ်ပေါက်တတ် ဘရုဆိုတဲ့) ဂမ္ဘီရစာရေးဆရာတစ်ဦးပါ။ ဘာရယ်မဟုတ်ပါဘူး ရောက်တတ်ရာရာ ပြောနေရင်းက စကားက ဆရာရွှေဥဒေါင်းရဲ့ 'ထူးဆန်းသောအမြွာညီအစ်ကို'ဆို တဲ့ ဝတ္ထုအကြောင်း ရောက်သွားတယ်။ အဲဒီဝတ္ထုဟာ H.G Wells ရဲ့ Theremarkablecaseof Davidson's eye ကို မှီးရေးတဲ့စိတ်ချင်းဆက်သွယ် သော အမြွာညီအစ်ကိုနှစ်ယောက်အကြောင်းပါ။ အဲသည်မှာတင် မြတ်သူက ဆစ်ခန်းထတော့တာပဲ။

သူ ကလောင်ပေါက်စဘဝကပေါ့။ အဲဒီလိုမျိုး ဖြစ်ရန်မှန်ဝတ္ထုတစ်ပုဒ် ရေးဖူးတယ်။ သူ့အဘိုးကိုယ်တိုင်ကြုံခဲ့တာတဲ့။ အောင်သော့်အကြောင်းသည်း သိရက်သားနဲ့ မြတ်သူဆိုတဲ့ကောင် ပြောပါတယ်။ ကြီးကြီးကျယ်ကျယ်သွား ချပ်တာလေ။ ဟိုကစစချင်း 'ခွပ်'တော့တာပဲ။

www.burmeseclassic.com



'အခုတော့ မင်းကလောင်က တော်တော်ကြီးနေပြီလား။ ကလောင်အရှယ်တော့ မသိဘူးကွာ။ စာပေတန်ဖိုးအရတော့ စာအုပ်ဈေးပဲကြီးတယ်။ အနှစ်မကြီးဘူးကွ။ ဒါပေမဲ့ ဆက်ပြောမှာ ပြောပါလေ။ ဘီယာနဲ့မြည်းရတာပေါ့။ မြည်းလို့တော့ ကောင်းမှာပါ'

မြတ်သူလည်း အောင့်သီးအောင်သက် ဆက်ပြောရတော့တာပါ။ ဒီလိုပါ။ ကိုလိုနီခေတ်က သာယာဝတီနယ်မှာ လက်ပံစုဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်။ (ယခု အဲသည်ရွာ မရှိတော့ပါတဲ့။) လက်ပံစုရွာ၌ အေးမြနှင့်သာလှ ဆိုသော အမြွှာမောင်နှမနှစ်ယောက်ရှိ၏။ လက်ပံစုနှင့်အတော်လှမ်းသော တစ်နေရာ၌ အင်္ဂလိပ် (ဒ တော့ မျက်နှာဖြူကိုလိုနီနယ်ချဲ့ ကုပ်သွေးစုပ်ဖိနှိပ်သော သိုးဆောင်းအင်္ဂလိပ်ဟု မျိုးချစ်စိတ်အပြည့်ရှိသော စာရေးဆရာ ပီပီ ဖွဲ့နွဲ့ပြောသည်) အနီ အင်္ဂလိပ်တို့နှင့် ဂျွန်တပ်သားတို့ တိုက်ခိုက်ကြရာတွင် သာလှ၏ ရင်ဘတ်ကို သေနတ်ကျည်မှန်ပြီး ကျဆုံးသွား၏။

ထူးဆန်းသည်မှာ လက်ပံစုရွာ၌ ကျန်ခဲ့သော မအေးမြ၏ ရင်ဘတ်တွင် (သာလှ သေနတ်မှန်ချိန်၌) စူးခနဲ တစ်ချက်ဖြစ်သွားပြီး အနီစက်တစ်စက်ပေါ်လာသည်ဆို၏။ မြတ်သူ၏ အဘိုးက ဆေးဆရာကြီးဖြစ်၍ မအေးမြ၏ ရင်ဘတ်ရှိ အနီစက်ကို ကြည့်ခွင့်ရခဲ့၊ ကုခွင့်ရခဲ့သော်လည်း ထိုအနီစက်သည် အေးမြသေရာပါအဖြစ် ကျန်ခဲ့ပါသည်တဲ့။

ထားပါတော့... ဒီလောက်ကတော့ ရှိတတ်ပါတယ်။ ဒီလိုပဲဖြစ်ရပ်မှန်ဆိုပြီး စုံစမ်းလို့လည်းမရ၊ ခြေရာပျောက်နေတဲ့ ထူးထူးဆန်းဆန်း 'ဖြစ်ရပ်လိမ်' ဇာတ်လမ်းတွေ ပြည့်နေတာပဲဟာလေ။ မယုံချင်လည်း ရပါတယ်။ ယုံချင်ရင်လည်း အနည်းဆုံးအပျင်းပြေတာပေါ့။ ဒါပေမဲ့ မြတ်သူက ပိုကဲပြီး သူ့အဘိုးကို အိမ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးကြီးတစ်ယောက်က ဆေးမြစ်တစ်ခု ပေးခဲ့တယ်တဲ့။ အဲဒီဆေးမြစ် သွေးလိမ်းလော အေးမြရင်ဘတ်က အနီစက်ကလေးဟာ ပျောက်သွားပေမယ့် အမဲသားမစားရဘူးဆိုတာကို စားမိလို့ ပြန်ပေါ်လာပါသတဲ့ခင်ဗျာ။

ဒါတင်ကရိုးလာ.။ တယ်လီပက်သီတွေ၊ စိတ်ချင်းဆက်သွယ်တာတွေ၊ အကြားအမြင်တွေ၊ လိပ်ပြာလွင့်တာတွေ၊ Silver Cord ဆိုတဲ့ ငွေကြိုးတွေပါ ပါလာတယ်။ အမယ်... မြတ်သူက ပြောသေးသဗျ။ သူကိုယ်တိုင် အပြင်းဖျား တုန်းက သူကို ချိုကြီးနှစ်ချောင်းနဲ့ လူနီကြီးနှစ်ယောက်က ယမမင်းဆီခေါ် သွားဆိုပါလား။ အဲသည်တော့ အောင်သော်က –



'နောက်တော့မှ မင်းကို လိပ်စာမှားပြီး ခေါ်မိတာပါဆိုပြီး ပြန်လွှတ်လိုက်ရော ဆိုပါတော့'

'ဟုတ်တယ်ကွ၊ သူတို့ခေါ်ချင်တာက ငါ့နာမည်ဆင်တဲ့ ငါ့လိုပဲ ကဗျာရေးဆရာတစ်ယောက်၊ သူ့ကို မတွေ့တာနဲ့ ငါ့ကို မှားခေါ်မိတာ'

'ပြန်တော့လည်း မင်းကို အိမ်စောင့်နတ်က အိမ်ထဲ အဝင်မခံဘူး မဟုတ်လား'

'ဒါလည်းဟုတ်တာပဲ။ အောင်သော်... မင်းဒါတွေ .ပိုလုပ်သိနေလဲ'

'မဆန်းပါဘူး မြတ်သူရယ်။ မင်းလိုပဲ ငါလည်း ကိုယ်တွေ့ကြုံဖူးတာကိုး။ ငါတောင် သေမင်းကို ဟောက်ပစ်ခဲ့သေးတယ်။ အဲသည်လောက် သေမင်းလုပ်နေပြီး ညံ့ရသလား။ နောက်ကိုလိပ်စာ ခဏခဏ မမှားရအောင် ကွန်ပျူတာတစ်လုံးဝယ်ထားလို့'

'အောင်သော်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ မှတ်ကရော... မြတ်သူဆိုမျက်နှာကြီးကို မည်းတက်သွားတာပဲ။ ပြောပြီး အောင်သော်က ခပ်တည်တည်ပဲ။ ကျွန်တော်က ကြားထဲက အားနာနေတယ်။ မြတ်သူကတော့ မျက်နှာလေး ကြောင်ဂလုဂလုနဲ့။ အဲသည်မှာပဲ အောင်သော်က လက်တန်းဇာတ်လမ်းတစ်ပုဒ် ကောက်လွှတ်တော့တာပဲ'

မြတ်သူအဘိုး ကြုံတာမျိုးက အမြွှာလောကမှာ သိပ်မဆန်းပါဘူး။ ငါက မင်းတို့ကို အေးမြနဲ့ သာလှထက်ပိုဆန်းကြယ်တဲ့ 'သူတော်နဲ့လူဇော်' အမြွှာညီအစ်ကိုအကြောင်း ပြောပြမယ်။ ငါ အင်္ဂလန်က ပြန်ရောက်ပြီးခါစ ဘာကြာသေးလို့လဲ။ လေးငါးလလောက်မှာ ငါ့ဆေးခန်းကို သူတော်နဲ့လူဇော် ဆိုတဲ့ အမြွှာညီအစ်ကိုနှစ်ယောက် ရောက်လာတယ်ကွ။ ရောဂါက Dipsomania ဆိုတဲ့ အရက်စွဲရောဂါ ဆိုပါတော့။ ဒါပေမဲ့ နည်းနည်းတော့ဆန်းကြယ်တယ်။ မင်းတို့ထင်သလောက်မကဘူး၊ မလွယ်ဘူး။

ဘယ်လိုလဲဆိုတော့ ရောဂါဖြစ်အောင်လုပ်တဲ့သူ။ ဒီလိုလေ... တကယ် ရောဂါရသင့်တဲ့သူက တစ်ယောက်၊ သူက လူဇော်တဲ့။ မဆီမဆိုင် ရောဂါ လက္ခဏာပြနေသူ၊ ရောဂါခံနေရတဲ့သူက သူ့ညီ သူတော်ဖြစ်နေတယ်။ ရှင်းလား ရှုပ်သွားပြီလား။

ဒီလိုကွာ... လူဇော်က တစ်နေ့ကို အနည်းဆုံး စိတ်နှစ်လုံးသောက်တယ်။ သူတော်က အရက်ကို အနံ့တောင်မခံနိုင်ဘူး။ လူဇော်က အရက်တင်းတစ်ပိုင်း ဆေးပြင်းလိပ်ပါ တစ်နေ့ကို ဆယ့်ငါးလိပ်လောက် သောက်တယ်။ သူတော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်နံ့ရတာနဲ့တင် အသက်ရှုကျပ်ပြီး ခေါင်းမူးလာတယ်။

ဟုတ်ပြီနော်။

ကဲ… မင်းတို့ ထင်ချင်သလိုသာ ထင်တော့။ ဒီလောက် ချိုးကပ်နေတဲ့ အရက်သမား၊ နှာခေါင်းကျပ်နိုးစွဲနေတဲ့ ဆေးလိပ်သမားက ကျန်းမာရေးဒေါင်ဒေါင်မြည်နေပြီ။ သူတော်စင် သူတော်က ရောဂါရနေတယ်။ ဒါကို ဘယ်လိုရှင်းပြမလဲ။ လူဇော်က ကျန်းမာပျော်ရွှင်ပြီး သောက်စားနေသလောက် ဘာမှမလုပ်တဲ့ သူတော်ကျတော့ ယစ်ထုပ်ကြီးတစ်ယောက်လို အသည်းရောဂါဖြစ်ပြီးဖောရောင်ရနေတယ်။ ဆေးလိပ်သိပ်သောက်သူတွေလို နှလုံးတုန် ရင်ခုန်နေတယ်။

မြတ်သူ…ကြတဲ့ အမြွှာတွေမှာ တစ်ယောက်ဖြစ်ရင် ကျန်တစ်ယောက်ပါ လိုက်ဖြစ်တာမျိုးက Sympathetic Pain အဲဒါကို ဘယ်လိုခေါ်မလဲ။ ဆမ္မ၀ဒေနာလို့ပဲ ဆိုပါတော့။ သူတော်နဲ့ လူဇော်ဖြစ်တာမျိုးက အဲသည်လိုလည်း မဟုတ်ဘူး။ အတူတကွ ဝေမျှခံစားကြတာ မဟုတ်ဘဲ လူဇော်လုပ်သမျှကို သူတော်ကချည်းပဲ ကိုယ်စားဝင်ခံနေရတော့ 'ကိုယ်စားဝေဒနာ' (Substituted Pain) လို့ပဲ ပြောရမယ့်ပုံ ပေါက်နေတယ်။ မဆန်းဘူးလား။ ဘယ်မှာလဲ 'ကိုယ်ဖြစ်ကိုယ်ခံ' ဆိုတဲ့စကား။ ဘယ်မှာမှန်လို့လဲ။ သူတော်က ငါ့ကိုတိုင်တယ်ကွ။ ဒီလို… ဒီလို… ။

'ဆရာကြီး… ကျွန်တော်ကိုကယ်ပါ။ ကျွန်တော်ညီလူဇော်ဟာ ကျွန်တော့်ကို သတ်နေပါတယ်။ သူကိုယ်သူရော ကျွန်တော့်ကိုပါ သတ်နေပါတယ်။ သူမဟုတ်တာလုပ်သမျှ ကျွန်တော်ကခံနေရတယ်'

'သူ့တော်ပြောတာ ဂရုမစိုက်နဲ့ဆရာကြီး။ ဒီကောင်က စိတ်သိပ်မှန်တာ မဟုတ်ဘူး'

အဲသည်လို ပြောနေကြချိန်မှာပဲ သူတော်က 'ရင်း'ထလာတယ်း အရက်သမားတွေ၊ ဘိန်းစားတွေ ရင်းထတယ်ဆိုတဲ့စကား မင်းတို့သိတယ်မဟုတ်လား။ အရက်သမားများ အချိန်တန်လို့ အရက်မသောက်ရသလိုမျိုး သူတော်ဟာ 'တဟော့ဟော့'နဲ့ လေချဉ်တွေတက်နေပေမယ့် လူဇော်ကတော့ အပြုံးမပျက်ဘဲ သူ့ကို သနားစရာမျက်နှာနဲ့ကြည့်နေတဲ့ သူတော့်ကို လူဇော်က အောင်နိုင်သူလို ပြုံးပြပြီး ငါ့ကိုလည်း သူက –

'ကန်တော့နော် ဆရာကြီး။ ဒီကောင် ရင်းထနေပြီ။ ကျွန်တော်ကယ်မှ ဖြစ်တော့မယ်'

လူဇော်က ပြောပြောဆိုဆိုနဲ့ ကုတ်အင်္ကျီအိတ်ထဲမှာ အသင့်ဆောင်ထားတဲ့



ပုလင်းပြားလေးထဲက အရက်ကို ထုတ်မော့လိုက်တယ်။ ငါလည်းအံ့ဩလွန်းလို့ ဘာမှမပြောလိုက်နိုင်ဘူး။ ပထမတော့ ကြောင်ကြည့်နေမိတာ။ နောက်သိပ္ပံသမားတစ်ယောက်ရဲ့ စူးစမ်းသုတေသနလုပ်ချင်စိတ်နဲ့ ဆက်ကြည့်နေတာ။ မင်းတို့သိတဲ့အတိုင်းပဲ ငါတို့ဆရာဝန်အများစုက လူနာကို လူလို့သိမ်မြင်ကြတာ မဟုတ်ဘူး။

သူတို့ ပညာတိုးဖို့ ပညာယူစရာပုံးလေးတွေ၊ ယုန်ကလေးတွေလို သဘောထားနေကြတာ ဆိုးတယ်ကွ။ ဒါပေမဲ့ ဒါ အမှန်ပဲ။ စားရေးဆရာတစ်ယောက် ပြောသလို လူနာကို ဆရာဝန်က သူတို့ရဲ့ ဆေးထိုးအပ်ကို ချွန်ပေးသူတွေလို့ သဘောထားနေကြတာ။ အဲသည်အထဲ ငါလည်းပါတယ်ကွ။

အံ့ဩစရာပဲ ကိုယ်လူတို့ရေ။ လူဇော်က ဘာမှရောမထားတဲ့ အရက်ပြင်းကို ရေသောက်သလို တကျွပ်ကျွပ်သောက်ချလိုက်ပေမယ့် မျက်နှာကြီး ရှုံ့မဲ့ခံစားသွားရသူက သူတော်သွားဖြစ်နေတယ်။ ချက်ချင်းပဲ သူတော်မျက်နှာက ရဲတက်လာတာပဲ။ ခံစားမှုဝေဒနာနဲ့ ငြင်းပယ်မှုဆန္ဒဆိုတဲ့ ဆန့်ကျင်ဖက်နှစ်ခု အားပြိုင်နေတဲ့ လက္ခဏာတွေကို သူတော့်မျက်နှာပေါ်မှာ မြင်တွေ့နေရတာဟာ တကယ့်တော့ စိတ်မသက်သာစရာပါ။ လူဇော်ကတော့ ငါ့ကိုပြုံးပြနေတယ်။ တွေ့တယ် မဟုတ်လား၊ မြင်ပြီမဟုတ်လား၊ ဘယ်နှယ့်ရှိစဆိုတဲ့ သဘောပေါ့။ ခွေးမသားကောင်။

သိပ်မကြာလိုက်ပါဘူး။ အရက်သောက်ချင်လို့ တဲတွေးတနင်နင်ဖြစ်နေတာတွေ၊ လက်တုန်နေတာတွေ သူတော့်မှာ ပျောက်သွားတယ်။ အဲသည်တော့လည်း တကယ့်ကို အကောင်းပကတိ။ လူဇော် အရက်မော့သောက်လိုက်တာကိုသာ ငါ့မျက်စိနဲ့ တပ်အပ်မမြင်လိုက်ဘူးဆိုရင် သူတော့်ကို ငါက အရက်ချိုးကြီးလို့ ထင်မိမှာပဲ။ အဲသည်တစ်ချိန်တည်းမှာပဲ လူဇော်က ဆေးပြင်းလိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာနေတယ်။ သူတော်ဟာ ချက်ချင်း ချောင်းတွေဆိုးလာပြီး မောကျပ်သံနဲ့ ငါ့ကိုပြောတယ်။

'တွေ့တယ်မဟုတ်လား ဆရာ၊ တွေ့တယ်မဟုတ်လား။ ကျွန်တော်ခံစားနေရတာတွေဆိုတာ အဲဒါတွေပဲ။ နောက်ပြီးတော့လည်း …'

'နောက်ပြီးတော့ဘာရှိသေးလဲ'

'ဒီကောင်က ကျွန်တော့်ကိုအလုပ် မလုပ်ရဘူးတဲ့။ သူက အငယ်လေ။ ကျွန်တော်က အကြီးလား။ သူကအစ်ကို ကျွန်တော်ကညီ ဖြစ်နေတော့မှ သူ့မှာ ကျွန်တော့်ကို တားဆီးပိုင်ခွင့်မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူတို့အမြွှာညီအစ်ကိုဟာ အလုပ်လုပ်ဖို့ လိုသလား၊ မလိုဘူးလားဆိုတာတော့ ငါမသိဘူး။ ဒါပေမဲ့ ထမင်းတစ်လုပ်အတွက် အလုပ်မလုပ်ဘဲ နေနိုင်တယ်ဆိုတာတော့ ငါ သိပ်သေချာတယ်ကွာ။ သူတို့စီးလာတဲ့ ကားက ၅၈ နံပါတ်မာစီဒီးဘင့်ဇ်။ အဖိုးတန် ဈေးကြီးအဝတ်အစားတွေမှာ စိန်တွေတောင်စီထားလိုက်သေး။ လူဇော်က နီနီရဲရဲ မန်ကျည်းစေ့ထက်ကြီးတဲ့ ပတ္တမြားလက်စွပ်ကြီး ဝတ်ထားသလို သူတော်မှာလည်း ဆီးစေ့လောက် တစ်လုံးတည်း စိန်လက်စွပ်ကြီးနဲ့။

တစ်ခုပဲ ပြောစရာရှိတယ်။ လူဇော်လက်ပတ်နာရီဟာ အဖိုးသိပ်တန်တဲ့ ဆွစ်ဇာလန်နိုင်ငံလုပ် နာရီအစစ်ဖြစ်ပေမယ့် ဘာကြောင့်မှန်းမသိ၊ ရပ်နေတယ်။ ဆွတ်ဆွတ်ဖြူ ရှပ်အင်္ကျီပေါ်မှာလည်း ဆေးလိပ်ပြာကွက်တွေ၊ တခြားအစွန်းအကွက်တွေနဲ့။ ဆံပင်က ညှင်းသိုးသိုး၊ မုတ်ဆိတ်မွေးဗရဗျစ်၊ လက်သည်းရှည်ရှည်ကြားက ချေးအထပ်ထပ်၊ မသပ်ရပ်တဲ့ နေရာမှာတော့ စံနမူနာပဲ။ သူတော်ကတော့ စတ္တူပတ်ခွာပြီးခါစ ဘလိတ်ဓားအသစ်ကလေးလို တောက်ပပြောင်လက်နေတယ်။ သူ့ဟာသူ တိကျသပ်ရပ်နေတယ်။ ငါက …

'ကိုသူတော်က အလုပ်လုပ်ချင်လို့လား။ ဘာအလုပ်မျိုး လုပ်ချင်တာလဲ'

'မဟုတ်ဘူး ဆရာ၊ ကျွန်တော်ဆိုလိုတာက စီးပွားရေးအလုပ် မဟုတ်ဘူး။ ကျွန်တော်တို့မှာ စားစရာ၊ ဝတ်စရာ၊ နေစရာ ဘာဆိုဘာမှ ပူစရာမရှိပါဘူး။ အမွေရထားတဲ့ ပစ္စည်းတွေဆိုတာကလည်း ထိုင်စားရင်တောင် ဘယ်နှစ်သက်စားလို့ရမယ်မှန်း မသိတတ်တော့ဘူး'

'ဟော့ကောင်… သူတော်၊ မင်းက ငွေစကားသိပ်ပြောတဲ့ကောင်ပဲ။ အဲဒါတွေက မင်းရှာထားတာတွေလား။ အလကားကောင်… ငပျင်း။ တစ်ဆိတ်ရှိအမွေ… အမွေ။ တယ်လေ'

အဲသည်လောက်ပဲပြောပြီး လူဇော်က သူနဲ့ ဘာမှမဆိုင်သလို ခေတ်ပေါ်သီချင်းတစ်ပုဒ်ကို ညည်းနေတယ်။ သူ့မှာ တခြားပြောစရာစကား မရှိတော့ဘူး။ ဒါပေမဲ့ကွာ… သီချင်းညည်းရင်းနဲ့ အော်ဂလီဆန်စရာ လက်မလောက်ဆေးပြင်းလိပ်တိုကို ဝါးစားနေတာကတော့ တကယ်ပဲ အောက်တန်းစားဆန်တယ်။ ပိုက်ဆံရှိအသိုင်းအဝိုင်းထဲကပုံ မပေါက်ဘူး။

'ကျွန်တော်ပြောတာ အဲဒါမျိုးတွေပဲဆရာ။ သူက ဒိုးဒိုးဒန့်ဒန့်နဲ့ ခေတ်ပေါ်တွေကြိုက်တယ်။ ကျွန်တော်က ဂန္ထဝင်မြန်မာသံတေးမှ။ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့ကောင်၊ သိပ်အောက်တန်းကျတဲ့ကောင်'



'ဒါကတော့ ကိုသူတော်ရယ်… သူကြိုက်တာ သူနားထောင်ခွင့်ရှိတာပဲဟာ။ ခင်ဗျားလည်း ခင်ဗျားကြိုက်တာ နားထောင်ပေါ့'

'သီချင်းကိစ္စကတော့ ရတယ်ဆရာ။ သီချင်းသံတွေ နားမထောင်ချင်ရင် ကျွန်တော်လည်း ကျွန်တော်ကြိုက်တာဖွင့်ပြီး နားကျပ်နဲ့နားထောင်လို့ရတယ်။ ခက်တာက…'

'ဒါပေမဲ့ ဘာတွေခက်နေလဲပြော'

'သူ သိပ်ဗိုလ်ကျတယ်ဆရာ။ သူက အားကြီးတော့ ကျွန်တော့်ကို အနိုင်ကျင့်တယ်၊ နှိပ်စက်တယ်၊ ကျွန်တော့်လက်ကို လိမ်ချိုးတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ စရိုက်ချင်းမတူပေမယ့် ကျွန်တော်ကတော့ ကိုယ့်အမြွှာညီလေးပဲဆိုပြီး သူ့ကိုသိပ်ချစ်ပါတယ်။

ကျွန်တော်တို့က သူများအမြွှာတွေလို နာရီဝက်၊ တစ်နာရီခြားမွေးတဲ့ အမြွှာမဟုတ်ပါဘူး။ ကျွန်တော်က သူ့ထက်သုံးမိနစ်ပဲစောပြီး လူ့လောကကြီးကို မြင်ဖူးတာပါ။ တကယ်တမ်း တိတိကျကျ ပြောမယ်ဆို အမေ့ကို ဗိုက်ခွဲမွေးတာဆိုတော့ အတူတူမြင်ဖူးတယ်လို့တောင် ပြောလို့ရတယ်။ ဒါကြောင့် ညီလေး အလိုကို ကျွန်တော် အမြဲတမ်းလိုက်လျောခဲ့တယ်။

ကျွန်တော် စန္ဒရားတီးနေတယ်နော်။ သူက အိပ်ချင်တယ်ဆိုရင် ကျွန်တော် ဆက်မတီးတော့ဘူး။ ကျွန်တော် အိပ်နေတုန်း သူ ဆူညံနေလည်း ကျွန်တော် ဘာမှမပြောဘူး။ ကျွန်တော်က အေးအေးဆေးဆေး ပန်းချီဆွဲချင်တယ်။ သူက အရက်ဆိုင်သွားမယ်၊ ဟိုတယ်သွားမယ်၊ ညကလပ်သွားမယ့်ဆိုရင် မဖြစ်သင့်တာ မဖြစ်ရအောင် သူ့ကိုထိန်းသိမ်းဖို့ သူ့နောက် တကောက်ကောက် ကျွန်တော်လျှောက်လိုက်ပေးတာပဲ။ ဒါတွေသူ မသိတတ်ဘူး'

ငါကွာ သူတို့ညီအစ်ကိုကိုကြည့်ပြီး တော်တော်စိတ်ကုန်လာတယ်။ သူတော်ဟာ ပြောရင်းနဲ့ ငိုချလိုက်တော့မလားပဲ။ လူဇော်ကျတော့ ကန့်တော့နော် ဆရာဆိုပြီး အရက်ပုလင်းပြားကို ထုတ်မော့ပြန်တယ်။ လူဇော်ကြည့်ရတာ ငါ့ကို အားလည်းနာနေတယ်။ သူ့ညီကိုလည်း ထိန်းလို့မရဘူး။ ဒုက္ခ… ဒုက္ခ။ ဒီတော့ ငါ ဝင်တားရ ပြောရတော့တာပေါ့။

'ဒီမှာ ကိုလူဇော်။ ခင်ဗျားသောက်တာ သိပ်ကိုများနေပြီ။ ခင်ဗျား ကျန်းမာရေးအတွက်ပါ။ ဆေးရုံတက်ပြီး အရက်ဖြတ်လိုက်ပါလားဗျာ'

'ကျွန်တော်က အရက်ဖြတ်ရမယ်။ အောင်မယ်လေး ဆရာရယ် ဘာဖြစ်လို့ ဖြတ်ရမှာလဲ။ ကျွန်တော်ဘာဖြစ်နေလို့လဲ။ ဘာမှကိုမဖြစ်ဘူး။ ခေါင်းခေါင်းကို

www.burmeseclassic.com



မြည်နေတာပဲ။ ကျွန်တော်ရဲ့ ချစ်လှစွာသော အစ်ကိုကြီးသာ ရောဂါထူနေတာ။ ဒီမှာဆရာ သိလား၊ သူရင်းထနေပြီ။ သူသိပ်ကိုအရက်သောက်ချင်နေပြီ။ ကျွန်တော်သိတာပေါ့ ဆရာရယ်။ ကိုယ့်အကိုအကြောင်း ကိုယ်သိတာပေါ့။ ဟုတ်တယ်မဟုတ်လား အစ်ကိုကြီး။ ကျွန်တော်သောက်နေတာ သူ့ဝေဒနာကို မျှဝေခံစားပြီး မကြည့်ရက်လို့ သောက်ပေးနေတာပါ။ ကျွန်တော့်တို့ ညီအစ်ကို နှစ်ယောက်ကြားမှာ ဝေမျှဝေဒနာဆိုတာ ရှိတယ်ဆရာရဲ့။ ဆရာ နားမလည်ပါဘူး။ ကျွန်တော်တော့ ဆေးရုံမတက်နိုင်ဘူး။ အရက်မဖြတ်ချင်ဘူး။ သောက်မယ်၊ စားမယ်၊ ပျော်မယ်၊ ပါးမယ်။ သေချင်လည်း သေပေစေတော့။ ဘဝတိုတာ ရှည်တာထက် ဘဝအရသာချိုဖို့ကိုပဲ အဓိကထားတယ်'

အဲဒါသာ ကြည့်တော့ ကိုယ့်လူတို့ရေ။ ငါလည်း ပြောမရတာနဲ့ သူတို့နှစ်ယောက်ကို ဆေးစစ်ရုံပဲ စစ်ပေးလိုက်တယ်။ တကယ်ပါ၊ လူဇော်ရဲ့ လျှာဟာ ကလေးလေးတစ်ယောက်ရဲ့ လျှာလိုပဲပန်းသွေးရောင်ထပြီး သန့်စင်နေတယ်။ မျက်လုံးတွေက ကြယ်ကလေးတွေလို၊ အသားအရေက ရေမြှုပ်တစ်ခုကို ရေစိမ်ပြီး ရေညှစ်ထားသလို၊ ကြွက်သားတွေက ကားတာယာလို၊ အရိုးတွေက ရှားနှစ်တုတ်လို အင်မတန်ကျန်းမာသန်စွမ်းတဲ့ အခြေအနေမှာ တွေ့လိုက်ရတယ်။ တစ်နေ့ကို ဝီစကီနှစ်ပုလင်း၊ ဆေးပြင်းလိပ် ဆယ်ငါးလိပ် သောက်တဲ့လူလို့ ဘယ်သူက ပြောမှာလဲ။

သူတော်စင်ကြီး သူတော့်ခမျာမှာတော့ သနားစရာ။ နှစ်ရှည်လများ ဆေးလိပ်၊ အရက် အလွန်အကျွံသောက်သူတစ်ယောက်မှာ တွေ့ရမယ့်လက္ခဏာ တွေအားလုံး သူ့ဆီမှာ စုပြီးတွေ့ရတယ်။ အသည်းကြီးတယ်၊ ရောင်တယ်၊ ကျောက်ကပ်မကောင်းဘူး၊ အစာအိမ် အနာနဲ့၊ အဆုတ်ထဲမှာ ချွဲသလိပ်တွေ အပြည့်၊ နှလုံးခုန်တာ သိပ်မြန်နေပြီး မှန်လည်း မမှန်ဘူးကွ။ တကယ့်ရောဂါအိုးကြီး။ သူတော်က ရှိုက်သံနှောပြီး ထပ်ပြောပြန်တယ်။

'ဒါတွေအားလုံး ကျွန်တော်သည်းခံနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ညီဟာ ကျွန်တော် ဘယ်လိုမှသည်းမခံနိုင်တာ တစ်ခုကို လုပ်တော့မယ်။ ဒါကိုတော့ တားပေးပါဆရာ'

'ကိုလူဇော်က ဘာလုပ်ချင်လို့လဲ'

'သူမိန်းမ ယူတော့မယ်တဲ့။ ဘယ်သူကိုယူမှာလဲ သိလားဆရာ။ ကျွန်တော်တို့အိမ်က အိမ်ဖော်မလေး မိအေးကိုယူမှာ။ ဆိဒိုးနားမှာ ကျကျနနမင်္ဂလာဆောင်ယူမှာ။ ကိုယ့်အိမ်က အိမ်ဖော်ကို။ မဖြစ်နိုင်ဘူး၊ ဟင့်အင်း... မဖြစ်



ရဘူး။ ကျွန်တော် လုံးဝသဘောမတူဘူး၊ သူလုပ်သင့်လား၊ ဆရာဝဲခဲ့ဘူးလား ကြည့်'

သူတော် ဘာပြောပြော လူဇော်ကတော့ ကြည့်ရတာ ခွတ်တိုးလုပ်မယ့်ပုံပဲကွ။ သူတို့ကိစ္စ ငါဘာတတ်နိုင်မှာလဲကွာ။ ငါ တားဆီးလို့ကော လူဇော်က နားထောင်မှာတဲ့လား။ ငါက ဘာကောင်မို့လို့လဲ။ ဒီမှာတင် လူဇော်က တစ်စခန်း ထပြန်ရော။

'အို... ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ မိအေးဟာ တကယ်တော်တဲ့ ကောင်မလေး။ ဒီမှာ သူတော်... မင်းမုန်းပေမယ့် ငါချစ်တယ်။ ချစ်လို့ကို ယူမှာ။ သူဟာ ငါ့အလိုက်သိတယ်၊ ငါ့အကြိုက်သိတယ်၊ ငါကြိုက်တဲ့ သီချင်းမျိုး၊ ငါအကြိုက်မျိုးတွေကိုလည်း သူလည်းကြိုက်တယ်။ မင်းတို့လို ကြီးကျယ်တဲ့ အထက်တန်းလွှာကို ငါမုန်းသလို သူလည်းမုန်းတယ်။

ဒီမှာ သိလားဆရာ။ မိအေးကလေ... ထမင်းဟင်းချက်တာတောင် ကျွန်တော့်အကြိုက် မဆလာများများ၊ ငရုတ်သီးစပ်စပ်၊ အဆီများများနဲ့၊ ကျွန်တော့်ချစ်အစ်ကိုကြီးကတော့ ဆရာရေ နွားနို့၊ ပေါင်မုန့်နဲ့ ပူတင်းတို့က လွဲလို့ ဘာမှကြိုက်တာမဟုတ်ဘူး။ လူပြည်ရောက်လာပြီး လူဖြစ်ရှုံးနေတဲ့လူသား'

မင်းတို့သိတဲ့အတိုင်းပဲလေ။ အဲဒါတွေက ငါနဲ့ဘာမှမဆိုင်ဘူး။ ငါကမှုးစာရေးနတ်လည်းမဟုတ်၊ သူတို့အဖေလည်းမဟုတ်။ လူဇော်လုပ်ချင်တာကို မလုပ်ရဘူးလို့ ငါ ဘယ်လိုလုပ်ပြောရမှာလဲ။ သူတို့ညီအစ်ကိုနှစ်ယောက်ကြားထဲလည်း ဝင်ပါလို့ကောင်းမလား။ အဲသည်တော့ ငါနဲ့ဆိုင်တာပဲ ငါလုပ်ရတော့တာပါ။

'ထားပါ... ဒီကိစ္စက ညီအစ်ကို နှစ်ယောက် တပြည်းပြည်းညှိယူလို့ရပါတယ်။ အခု ကိုလူဇော် အရက်မဖြတ်ချင်ဘူး။ ဆေးရုံမတက်ချင်ဘူးဆိုတာသေချာလား'

'သိပ်သေချာတာပေါ့ ဆရာရယ်၊ မြေကြီးလက်ခတ် မလွဲပါဘဲခင်ဗျာ'

အတိုချုပ်လိုက်တော့ ဒါပဲကွ။ ပြီးပြီ၊ ငါ့ကိစ္စ။ ငါလုပ်ပေးနိုင်တာဘာမှမရှိတော့ဘူး။ ဆရာဝန်နဲ့ ဆိုင်တဲ့ကိစ္စပဲ ငါလုပ်ပေးလို့ရမယ်လေ မဟုတ်ဘူးလား။ ငါတွက်ထားသလိုပါပဲကွာ။ သိပ်မခံပါဘူး။ ဘာကြောင့်လဲ။ သုံးလကြာတော့ သူတော်လည်း အသည်းရောဂါနဲ့ သေအောင်ဘာခဲ့တွက်တိ။

ကဲ... လုပ်ကြ၊ သောက်ကြ၊ ဘီယာတွေ ပုကုန်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သော်က အဲသည်လို ဓာတ်လမ်းဆုံးလိုက်ပေမယ့် ဓာတ်လမ်းက မဆုံးသေးဘူးဆိုတာ ကျွန်တော်သိတယ်။ သူ့အကြောင်း ကျွန်တော် သိနေတာကိုး။ ဒီဓာတ်လမ်းမှာ မြုပ်ကွက်တစ်ကွက်တော့ရှိရမယ်။ သင်းက ကျွန်တော်တို့အမေးကို စောင့်နေတာ။ ကျွန်တော်ကတော့ သူ'ဟာ' ထားပေးတဲ့ အပေါက်ထဲ မဝင်ပါဘူး။ သူ့အထာမသိတဲ့ မြတ်သူကသာ –

'သူတော်သေပြီးနောက် လူဇော်နဲ့ မိအေး ယူဖြစ်ကြသေးလား'

'မယူဖြစ်ဘူး။ သူတော်သေတာနဲ့ လူဇော်လည်း သေတာပဲ။ နေ့တောင် မကူးဘူး။ ဟဲ... ဟဲ... သိပ်ချစ်ကြတဲ့ အမြွှာညီအစ်ကိုတွေလေ'

ဂမ္ဘီရဆရာကြီးက အောင်သော့်ကို ကျေနပ်ပုံမရဘူး။ သူ့ဓာတ်လမ်းထက် ပိုဆန်းနေလို့။

'မင်းပြောတာ တော်တော်ကြီး ဆန်းကြယ်ပေမယ့် ဖြစ်နိုင်တယ်။ ငါတို့ ပရလောက...'

'နီး...နီး... ဒါ ပရလောကနဲ့ ဘာမှမဆိုင်ဘူး ဘိုးတော်။ မင်းတို့ယုံကြည်တဲ့ စိတ်ချင်းဆက်၊ မဗ္ဗာန်းဆက်၊ လိပ်ပြာလွှင့်တာတွေနဲ့ ဘာမှကိုမဆိုင်ဘူး။ ဆေးသိပ္ပံပညာစစ်စစ်သက်သက်'

'ဒါဖြင့်ရင် မင်းတို့ရဲ့ရှုထောင့်က အမြင်က ဘာလဲ၊ ရှင်းပြ'

'ပြောမယ်။ သူတော်သေတာနဲ့ လူဇော်ပါ သေရတဲ့အကြောင်း၊ လူဇော် လုပ်သမျှ သူတော်ကချည်းခံနေရတဲ့အကြောင်း၊ လူဇော် ဆံနှကိုသူတော် မငြင်းနိုင်တဲ့အကြောင်း၊ မိအေးကို သူတော် လက်မခံနိုင်ရတဲ့အကြောင်း... အဲသည်အကြောင်းတွေအားလုံးဟာ ဆေးသိပ္ပံပညာအရ ဆက်စပ်နေတယ် ဘာလဲဆိုတော့...'

အောင်သော်ဆိုတဲ့ကောင် တော်တော်အမြင်ကပ်ဖို့လည်းကောင်းတယ်။ ချက်ချင်းမပြောသေးဘဲ အိုက်တင်ခံ အချိန်ဆွဲနေသေးတယ်။ ပြောလိုက်တော့လည်း တစ်ခွန်းကည်း။ ဂမ္ဘီရမြတ်သူ ရင်ဝဆောင့်ကန်ခံလိုက်သလို ပက်လက်ကိုလန် ရော။ ဒါကြောင့် ကျွန်တော်မပြောဘူးလား။ အောင်သော်ဟာ ပုံပြောကောင်းပါ တယ်။ သူ့ဓာတ်လမ်းထဲမှာ မြုပ်ကွက်တစ်ကွက် ကျန်သေးတယ်လို့။

လူဇော်နဲ့ သူတော်ဟာ အမြွှာပေမယ့် ရင်ချင်းဆက်အမြွှာတွေ။ နှစ်ယောက် ပေါင်းမှ အသည်းတစ်ခုတည်းရှိတာ'

နွယ်နီ၊ မေလ၊ ၂၀၀၄

❒

## စာရေးဆရာ ဘချစ်

စာပေလောကမှာ ဒီလက်ဖက်ရည်ဆိုင်က နာမည်ကြီးသည်။ စာရေးဆရာ အတော်များများ ဒီဆိုင်ကို ရောက်ဖူးသည်။ ဒီဆိုင်မှာပဲရှိန်းချက်စတတည်းချ ကြသည်။ ကာလကြာလာသောအခါ ဒီဆိုင်မှာ လက်ဖက်ရည်မသောက်ဖူးလျှင် စာရေးဆရာမဟုတ်သလို ပြောလာကြသည်။ (တကယ့်စာရေးဆရာများက မပြောပါ။)

နယ်မှ စာရေးဆရာများကလည်း ရန်ကုန်ရောက်လျှင် နာမည်ကြီးလှသော ထိုဆိုင်သို့ ရောက်ဖူးတယ်ရှိအောင် လာထိုင်ကြ ၏။ ဒါက ရိုးရိုးသားသား။ တချို့ကျတော့ ရိုးသားတဲ့ စာပေစိတ်နှင့် မဟုတ်။ သူ့စာအရေးအသားက စာ ကြောင်းတိုတိုလေး ရေးတာပင် သဒ္ဒါမမှန်။ ပါဖူးတဲ့စာက ဖောင်ပြည့်စာ ရေးတဲ့အကြောင်းအရာက ခလုတ်မတိုက်အောင်လျှောက်နည်း။

ထိုစာတစ်ပုဒ်ထဲမှာပင် ယင်းဆိုင်နာမည်က အကြိမ်ပေါင်းများစွာပါ၏။ ထိုဆိုင်တွင် တကယ့်နာမည်ကြီး ပါရဂူဝါရင့်ကလောင်ကြီးများနှင့် စာအကြောင်း ပေအကြောင်း ဆွေးနွေးခဲ့သည်တဲ့။ ဟုတ်ချင်လည်း ဟုတ်ပေမည်။ ဆရာကြီး တွေ ဝိုင်းတွင် အတင်းဝင်ထိုင်ပြီး ဒီလ ချယ်ရီမဂ္ဂဇင်းမထွက်သေးဘူးနော်ဟု ပြောသည်ကို ဆရာကြီးတစ်ဦးဦးက 'အေး'တစ်လုံး ပြန်ပြောလိုက်တုန်းက ဖြစ်၏။ ကျွန်တော်က အဲသည်ဆိုင် (ကိုယ့်ဆိုင် ကိုယ်ကြော်ငြာသလို [illegible] စိုး၍ နာမည်ထည့်မရေးပါ)က စားပွဲထိုးလေးပါ။

တစ်ချိန်တုန်းကတော့ ကျွန်တော့်ဆိုင်လိုပဲ 'ရွှေကြည်အေး'[illegible] ကန်း'တို့ နာမည်ကြီးခဲ့ဖူးပါသည်။ ထိုအခါ အထက်ပါ [illegible]

www.burmeseclassic.com

www.burmeseclassic.com



(၃၃)လမ်းကို အဓိပတိလမ်း၊ လေထန်ကုန်းကို စာပေဘွဲ့နှင်းသဘင်ခန်းမကြီး ပမာပြောကြသည်။ ယခု ကျွန်တော်တို့ ဆိုင်လည်း ထိုသို့ဖြစ်နေ၏။

ဆိုင်ဖွင့်ချိန်မှ ဆိုင်ပိတ်ချိန်အထိ ကျွန်တော်တို့ဆိုင်သို့ စာရေးဆရာနှင့် အယ်ဒီတာမျိုးစုံ လာကြပါသည်။ စာပေအကြောင်း ပြောသည်။ အလုပ်ကိစ္စ ပြောသည်။ ကြာကြာထိုင်သည့် ဝိုင်းများလည်းရှိသည်။ ဒါပေမယ့် များသော အားဖြင့် အပုပ်ချိန်ရောက်လျှင် ဝိုင်းသိမ်းကြသည်က များ၏။ သူတို့ထဲတွင် စာရေးဆရာတစ်ဦးကို ကျွန်တော် သတိထားမိ၏။

သူ့ကလောင်နာမည်က ဘချစ်။ မန မန္တ၊ အဓိပ္ပာယ် မရှိ၊ အဓိပ္ပာယ်အပြည့် နှင့် ပေးထားသော ကလောင်အမည်မျိုးမဟုတ်ပါ။ သူ့နာမည်ရင်းကလည်း ဘချစ်ပဲဖြစ်သည်။ သူသည် စာပဲရေးသည်။ (လက်နှိပ်စက်နှင့်ရိုက်သည်။) ပန်းချီမဆွဲ၊ ကာတွန်းမဆွဲ ၊ ရုပ်ရှင်မရိုက်၊ သီချင်းမဆိုသဖြင့် ကလောင်နာမည် တူပြဿနာမရှိ။

သူ့လောက် စကားနည်းသလောက် ရေးနိုင်(ရိုက်နိုင်)သော စာရေးဆရာ မျိုး ကျွန်တော်မတွေ့ဖူးပါ။ အကြောင်းအရာမျိုးစုံကို သူရေးသည်။ ဝတ္ထုတို၊ ရှည်၊ လုံးချင်း၊ အချစ် အလွမ်း၊ စွန့်စားခန်း၊ ဟာသဘာဝ သရုပ်ဖော် မော်ဒန်၊ (ပို့(စ)မော်ဒန် ဂန္တဝင်ရှု၊ သည်းထိတ်ရင်ဖို၊ ဖြစ်ရပ်မှန်စုံထောက်၊ သူမရေးဘူးသည့် ရသစာပေမျိုး မရှိ။ သုတလိုင်းတွင်လည်း ဝိဇ္ဇာ၊ သိပ္ပံ ဆောင်းပါးမျိုးစုံ ရေးနိုင် သည်။ စာပေရေးရာ၊ စီးပွားရေးရာ၊ နိုင်ငံတကာရေးရာ၊ သမိုင်းဒဿန စသော ဘာသာရပ်မျိုးစုံ ရေး၏။

ကလောင်ခွဲ မရှိ။

ထို့ပြင် ထိုမျှ များပြားသော အကြောင်းအရာမျိုးစုံကို ရေးသားနိုင် သော်လည်း သူရေးသမျှစာမူတိုင်းသည် (တစ်ပုဒ်မကျန်) ဂယက်ထ ပြောစမှတ် ပြုရသည့် စာများချည်းသာဖြစ်၏။ ထို့ထက်ပို၍ဆန်းသည်မှာ သူ့တွင် စာရေးဆရာ ဖြစ်ပြီး အုပ်စုမရှိ။ (အညာသားလား၊ အောက်သားလား မည်သူမျှမသိ) စာပေ ဟောပြောပွဲများသို့ မည်သည့်အခါမျှ မလိုက်။ အိမ်ကိုလည်း မည်သူ့ကိုမျှ အလာမခံ။ ကျွန်တော်တို့ဆိုင်တွင်သာ အလုပ်စကားပြော၏။ နှစ်တိုင်း အမျိုးသား စာပေဆုတစ်ဆု ဆုရိုက်မည် ထင်ကြေးပေးကြသော်လည်း သူတစ်ခါမျှ ဘာဆုမှ မရဘူး။ ဆုရမှာစိုး၍ တမင်လျှော့ရေးသလားဟုပင် ထင်ကြသည်။

သူ့စာပေခရီးလမ်းကြောင်း အစပိုင်းကို ကျွန်တော်မမီလိုက်။ သူထိုမျှ အောင်မြင်သော စာရေးဆရာတစ်ဦးဘဝသို့ မည်သို့မည်ပုံ ကြိုးပမ်းတက်ခဲ့သည်



သိ။ ကျွန်တော့်ဒီဆိုင်မှာ အလုပ်စဝင်တော့ သူရောက်နေပြီဖြစ်၏။ သူသည် တစ်နေ့မပြတ် ဆိုင်မှာ နေကုန်နေခန်း လာထိုင်ပြီး ချိန်းထားသူများကို စောင့် ၏။

ချိန်းထားသူများဆိုသည်မှာ အယ်ဒီတာများ၊ ထုတ်ဝေသူများ ဖြစ်သည်။ ကျွန်တော်ပြောလျှင် ယုံကြမည်လားမသိ။ သူသည် မည်သည့်မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်၊ စာအုပ်တိုက်များသို့မျှ စာမူမပို့၊ သူ့စာမူကို လိုချင်သူများကသာ သူ့ထံ လာယူရ၏။ လာယူသည်မှာလည်း ကျွန်တော့်ဆိုင်တွင်သာ ဖြစ်၏။ သူ့လိပ်စာကို ဘယ်သူမျှမသိ။

ကျွန်တော်တို့ ဆိုင်ဖွင့်ပြီ။ နာရီဝက်တိတိအကြာတွင် သူရောက်လာပြီး ဆိုင်မပိတ်မီ နာရီဝက်မှာ ပြန်တတ်သည်မှာ နေ့စဉ်ဖြစ်၏။ ဆိုင်ပိုင်ရှင်၏ ယာကူမကြီး အသုဘချသည့်နေ့ ဆိုင်တစ်ရက်ပိတ်တုန်းကပဲ သူမလာ။ သူသည်ရောက်သည်နှင့် သူထိုင်နေကျ ထောင့်စားပွဲတွင် လက်ဖက်ရည်တစ်ခွက် မှာပြီး တစ်နေကုန်နေသည်။

စကားလည်း သူကစ၍မပြော။ သူ့ကိုမေးမှ ပြန်ပြောသည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ ရေနွေးကြမ်းမသောက်။ တစ်ခါတစ်ရံ သူ တစ်ယောက်တည်း ထွက်သွားတတ်သော်လည်း ပြန်ရောက်လာသည်။ သူသည် အင်မတန် တည်ငြိမ်အေးဆေးသူဖြစ်၏။ သူ့မျက်လုံးများကလည်း တည်ငြိမ်သည်။ အလွမ်းဝတ္ထုများတွင် ပါနေကျ ဓာတ်လိုက်မင်းသား၏ ဝေဝေဆွေးရိပ်သန်းသော မျက်လုံးမျိုးမဟုတ်။ သူ့မျက်လုံးများသည် လက်နှိပ် ဓာတ်မီး ဘတ်သီးတစ်လုံးလို ရှုးရှသည်။ သို့သော် မျက်စိကို ဟိုကြည့်ဒီကြည့် လကား ကစားမနေ။ အဖော်မရှိလျှင် သူ့ဖာသာသူ တစ်နေရာကို စိုက်ကြည့် တွေးနေပုံရ၏။

ကျွန်တော်သည် ဆိုင်စားပွဲထိုး တစ်ဦးသာဖြစ်၍ သရုပ်ဖော် စာရေး ဆရာတစ်ဦး မဟုတ်ပါ။ ထို့ကြောင့် ထိုမျှလောက်သာ သူ့အကြောင်းရေးပြတတ် သည်။ စာရေးဆရာကြီးများ ပြောတတ်သော 'ကရိုက်တာ'ခေါ် သူ့စရိုက် ကျွန်တော်ရေးမပြတတ်ပါ။ သူသည် မာနကြီးသူလား။ ဝမ်းနည်းကြေကွဲ သူလား၊ လူကောင်းလား၊ လူဆိုးလား၊ ငွေလောဘကြီးသူဖြစ်၍ ထိုမျှ နင်းကန်ရေးနေတာလား၊ ပညာတွေကို အမွေပေးဖြန့်ဖြူးနေတာလား သည်တို့ကို စားပွဲထိုး ဦးနှောက်က မဆုံးဖြတ်တတ်ပါ။

သူကောင်းသည် ဆိုးသည်ကို ကျွန်တော့်မှာ ပြောခွင့်မရှိ။ ထိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ကိုယ်ဖန်တီးထားသော ဇာတ်ကောင်ကိုပင်လျှင် ကောင်းသည်ဆိုးသည် ဝင်မပြောရ။ စရိုက်တစ်ခုကို အပြောအပြုဖြင့်သာ သရုပ်ဖော်ရမည်။ ဘက်လိုက်ပြီး ဝင်ပြောလျှင် သရုပ်မှန်စာပေ မပီသဟု ဆရာတော် မ··များက ပြောကြပါသည်။

ထို့ကြောင့် တစ်နေ့တာ သူ့လုပ်ရားမှုများကို ကျွန်တော့အမြင်(အပြု) ကျွန်တော့်အကြား(အပြော)တို့ကို အရင်းအတိုင်း ရေးပြပါမည်။ ဆရာကြီးများက သရုပ်ဖော် ပေးကြပါ။ သူဘယ်လို စာရေးဆရာပါလိမ့် ဆိုတာသိလျှင် ကျွန်တော့်အား ပြောပြပါ။ လက်ဖက်ရည် အလကား တိုက်ပါမည်။

ဆိုင်ဖွင့်ပြီး နာရီဝက်အကြာတွင် စာရေးဆရာ် ဘချစ်ရောက်လာသည်။ သူသည် သာမန်လွယ်အိတ်ထက် နှစ်ဆခန့် ပိုကြီးပြီး စာမူများနှင့် ဖောင်းကားနေသော သူ့လွယ်အိတ်ကို ကုလားထိုင် နောက်မှီတွင်ချိတ်ကာ လက်ညှိုးတစ်ချောင်းထောင်ပြသည်။

သူသောက်နေကျအတိုင်း ဖျော်ထားသော လက်ဖက်ရည်ကို သူ့ရှေ့စားပွဲပေါ် သွားချပြီး မေးနေကျ မုန့်စားဦးမလားဆိုသည်ကို သူကလည်းလုပ်နေကျ ခေါင်းရမ်းပြ၏။ မကြာမီ ရယ်စရာမဂ္ဂဇင်းတစ်ခုမှ အယ်ဒီတာတစ်ဦးရောက်လာပြီး စာမူပါလားဆရာဟု မေးမေးပြောပြော သူ့ရှေ့မှာ ဝင်ထိုင်၏။ သူက လွယ်အိတ်ထဲက စာမူထုတ်ပေးသောအခါ အယ်ဒီတာပျော်သွားပြီး သူ့ကို စာမူခ ထုတ်ပေး၏။

"ကျွန်တော်တို့မဂ္ဂဇင်း ဖေဖော်ဝါရီ အစ်ရှုးမှာ ပါတဲ့ဆရာ့ဝတ္ထုက ကြာသာပတေးမဂ္ဂဇင်းမှာ ပါတဲ့ဝတ္ထုလောက မကောင်းဘူး။ အရမ်း ရယ်ရတာလေး ရေးပေးပါခင်ဗျာ"

"ကျွန်တော် အစွမ်းကုန်ပဲ ရေးပါတယ်"

"ဟုတ်ပါတယ်၊ ယုံပါတယ်၊ စိတ်မရှိပါနဲ့နော်ဆရာ"

အယ်ဒီတာထွက်သွားသေအခါ ပိဿနိုးစာအုပ်တိုက်မှ ထုတ်ဝေသူ ရောက်လာ၏။ ထုတ်ဝေသူက သူ့ကို မျက်နှာချိုသွေးပြီး ဘာမုန့်မှာမလဲဆရာဟု ဆိုပြီး သူက ခေါင်းရမ်းသည်။ ထုတ်ဝေသူက –

"ဆရာ့ဝတ္ထုတွေ ထုတ်ချင်လို့ ဆရာ။ အဲ့ဒါ ဆရာနဲ့ စာချုပ်ချုပ်ချင်လို့"

"ရေးပေးမယ်၊ ဒါပေမယ့် စာမချုပ်ဘူး"

"ဟုတ်ကဲ့ဆရာ၊ ၃၂ဖောင်စာ ငါးအုပ်လောက်ပေါ့၊ တစ်အုပ်တစ်သိန်းပေးပါ့မယ်။ ကျွန်တော်တို့ ဆက်တိုက်ထုတ်ချင်ပါတယ်၊ ဘယ်တော့လောက်



စာမူရမလဲဆရာ"

"တစ်လ"

"တစ်လ တစ်အုပ်လားဆရာ"

"ငါးအုပ်စလုံး"

"ကောင်းပါ့မလားဆရာ"

"ဟုတ်ကဲ့"

"ဆရာ့ ရေးအားကို ယုံပါတယ်။ သွားမယ်နော်ဆရာ၊ ဆက်ဆက်နော်"

ပိဿနိုးစာအုပ်တိုက်မှလူ ပြန်ထွက်သွားသောအခါ တကောင်းစာအုပ်တိုက်ပိုင်ရှင် ရောက်လာပါသည်။ သူ့ကိုမြင်သည်နှင့် ဆရာဘချစ်က ကုလားထိုင်နောက်မှီမှာ ချိတ်ထားသည့် လွယ်အိတ်ထဲမှ စာမူတစ်ထပ်ကြီးကို ထုတ်ကာ လှမ်းပေးလိုက်၏။ ပတ်ဘလစ်ရှာကြီး၏ မျက်နှာဝင်းလတ်သွားကာ –

"ဘယ်နှအုပ်စာလဲ ဆရာ"

"ငါးအုပ် အကုန်လုံးပဲ"

"ဟာ... ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဒီငါးအုပ်ထုတ်ပြီးရင်လည်း နောက်ထပ်ငါးအုပ်လောက်"

"ရာမည်တိုက်ကို ငါးအုပ် ပိဿနိုးတိုက်ကို ငါးအုပ်ပြီးရင် ရမယ်"

'ဘယ်လောက် စောင့်ရမလဲဆရာ'

"တစ်လတိတိ"

"စာအုပ်တိုက်နှစ်ခုအတွက် ဆယ်အုပ်၊ ဒီကြားထဲမှာ မဂ္ဂဇင်း ကျွန်ုယ်တိုင်းလိုလိုမှာလည်း လစဉ်ပါအောင် ရေးနိုင်တဲ့ ဆရာ့ရေးအားကို အံ့သြတယ်"

"ဟုတ်ကဲ့"

"ဒီလောက်ရေးတာတောင် ဆရာစာတွေက မထပ်ဘူး။ ကွာလတီကျမသွားဘူးနော်။ ဆရာ ပါရမီကတော့ အံ့ရော အံ့ရော"

"ဟုတ်ကဲ့"

"ဆရာ့ကို အခုပေးတဲ့ တစ်အုပ်ရှစ်သောင်းနှုန်းကိုတော့ တက်ဖေစ်လိုက်ပါနဲ့နော်"

"ဟုတ်ကဲ့"

သူလိုတာ စာမူကော ကတိပါရသည်နှင့် ဝမ်းသာအားရ နှုတ်ဆက်ပြီး ပြန်သွားပြန်၏။ ထိုသူထသွားသောအခါ တစ်ဖက်စားပွဲမှ စာရေးဆရာတစ်ဦး ဖြစ်သူ ကလောင်ချွန်က ဆရာဘချစ်ဆီသို့ ကူးလာ၏။ ဆရာတလောင်

www.burmeseclassic.com



ချွန်သည်လည်း မဂ္ဂဇင်း၊ ဂျာနယ် သုံးလေးခုတွင် ဝေဖန်စာ သရော်စာ ထောက်စာရိုစာ ဆဲလှနီးနီးစာများကို ဝင်တိုင် ရေးနေသူဖြစ်၏။

"အလကားကောင်ကြီး။ ဂုတ်သွေးစုပ်ကောင်ကြီး။ ခုနထွက်သွားတဲ့ ရန်ကနားကို ပြောပါတယ်။ ဆရာဝတ္ထုတွေကို စောင်ရေပိုရိုက်ပြီး ရောင်းနေတာ စာပေလောက တစ်ခုလုံးသိတယ်။ ဆရာလို စုပါတန်းဝင်တစ်ယောက်ကို တစ်အုပ် တစ်သိန်းဆိုတာတောင် နည်းသေးတယ်။ သူကရှစ်သောင်းနဲ့ လိုးသွားတယ်။ ဆရာကလည်း တယ်လောဘနည်းတာပဲနော်။ ငွေမက်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ ကိုယ့်စာကိုယ် ဈေးမြှင့်တဲ့ သဘောပါ"

"ဟုတ်ကဲ့"

"ဒီလ ပွဲလှန့်သံ မဂ္ဂဇင်းထဲမှာ ဟိုကောင်'မထိတထိ'က ဆရာ့ကို ဝေဖန်ထားပါလား၊ ခင်ဗျား ပြန်မဆော်ဘူးလား။ ကျွန်တော် ရေးနေတဲ့ ဗျာခင်းမယ်ဂျာနယ်မှာ ထည့်ပေးမယ်။ ဘယ်ဗျာ ကျုပ်တို့စားတဲ့ထမင်း အိမ်သာကျင်း၊ ဆယ်ကျင်းပြည့်မှ မွေးလာတဲ့ နောက်ပေါက်စနလေးဟာ လာ ကြောလို့ ဘယ်ရမလဲ"

"ဟုတ်ကဲ့"

"ခင်ဗျား ဆေးတိဆေးစက် လုပ်မနေနဲ့။ ခင်ဗျား ပြန်မရေးရင် ကျွန်တော်ရေးလိုက်မယ်။ နို့မို့ဆို ကြားထဲက 'ရန်ပွဲစား'ဆိုတဲ့ကောင် ဝင်ရေး သွားလိမ့်မယ်ဗျ။ ဒီကောင်က ဒါမျိုးချောင်းနေတာ"

"ဟုတ်ကဲ့"

ထိုအခိုက် 'ကျစ်ဆံနီ' ဂမ္ဘီရ မဂ္ဂဇင်းတိုက်မှ စာရေးဆရာ မျောက်သီဟ ရောက်လာပြီး သူတို့ဝိုင်းမှာဝင်ထိုင်၏။ (ဆရာ မျောက်သီဟကို ဆရာကလောင် ချွန်ကတွယ်ရာ အပေးတော် အမင်္ဂလာ ဦးအိပ်ဟု ခေါ်၏)။ မျောက်သီဟသည် ဆရာဘချစ်အား စာမူတောင်း၏။ သူက သူ့လွယ်အိတ်ကြီးထဲမှ စာမူတစ်ပုဒ်ကို ရွေးထုတ်ပေးလိုက်၏။ ကလောင်အမည်နောက်တွင် ဆေးသိပ္ပံဆိုသော စကားလုံးပါသော ဆရာတစ်ဦးကလည်း သူ့ဆေးသိပ္ပံမဂ္ဂဇင်းအတွက် စာမူလာ တောင်းပြန်၏။ လွယ်အိတ်ကြီးထဲက ထုတ်ပေးလိုက်၏။ "ဒါနဲ့ ဆရာဘချစ် ကမ္ဘာပေါ်မှာ အရှားပါးဆုံး ရောဂါတစ်ခုအကြောင်းလည်း နောက်လအတွက် ရေးပေးပါဦး"

"ဟုတ်ကဲ့"

"ဘာရောဂါဖြစ်မလဲ ဆရာ"



"ကူရူးရောဂါ Kuru's Disease"

"သူက ကူးစက်ရောဂါလား"

"ဟုတ်ကဲ့"

"ဘယ်လို ကူးစက်တာလဲ ဆရာ"

"လူသားစားရင်"

ဆရာ ဆေးသိပ္ပံ တော်တော်ကျေနပ်သွား၏။ သူတို့ ဆက်စကားပြော နေကြသည်။ စာပေလောက၏ အတင်းအဖျင်းများဖြစ်၏။ ဆိုင်မှ ပြန်ထွက်သွား သူများ၊ မရောက်လာသေးသူများ အကြောင်းလည်း ပါ၏။ မျောက်သီဟက ဆရာဘချစ်ပြောလိုက်သော ရောဂါကိုအခြေခံပြီး မျိုးပြုတ်သွားသော လူမျိုး မျိုးနွယ်စုတစ်ခုအကြောင်း သည်းထိတ်ရင်ဖို ဂမ္ဘီရဝတ္ထုကြီး တစ်အုပ်လုံးချင်း ရေးတော့မည်ဟု ဆိုသည်ကို ဆရာကလောင်ချွန်က –

"ကျုပ်တို့လည်း ဆရာမျောက်သီဟရေ့မှာ အီးတောင် မပေါက်ဝံ့ဘူးဖြစ် နေပြီ။ အီးသံနဲ့ အီးနံ့ကို အတိတ်ကောက်ပြီး အီး ဂမ္ဘီရဝတ္ထုတော်ကြီး ရေး ထိုက်မှာစိုးလို့"

"ခင်ဗျားလည်း ဘာထူးလို့လဲ ကိုသံချွန်၊ အဲ – အဲ – ကိုကလောင် ချွန်ရယ်၊ ကျုပ်တို့စာပေလောကလည်း ခင်ဗျား မသေသေးသရွေ့ အယုအဆသစ် အတွေးအခေါ်သစ် ဇာတ်ကောင် စရိုက် လက္ခဏာသစ်ဆိုရင် မရေးရဲအောင်ကို ထား မြန်မာ့ယဉ်ကျေးမှု ပေတံဆောင်းကြီးနဲ့ ခုတ်ခုတ်ချလွန်းလို့"

"ကျုပ်ရေးတာ မဟုတ်လို့လား၊ မမှန်ရင် ပြန်ရေးလေ"

"သြော် – ခက်ပါလား၊ တယ်လည်း ကိုယ့်ကိုကိုယ် အထင်ကြီး တာကိုးဗျ။ 'ဘုရားလိုက်ခေါင်းအောင်း၍ မာန်သွေး၊ ယောင်သည့် နွေးကို အရေးပြုဌာ၊ ခွင့်မသာသကဲ့သို့၊ ထိုသူယုတ်အား၊ သတ်မိကြွားသော်၊ အရားဂိုဏ်းမလွတ်ရာချေ' ဆိုသလိုပေါ့ဗျာ။ ခင်ဗျားက မြန်မာ့ယဉ်ကျေးမှု ဆိုတဲ့ ဒိုင်းကြီးကို အကာအကွယ် ယူထားတာကိုး။ သူတို့ဝတ္ထုနှစ်ပုဒ်ကို အကြောင်းပြုပြီး ခင်ဗျားလုပ်စားတာ ခံလိုက်ရတဲ့ ဆရာဝန် စာရေးဆရာ ဘတော အင်းဝက စာရေးဆရာမလေးကော၊ နှစ်ယောက်စလုံးက ကျုပ်ကို ပြောပါတယ်၊ ဆရာရယ် အဖက်လုပ်လို့ တန်းမတူပါဘူးတဲ့"

ဆရာကလောင်ချွန် ဆွေ့ဆွေ့ခုန် ဒေါသထွက်သွား၏။ မျောက်သီဟ ပြောလာတာ–

"ခင်ဗျားကကော စာပေအကြောင်း ဘယ်လောက်နားလည်လို့လဲ

www.burmeseclassic.com



သေရွာပြန် ဇာတ်လမ်း၊ သေရွာပြန် အတွေ့အကြုံ၊ သေရွာပြန်နောက်ကြောင်းပြန်၊ သေမင်းနဲ့ တွေ့ခဲ့သူ၊ ယမမင်းရှေ့မှောက်ရောက်ခဲ့သူ၊ တစ်ခါလာလည်း လူနီ လူမည်းကြီး၊ လူရွှေအိုရောင်လေး များလည်း လုပ်ပါဦး။ တစ်ခါလာလည်း ချိုနှစ်ချောင်းရှိတာ၊ အိမ်စောင့်နတ်က လက်မခံတာ၊ လိပ်စာမှားခေါ်မိတာ။ ဟား ဟား၊ ရယ်ရသဗျာ၊ သေမင်းလုပ်ပြီး လိပ်စာမှားရတယ်လို့။ ခင်ဗျားတို့ ရေးတာနဲ့ ယမမင်းလည်း သူ့ခွေးရေပုရပိုက်ကို သိမ်းထားပြီး ကွန်ပျူတာနဲ့ မှတ်ရမလို ဖြစ်နေပြီ။

ထိုမှစကာ ဆရာနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ပုတ်ခတ်ပြောဆိုရန် ဖြစ်ကြ၏။ ဆရာဘဂျမ်းက ဘာတစ်ခွန်းမှ ဝင်မပြောဘဲငေးကြည့်နေ၏။ ဆရာမျောက်သီက သူ့အား အရည်းကြီးတွေလက်ထက်ကလည်း မြန်မာတွေရှိတာပဲ မဟုတ်လား။ ပန်းဦးလွှတ်တာကို မြန်မာ့ယဉ်ကျေးမှုလို့ ပြောရင်ရမလားဟု မေး၏။ ဟုတ်ကဲ့တဲ့။ ကလောင်ချွန်ကလည်း မွေးကတည်းက မျက်စိမမြင်တဲ့သူ၊ အိမ်မက် မက်တဲ့အခါ သူမမြင်ဘူးတဲ့ ချိုတွေ၊ အရောင်တွေကို ပြောနိုင်ပါ့မလား ဟု မေးမြန်း၏။ ဒါလည်း ဟုတ်ကဲ့ပဲ။

ထို့နောက် ဆရာဘချစ်သည် သူ့လွယ်အိတ်ကြီးကို ကောက်လွယ်ပြီး မပြောမဆိုနှင့် ထွက်သွား၏။ ဆိုင်ဝတွင် ကျွန်တော်က ဆရာတော်တော်စိတ်ပျက်သွားပြီ ထင်တယ်ဟု မေးသောအခါ 'ဟုတ်ကဲ့'။

ထိုနောက်ဆုံး 'ဟုတ်ကဲ့'သည် အလွန်ဝမ်းနည်းဖွယ် 'ဟုတ်ကဲ့'ဖြစ်၏။ ဆရာဘချစ်သည် ကျွန်တော့်ကို ဟုတ်ကဲ့ဟု လှည့်ဖြေနေရသဖြင့် လမ်းကို သတိမထားမိဘဲ ဖြတ်ကူးလိုက်သလိုဖြစ်ပြီး တောင်ဘက်မှလာသော ကားတစ်စီးက သူ့ကိုတိုက်မိ၏။ ဆရာဘချစ်လဲကျသွားသည် သတိမရတော့။ သူ့ကို ဆေးရုံသို့ ခေါ်သွားကြသည်။

နောက်တစ်နေ့

"ညက ဆရာဘချစ်ဆုံးပြီတဲ့"

"ကြားတယ်၊ တော်တော် နမြောစရာကောင်းတာပဲ"

"အေးလေ၊ သူလိုရေးနိုင်တဲ့ စာရေးဆရာမျိုး မရှိသေးဘူး။ တစ်ခေတ်တစ်ယောက်ပါပဲ"

"ပြောလို့ပြောတာမဟုတ်ဘူးဗျ၊ လိုင်းစုံအောင် ရေးတာ သူပဲရှိတယ်"

"ကျွန်တော် တစ်ခါ တစ်ခါ စဉ်းစားကြည့်တယ်။ ဒီလူ ဘယ်အချိန် များစာသွားရေးလဲလို့"



"ခင်ဗျားတို့လို မူးပြီး ထိုးအိပ်တဲ့သူမှ မဟုတ်တာ၊ အိမ်ပြန်တော့ ရေးမှာပေါ့"

"ရေးတာမဟုတ်ဘူး ရိုက်တာဗျ။ ဒါပေမယ့် လက်နှိပ်စက်နဲ့ ရိုက်တဲ့ဟိုင်း တော့၊ လုံးချင်းတိုက်တွေကော၊ ဂျာနယ်၊ မဂ္ဂဇင်း တိုက်တွေကော ထေးနိုင်ဖို့ ဒီလောက် မြန်မြန်ရိုက်နိုင်ပါ့မလား"

"တစ်ခုတော့ရှိတယ်၊ သူ့ကပါးစပ်နဲ့ မြန်မြန်ရွတ်ပေး၊ လက်ရေးတို့နဲ့မှတ်၊ လက်နှိပ်စက်နဲ့ လွှဲပြီးရိုက်မယ် ဆိုရင်ကော"

"ဖြစ်နိုင်တယ်၊ ဒါပေမယ့်ဗျာ ဒီလောက်များတဲ့ ရေးစရာတွေခေါင်းထဲက ထုတ်နိုင်တာတော့အံ့တယ်"

"ရှဲဒိုးလား မသိဘူး"

"ဟုတ်မယ် မထင်ဘူး၊ ကျွန်တော်တို့ စမ်းပြီးပြီ။ သူရေးတဲ့ စာတွေ သူအကုန်မှတ်မိတယ်။ ဇာတ်လမ်းကောင်းကြောင်း အသေးစိတ် ပြောနိုင်တယ်"

ကျွန်တော့်ဆိုင်ထဲတွင် ဒီနေ့လောက် စာရေးဆရာစုံသောနေ့ မရှိခဲ့။ ရောက်လာသမျှ ဆရာဘချစ် အကြောင်းသာ ပြောကြ၏။ နမြောကြ၏။ ချီးမွမ်းကြ၏။ လက်သွက်အကွက်မြင်သော ကဗျာဆရာဦးကမူ ဘယ်အချိန်ကတည်းက, ဆရာဘချစ်ဆုံးသည်ကို သိလိုက်သည်မသိ။ "မြေမှုန့်သွားသော ကြယ်"ဆိုသည့် ကာရန်မပါသော ဆရာဘချစ် လွမ်းချင်းကဗျာတစ်ပုဒ်ကို စပ်ပြီးနေပေပြီ။

သူ့ကဗျာထဲတွင် ဂလက်စီ၊ ဆူပါနိုဗာ၊ တွင်းနက်၊ အလင်းနှစ်၊ ဂြိုဟ်စပီးယား၊ မာယာကော့စကီ၊ ဘောင်းဘီဝတ်မိုးတိမ် စသော စကားများပါ၏။ ဆရာ ကလောင်ချွန်ကလည်း ဆရာဘချစ်နှင့် နောက်ဆုံးစာပေ ဆွေးနွေးပွဲဆိုသော ဆောင်းပါးတစ်စောင်ကို ထုတ်ပြ၏။ သူ့စာထဲတွင် ဆီရီရယ်လစ်ဇင်၊ အိတ်ဇစ်၊ နယူးအိတ်ဇစ်၊ ကောလင်းဝီလဆင်၊ ဆတ်၊ ကမူး၊ **Beyond Outsider series**နှင့် အခြားကျွန်တော်နားမလည်သော အကြောင်းများပါ၏။ (ကျွန်တော်စားပွဲထိုးကိုး။)

ထိုအခါ ဆရာဘချစ်ဘယ်မှာ နေသည်ကိုပင်မသိသော နာမည်ကြီး အင်တာဗျူးဆရာတစ်ဦးကတော့ သူ့မှာ ဆရာဘချစ်နှင့် အင်တာဗျူး ထိတွေ့မှု ရှိသည်ဆို၏။ စာရေးဆရာနှစ်ယောက်တို့သည် ဆရာဘချစ်ဟာ သူ့ထက်ကောင်းကြောင်း ငြင်းခုန်နေကြ၏။ ထိုအထဲတွင် မပျော်နိုင်သူမှာ ဆရာဘချစ်အား [illegible]ပြီး ကြိုတင်ငွေပေးထားသော စာအုပ်တိုက်ပိုင်ရှင်နှစ်ဦးဖြစ်လေသည်။

www.burmeseclassic.com



ဆရာဝန် စာရေးဆရာ ကျော်ကျော်သည် လက်ဖက်ရည် ဆိုင်ထဲဝင်လာ၏။ သူသည် ရန်ကုန်ဆေးရုံကြီး မှုခင်းဆေးပညာဌာနတွင် လုပ်ရင်း စာရေးနေသူဖြစ်၏။ သူက –

"ဆရာတို့ ဆရာဘချစ် သတင်းကြားပြီးပြီလား။ တော်တော်အံ့သြစရာကောင်းတယ်"

"သိပြီးပြီလေ။ မနေ့ကကိုယ့်ရှေ့မှာပဲ ကားတိုက်တယ်။ ညကဆုံးတယ်။ ဒါအံ့သြစရာမဟုတ်ဘူး၊ နှမြောစရာ။ သူလိုလောဘမရှိ၊ ဒေါသမရှိ၊ မာနမရှိ သည်းခံစိတ်ရှိတဲ့ စာရေးဆရာ တစ်ဦးဆုံးသွားတာ အတော်ဝမ်းနည်းဖို့ကောင်းတယ်"

"ဒါကိုပြောတာမဟုတ်ဘူး ရင်ခွဲရုံမှာ ဆရာဘချစ်အလောင်းကို ခုပဲကျွန်တော်ခွဲပြီး ထွက်လာတာ အံ့သြဖို့ကောင်းတယ်"

"ဒါပေါ့နှမြောစရာသိပ်ကောင်း"

"ဒါကိုပြောတာမဟုတ်ဘူး၊ သူ့ဦးခေါင်းခွံကို ဖွင့်လိုက်တော့"

"အင်း ... အင်း ... ပြောပါဦး"

'ဦးထူး' ဂျာနယ်အယ်ဒီတာသည် သူသွားလေရာ အမြဲပါသည့် အသံသွင်းကက်ဆက်အသေးစားလေးကို ထုတ်ကာ အနားကပ်လာသည်။ ဆရာကျော်ကျော်က လက်ဖက်ရည်မှာသည်။ လက်ဖက်ရည် မရောက်မချင်း သူ့စကားကို မဆက်။ လက်ဖက်ရည်ရောက်ပြန်တော့လည်း သုံးလေးငုံမျှကို ဖိမ်ဆွဲသောက်ပြီးမှ –

"ဆရာဘချစ်မှာ ဦးနှောက်မရှိဘူး"

"ဘာဗျ၊ ကွယ်လွန်သူ တစ်ယောက်ကို ခင်ဗျားဒီလိုမစော်ကားပါနဲ့။ သူ့ကို ဦးနှောက်မရှိဘူး ဆိုရအောင် ခင်ဗျားသူ့လိုစာရေးနိုင်လို့လား"

ဆရာကျော်ကျော်က ခွန်းတုံ့မပြန်ဘဲ လက်ဖက်ရည်ကို ငုံ့သောက်နေသည်။ စာရေးဆရာများက ဆရာကျော်ကျော်ကို စိတ်ဆိုးကြသည်။ တချို့ဆိုလျှင် သူ့အား 'ဘာစာရေးဆရာလဲ၊ လူနာအကြောင်း ဆေးရုံအကြောင်း AIDS အကြောင်းကလွဲပြီး ဘာမျှ မရေးတတ်တဲ့ စာရေးဆရာ' ဟု မကြားတကြား ပြောကြ၏။

"ဆရာဘချစ်မှာ ဦးနှောက်မရှိဘူး၊ ဟုတ်တယ် ဒါအမှန်ပဲ။ သူ့ဦးခေါင်းခွံထဲမှာ ကွန်ပျူတာအသေးလေးတစ်ခု၊ စီဒီရွမ်းတွေ၊ ပရိုဂရမ်တွေ အများကြီးပါတဲ့ Soft Ware တွေပဲရှိတယ်"



"ဘာဗျ"

"ဟုတ်တယ်၊ မယုံရင် ရင်ခွဲရုံသွားကြည့်၊ နှလုံးသားလည်းမရှိဘူး၊ ရေပန့်တစ်ခုပဲရှိတယ်။ အစာအိမ်မရှိဘူး။ လိင်အင်္ဂါမရှိဘူး။ ဆရာဘချစ်ဟာ လူမဟုတ်ဘူး"

အနော်မာ၊ နှစ်လ၊ ၂၀၀၃

❑

www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေခြေထောက်

တံခါးကို တဒုန်းဒုန်းနဲ့ ထုနေတာ ဘယ်သူပါလိမ့်။ တစ်အိမ်လုံးမှောင်နေကတည်းက ည(၁)နာရီကျော်ပြီဆိုတော့ သိလိုက်ပါရဲ့။

ဒီလိုပဲလေ၊ ဒါက ဖြစ်နေကျ နေ့တိုင်းညတိုင်းကိစ္စ။ သူ့အလှည့်နဲ့သူ၊ သူ့အပိုင်းနဲ့သူ ခွဲတမ်းချထားတဲ့ အစီအစဉ် မဟုတ်လား၊ တစ်ညလုံးတော့ ကိုယ်ချည်းပဲ လိုချင်လို့ဖြစ်မလား။ တခြားသူတွေလည်း ပိုးဖလံမျိုးတွေပဲ။ သူတို့လည်း တိုးချင်မယ်၊ ပျော်ချင်မယ်၊ ရေတင်ချင်မယ်၊ မီးပူတိုက်ချင်မယ်လေ။

အားလုံး ငါ့သမီးမယ်တွေး ဆွမ်းတင်ဖို့တော့ မလုပ်ပါနဲ့။ တစ်ကိုယ်ကောင်း မဆန်ပါနဲ့။ မုဒိတာစိတ်ကလေး ထားစမ်းပါ။ မတရားလည်းပဲ မလုပ်ပါနဲ့ဗျာ။ နှစ်ပါးသွားလည်း ထုတ်ပြပါဦး ဆရာ။ ငါ သူတစ်ပါးယောကျ်ားမိန်းမမိသားစုတတွေလည်း လင်းလင်းရှင်းရှင်း နေချင်ရှာမှာပေါ့။ နောက်ပြီး ကိုယ့်အလှည့်ကောဟုတ်လို့လား။

သဘာဝတရား လောကဓံတရားမှာတောင် ရှိတယ်မဟုတ်လား။ နေ့တစ်လှည့် ညတစ်လှည့် မှောင်တစ်လှည့်၊ ရေစီးတစ်ခါ ရေသာတစ်လှည့်။ သစ်ငုတ်တစ်လှည့် မြက်တစ်လှည့်။ ဘက အပေါ်ရောက်လိုက်၊ ကျားကအပေါ်ရောက်လိုက်၊ မှန်ကင်းဖြစ်လိုက် ထင်းဖြစ်လိုက်။ ဘာတတ်နိုင်မှာလဲလို့ဟို...ခေတ်ပေါ်သီချင်းလေးတစ်ပုဒ် ရှိပါကောလား။ ဘာတဲ့...ယောက်ဖရေ၊ နေပူမိုးရွာ...ဂရုမစိုက်ပါ ဒါမျိုးတွေ ရှိးနေပြီ။ အင်း... အင်း အဲ့သည်အတိုင်းပဲ။

အရိပ်ကိုလိုချင် နေပူကစောင့်၊ နေ့မရောက်ခင်ည၊ ညပြီးတော့ နေ့။ သန်းခေါင်ထက် ပိုညဥ့်မနက်၊ ဆန်ကောဆင်နင်း တိုးမပြား။ အလင်းလိုချင်



အမှောင်ကစောင့်။ ဒါကြောင့် ခေါင်းရင်းမှာ အမြဲအသင့်ထားရတဲ့ တုတ်မီးလို့လည်းခေါ်တဲ့ Torch ရယ်၊ ဖယောင်းတိုင်ရယ်၊ မီးခြစ်ရယ်ဆီကို လက်လှမ်းလိုက်ပါရဲ့။

M.B.B.S ဘွဲ့နဲ့ စာရေးဆရာမတစ်ယောက်က သူ့အချစ်ဝတ္ထုထဲမှာ မရှိမဖြစ် ဘယ်သူဆိုလား။ သိပ်ကောင်းတာ...ဓာတ်ရှင်တွေ ဘာတွေတောင် ရိုက်ရတယ်။ ဓာတ်ရှင်တွေ ဓာတ်ရှင်သေတ္တာလေးတွေ စာရွက်ပေါ်ကနေ ဖြစ်သွားလို့ ကောင်းတယ်ပြောတာမဟုတ်ဘူးနော်။ တကယ်ကို လွှတ်ကောင်းတာ။ လက်ကုန် ကောင်းတာ၊ ကောင်းမှကောင်း ပြောရအောင်ကောင်းတာ။

တချို့စာရွက်ပေါ်က တွန့်တွန့်ကောက်ကောက် ပဲပင်ပေါက်လိုဟာတွေကနေ တကယ့်ထိပ်တန်း အချောစား အမိစား အကယ်ဒမီများရှင်တွေရဲ့ လှုပ်ရှားမှုသာ ဖြစ်သွားတယ်၊ ဘယ်မှာကောင်းလို့လဲ။ တည်မိတဲ့ဘုရား လဒ(လင်းအ) နားနား သဘောမထားနိုင်ပါဘူး။ ကြည့်မိတဲ့မျက်စိ ထိုးဖောက်ပစ်လို့ မဖြစ်တာကြောင့် ကိုယ့်ပါးသာကိုယ် ပိတ်ရိုက်မိရတဲ့ ဓာတ်ရှင်အကြီးစားတွေ အသေးစားတွေ နည်းရော့လား။

မင်းသမီးလေးကို မင်းသားလေးက သူ့ဘဝအတွက် 'မရှိမဖြစ်'တဲ့။ ဒါကြောင့် ဆရာကြီးကွေးကတောင် မရှိမဖြစ်ကွေးတဲ့၊ တူမလားလို့ လှပ်လိုက်သေး၊ ရယ်ရတယ်။ အိမ်မှာလည်း မရှိမဖြစ် 'နလနပ' ဆိုတဲ့ နီးလေနားပုဂ္ဂိုလ်ရှိပါတယ်။ ထားလိုက်ပါလေ။ သူ့ဘာသာအိပ်နေတာ အိပ်ပါစေ။ မနှိုးတော့ပါဘူး။

နေရာတကာမှာ မရှိမဖြစ်ဆိုတာ ရှိစမြဲမဟုတ်လား။ ကိုယ်တို့ဆေးပညာမှာတောင် မရှိမဖြစ်အမိုင်နိုအက်ဆစ်တဲ့။ အင်္ဂလိပ်လို Essential Amino Acid အသားဓာတ် ဖွဲ့စည်းတည်ဆောက်တဲ့အခါ သူတို့ကမရှိမဖြစ်မို့လေ။ ခပ်ကြောင်ကြောင် ကိုယ့်သူငယ်ချင်းတစ်ကောင်က သူ့နာမည်ကိုကိုလေး... ကတော့မရှိမဖြစ်ဆိုတာ ဘာမှမရှိဘူး၊ မင်းလိုလူစား အများကြီးပဲတဲ့။

ကိုယ်က မလိုလဲ လိုလဲ ကွန့်မြူးတာကော၊ တိုးဝယ်လ်တော၊ အင်္ဂလစ်ရှ်စပီကင် သင်တန်းတွေပါ တက်ထားတော့ 'သိုး'သံသိပ်တွတ်ချင်၊ သိုးစကားသိပ်ပြောချင်တယ်။ ဘာကြောင့်လဲဆို ကိုယ်တတ်တဲ့ [illegible] မှိုးရိုးမဟုတ်ဘူး။ ရပ်ဆေးရပ်ခြား ဆရာဝန်များအတွက် For overseas doctors တဲ့။ ရန်ကုန်မှာ သာတဲ့လလို သူတို့လိုကောင်တွေသာ အများကြီးပေါ့ အထဲကလူစားတွေ။ ကိုယ်တို့က နယ်က 'ကွက်လပ်ဖြည့်' [illegible] မရှိမဖြစ်ထက် ပိုမြင့်တဲ့ မရှိလို့ကို မပြည့်စုံသော Indispensable တွေ

www.burmeseclassic.com



Integral တွေလေ။ ကိုယ့်အိမ်မှာလည်း တုတ်မီးတို့၊ ဖယောင်းတိုင်မီးခြစ်တို့ ဆိုတာက Integral တွေပေါ့။

တုတ်မီးက ပမာဏကြီးလို့ အလွယ်တကူပဲ စမ်းမိပါတယ်။ ဓာတ်မီးထိုးပြီး ဖယောင်းတိုင် ထွန်းဖို့ပါပဲ။ ဒါပေမယ့်ဗျာ ဖျတ်ကနဲ (မှားလို့) ဟုတ်ကနဲ (ဒါလည်း မှားလို့) ရုတ်တရက် အသတိတ်မီးမိုတ် သွားတော့ သေရောမီးသီးကျွမ်းသွားတာကိုး။ အဲ့ဒါကမှ ဒုက္ခ။ မီးခြစ်က ကိုယ်ထားတဲ့နေရာမှာ မရှိဖြစ်နေတယ်။

မှောင်ထဲမှာ မီးခြစ်လောက်အရွယ်ပစ္စည်းတစ်ခုကို ရှာဖွေပါသလား။ မလွယ် မလွယ်။ တော်တော့ကို မလွယ်တဲ့ကိစ္စ။ ဒုက္ခ ဒုက္ခ။ အောက်ကတံခါးကို တဒုန်းဒုန်းထုနေသံကလည်း အဆက်မပြတ်။ အလျင်လိုလေ အနှေးဖြစ်လေပါပဲ ဒီကြားထဲ အိပ်နေတဲ့ မိန်းမကို သွားစမ်းမိလို့ သူက "ဟင်းနော်"တဲ့။

ဒါကြောင့် ပြောတာပေါ့။ 'နပနပ' နီးလေနားပူလေပါလို့။ သူပြောတဲ့ 'ဟင်' ဖို့ နေနေသာသာ ဒီမှာဖြစ်နေတာက ကိုယ့်ဒုက္ခနဲ့ကိုယ်။ မဟင်းနိုင်ပါဘူး သက်ထားရယ်။ အမှောင်ထဲမှာ တစ်ယောက်တည်း ကိုယ်ပြုံးမိသေးတယ်။

လူ့စိတ်ဆိုတာ သိပ်မြန်တယ်။ အလင်းအလျင် ဆိုတာထက် အဆများစွာ လျင်မြန်တာပေါ့။ မျက်စိတစ်မှိတ် စက္ကန့်ရဲ့ အစိတ်ကလေး တစ်စိတ်အတွင်းမှာ အများကြီး စဉ်းစားနိုင်တယ်၊ နေရာမျိုးစုံ ရောက်နိုင်တယ်။ ကိုယ်က မီးခြစ် ရှာမရရတဲ့ကြားထဲ တိုက်တိုက်ဆိုင်ဆိုင် သွားစဉ်းစားမိတဲ့ အကြောင်းတစ်ခုကို ပြောချင်လို့ပါ။

ဒီလိုလေ... ကိုယ်ဆရာဝန်ပေါက်စ လွန်ခဲ့သော နှစ်အစိတ်ကျော်ကာလက သိပ်တက်ကြွနေ New broom sweepswell တဲ့မြက်စည်းအသစ်လိုပဲလို့ကောင်းတယ်။ ဒီလိုပဲ မနက်တုံးမောင်းခေါက်သံတောင် မကြားရသေးဘူး အတင်းလာနှိုးလို့ အသည်းအသန်လူနာပဲထင်ပြီး ကပျာကယာတံခါးဖွင့်ပေးလိုက်တော့ လေးလုံးခြောက်ဖက် သန်သန်မာမာကြီး။ ဒါပေမဲ့ သူက အိပ်မပျော်ဘဲ မျက်စိကြောင်နေလို့ ဘာမီတွန် ငါးမူးဖိုးလောက် ရောင်းပါတဲ့ အဲ့ သည်တုန်းက ငါးမူးဆိုတာ သုံးလို့ရသေးတယ်။ 'ဝါရှာ'မဖြစ်သေးဘူး ဒါပေမဲ့ သူအိပ်မပျော်လို့ အိပ်ပျော်နေတဲ့ ဆရာဝန်ကိုနှိုးပြီး ဆေးငါးမူးဖိုး လာဝယ်တာကတော့ ခွကျလှတယ်။

တကယ်လိုများ... အဲ့သည်လူ၊ သူက လက်ဖက်ရည်ဆိုင်ဖွင့်ထားတော့ ...ကိုယ်က နောက်တစ်နေ့ ဒီလိုအချိန်မှာပဲပေါ့နော်၊ ဗိုက်ဆာလာလို့ သွားနှိုးပြီး



လက်ဖက်ရည်တစ်ခွက်၊ ပဲပလာတာတစ်ပွဲ ဆိုရင် သူဘာပြောမယ်လို့ ခင်ဗျား ထင်သလဲ။ နောက် အရပ်ထဲက တာဝန်ရှိလူကြီးတစ်ဦးဦးကိုလည်းပဲ ဒီအချိန်မှာ သွားနှိုးပြီး အရေးကြီးလို့ မှတ်ပုံတင်ပျောက်ဆုံးသွားကြောင်း ထောက်ခံစာလေး တစ်စောင်လောက်ရေးပေးပါ၊ ရုံးတံဆိပ်ကလေးပါ နှိပ်ပေးပါဆိုရင်ကော။

မရဘူးကွယ်။ ကိုယ်စမ်းကြည့်ပြီးပြီ။ တကယ်စမ်းကြည့်တာပါ။ သူ့ဆိုင်ရဲ့ ဆောင်ပုဒ်က 'ဥပဋ္ဌာန်၊အနုကမ္ပာဒယ'မှ မဟုတ်တာပဲလေ။ စိတ်လျှော့မာန်လျှော့လေဦး စောခက်ငယ်ရေ့။ ဆယ်တန်းအောင်တုန်းကပေါ့နော်...။ ကိုယ်သတိရနေပါသေးတယ်။ နောက်ခံအရောင်က အနီရောင်မှာ တောင်ဝှေးကိုမြွေနှစ်ကောင် ယှက်လို့၊ ထိပ်မှာလည်း ခုပြောတဲ့ ဆောင်ပုဒ်စာတန်းလေးနဲ့ ရင်ထိုးတံဆိပ်ကလေးတပ်လို့ပေါ့။

ရင်ပတ်ကလေးကော့ကော့၊ ခြေထောက်ကလေး ထောက်ကြွထောက်ကြွနဲ့ အရပ်ထဲမှာ သူများကျောင်းဝင်းထဲမှာ ငါကွလုပ်ပြီး၊ လျှောက်လာခဲ့ရတာ ကြော်အရသာ... အရသာ။ ဒါလေးကြောင့်လည်း ရည်းစားလေးတစ်ယောက် အမြန်ရခဲ့တာ၊ အခုအိမ်က နလနပကြီးပေါ့။ အဲ့သည်တုန်းကလေ ထိုးကလေးတစ်ချောင်း နှစ်ယောက်တွဲဆောင်းလို့ ရည်းစားကလည်း တွေ့သမျှလူနဲ့ မိတ်ဆက်ပေး၊ ပြီးတော့ ကျွန်မအမျိုးသားက ဒေါက်တာလေတဲ့။ ဟဲ ဟဲ ဟဲ... ကိုယ်ရယ်တာ ရယ်နိုင်တုန်းက ရယ်ခဲ့တာ။

ဟဲ ဟဲ ဟဲ ကြီး ပြုံပြုံကွဲမှာကို မသိသေးဘူး။ အဲ့သည်ပါဠိစာတန်းက မြန်မာလို 'မေတ္တာထားခြင်း၊ စာနာသနားခြင်း၊ အကျိုးဆောင်ခြင်း' ဆိုပါကလား။

ထား...ထား ထားပါတော့။ ဘာကြောင့်စရာ ရှိလို့လဲ။ ဒါ လူတိုင်း လူသားတိုင်း ထားရမယ့် စိတ်ထားတွေ မဟုတ်ဘူးလား။ ဟုတ်ပါတယ်။ ဒါပေမဲ့ တခြားလူသားတွေ မထားရင် ရတယ်၊ ခွင့်လွှတ်ကြတယ်၊ကိုယ်ဘို့ထ ဆောင်ပုဒ်လုပ်ထားတာကိုး။ ဒါကြောင့် မရှိလို့မဖြစ်ဘူး။ မရှိမဖြစ်မီး Essential Motto ကြီးကိုး။

ဆရာတစ်ဦးက သို့စကားနဲ့ Service Sympathy Humanity တဲ့။ နောက်ပြီး ကိုယ်က ပြည်သူ့အခွန်ကို လစာအဖြစ်စားတဲ့ ပြည်သူ့ဝန်ထမ်း Service man တစ်ဦးလည်း ဖြစ်နေတယ်။ တခြား Service man တွေကျတော့ကော အကျိုးမဆောင်လို့လား...။ ဆောင်ပါတယ်ဗျာ အထူးကောင်းကြပါတယ်။

ဒါကြောင့် လေးစားလွန်းလို့ ဘယ်သူပဲဖြစ်ဖြစ် ရုံးလုလင်၊ အဝေါက်တောင်

www.burmeseclassic.com

www.burmeseclassic.com



တံမြက်လှဲကအစ ကြီးကြီးငယ်ငယ် ဘယ်အရွယ် ဘာရာထူးကိုမဆို ဆရာခေါ်ပါတယ်။ လက်ဖက်ရည်လည်း တိုက်ပါတယ်။ သူတို့ဗိုက်ပြည့်နေရင်တောင် ခြော်...သူတို့မှ မဆာတာ၊ ဒါပေမဲ့ ဆာတဲ့အခါ သောက်ပါစေလေဆိုပြီး စာအိတ်ကလေးနဲ့ စေတနာအပြည့်ထည့်ပေးခဲ့တယ်။ ပြက္ခဒိန်ဝယ်ခဲ့တယ်၊ စာရွက်စာတမ်းဖိုး ပေးခဲ့တယ်၊ ကပွဲလက်မှတ် ရုပ်ပုံရွှေပွဲလက်မှတ်တွေ ဝယ်ခဲ့တယ်။

ယုံပါ၊ ကျိန်ဆိုရင် ကျိန်ပါ့မယ်။ သစ္စာဆိုစမ်းဆို ဆိုပြပါ့မယ်။ ဤမှန်သောသစ္စာစကားကြောင့် ငါပြည်သား အားလုံးတို့သည် မြားဆိပ်ပျောက်စေသတည်း၊ ဩဇာလေးနက်ပေါ်ဆိတက်၍ နွယ်မြက်သစ်ပင်ဆေးဘက်ဝင်စေသတည်း။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘူး။

မေတ္တာထားခြင်း၊ စာနာသနားခြင်းဆိုတာနဲ့အညီ ကိုယ့်မေတ္တာနဲ့ ကူသပါတယ်။ ပျောက်ကင်းကြပါစေလို့ သစ္စာဆိုကုပါတယ်။ ဒါပေမဲ့ ကိုယ်လည်း ပုထုဇဉ်ဆိုတော့ တစ်ခါတလေ သစ္စာတော် မရှုတဲ့အခါမျိုးရှိတာ ဝန်ခံပါတယ်။ အဲ့သည်တော့ ကိုယ်ဘာလုပ်လဲ။ ဆေးထိုး ဆေးတိုက်ရတာပေါ့။

ကိုယ် အဲ့သည်အခါမျိုးမှာ ဆေးဖိုးမယူဘူး။ ကိုယ့်အိတ်ထဲက စိုက်ကုတယ်။ ...ပ်ဆင်းရဲရင် ဓာတ်စာဖိုးနဲ့ လမ်းစရိတ်တောင်ပေးလိုက်သေးတယ်။ ကိုယ့်ကို လိုအပ်ပြီဆိုရင်လည်း လာမခေါ်ပါနဲ့၊ မလိုပါဘူး။ ရင်ထဲက တမ်းတလိုက်ရုံနဲ့ပဲ မြစ်ယံကာဆီး တံတိုင်းကြီးပဲခြားနေပါစေ... လူနာရှိတဲ့အရပ်ကို မကြောက်မရွံ့ ကိုယ်ပေါက်ခဲ့ပါ့မလေ။

သချိုင်းကုန်းလည်း ပြုံးပြုံးလေးပဲ။ ဓားတောင်ကျော်ရမလား။ မီးပင်လယ် ဖြတ်ရမလား။ ခင်ဗျားကြည့်ရတာ မယုံဘူးထင်တယ်နော်။

ကိုယ်ပြောပြမယ်။ လူဆိုတဲ့ အဆင့်မြင့်ဆုံးသတ္တဝါမှာ ဘယ်သတ္တဝါမျိုးမှာမှ မရှိတဲ့လိုအင်ဆန္ဒရှိတယ်ဗျာ။ ခင်ဗျားSelfactualization need ဆိုတာ ရှိတယ်ဗျ။ မြန်မာလိုတော့ အတ္တဘဝပုံဖော်မှုလိုအင်တဲ့။ အရပ်ပြောပြောရရင် ကိုယ်အားကျတဲ့လူမျိုး ဘဝမျိုးဖြစ်ချင်တာပေါ့ဗျာ။ စိတ်ပညာဆရာတချို့က ထပ်တူစွဲခြင်း Indentification လို့ပြောတယ်။

ကိုယ်အားကျတဲ့ Heroဖြစ်ချင်စိတ်ပေါ့။ ကိုယ့်အမေလည်း ဆရာဝန်ပါပဲ။ ဒါပေမဲ့ ကိုယ်ဟီးရိုးဓာတ်လိုက်တော့ မဟုတ်ဘူး။ အမေက ဆေးကုခယူတယ်။ တစ်ခါတလေ ဒေါသကြီးတယ်။ တရံဖန်ရံခါ လူနာတွေကို ဟောက်တယ်။ ကိုယ်မကြိုက်ဘူး။ ကိုယ့်ဟီးရိုးက ဘယ်သူလဲဆိုတော့... အင်း ခင်ဗျား။ ဝတ္ထုဖတ်မှုးလား။ သူပဲ သူပဲ။ ဒေါက်တာမြင့်မောင်ဆိုတာ ကိုယ့်ရဲ့ ဓာတ်လိုက်ပေါ့။



ခင်ဗျားကို ကိုယ့်နာမည်တောင်မပြောရသေးဘူး။ ကိုယ့်နာမည်လည်း မြင့်မောင်ပဲ။ ကိုယ့်ဘာသာ ကိုယ်အမေပေးတဲ့ နာမည်ကို ပြောင်းလိုက်တာလေ။ ဒါမှဆရာဝန်။ ဆရာဝန်ဆို မြင့်မောင်မှ။ မြင့်မောင်မှ ဆရာဝန်အစစ်။ ခင်ဗျား ဘယ်လိုထင်လို့လဲ။ ပြောဦးမယ်။

ခင်ဗျားတို့ မသိတာပြောကို ပြောရဦးမယ်။ အကောင်အထည်ရှိတဲ့ မြင့်မောင်အစစ်ဖြစ်တဲ့ ဆရာဝန်အစစ်ဖြစ်တဲ့ ကိုယ်နဲ့စိတ်ကူးယဉ် မမြင်ရမရှိတဲ့ ဝတ္ထုကလေ ဆရာဝန်ဘယ်သူသာမလဲ။ သူက အလကားပါဗျာ။ ခင်ဗျားကြည့် လေ...ပုလိပ်ရောဂါ ကာကွယ်ဆေးလေးရွာစဉ်လိုက်ထိုးပေးရတာနဲ့ ဆရာဝန်ဖြစ်ပြီး အိပ်နေရတယ်လို့။

ဒါကြောင့် သူ့ကို စာရေးဆရာက ဒဏ်ခတ်လိုက်တာထင်ပါရဲ့။ ချစ်သူနဲ့ ပေါင်းမပေးဘူး။ ဒဏ်ရာအမျိုးမျိုး ရစေတယ်။ ဒါပေမဲ့ လေထဲကဓာတ်ကောင်ဆိုတော့လေ ဒဏ်ရာတွေပဲဖြစ်သွားတာပေါ့။ ကိုယ်ကတော့ မအိပ်ဘူး။ ဘယ်အချိန် တံခါးလာခေါက်မလဲ။ အဆင်သင့်ပဲဟော့။ ကြည့်စမ်း...မီးခြစ်ရှာနေတဲ့ အနိုက်အတန့်ကလေးမှာ ကိုယ်တွေးလိုက်တဲ့ စိတ်ကူးတွေ။ မီးခြစ်...ဒီသောက် မီးခြစ်ကလည်း ဘယ်ရောက်နေတာလဲ၊ အောက်ထပ်က တဒုန်းဒုန်းသံကလည်း အိမ်ပြိုတော့မယ်။ စိတ်တိုချင်စရာ။ ဒါပေမဲ့ ကိုယ်စိတ်မတိုရဲပါဘူး။ ကိုယ်က ဆရာဝန်အစစ်လေ... မြင့်မောင်အစစ်လေ။

တွေ့ပြီ။ ထွန်းပြီ။ လာပြီ။ 'ဥပဋ္ဌာန်၊ အနုကမ္ပာဒယ'ဆိုတဲ့ ဆရာဝန်အစစ်မြင့်မောင်လာပြီ။ ဆိုစမ်း...ဘာဖြစ်လဲ။ ယားလို့...။ ကျွတ်ကျွတ် ဟုတ်တယ်ခင်ဗျ။ ယားတယ်ဆိုတာ သိပ်ဆိုး သိပ်ခံရခက်တာ။ အားမနာပါနဲ့။ ခင်ဗျားတို့အကျိုးသယ်ပိုးချင်လွန်းလို့ မေတ္တာဂရုဏာ စေတနာစာနာစိတ်တွေ အပြည့်နဲ့ အိပ်တာတောင် နားတစ်ဖက်ပွင့်ပြီး စောင့်အိပ်နေတဲ့ ဆရာဝန်အစစ်ပါဗျာ။

လူနာကဆင်းရဲပါတယ်...။ တော်တော့ကို ဆင်းရဲပါတယ်။ သနားစရာလည်းသိပ်ကောင်းတာ။ သူ့ဒုက္ခကလည်း မသေးဘူး။ ခြေတစ်ဖက် ဒူးအထက် ပေါင်လယ်လောက်ကပြတ်နေတယ်။

သူက အစတုန်းက ကိုယ်တို့အရပ်က မဟုတ်ဘူး။ ဟိုးနယ်စွန်နယ်ဖျားက ကယ်ရီလုပ်တဲ့သူ။ ကယ်ရီဆိုတာက အင်္ဂလိပ်စကားပေမဲ့ လူတိုင်းနားလည်ပါ တယ်။ သူတို့အရပ်မှာ စာမတတ်တဲ့လူတောင် ကယ်ရီဆိုတာ ဘာလဲလို့မေးကြည့် အထမ်းသမားတဲ့...။ ဟိုပစ္စည်း ဒီသယ်ပေး၊ ဒီကပစ္စည်း ဟိုသယ်ပေးတဲ့သူလို့ ပြောကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ သူဟာ ဘာကြီးမှန်းမသိဘူးတဲ့၊ တက်နင်းမိလိုက်တာနဲ့ ဝုန်းကနဲအသံပဲ ကြားလိုက်ရတယ်။ ကြည့်လိုက်တော့ သူ့ခြေထောက်တစ်ဖက် မရှိတော့ဘူးတဲ့။ ကဲခြေတစ်ဖက်တည်းနဲ့ ဘယ်လိုလုပ် ကယ်ရီလုပ်မလဲ။ သားထောက်သမီးခံ ဆွေမျိုးသားချင်းကလည်းမရှိ။

ကိုယ့်ဘာသာကိုယ် လုပ်ထားတဲ့ လက်ဖြစ်ချိုင်းထောက်တစ်ချောင်းကို အားကိုးပြုပြီး တောင်းရမ်းစားသောက်ရတယ်လေ။ လွင့်တိမ်မျှင်တစ်စလို ချိုင်းထောက်သယ်ဆောင်ရာ တောင်းရမ်းစားသောက်လာလိုက်တာ ကိုယ်တို့မြို့ကို ရောက်လာတာပဲ။ နောက်တော့လည်း ဒီမြို့မှာပဲ ပျော်လို့ဆိုလား တောင်းလို့ကောင်းလို့ဆိုလား ဒီမှာပဲ ချိုင်းထောက်ချတော့မယ်ဆိုပါလား။

ညနေကတော့ ကိုယ့်ဆေးခန်းကို ရောက်လာတယ်။ သူတောင်းစားပဲဗျာ ဘယ်မှာ ခပ်တင်းတင်းဝင်လာရဲပါ့မလဲ။ ဒါပေမဲ့ ကိုယ်က စာနာစိတ် မေတ္တာစိတ် အပြည့်နဲ့...ကျွန်တော် ဘာများကူညီနိုင်ပါသလဲခင်ဗျာလို့ ပျူပျူငှာငှာ ယဉ်ယဉ်ကျေးကျေး မေးလိုက်တယ်။ မောင်းထုတ်ဖို့ဆိုတာ အဝေးကြီး။

ကိုယ်က ဆရာဝန်အစစ်လေ။ လူနာဟာ လူနာပဲ။ ရန်သူမိတ်ဆွေ၊ ကျော်သား ရင်သား၊ သူဌေးတစ်စား သူတောင်းစား တစ်ခြားမဆက်ဆံပါဘူး။ ကိုယ့်သွေးချင်းသားရင်းဆိုလည်း တစ်သားတည်းပဲ။ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် မေတ္တာထားခြင်း၊ အကျိုးသယ်ဆောင်ခြင်း အတူတူစိတ်ထားရမှာထားနိုင်ရမှာပေါ့။

သူက တစ်ကိုယ်လုံးယားနေလို့လို့ ပြောတယ်။ ကိုယ်က ရယ်ရယ်မောမောနဲ့ ဟုတ်လား။ မယားဘူးဆိုရင်တောင် ကျွန်တော် တော်တော်အံ့သြမိမှာပါခင်ဗျာလို့ နောက်လိုက်သေးတယ်။ ဟုတ်တယ်လေ...သူ့တစ်ကိုယ်လုံးဝဲခြောက် ဝဲစိုအနာတွေအပြည့်၊ ကြုံရာအိပ်၊ ကြုံရာထိုင်၊ အမှိုက်ပုံ နောက်ဖေးလမ်းကြားထင်သလိုသွားနေမှတော့ ယားပြီပေါ့။ ဒါပေမဲ့ ကိုယ်က မျက်နှာချိုသော 'လူချို' ဆိုတော့ သူ့အယားတွေ တစ်ဝက်လောက် အလိုလိုပျောက်သွားသလိုပဲ။

ယားတယ်ဆိုတိုင်း...ဒါလေးများ...ဘာမိတွန်သောက် ပျောက်ဆိုပြီး ကိုယ်ပြီးစလွယ် မလုပ်ပါဘူး။ သူ့နေရာမှာ ကိုယ်ဝင်ခံစားကြည့်တယ်၊ သူ့နေရာမှာ ကိုယ့်ဆွေမျိုးသားချင်း မိဘဆိုဘယ်လိုလဲလို့ စာနာကြည့်မိတယ်။ ဟုတ်တယ်လေ...ဒါမှလည်း အကျိုးသယ်ဆောင်ခြင်း သက်သက်သာမကဘဲ စာနာခြင်း၊ မေတ္တာထားခြင်းဆိုတာတွေရဲ့ အနှစ်သာရတွေပါမှာပေါ့။ ကိုယ်က အကာပြုပြုအနှစ်မဲ့တဲ့ မည်ကာမတ္တဆရာဝန်မှ မဟုတ်တာ။ ဒေါက်တာမြင့်မောင်အစစ်



ကွ... ခင်ဗျားသိပါတယ် ကိုယ့်အကြောင်းကို။

ဒီလိုရှိတယ်ဗျ...ယားတယ်ဆိုတာက သူ့မှာအကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်တယ်လေ...။ ဝဲက ယားတာလား။ မတည့်တာတစ်ခုခု စားမိလို့၊ ထိမိလို့ ယားတာလားဆိုတာ သေချာမေးရမယ်။ ဒါမှ မှန်ကန်တဲ့ ရောဂါဖော်ထုတ်ချက် Diagnosis ရမယ်။ ယားတာက ရောဂါရဲ့လက္ခဏာ... Symptom လို့ခေါ်တယ်။ ဝဲ...အင်ပြင်ထခြင်း...မတည့်တာစားမိ ထိမိလို့ဖြစ်တဲ့ Allergy ဆိုတာတွေကမှ တကယ့်ရောဂါ Disease, Cause.

ရှင်းတယ်နော် ကိုယ်ပြောတာ။ ယားတယ်ဆိုတိုင်း ဘာမိတွန်ထိုး ကိုက်ခဲရင် အနာဂျက်ဆင်ထိုးဆိုဒါဟာ ရောဂါကုတာမဟုတ်ဘူး။ ရောဂါလက္ခဏာကို ကုတာ။ ဒါမျိုးကတော့ ရမ်းကုလည်း လုပ်တတ်တာပေါ့၊ လုပ်နေကြတာပေါ့။ ဆရာဝန်အစစ်ဆိုရင် ဒါမျိုးဘယ်တော့မှ မလုပ်ဘူး။ ရောဂါကိုပဲကုတယ်၊ ရောဂါပျောက်ရင် ရောဂါလက္ခဏာလည်း သူ့ဟာသူ ပျောက်သွားမှာပေါ့။ ကိုယ်က ဆရာဝန်အစစ်... မြင့်မောင်အစစ်... လူချိုအစစ်။

တချို့ ရှိသေးတယ်။ ရင်ပတ်ပေါ်ကို ဆရာဝန်က နားကျပ်ထောက်လိုက်တာနဲ့ ဘာရောဂါဆိုတာ သိမယ်လို့ ထင်နေကြတယ်။ ဘယ်လိုလုပ်သိမှာလဲ။ ဘယ်သူက ရင်ပတ်ထဲကနေ ပြောပြနေမှာလဲ။ မိုးနတ်မင်းကြီးကလား။ နောက်... မျက်စိကြည်ဆေး၊ အားဆေး၊ သွေးပေါ်ဆေးထိုးပေးပါ ဆိုတာတွေပေါ့။ ဒီလောက်လွယ်ရင် ကိုယ်တို့ဘာခုနစ်နှစ်တောင် ဖင်ပြုတ်တက်အောင် စာကျက်နေရ စာသင်နေရလိုမလဲလို့ နော့လေ။

ဘာရောဂါဆိုတာ မိုးနတ်မင်းကြီးအသံ နားကျပ်ထဲမှာ ကြားရလိမ့်မယ်။ ရောဂါပျောက်ဆေးမှန်သမျှ ဆေးဝါးစက်ရုံတွေက ထုတ်ပေးလိမ့်မယ်။ မျက်စိကြည်ဆေးရှိရင် ကိုယ်လည်း မျက်မှန်မတပ်တော့ဘူး။ ကိုယ်ဝန်ရှိရင်ဘာသွေးပေါ်ဆေးထိုးထိုး သွေးပြန်မပေါ်ဘူး။ ဗီတာမင်ခေါ် သက်စောင့်ဓာတ်ခေါ် အင်နိုင်းဓာတ်တွေပဲရှိပါတယ်။ အားဆေးဆိုတာ မရှိပါဘူး။ အာနိုးလို အားရှိချင်ရင်တော့ ခင်ဗျားဝိတ်မ၊ အလေးမ ဒါပဲရှိတယ်။

ဒါတွေသာထိုင်ပြောနေရင် ခင်ဗျားမိုးလင်းသွားလိမ့်မယ်။ တစ်ထောင့် တစ်ညနဲ့လည်း မပြီးဘူး၊ ကိုယ်သင်ခဲ့ရတာ (၇)နှစ်ဆိုတော့ ပြန်ပြောရရင်ထောင့် (၃၆၅x၇) ၂၅၅၅ရက် ကြာမှာ။ ဒါတောင် တစ်ကြိမ်မှ စာမေးပွဲမကျခဲ့ သူတို့မသိလို့၊ ဗဟုသုတနည်းလို့ ပြောကြမေးကြတာတွေ ကိုယ်သည်းခံနိုင်ပါတယ်။ ဒါပေမဲ့ ဆရာဝန်တိုင်းကတော့ ဒေါက်တာမြင့်မောင် မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



တိုယ်မဟုတ်ဘူးနော်။ တချို့ဆရာဝန်တွေက နည်းနည်းစိတ်ဆက်တယ်။

ဒါကြောင့် ခင်ဗျား ရောဂါပျောက်ချင်ရင် ခုတင်ပေါ်တက်လိုက်ပါ... စမ်းသပ်တာ ခုနစ်မိနစ်လောက်တော့ကြာမယ်။ ရောဂါအကြောင်း သိချင်ရင်တော့ ဆေးကျောင်းသွားတက်၊ ဆေးဆောင်းပါးစာပါတဲ့ ဘုတ်အုပ်တွေဖတ်မနေနဲ့ တတ်ယောင်ကားပဲဖြစ်မယ်။ ကိုကျော်ဟိန်းကြီး ပြောသလိုပြောရရင်

"ဆေးကုတယ်ဆိုတာ သူများတင်ပါးထဲ အပ်ကလေးစိုက်တတ်ရုံနဲ့ မရဘူး။ ခုနစ်နှစ်...ခုနစ်နှစ်သွားသင်။ ကိုယ်စောင့်နေမယ်။ တတ်သွားပြီဆိုရင် ကိုယ်နေရာဖယ်ပေးမယ်။

ဟုတ်ပြီလား။

ဒီလိုပြောလို့တော့လည်း မရဘူးလေ။ လူတွေမှာက စပ်စုချင်သောမွေးရာပါဗီဇ အလေ့အထ Curiosity instinct တွေ သိနားလည်မှု လိုအင်ဆန္ဒ Cognitive need ဆိုတာတွေ ရှိနေတာကိုး။ နောက်ပြီးအတ္တကလည်း ကြီးတယ်မဟုတ်လား။ ကိုယ့်ကိုကိုယ် သိပ်စိတ်ဝင်စားကြတယ်။

ဒီတော့ ဆရာဝန်က လူနာကို 'ခင်ဗျားမှာ နှလုံးရောဂါရှိတယ်၊ ဒီလိုနေပါ၊ ထိုင်ပါ၊ ဒီဆေးကို ဘယ်လိုသောက်ပါ' ဆိုရင်တောင် သိချင်ကြသေးသူများ နည်းနည်းလေးတော့ ထပ်ကွန့်လိုက်ရမှ။ သူ့နှလုံးရောဂါက အပေါက်ကျဉ်းတာလား၊ အပေါက်ကျယ်တာလားတဲ့။ ကိုယ့် ကိုယ်တွေ့ပါ။ မယုံမရှိပါနဲ့ လူနာတိုင်းလောက်နီးနီးပါ။ ပိုက်ဆံများများရှိတဲ့ လူနာဆို ပိုစကားများတယ်

ကိုယ်က ခင်ဗျားတို့အကျိုးအတွက် ပြောတာပါ။ ရောဂါအကြောင်း မသိချင်ပါနဲ့၊ သိရင် ကိုယ်ပဲစိတ်ဆင်းရဲရမယ်။ လိုအပ်ရင်ဆရာဝန်က ပြောမှာပေါ့။ ကိုယ်တို့တောင် ဆရာဝန်ဖြစ်နေတော့ဆေးပညာ ရောဂါပညာတတ်နေတော့ ပြောပါတယ်၊ ကျိန်စာသင့်ကြီးမိန့်ကျနေတဲ့ သူတွေလိုပါပဲလို့။ မပျော်နိုင်ဘူး ဘာရောဂါဖြစ်နေရင် ကုလို့ရတယ်- မရဘူး။ ဘယ်တော့ ဘယ်လိုဖြစ်တော့မယ် သေတော့မယ်ဆိုတာ သိနေတာကိုး။ လူတိုင်း သေမှာကတော့ မှန်တယ်လေ ဒါပေမဲ့ မသိပဲ စိတ်ချမ်းချမ်းသာသာနဲ့ သေသွားရမယ်ဆိုရင် ပိုမကောင်းဘူးလား

ခင်ဗျားကို စေတနာနဲ့ အကြံတစ်ခုလောက် ပေးချင်တယ်။ တကယ်လို့များ ခင်ဗျားရောဂါ တစ်ခုခုရတဲ့အခါ ဆရာဝန်အစစ်ပြောသမျှကိုပဲ နားထောင်ပါ မေးချင်ရင် ဘာစားရမယ်၊ ဘယ်လိုနေရမယ် ဆိုတာလောက်သာ မေးပါ သိပ်သိချင် လွန်းလို့ ဘာရောဂါလဲဆိုတာ မေးမိရင်တောင်သတိထားပါ ဂုဏ်ယူဝင့်ကြွားစွာ အရပ်ထဲမှာ ငါတော့ဘာရောဂါရှိတယ်လို့လျှောက်မပြောပါနဲ့



ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့လူမျိုးက ဆေးကုတမ်းကစားရတာ အင်မတန်ဝါသနာပါတဲ့ လူမျိုး၊ ဒီရောဂါဆို ဒီဆေးသောက်၊ ဘယ်သူ့တုန်းကတော့ ဘယ်အပင်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်လိုက်တာ နင်နေငါသွားပဲ...အဲ့သည်လိုမျိုး သိပ်လုပ်ကြသဗျာ။ ခင်ဗျား... နားယောင်ပြီး လိုက်လုပ်မိရင်တော့ အကျိုးနည်းပြီမှတ်။

ထားပါလေ။ ခုနကသူတောင်းစားလူနာကြီးအကြောင်း ဆက်လိုက်ကြရအောင်လား။

ကိုယ်က ဂရုမရှာပဲ အာဖရိကတိုက် ကိုယ်ရေပြားရောဂါတောက အယ်လ်ဖရက်ဂျိုကဇာလို ပယ်ပယ်နယ်နယ် ကိုင်တွယ်စမ်းသပ်လိုက်တော့... လားလား။ သူ့မှာက ဝဲတွေသာမက ပြည်တည်နာတွေရော၊ အလားကျစ်နော၊ အာဟာရမပြည့်လို့ ဗီတာမင်ခေတ်ချို့တဲ့တာရော ရောဂါစုံရှိနေတာကို တနာနားလည်စွာပဲသိလိုက်ရတယ်။

သည်တော့ မေတ္တာထားပြီး အားဆေး...အဲလေ။ ဗီတာမင်ဆေးတွေထိုး၊ ဝဲအတွက် ဘာစကေဘီ ဝဲဆေးတွေ ကိုယ်ကိုယ်တိုင်လိမ်းပေး၊ ပြည်တည်နာတွေကို ဆေးရည်ဆေး၊ ပြီးတော့မှပြည်တည်နာကို အနိုင်ဆုံး အမ်ပီစလင်နဲ့ ကလောက်ဆာစလင်ပေါင်းထားတဲ့ အမ်ပီကလောက်(စ)ပေး။ ယားနေတာကတော့ တစ်ကိုယ်လုံး ခံမရပ်နိုင်အောင်ဆိုတော့ ဘာမိတွန်နဲ့တင်မရလို့ ဆော်လူကောတက်(ဖ)ထိုးရသေးတယ်။

ဆေးတွေက ဈေးကြီးပြီလားဗျာ။ အသက်ကယ်ဆေး... အသက်ကယ်ဆေးလို့ ခင်ဗျားတို့ခေါ်တဲ့...၊ နောက်ဆုံးဆေးတဲ့ တစ်ချို့ကလည်း အဲ့သည် ဆော်လူကောတက်(ဖ)တစ်မျိုးတည်းက တစ်လုံးကို ထောင်ကျော်တယ်။ ဘာစကေဘီ...အမ်ပီကလောက်(စ)က ဈေးတွေတော့မသိချင်ပါနဲ့။ ကြားရင် ခင်ဗျား တက်သွားမှာစိုးလို့ မပြောတာ။ သူတောင်းစားကြီးပဲ ဆေးဖိုးဘယ်တတ်နိုင်ပါ့မလဲ။ မတတ်နိုင်ဘူးဆိုအစကတည်းက ကိုယ်သိသားပဲ။ ကိုယ်ကဆောင်း... ဘာဖိုးမှ မယူပါဘူး။ ကိုယ်ကဒေါက်တာမြင့်မောင်အစစ်လေ...မေ့သွားပြီလား။

သူ့အယားဝေဒနာသက်သာသွားတာကို ကြည့်ပြီး ဝီတိဖြစ်ရတာနဲ့တင် လုံလောက်ပါပြီ။ သူတစ်ယောက်တည်းကို ကုရတာတင် ဆေးလိမ်းပေးတာတွေ ဆေးရည်ဆေးတာ ဘာညာနဲ့ တော်တော်ကြာတယ်။ အပြည့်အစုံလုပ်ပေးပြီးတော့အောင် ညတွင်းချင်းပြန်ရောက်လာတယ်။ ကိုယ်ကတော့ လိုသွားလို့လား၊ အယားလေးပျောက်အောင်တောင် မကုပေးနိုင်ဘူးလား၊ ညလူနာလား သွားပြီ...

www.burmeseclassic.com



တွေ့ထဲမှာသာဆို သည်လောက်ညံ့တဲ့ ဒေါက်တာမြင့်မောင် ချစ်သူနဲ့လွဲပြီပေါ့။

ဟုတ်တယ်...သူ့အယားမပျောက်သေးဘူး။ ယားတုန်းပဲတဲ့။ ကိုယ်သုံးထားတဲ့ ဆေးတွေကအကောင်းဆုံးတွေပါ။ ဒီထက်စွမ်းတဲ့ ဆေးလည်းမပေါ်သေးပါဘူး။ လျှောင်ပြုံး မပြုံးပါနဲ့ဆရာ၊ ကိုယ်စေတနာအပြည့်နဲ့ ဆေးအစစ်တွေ သုံးခဲ့တာပါ။ ကိုယ်သုံးတဲ့ဆေးမှန်သမျှမှာ စမ်းသပ်စစ်ဆေးပြီးသား Myanmar Reg. No xxAxx ဆိုတာပါ ပါတယ်။

သူမပျောက်တဲ့ အယားက ခြေသလုံးမှာ၊ ခြေကျ  ်တ်မှာ။ ကောင်းတဲ့ခြေထောက်တော့ မဟုတ်ဘူး။ ပြတ်နေတဲ့ဘက်က မရှိတော့တဲ့ ခြေသလုံးနဲ့ခြေကျင်းဝတ်ကပါတဲ့။ ဘယ်ကလာစိတ်အထင်မှားတာ၊ တယ်လီပက်သီလိုအဝေးရောက်အယားဆိုတာ  အာရုံချောက်ခြင်း Hallucination ဆိုတာတွေ ဟုတ်ရမှာလဲ။ ခင်ဗျားရဲ့ ကြားဖူးနားဝ ဗဟုသုတတွေ လာမပြောပါနဲ့။ Sorry နော် ကိုယ်ဟာ မြင့်မောင်ဖြစ်ရက်နဲ့ ရိုင်းသလိုဖြစ်သွားတယ်။

အဲဒါမျိုးကို ကိုယ်တို့က 'တစ္ဆေခြေထောက်'လို့ခေါ်တယ်။ မဟုတ်ပါဘူးခင်ဗျာ...။ ကိုယ်တို့ဆရာဝန်အစစ်တွေဟာ ပရလောကတွေ၊ ဂမ္ဘီရတွေ ဘိုးတော်ပျောက်စေ ဆိုတာတွေကို မယုံကြပါဘူး။ သူဖြစ်တဲ့ မရှိတဲ့ခြေထောက်က ယားတာမျိုးကို ကိုယ်တို့က Phantom Limb လို့ခေါ်ပါတယ်။ ကိုယ်က Phantom Limb ကို တစ္ဆေခြေထောက်လို့ အရမ်းဘာသာပြန်လိုက်မိတာပါ။

တစ္ဆေခြေထောက်ဆိုတာ တကယ်ရှိပါတယ်။ ခင်ဗျားမှာ ခြေပြတ်လက်ပြတ်မိတ်ဆွေ၊ ဒါမှမဟုတ် ဆရာဝန်မိတ်ဆွေရှိမေးကြည့်ပါ။ ကိုယ်ပြောတာမယုံရင်ပေါ့။ Referred Pain ဆိုတာလည်း ရှိပါသေးတယ်။ အဲဒါ... ရောဂါဖြစ်နေတာက သည်းခြေအိတ်မှာ၊ သွားနာတော့ညာဘက်ပခုံးစွန်မှာ။ ရှင်းပြလို့မခက်ပါဘူး။ ကြာတာတစ်ခုပါပဲ။ ဒါကြောင့် 'သိချင်ရင် ဆေးကျောင်းသွားတက်လိုက်ပါလို့' ပြောတာကို 'ဒါလေးမေးတာများ စိတ်တိုလိုက်တာ အပေါက်ဆိုးလိုက်တာ' လို့ မပြောကြပါနဲ့။

သူတောင်းစားကြီးကတော့ တချို့လူနာတွေလို 'ဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ ကိုယ်ကဖြစ်နေမိတာ' ဘာညာတွေမေးမနေဘူး။ သူလာတာက ရောဂါပျောက်ချင်လို့၊ ဆေးပညာအကြောင်း ဆွေးနွေးဖို့မဟုတ်ဘူး။ ဒါကြောင့် ဘာမှ မမေးဘူး။ ဆရာဝန်ကြီး ကယ်တော်မူပါဦးပဲပြောတယ်။ သည်တော့ ကိုယ်ကလည်းရတယ်၊ ပျောက်ရမယ်၊ စိတ်ချ၊ ကဲမြေကြီးပေါ် ခြေဆင်းထိုင်



ပြီးတော့ သူယားတယ်လို့ ပြောတဲ့နေရာလောက်ကို မှန်းပြီးတုတ်နဲ့ခြစ်ပေးလိုက်တာပေါ့။ မြေကြီးကိုပါ။ ဆိုလိုတာက မရှိတဲ့အရာက ယားတာကို မရှိတ  ောကိုပဲ ကုတ်ပေးလိုက်တာပါ။

မအံ့ဩပါနဲ့ မထူးဆန်းဘူး။ ဒါမျိုးတွေ ရှီး ဟိုး ဟိုးနေပြီ။ တကယ်ပါ သူ့အယားပျောက်သွားပါတယ်။ နောက်ကို ယားရင် အဲ့သည်လိုပဲကုတ်လို့ မှာလိုက်တယ်။ တစ်ခုတော့ ပြောမယ်နော်... ခင်ဗျားမှာမရှိတဲ့ ကားတစ်စီးလောက်လိုချင်လို့ မြေကြီးပေါ်ကားပုံတော့သွားမခြစ်နဲ့၊ မရဘူး။ ဒါပေမဲ့တချို့ကျတော့လည်း စာရွက်ပေါ် တောင်ခြစ်မြောက်ခြစ်လုပ်ရုံနဲ့ ကားတွေတိုက်တွေဖြစ်လာသတဲ့။ ကိုယ်တော့ အဲ့သည်ပညာမျိုး မတတ်ဘူး။ ကိုယ်ကဆရာဝန်စစ်စစ်။

လူနာ(  ႉ)းတော့ ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကြားရတယ်။ ဒါဆို မနက် (၄) နာရီ။ ဗိုက်ဆာလိုက်တာ။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်တံခါးကို တဒုန်းဒုန်းသွားထုပြီး၊ လက်ဖက်ရည်တစ်ခွက်လောက်ရောင်းပါ ဗိုက်ဆာလွန်းလို့ပါခင်ဗျားလို့ လုပ်ကြည့်မလားလို့ စိတ်ကူးသေးတယ်။ ဘယ်ရမလဲနော်။ ဒါမျိုးက 'ဥပဠာန်၊ အနုကမ္ပာဒယ'သမားတွေကိုပဲလုပ်လို့ရတာ။

တော်ပါပြီ။ ရသလောက်အချိန်ကလေးမှာပဲ နားတစ်ဖက်ဖွင့်ပြီး အိပ်ပါတော့မယ်။ မနက်ဖြန်၊ သန်ဘက်ခါ၊ ဖိန်းနွှဲခါ မသေမချင်း ကိုယ်'ဥပါဠာန်'ရှိီးမှာဟုတ်လား။

ဟောဗျာ။ ဟုတ်ကနဲ ဖယောင်းတိုင်မီးငြိမ်းသွားပြီ။ ဒုက္ခပဲ။ ကိုယ်က ဆရာဝန်ဆိုပေမဲ့ တစ္ဆေတော့ကြောက်တယ်။ အခုပဲ တစ္ဆေခြေထောက်ကိုတုတ်နဲ့ ကုတ်လာခဲ့တယ် မဟုတ်လား။ ဘာတတ်နိုင်မလဲ။ ကိုယ့်အလှည့်မှမဟုတ်သေးတာ။

အမှောင်ထဲမှာပဲ'အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘယ်မှာ၊ မသိပါများ...သူဌေးသားသည်' ဆိုသလို စမ်းတဝါးဝါး ဟိုခလုတ်တိုက် သည်ခလုတ်တိုက်နဲ့ပဲ ခုတင်ဆီကို မှန်းလာရတာပေါ့။ ဒါပေမဲ့ ပြောပါရစေ။ ကိုယ်ကဒေါက်တာမြင့်မောင်ပါ၊ သူတော်ကောင်းပါ၊ နတ်သိကြားတွေက ကြည့်မနေပါဘူးလို့။ ဦးမာဃရဲ့ မြကျောက်ဖျာကြီးတင်းသွားတယ်ထင်ပါရဲ့။ အချိန်မတော်ဝဲ ရုတ်ကနဲ မီးလင်းလာတယ်။

အောင်မယ်လေး။ သရဲ သရဲ။ ကိုယ်ရောက်နေတာ ခုတင်နားမဟုတ်ဘူး။ မိန်းမရဲ့အလှပြင်တဲ့ မှန်တင်ခုံရှေ့မှာ။ မှန်ထဲမှာ... မှန်ထဲမှာ။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမင်းလူသို့။

ဆရာ…ဆရာဦးသွားတယ်ဗျာ။ ကျွန်တော် နောက်ကျသွားတယ်။ ကျွန်တော်လေ ဆရာ့ရဲ့“တစ္ဆေ ငါကိုယ်တိုင်ပါပဲ”ဆိုတဲ့ ဝတ္ထုခေါင်းစီးလေး သိပ်ကြိုက်တာ။

နှယ်နီ၊ အောက်တိုဘာလ၊ ၂၀၀၄

❑

## မှန်ဝါးပုံရိပ်

မနက်အိပ်ရာထ၊ မျက်နှာသစ်မုတ်ဆိတ်ရိတ်ရန် မှန်ရှေ့တွင် ရပ်လိုက်သော အခါမှန်ပြင်သည် ဆောင်းအအေးဒဏ်ကြောင့် မှုန်ဝါးဝါးဖြစ်နေ၏။ မှန်ပေါ်မှ အငွေ့များကို သူသုတ်လိုက်၏။ သူဆိုသည်မှာ အသက်ခြောက်ဆယ်အရွယ်ရှိ ဤမြို့တွင် အချမ်းသာဆုံး၊ သိန်းထောင်ပေါင်းများစွာပိုင်ဆိုင်သူ ဦးစိန်ဝင်းဖြစ်၏။ မှန်သည် တစ်ခဏတာ ကြည်လင်သွားသည်။

မှန်ထဲတွင် ထင်ဟပ်နေသောပုံရိပ်သည် ဦးစိန်ဝင်းမဟုတ်။ လွန်စွာ ညှိုးငယ်ဝမ်းနည်းနေသော (၁၄)နှစ် အရွယ်ကောင်လေးတစ်ဦးသည် သူ့ကို ပြန်ငေးကြည့်နေ၏။ အနှစ်လေးဆယ်အတွင်း ပထမဆုံးအကြိမ် သူ့နှလုံးသားတွင် ရှူးရှူးရှရှ နာကျင်သောဝေဒနာ ကို ခံစားလိုက်ရသည်။ အိပ်ရာထကာစပင် ဖြစ်လင့်ကစား ဦးစိန်ဝင်း၏ မျက်နှာသည် အသားအရည်ကြည်လင်လတ်ဆတ် နေသည်။ သူ့နှဖူးသည် ပြောင်၍ ဆံပင်တို့ဖြူဖွေးနေသည်။ သို့သော် မှန်ရိပ်ထဲမှ ကောင်လေးသည် ကြောင်ချေးရုပ်မျက်နှာ၊ စုပ်ဖွားဖွားဆံပင်တစ်ဖက်မှ နဖူးပေါ် တွဲလောင်းကျနေ၏။ အလွန်ပိန်လှီသောကောင်လေးဖြစ်သည်။

“ဒီကောင်လေးက ငါပဲ၊ ကြည့်စမ်း၊ အချိန်…အချိန်၊ မနည်း[illegible] ကြာခဲ့ပြီပဲ။ ဒီမနက် ငါဘာဖြစ်နေတာလဲ။ ငါညကသောက်တာ တော်တော်များ သွားလို့လား”

ကြေးမုံပြင်သည် ပြန်လည်၍ မှုန်ဝါးသွားပြန်၏။ [illegible] ထူးဆန်းစိုစွတ်သော ဘာမှန်းမသိအရာတစ်ခု ရှိနေ၏။ ဦးစိန်ဝင်း၏ [illegible] သူထိကိုင်လိုသော အရာဝတ္ထုတို့အကြား၌ ထိုဘာမှန်းမသိတာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်ရိတ်ခားသည် ဝါဠမ်းဆိုင်လိုဖြစ်သည်။ ဆပ်ပြာတုံးကို သူစမ်းလို့မမီ။ ကြေးမုံကို မျက်နှာသုတ်ပဝါနှင့်သေချာစွာသုတ်လိုက်မှ စိတ်ခါတ်ခိုင်သော၊ အရှိန်အဝါ ကြီးသော၊ သန်စွမ်းဆဲရှိသော သူ့ကိုယ်သူပြန်မြင်သည်။ ကောင်လေးမရှိတော့ပြန်။

ထူးဆန်းတယ်။ ဘယ်လိုဖြစ်နေတာပါလိမ့်။ သူ့ကြေးမုံမှန်ပြင်ကိုပဲ အဆက်မပြတ်သုတ်ချင်နေသည်။ ဒီမနက် သူ့ကိုသူပုံမှန်မဟုတ်ဟု ထင်သည်။ မှန်ကိုသုတ်ပြန်သည်။ ဟုတ်ပါသည်။ မှန်ထဲမှာ ပုံရိပ်ထင်နေတာ သူမှသူအစစ်။ သူဌေးကြီး ဦးစိန်ဝင်း ကြီးမားသော လိုတရမီးခံသေတ္တာကြီးပိုင်ဆိုင်သူ၊ သူမှလွဲ၍ တစ်ခြားတစ်ယောက်မဟုတ်။ သို့သော် စက္ကန့်ပိုင်းအတွင်း မှန်ပြင်သည်မှုန်ဝါးသွားပြန်သည်။

ထို့နောက် အငွေ့များသည် စုပေါင်းသွားကာ ရေစက်ပေါက်များအဖြစ် စီးကျလာသည်။ မှန်ပြင်သည် ရေခဲရေပုလင်းမှာ ရေစက်များသီးနေသကဲ့သို့ ဖြစ်သည်။ အထီးကျန်ကြေကွဲနေသော ပေပေတူးတူးကောင်လေး၏ ပုံရိပ်ပြန်ထင်လာကာ သူ့ကို ရီဝေဝေ စိုက်ကြည့်နေပြန်၏။ ဦးစိန်ဝင်း စိတ်ပျက်သွားသည်။ မှတ်ဆိတ်ရိတ်ရန် မကြိုးစားတော့။ မျက်နှာသစ်ပြီးနောက် အိပ်ရာဘေးမှ ခလုတ်တစ်ခုကို၊ ထိုခလုတ်က သူ့တပည့်ကိုဖိုးတူးကိုခေါ်သောခလုတ်ဖြစ်သည်။ မနက်စာ စားပြီးမှပဲ မှတ်ဆိတ်ရိတ်တော့မည်စိတ်ကူးသည်။

“ဆရာကြီး၊ ကျွန်တော်ရောက်ပါပြီ”

“ကော်ဖီကြမ်း တစ်အိုးဖျော်၊ သံပုရာသီးစိတ်မယ်၊ ကြက်ဥနှစ်လုံးမကျက်တစ်ကျက်ပြုတ်၊ ရေနွေးကြမ်းက ခါးခါး”

အဝတ်အစားလဲပြီး အိပ်ခန်းထဲမှထွက်လာ၏။ အိပ်ခန်းပြင်ရောက်မှ ပြန်ဝင် သည်။ ရေချိုးခန်းထဲရှိ မှန်ကို သွားကြည့်ပြန်သည်။ မှန်ရှေ့ရောက်သည်နှင့် စိတ်ထဲမှာ ထုံမှိုင်းသွား၏။ ကြေးမုံကလည်း မှုန်ဝါးတုန်း။ ကောင်လေးကလည်း တစ္ဆေလိုမျက်နှာသေနှင့် သူ့ကိုရီဝေဝေ ကြည့်တုန်းပင်။

ကြက်ဥပြုတ်တစ်လုံးသာစားသည်။ ကော်ဖီကြမ်း တစ်ခွက်ပဲသောက်ပြီး၊ ရေနွေးကြမ်းတွေသာလိမ့်သောက်ရင်း သူစဉ်းစားနေ၏။ သူ့လက်ချောင်းများက စားပွဲခုံကိုသိမှတ်မဲ့ ခေါက်နေမိသည်။ မှန်ထဲက ကောင်လေး၊ အဲဒါ ငယ်ငယ်တုန်းက ငါ၊ အချိန်ကာလနှစ်ပေါင်းများစွာသည် မီးခိုးများလိုတဖြည်းဖြည်း လေတိုက်ရာသို့ပါသွား၏။

သူသည် မိုးရေထဲတွင် ကုန်မျိုးစုံဆိုင်တစ်ခုရှေ့တွင် မှန်ထဲကကောင်လေး



လို ရီဝေဝေနှင့် အထီးကျန်ကြေကွဲစဖွယ် ရပ်နေပုံကို အာရုံထဲမှာထင်မြင်လာ၏။ သူ့ရှည်လျား စုတ်ဖွားဖွားဆံပင်တို့က မိုးရေစိုထား၏။ ညစ်ထပ်ထပ် တွန့်ကြေနေသော အဝတ်အစားများ၊ အရောင်သာတူပြီး အမျိုးအစားမတူသော ဖိနပ်နှစ်ဘက်၊ ဆာလောင်သော ဝမ်းဗိုက်၊ အမြဲတမ်း နှာရည်ယိုနေသော နှာခေါင်းတို့နှင့်ပေတူးစိုသော ကောင်လေးသည် သူဖြစ်သည်။

ထိုစဉ်က သူ့အသက်က (၁၄)နှစ်၊ မိဘဆွေမျိုးမရှိ၊ လူပျိုကြီး ကိုထွန်းအောင်၏ ကုန်စုံဆိုင်တွင် သူအလုပ်လုပ်၏။ ထိုဆိုင်မှာပဲ ညအိပ်ပြီးဆောင့်ရ၏။ ကြမ်းတိုက်ရ၏။ ဆိုင်သန့်ရှင်းရေးလုပ်ရ၏။ လေးလံသော ဆန်အိတ်၊ ပဲအိတ်၊ မီးသွေးအိတ်တို့ကို မနိုင်မနင်းထမ်းရ၏။ ကိုထွန်းအောင် ခိုင်းသမျှတောက်တိုမယ်ရများကိုလည်း လုပ်ရ၏။ တစ်ပတ်မှာ ဥပုသ်နေ့တစ်ရက်သာ နားခွင့်ရ၏။ နားရသည်ဆိုတာတောင် သူ့မှာ နေစရာ၊ သွားစရာ အိမ်မရှိ၍ နေ့ဆောင့်လို ဆိုင်မှာပဲနေရ၏။

ထိုအတွက် ဝမ်းဝရုံထမင်းစားရသည်။ ကိုထွန်းအောင် မဝတ်တော့သော ပွယောင်းယောင်းအဝတ်အစားများရသည်။ ပိတ်ရက်တွင် ထမင်းစားရန် ငွေတစ်ဆယ်ရသည်။ ဘာအတွက် ဒီသနားစရာကောင်လေးဟာ အပင်ပန်းဆင်းရဲခံနေတာလဲ။ ထမင်းတစ်လုတ်၊ အဝတ်တစ်လွှာ၊ ကျောချစရာ တစ်နေရာအတွက်ထက် နည်းနည်းလေးမှ မပိုခဲ့၊ မရခဲ့ပါလား။

တစ်ခါတစ်ရံတွင် ကိုထွန်းအောင်အလိုမကျ၊ စိတ်တိုင်းမကျပါက နရင်းအုပ်၊ ထိပ်ခေါက်တို့ကိုလည်း ခံရသည်။ တစ်နေကုန်လုပ်ရ၍ ဘယ်လောက်ပဲမောပန်းနေပါစေ။ ကောင်လေးသည် အိပ်မပျော်နိုင်ဘဲ တွေးနေမိသည်။ ငါဟာ လမ်းဘေးက ကောက်လာတဲ့ မိဘမဲ့ကလေး တစ်ယောက်၊ ဒါပေမဲ့ ငါ့အလုပ်ရှင်ရဲ့ ဒါသပြေ၊ အပျင်းပြေ၊ ကန်ကြောက်ရိုက်နှက်စရာတစ်ခုလား၊ သူတော်တွေးထွေးချွတ် ထွေးခံလား။

လမ်းထိပ်က အရက်ဆိုင်ကို ဆိုက်ကားနင်းတဲ့ လူဝဝကြီးတစ်ယောက် အရက်လာသောက်နေကျ။ သူလာရင် ခွေးတစ်ကောင်အမြဲပါတယ်။ သူ့အိတ်ထဲမှာ ပိုက်ဆံပြတ်သွားပြီး သူအရက်မဝတဲ့အခါ ဆိုင်မှာ အကြွေးသောက်တယ်။ ဒါပေမဲ့ ဆိုင်ရှင်က အကြွေးမပေးတဲ့ အခါမျိုးမှာ သူဘာကြောင့် သူ့ခွေးကို ကန်ရတာလဲ။ ကွမ်းစားပြီး ကွမ်းတံတွေးကို မြေကြီးပေါ်မထွေးဘဲခွေးပေါ်တို့ ထွေးချရတာလဲ။ ဝက်ရိုး၊ ကြက်ရိုးလေးတစ်ချောင်းကိုက်ရဖို့ လိုက်ပါလာသော ခွေးကိုလည်း သူအဲ့သြသည်။ ငါ့မှာသာ အားရှိရင် ဒီလူကြီးကိုထုချပါ့တို

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်တဲ့ ထွန်းအောင်ကို ပြန်ချမှာပဲ။ ဈေးထဲက ဝက်သား၊ အမဲသားဆိုင်နားတွင် မနက်၊ မနက်ဆိုရင် ဈေးခွေးများ ဝိုင်းနေတတ်သည်။ အသားစတစ်ခု၊ အရိုးပိုင်းတစ်ခုလောက် လွှင့်ကျလာလျှင် ဝိုင်းလုကြသည်။ ကိုက်ကြ၊ ခဲကြသည်။ အားအသေးဆုံး၊ အပိန်ဆုံး၊ အကိုက်ခံရဆုံးခွေးကလည်း ထွက်မပြေး။ ဆိုင်နားက မခွာနိုင်။, ကံကောင်း၍ သူ့နားသို့ကျလာသော အသားတုံး၊ အရိုးပိုင်းကို လျှင်မြန်စွာ ကိုက်ချီထွက်ပြေးသွားနိုင်လျှင် သူဝမ်းဝနိုင်သည်ကပဲ။ ခွေးမှာ စဉ်းစားဉာဏ်မရှိ၊ အတွေ့အကြုံသာရှိသည်။

အနီးအပါးရွာများကလည်း ဒီမြို့မှာ ဈေးလာဝယ်သည်။ လှည်းများနှင့် လာသည်။ နွားပျို၊ နွားအိုကြီးများသာတွေ့ရ၏။ အမြဲတမ်း ဈေးလာဝယ်ရသော ကောင်လေးနှင့် တစ်ချို့နွားများက ရင်းနှီးနေသည်။ လွန်ခဲ့သည့်လမှစ၍ သူ တွေ့နေကျ နွားအိုကြီးတစ်ကောင် မတွေ့ရတော့။ တစ်နေ့လှည်းပိုင်ရှင်ကို နွားကြီးဘယ်ရောက်သွားပြီလဲဟု မေးကြည့်မိသည်။ နိုင်းမရတော့၍ အမဲသား လိုင်စင်ခံထားသူ ရှုလမန်ကို ရောင်းလိုက်ပြီဟု ပြော၏။

ထိုနေ့က ထိုလူကြီး ဈေးဝယ်တာတော်တော်များသည်။ အမျိုးလည်းစုံ သည်။ ဘုန်းကြီးဆွမ်းကျွေးရန်ဟု ပြော၏၊ သူ ဝယ်သော သားငါးစုံထဲတွင် သူ့နွားအိုကြီး၏ အသားမပါနိုင်ဘူးလားဟု ကောင်လေးက ညအခါတွေးမိ၏။

ဆိုင်ညာဘက်ထောင့်တွင် ကြည့်မှန်များထားသည်။ ဝယ်သူတစ်ယောက်က မှန်ဝယ်လျှင် သူပဲယူပြရ၏။ ဝယ်သူကို မှန်မပေးမီ သူ့ရုပ်ကိုသူအရင်ဦးဆုံး ကြည့်တတ်သောအကျင့် ကောင်လေးမှာရှိသည်။ ဈေးမတည့်၍ ပြန်ပေးသောအခါ မျိုးတွင် ကောင်လေးသည် လက်နှစ်ဖက်နှင့် စုံကိုင်၍ မှန်ကိုအကြာဆုံးကြည့်၍ လည်းနေတတ်၏။

ဘာကြောင့်မှန်းမသိ ကောင်လေး မှန်သိပ်ကြိုက်သည်။ မှန်တွေ့လျှင် သူ့ပုံကို မှန်ထဲမှာ မကြည့်ဘဲ မနေနိုင်။ မှန်ထဲက ညစ်ပတ်ပြီး၊ အမြဲနှပ်ထွက်နေသော သူ့ပုံကိုမြင်တိုင်း၊ သူ မုန်းသည်။ ရွံသည်။ မသတီတော့။ ထိုအခါ အဝေးဆုံးသို့ ထွက်ပြေးပြီး၊ နှလုံးကွဲကြေသည်အထိ ငိုချလိုက်ချင်၏။ အဝတ်အစားကို ကျောနေအောင်ဝတ်ကာ ရေမွှေးနံ့တသင်းသင်းနှင့် ဗိုက်ရွှဲရွှဲကိုထွန်းအောင်ကို စိစိညက်ညက် ချေပစ်လိုက်ချင်စိတ်လည်း ပေါက်လာသည်။

သူလုပ်နေကျအတိုင်း မှန်ကို မမှိတ်မသုန်စိုက်ကြည့်ကာ အိပ်မက်မက် နေစဉ် ကိုထွန်းအောင်နောက်ကရောက်လာပြီး သူ့ကို ဆောင့်ကန်သည်။ ကောင်လေးမှာရှေ့ကိုဟပ်ထိုး ငိုက်ဆင်းသွားသည်။ သူကန်လိုက်သော ကောင်လေး



သည် ငွေပုံကြီးပေါ်သို့ ရောက်သွား၏။ တိုက်ကြီးပေါ်သို့ ရောက်သွား၏။ မလိုင်ခွက်ထဲသို့ ထိုးကျသွား၏။ တစ်မြို့၊ တစ်နယ်သို့ လွင့်စင်သွား၏။

“ဒီကောင့်ကို ငါ ပြန်မလုပ်ရရင် ငါမကျေနပ်ဘူး။ ငါကျိန်ဆိုပါတယ်။ တစ်နေ့ ငါဟာချမ်းသာရမယ်၊ ကြီးကျယ်တဲ့လူတစ်ယောက်ဖြစ်ရမယ်။ ငါ့အလှည့်ကျရင်လည်း ဘယ်သူ့ကိုမှ မညှာနိုင်ဘူး”

လေးလံသော ကြက်သွန်တောင်းကြီးကိုမကာ ဆိုင်နောက်ဖေးသို့ ထွက် လာစဉ် ကောင်လေး မျက်ရည်ဝဲဝဲ၊ နှပ်တံရှုပ်ရှုပ်နှင့် စိတ်ထဲက ကျိန်ဆဲသည်။ သူ့ဖင်တော်တော်နာသွားသည်။ တိုင်နှင့်ဆောင့်မိ၍လည်း နာဖူးယောင်သွား သည်။ ကော... ...စောင့်နေသောတစ်နေ့သည် မကြာခင်ရောက်လာ၏။

ထိုနေ့သည် စနေနေ့ဖြစ်သလို အဖိတ်နေ့လည်းဖြစ်သည်။ ညနေပိုင်းဆိုင် ပိတ်ခါနီးကျမှ ကိုထွန်းအောင် အရေးတကြီးကိစ္စနှင့် အပြင်ထွက်ဖို့ပေါ်လာ၏။ သူ့အဒေါ်နှစ်ဝမ်းကွဲတစ်ယောက်မှုးလဲသွားသဖြင့် သူ့နမသုံးဝမ်းကွဲ လာခေါ်၏။ ထိုနမကိုလည်း လူပျိုကြီးစိတ်ထဲက ဘာဂလိုလိုဖြစ်နေရတာ ချက်ချင်းထလိုက် သွားသည်။

ကမန်းကတန်း မှန်ပြီးထလိုက်သွားသဖြင့် ပိုက်ဆံသေတ္တာကို သော့မခတ် နိုင်သည်က ကောင်လေးအတွက် အခွင့်အရေးဖြစ်သည်။ ကိုထွန်းအောင်ထွက် သွားပြီးမှ ကုန်အကြွေးသုံးရာ ဆပ်မည့်သူလည်းလာပေးသွားသည်။ ရထားဝင်ခါနီး ပြီ။

ပိုက်ဆံသေတ္တာထဲတွင် ဘယ်လောက်ရှိမှန်းပင် ရေတွက်မနေ။ အကုန် သိမ်းကျုံးယူကာ အဝတ်တစ်ထည်၊ ကိုယ်တစ်ခု၊ ဖိနပ်တစ်ရံကို အရင်းပြုကာ ခြေဦးတည်ရာ ပြေးတော့သည်။ အသက်(၁၄)နှစ်အထိ သူနေခဲ့သောမြို့နှင့် ဝေးသထက်ဝေးရာကိုပြေး၏။ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက် မြန်မာ စကားပြောတတ်ပြီး၊ သူပြောတာကိုနားလည်သောအရပ်၊ ဖြစ်ဖို့ပဲလို၏။ ကောင်လေးမှာ အတန်းပညာဆို၍ ဘာမှမရှိ။ သူ့အတွက် အသုံးချနိုင်ရန် ကိုထွန်းအောင်သင်ပေးထားသဖြင့် ရေးတတ်၊ ဖတ်တတ်၊ တွက်ချက်တတ်သည်။ ရှင်မပြုဘူး၊ ဘုရားရှိခိုး တစ်ပုဒ်မျှမရ။ ရှင်မပြုခဲ့၍ ငရဲကျမည်ကိုလည်း ... ရဲလိုဘဝမျိုးက သူရောက်ခဲ့ဖူးပြီ။ သူသည်သာ သူ၏ ကိုးကွယ်ရာ ... အချိန်တွေ တဖြည်းဖြည်းကုန်လာသည်။ အသက်ကြီးလာသလို ... လာ၏။

ကောင်လေးမှာ ဤမြေပြင်ပေါ်တွင် အသက်ရှင် ... ကိုရှိဉာဏ်ပညာတွေ အကုန်ရှိ၏။ ကျီးကန်းကဲ့သို့လျှင်သော ... ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စပါးကြီးမြွေတစ်ကောင်လို အခွင့်အရေးကို ဝါးမျိုဖို့ မလှုပ်မယှက် စောင့်နိုင်သော သည်းခံမှုမျိုးရှိ၏။ ပတ်ဝန်းကျင်နှင့် လိုက်၍ အရောင်ပြောင်းတတ်၏။ ကောက်ကျစ်၏။ ရက်စက်သည်။ အန္တရာယ်နံ့ကို အဝေးကြီးကတည်းက ရသည်။ သူ့အတွက် အထောက်အကူအပြုဆုံးပညာက စုဆောင်းရသမျှ ဥစ္စာတို့ကို ပျားများ၊ ချမျှားလို စုဆောင်းသိုဝှက်တတ်ခြင်းပင်။

သူယခင်က ကြောက်လန့်ခဲ့သမျှတို့ကို အဝတ်စုတ်ဟ ည် စွန့်ပစ်သလို မျိုး စွန့်ပစ်ခဲ့၏။ အစားတစ်လုပ်အတွက် ပင်ပန်းကြ ့မှာ လုပ်ခဲ့ရသော မှောင်တောင်တောင်၊ စိုထိုင်းထိုင်းဆိုင်လေးမှ ထွက်ပြေးလာကတည်းက သူ့အလို လို သိနေသည်။ ဘယ်တော့မှ ထိုထွက်ပေါက်မရှိသော ဒုက္ခဆင်းရဲမျိုးကို သူမခံစားရတော့ပြီ။ သူဘယ်တော့မှ ရိုးသားဖြောင့်မတ်သူ မဖြစ်နိုင်တော့ပြီ။ သူဘယ်တော့မှ လူပျော့မဟုတ်တော့ပြီ။ တစ်နေ့ သူချမ်းသာမည်။ ကြီးကျယ်မည်။ အမှာတကာ့ အမှာဆုံးဖြစ်မည်။

ဒါတွေကို ကြိုသိနေသည်က ထူးဆန်း၏။ မင်းနာမည် ဘယ်သူလဲဟု ပထမဆုံးအကြိမ် အမေးခံရစဉ်က 'စိန်ဝင်း'ဟု လွှတ်ခနဲထွက်သွားသည်ကလည်း ဆန်း၏။ သူသိထား၊ ကြားထားဖူးသောနာမည်တွေထဲတွင် စိန်ဝင်းဆိုသော အမည်မရှိ။

သူ ယုံကြည်သလို၊ ကျိန်ဆိုထားသလို တစ်နေ့ဖြစ်လည်း တကယ်ဖြစ်လာ၏။ စိန်လို မာကြောပြီး အရှိန်အဝါတွေ ဝင်းဝင်းတောက်နေသူတစ်ဦးဖြစ်သွားသည်။ ပေတူးတူး၊ ပျော့စိစိကောင်လေးမဟုတ်တော့။ ပေတူးနှင့် စိန်ဝင်းဘာမှ မဆိုင်၊ ကိုထွန်းအောင်၏ ပိုက်ဆံသေတ္တာထဲမှ ပိုက်ဆံနှိုက်ယူလိုက်ချိန်မှစ၍ ပေတူးဆိုသော ကောင်လေး သေဆုံးသွားပြီး စိန်ဝင်းမွေးလာသည်။ ထမင်းစားကျွန်၊ ခိုင်းဖတ်ကောင်လေး အစားလောကတွင် ...

သူခိုး စိန်ဝင်း၊ ခါးပိုက်နှိုက်စိန်ဝင်း၊ ဓားပြစိန်ဝင်း၊ သစ္စာဖောက်စိန်ဝင်း၊ ဂျပန်သတင်းပေး စိန်ဝင်း၊ ခေတ်ပျက်သူဌေးလေး စိန်ဝင်း၊ သခင်အတုစိန်ဝင်း၊ မှောင်ခိုရာဇာစိန်ဝင်း၊ ကုန်သည်ကြီးဦးစိန်ဝင်း၊ ယခု သူဌေးကြီးဦးစိန်ဝင်း။

ဤသို့နှယ် စိန်ဝင်းသည် သူ့သမိုင်းကို သူ့ရေးခဲ့သည်။ သူရေးရုံပဲရေးသည်။ ကိုယ်တိုင်လည်း မဖတ်ရဲ၊ သူများကိုလည်း ဖတ်မပြရဲ။ ယနေ့မနက်တော့ စိန်းဝင်းသမိုင်းစာအုပ်သည် သော့ခတ်ဖုံးအုပ်သည့်ကြားမှ စာမျက်နှာသစ်ကို လန်သွားသည်။

ယခင်ကတော့ စိန်ဝင်းသည် ပိုက်ဆံကလွဲ၍ ဘာကိုမျှ ဂရုမစိုက်၊



ပိုက်ဆံ...ပိုက်ဆံ။ ရွှေဒင်္ဂါးသံ တချွင်ချွင်၊ ငွေစက္ကူ သံ တဖျတ်ဖျတ်ကြားသည်။ တစ်ခြားအသံတွေကို နားထဲအဝင်မခံ။ 'ဟောင်ကြစမ်းခွေးတွေ၊ ရှ ကြစမ်း၊ ပြောကြစမ်း၊ စိန်ဝင်းဟာ သစ္စာဖောက်အမြတ်ကြီးစား၊ ဂုတ်သွေးစုပ်ကောင်၊ လူလိမ်လူကောက်၊ မတရားဖိနှိပ်သူ၊ ငါက ဘာကို ဂရုစိုက်ရမှာလဲ။

ငါက တိုက်ကြီးထဲမှာ ငါ့တိုက်ထဲကို ခွေးတွေဝင်ကိုက်လို့မရဘူး။ တံခါးပိတ်ထားလိုက်ရင် အသံတွေလည်း တိတ်၊ လူတိုင်းရဲ့မြို့ရှင်စိန်ဝင်းတဲ့။ အရေးပိုင်ဆီမှာ တစ်သိန်း၊ ငါ့လုပ်ငန်းထဲမှာ သူတို့ပါးစပ်နဲ့ ထည့်ထားတဲ့ ငွေတွေ။

ကျယ်နိုင်သမျှ ကျယ်အောင်ဟောင်၊ ကြိုက်သလောက်ဟောင်၊ ကိုက်ချင် တဲ့ခွေး ကိုက် ည် ထိရဲတဲ့သူထိကြည့်။ စိန်ဝင်းဟာ စိန်ထက်မာတယ်။ ငါတစ်ခုပဲကြောက်တယ်။

မှန်ထဲက မှုန်ဝါးဝါးပုံရိပ်ကို ငါဘယ်တော့မှ ဘယ်တော့မှ ထပ်မမြင် ရပါစေနဲ့။ ကြည့်စမ်း...ငါ့ကော်ဖီတွေ အေးကုန်ပြီ။ မနက်တိုင်းဒီလိုပဲ။ ကော်ဖီကို နှစ်ခါ၊ နှစ်ခါလဲခိုင်းရတယ်။ ဖိုးထူး... ဖိုးထူး ဘယ်သွားသေနေလဲ။ ငါ အော်နေတာမကြားဘူးလား။

သူ့ရင်ထဲတွင် စူးရှရှ နာကျင်လာပြန်သည်။ ရင်ညွန့်ရိုးအောက်မှ နှလုံးသားကို သံလျက်ကြီးတစ်ခုက ညှပ်ထားသလို ချွန်ထက်သော သံစို့တစ်ချောင်း ထရိုက်သွင်းလိုက်သလို ကော်ဖီကြမ်းအိုးဆီသို့ လှမ်းလိုက်သော သူ့လက်က လမ်းခုလတ်မှာ တန့်သွား၏။ ရေနွေးကြမ်းအိုး၊ ကြက်ဥပြုတ်ပန်းကန်နှင့် စားပွဲခုံသည် သူ့မျက်နှာဆီကိုပြေးလာ၊ တွင်းနက်ကြီးထဲသို့ ကျသွားသလိုပင်၊ အသက်ရှူကြပ်သည်။ ပတ်ပတ်လည်မှာ အမှောင်တိုက်ကြီးသာ။ အလွန် ဝေးသော အရပ်ဆီမှ အသံများကို သဲ့သဲ့လေးကြားရသည်။ ဆရာကြီးလဲသွားပြီ။ ဒေါက်တာ မြပွင့်ကိုသွားခေါ်ဆိုသော ဖိုးထူး၏အသံ။

"မလာနဲ့၊ မလာနဲ့ အချိန်မကျသေးဘူး၊ တောင်းပန်ပါတယ်။ ငါ့ဆီကို မလာပါနဲ့ ကလေးရယ်၊ ပြန်သွားစမ်းပါ။ မိုးရေထဲကို ပြန်သွားစမ်းပါ။ မင်း အိပ်နေကျ မွန်းကြပ်နံစော်နေတဲ့ ထောင့်ခန်းကျဉ်းကျဉ်းလေးထဲကို ပြန်သွား လိုက်ပါ"

အိပ်မက်ဆိုးများ မက်နေသူလို သူအော်ဟစ်ရန်းကန်၏။ ဝေဝါးသော စကားများကို ပြောမိသည်။ သူရုတ်ချည်းငြိမ်ကျသွားပြန်သည်။ သူ ဝေဝါးနိုင်း အသံများကိုသာ ကြားနေရသည်။ ကောင်လေးလာပြန်ပြီ။ မင်းတို့ရုံတိုင်၍

www.burmeseclassic.com

www.burmeseclassic.com



သူ့အရိပ်ကို သူအသေအချာကြည့်နေ၏။

"ဟော့ကောင်လေး... ပဲအိတ်တွေကို နောက်ဖေးရွှေ့စမ်း၊ ပြီးရင် တံမြက်စည်းလှဲ၊ ဒီလကားကောင်၊ ပျင်း၊ မင်းကိုအရေခွံခွာပစ်မယ် သိလား"

ကောင်လေးက ပဲအိတ်ကြီးကို မှို့အိတ်ကြီးတစ်အိတ်လို ပေါ့ပါးစွာ ကောက်ထမ်းရင်း နောက်ဖေးသို့ ဝင်သွားသည်။

"သီချင်းဆိုနေတာ တိတ်လိုက်စမ်း၊ မင်း ဘာပြုံးတာလဲ။ အခုချက်ချင်း မင်းမျက်နှာပေးကို ပြင်လိုက်စမ်းပါ"

ကိုထွန်းအောင်ဆိုသော လူဝဝကြီးတစ်ယောက်သည် ကောင်လေးကို နောက်မှ ဆောင့်ကန်ရန် ခြေထောက်ကို မြှောက်လိုက်သည်။ သို့သော်မကန်ဖြစ်။ ကောင်လေး၏ ကိုယ်ထဲမှစွမ်းအင်တစ်ခုကို သူတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

နောက်တစ်နေ့ထုတ် သတင်းစာတွင် သူဌေးကြီး အသက်(၆၀)နှစ်မှလုံး ရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားကြောင်း နာရေးကြော်ငြာပါလာသည်။

ချယ်ရီ၊ ဧပြယ်လ၊ ၂၀၀၄

❏

# ဒါလ်ာသေနလုံးသား

သိတတ်သည့်အရွယ်မှစတင်ကာ 'ပြဒါးသေ တစ်ဆွေ၀'၊ 'သံသေတစ် ပြည်၀'ဆိုသော စကားကို ကြားဖူးခဲ့သည်။ ရှင်အဇ္ဇဂေါဏလက်ထက်ဝယ် ပြဒါး သေအောင် လုပ်နိုင်ခဲ့သဖြင့် ပုဂံပြည်ဝယ် ရွှေမိုးငွေမိုးရွာပြီး မှဆိုးမတောင် ဘုရားတည်နိုင်ခဲ့သည်ကို လည်းကောင်း၊ ဝိဇ္ဇာဓော်ဂျီနှင့် ပဋိဇ္ဇာရာမင်းသားသည် လည်းကောင်း ကောင်းကင်၌ ပြဒါးရှင်လုံးငုံ၍ ပျံသန်းနိုင်သည်ဟု ကြားဖူးပြန်၏။

စာရေးဆရာတစ်ဦးက ပြောဖူးသည်။ ဘယ်သူကဘယ်နေ့ကပြောတာလဲ၊ ရက်စွဲပါလျှင် သမိုင်းမဟုတ်။ ဒဏ္ဍာရီတဲ့။ ထိုစကားနှင့်ပတ်သက်၍ ဘာမှထောက်ခံ မှတ်ချက် မပေးလိုပါ။ ကိုယ်တိုင်ကလည်း လောကီဂမ္ဘီရပညာရှင်တစ်ဦး မဟုတ်သည့်ပြင် ပြဒါးရှင်ကိုလည်းကောင်း၊ ပြဒါးသေကိုလည်းကောင်း မမြင်ဖူးခဲ့ ပါ။

သံသေလျှင် မည်သည့်တန်ခိုးဣဒ္ဓိပါဒ်မျိုး ရနိုင်သည်ကိုတော့ လုံး၀ မကြားဖူးခဲ့ပါ။ တချို့ကတော့ သံသေသည် ဆိုသည်မှာသံကိုကောင်းစွာနိုင်နင်း ခြင်း၊ လိုရာအသုံးချနိုင်ခြင်းဟု ပြောကြပြန်၏။ ကျောက်လက်နက် ပစ္စည်းများသာ သုံးစွဲနိုင်သော သမိုင်းတင်ခါစ လူအဖွဲ့အစည်းဝယ် ကြေးနီလက်နက်ကိုရိုထား တင်သုံးစွဲနိုင်သူတို့ အနိုင်ကျင့်မင်းမူနိုင်ခဲ့ခြင်း၊ ကြေးလက်နက်သုံး လူသားများတို့ သံလက်နက်သုံးနိုင်သူတို့က ထပ်မံဖိုလ်ကျနိုင်ခြင်း၊ ယခု မျက်မှောက်ခေတ်၌ သံနှင့်သံမဏိကို ကောင်းစွာနိုင်နင်းအသုံးချနိုင်သော နိုင်ငံကြီးများတိုးတက်ချမ်းသာ စီးပွားရေးအင်အားကောင်းနေခြင်းတို့ကတော့ ငြင်းမရသော အချက်များ ပါသည်။

အတန်းပညာ အနည်းငယ်ရလာသောအခါ ဒြပ်စင်မှန်သမျှထဲတွင်ေ

www.burmeseclassic.com



အထုံ့များနှင့် ဖွဲ့စည်းထားသည်။ ၎င်းအက်တမ်ကိုပင် နျူထရွန်၊ ပရိုတွန်၊ အီလက်ထရွန်တို့ဖြင့် ဖွဲ့စည်းထားသည်။ ပါဝင်သော ပရိုတွန်၊ နျူထရွန်၊ အီလက်ထရွန်အရေအတွက် ကွာခြားသဖြင့်သာ ဒြပ်စင်အမျိုးမျိုး၊ သတ္တုအမျိုးမျိုးဟူ၍ ကွဲပြားနေရသည်ဟု သိရပြန်၏။

ထို့ကြောင့် ဒြပ်စင်တစ်မျိုး၏ အက်တမ်ထဲသို့ လိုအပ်သလောက်သော အီလက်ထရွန်၊ ပရိုတွန်တို့ကို ပေါင်းထည့်ပေးနိုင်လျှင်လည်းကောင်း၊ နုတ်ပယ်ပစ်နိုင်လျှင်လည်းကောင်း၊ ကိုယ်လိုချင်သော ဒြပ်စင်ကိုလုပ်နိုင်သည်ဟု သီအိုရီအရ ပြောကြ၏။ ထိုသို့ လုပ်ရာတွင် ပြဒါးမှ ရွှေသို့ပြောင်းခြင်းသည် အလွယ်ဆုံးဟုဆို၏။ ဤအလွယ်ဆုံးဆိုသည်ပင် ဆင်ဖိုးထက် ချွန်းဖိုးကြီးပြီး စရိတ်စကများလွန်းလှသဖြင့် ယနေ့ထိ ရွှေကိုစီးပွားဖြစ်ထုတ်လုပ်၍ မရသေးပါ။

အချစ်သည် သတ္တုများကဲ့သို့ အက်တမ်တို့ဖြင့် ဖွဲ့စည်းထားသောဒြပ်စင်တစ်ခုပေလော၊ ဒြပ်စင်များ ပေါင်းစပ်ထားသော ဒြပ်ပေါင်းတစ်ခုပေလော၊ အချစ်ဒြပ်စင်ကို ဖြည့်တင်းခြင်း၊ ပေါင်းနုတ်ခြင်း ပြုလုပ်၍ရပါမည်လော။ ဘာတွေပေါင်း၍ ဘာတွေနုတ်လိုက်လျှင် (ရွှေကဲ့သို့) အဖိုးတန်သန့်စင်သောဒြပ်စင်တစ်ခုရပါမည်နည်း။

အချစ်ကို ကိုယ်နားလည်သလိုပြောကြ၊ အဓိပ္ပာယ်ဖွင့်ဆိုပြကြပါသည်။ အချစ် နှင့်ပတ်သက်သော အချက်အလက် Data များကိုသာ စုဆောင်းသိမ်းဆည်း မှတ်တမ်းတင်ထားမည်ဆိုလျှင် ကမ္ဘာပေါ်မှာ ရှိရှိသမျှ စူပါမီဂါကွန်ပျူတာကြီးများနှင့်ပင် မလုံလောက်နိုင်။

ကမ္ဘာပေါ်မှာပေါ်ဖူးသမျှ အကြီးဆုံး၊ အသေးဆုံး၊ အလေးဆုံး၊ အပေါ့ဆုံး၊ အရှည်ဆုံး၊ အပုဆုံးစသည့် ဂံချိန်များကို မှတ်တမ်းတင်ထားသော စာအုပ်များတွင် အချစ်တတ်ဆုံးလူသားအကြောင်း မတွေ့ဖူးပါ။ 'စိုးပိုင်'တစ်ယောက်သာ 'ဒီလူသာ အချစ်တတ်ဆုံးလို့ မင်းတစ်သက်လုံးမှတ်သွားဟု ပြောသံကြားဖူး၏။ ရာဇဝင်ပုံပြင်လာ ရွှေတည်င်(သန်လျင်) ဟိုဘက်ကမ်းကို မိကျောင်းစီး၍ အရောက်ကူးခဲ့သော နန္ဒာကိုယ်တော်လေးထက် လည်းကောင်း၊ မယ်သီတာလေးအပေါ် ချစ်အလိုလေးလိုက်ခဲ့သူ ရာမမင်းသားထက်လည်းကောင်း၊ ရင်ကွဲမတတ်ခံစားပြီး ဟစ်တိုင်ပေါ်တွင် ခန္ဓာစဲ၍သေပွဲသို့ဝင်ခဲ့သော ကြိုးကြာမလေးထက်လည်းကောင်း၊ ချစ်သူကို အာခံတွင်းမှာငုံထားသော တာနောယက္ခဘီလူးထက်လည်းကောင်း အနိုင်ကလည်း အားကျမခံ မောင့်အချစ်က သူတို့ထက်လေ ပိုပါတယ်ဟုဆိုပြန်ပါ၏။

ခေတ်မီသူ အနောက်တိုင်းဆန်သူ တချို့တလေကတော့ ရိုမီယိုနှင့်



ဂျူးလီးယက်၊ ကလီယိုပါထရာနှင့် ဂျူးလီးယက်ဆီဇာ၊ လေလမင်းသား ဟစ်တလာ၊ ဒိုင်ယာနာနှင့် ယခုနောက်ဆုံးပေါ် လီယိုနာဒိုဒီကက်ပရီယို၏ တိုက်တန်းနစ်အချစ်ကို အားကျကြသည်။ ထိုအခါ သူများပြောတာကြားဖူးတာချည်းပဲ လျှောက်'အာ' မနေနဲ့၊ မင်းရဲ့ကိုယ်ပိုင်အယူအဆကိုပြောစမ်းဟု ငေါက်ငမ်းမေးမြန်းလာပါလျှင်–

ဟုတ်ကဲ့ခင်ဗျာ၊ ကြောက်လှစွာပြောပြပါမည်။ ကြီးကြီးကျယ်ကျယ်ပဲ ပြောပါမည်။ အချစ်အားလုံးထက် နှာတစ်ဖျားအသာမဟုတ်။ မြင့်မိုရ်ထက်မြင့်သော၊ ဧဝရက်ဆယ်ပြန်ဆက်လိုက်ဦး၊ ဘယ်သူမှ မမီနိုင်သောအချစ်မေတ္တာရှင် အစစ်ကို ပြောပြပါမည်။

'အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလတို့၏ အချစ်ဆိုသည်တို့ကပင် မှားစွာ နောက်ကျန်နေခဲ့၏။ အနီ အကြီးကျယ်ဆုံးသော အချစ်ပိုင်ရှင်သည် မည်သူနည်း။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်ဆိုတော့ ကလီယို၊ ရိုမီယို၊ လီယိုနာဒိုတို့ အကြောင်း သိပ်မသိပါ။ စက္ကူဖြူချောနှင့် သပ်ရပ်ခံ့ညား တန်ဖိုးကြီးကြီးရှိ မဂ္ဂဇင်းများလည်း အဖတ်နည်းပါးသည်။

ပြောပါတော့မည်။ ဒီပင်္ကရာဘုရားရှေ့တွင် ကိုယ်ခန္ဓာကိုတံတားခင်း၍ သုမေဓာရှင်ရသေ့ဘုရားဆုပန်ခဲ့စဉ်ကတည်းက ဘဝအဆက်ဆက် ပါရမီဖြည့်ဖက် ဖြစ်ပါစေဟု သူပါဆုပန်ခဲ့သူ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖက်မပျက် ကွက်ခဲ့သူ၊ သုမိတ္တာ၏ အချစ်ထက်ကြီးမားသော အချစ်ရှိနိုင်ပါသေး၏လော။

ဒီပင်္ကရာလက်ထက်ရောက်လိုက်၊ အီဂျစ်ရောက်လိုက်နဲ့ ဟစ်တလာရော ဘိုက်တန်းနစ်ပါမကျန်အောင် မင်းအရူးချေးပန်း လျှောက်ရမ်းနေတာလားဟု ဆိုလျှင် မဟုတ်ပါ။ စာရေးဆရာကြီးတင့်တယ် ပြောသကဲ့သို့ ခါနာတစ်လုတ်အတွက် ဝါစာကမာလုပ်နေခြင်းလည်း မဟုတ်ရပါ။ စူပါမီဂါကွန်ပျူတာကြီးတွေနှင့်ပင် လုံလောက်အောင် မမှတ်သားနိုင်သော အချစ်အကြောင်းကို ကျွန်တော်က လေးငါးမျက်နှာစာမျှလေးထဲတွင် မည်သို့ ပြည့်စုံစွာရေးနိုင်မည်နည်း။

၎င်းပြင် ကျွန်တော်သည် ကာလီဒါသလည်း မဟုတ်ပါ။ မေယုကိုနုတ်ထဲ၍ စာစီကုံးလည်းမဆုံးနိုင်သည့်အတူတူ ကျွန်တော်တွေးမိသလိုသာ ရေးကြည့်လိုက်ပါသည်။

အရက်ဖြူဆိုင်ထဲတွင်ဖြစ်သည်။ 'ကိုကို နေ့တိုင်းလာနော်'ဟု စတီကာမှ ခေါ်တတ်သူ ပန်းကုံးအစွပ်ခံမယ်လေးများ မရှိသော်လည်း ဈေးပေါ်သော ချက်အရက်၊ ဈေးမများကြွက်ကြော်အမြည်းမှ အစ အကြွေးသည်းရသဖြင့် ပေါ်လည်း 'ကိုကို'တို့ကတော့ နေ့တိုင်းလာမြဲလာဆဲလာလျှက်ရှိသည်အခါမှ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ အသည်းမခြောက်မချင်း အရောက်နင်းလာကြမည်သာဖြစ်၏။

လမ်းဘေးအရက်ဆိုင်ထိုင်သူများဆို၍ သိမ်းကျုံးအထင်သေးမည်တော့ မကြံနှင့်။ ပိုက်ဆံလည်း မရှိ။ စားစရာလည်းမရှိ စိတ်ညစ်စရာများသာ အတိပြစ်လာသဖြင့် ဒါတွေကိုတဒင်္ဂမေ့လိုသဖြင့် လာသူများရှိသလို ဆီးဖျော်ရည် တစ်ပုလင်း အရက်တစ်ပုလင်း၊ ကြွက်ကြော်ဆီတဝင်းဝင်းကိုမှ ခံတွင်းတွေ့သူ 'ဆရာလင်း'တို့လို ပညာရှင်စာပေ မီးအိမ်ရှင်များကလည်း 'မသင့်လျော်ပါဘူး ဆရာရယ်'ဟု တပည့်များက တားနေသည့်ကြားက မလျော်လည်းငါပျော်လို့ ငါသောက်တာကွဟု လာသူများလည်းရှိပါသည်။

ပိုက်ဆံကလွဲ၍ ဘာမှမရှိသူများ အထင်သေးစွာရယ် သခင်လေးပါကွယ် ဆိုသူများ၊ အက်(စ်) အီးပေါ်ဝယ် သီချင်းဆိုသူများ လုံးဝမလာသည်ကတော့ သေချာလှ၏။ မအောင်မြင်သေးသော အောင်မြင်တော့မည့် အောင်မြင်ခါစ အောင်မြင်ပြီးသော၊ အောင်မြင်သည်ထက် အောင်မြင်နေသော စာရေးဆရာ၊ ကဗျာဆရာ ဂန္ထဝင်ဘုရင်'ဒန်'တွင် အတုမရှိကဗျာမှာ ငါသာတပ်မှူးကြီးဖြစ်ပါ၏ဆိုသော စာရေးဆရာများ အများဆုံးလာကြသည်။

ငါတွေးတာက ပြေးကြည့်တာထက် မှန်သည်။ ငါ့အပြောကတော့ဘုရားဟောလိုပဲ။ ငါရေးသမျှ ဘာမှမကျန် အကုန်မှန် အကုန်ကွက်တိ။ ငါ့အုပ်စုက လူမထိနဲ့ ကလောင်နဲ့ ဝိုင်းထိုးလိုက် လိုက်မယ်ဆိုသော တစ်ကိုယ်တော် ကိုယ်ရည်သွေးဝိုင်းများကတော့ နားကလောစရာကောင်းသည်။

သို့သော် တီးမှုမြည်သော ဆောင်ဘင်မခတ်သော အဆန်ပါသောစကားဝိုင်းများအနား သွားထိုင်နားထောင်လျှင် စွယ်စုံကျမ်း စီဒီရွှမ်းဆယ်ချပ်ဝယ်တာထက် အသိအမြင်တိုးရ၏။ အခုလည်း အချစ်ကို အမြည်းသဘောထားကာ ချက်ကြီးခဲ ရေမရော ဘာမရော တီးနေသော ဝိုင်းတစ်ဝိုင်းဝယ် –

"အချစ်ဆိုတာ ရယူခြင်းလား စွန့်လွှတ်ခြင်းလား"

"မင်းမေးခွန်းက ထောင်ပေးလို့ဆုတ် ရာပေးလို့ချုပ် ချစ်တဲ့သူအနိုးဆံထိုးလုပ်ဆိုတဲ့ စကားထက်တောင် ဆောနေသေးတယ်"

"အေး ဒါပေမဲ့ ခုထိ ဘယ်သူမှ မဖြေနိုင်သေးဘူးမဟုတ်လား"

"မဖြေနိုင်တာက အချစ်အပေါ်မှာ မင်းဘယ်လိုသဘောထားသလဲဆိုတဲ့ အပေါ်မူတည်တယ်"

" ဒါဆိုလည်း ကာလီဒါသကြီးဖြစ်တဲ့ မင်းပဲဖြေနိုင်ဖြေစမ်းပါအုံး"

ထိုအခါ ကာလီဒါသကြီးဟု အခေါ်ခံသူ (နောင် သူ့ကို ညွှန်းလိုလျှင်



ကိုကာလီဟု လည်းကောင်း၊ ရိုးဟောင်းလွန်းသောအမေးကို စာမေးသူအား ကိုပျူစောထီးဟုလည်းကောင်း ညွှန်းပါမည်)က အမြည်းပန်းကန်ထဲမှ ငယ်ကြော် တစ်ကိုက်ကို ကိုက်လိုက်ပြီးမှ ပြန်ဖြေသည်။

"အချစ်ဆိုတာ ရယူခြင်းကွ၊ အဲဒီစကားကို ကိုယ့်ချစ်သူကောင်းစားရေး အတွက် တစ်ပြည်တစ်ရွာဆီကို ဒီမောင်ထွက်သွားပြီဆိုတဲ့ မင်းတို့ကောင်တွေ အရိုးစွဲ အောင်မှတ်ထား"

"ကိုယ့်ချစ်သူကောင်းစားရေးအတွက် ကိုယ်သာအနစ်နာခံပါမည်ဆိုတဲ့ စကား ဘယ်သွား တားမလဲ၊ မင်းက ဆင်းရဲတယ်။ မင်းချစ်သူကို ပြည့်စုံကုံလုံတဲ့ သူတစ်ယောက်နဲ့ ပေးစားတော့မယ်ဆိုရင် မင်းဘာလုပ်မလဲ၊ ဆင်းရဲတွင်းထဲ ဆွဲခေါ်မလား။ တဲအိုပျက်တို့ ထမင်းရည်အတူလျက်တို့ဆိုတဲ့ စကားတွေက နားထောင်လို့ပဲကောင်းတာကွ"

"ဖွီး ...တိမ်လိုက်တဲ့အတွေး၊ ညံ့လိုက်တဲ့ လူသားတွေ၊ အနစ်နာခံမယ်ဆိုတဲ့ စကားကော အနစ်နာခံမယ့်သူကော အမှိုက်ပုံးမှာ သွားပစ်လိုက်၊ 'ရေဆေး'မှာ တွင်းတူးပြီးမြှုပ်လိုက်၊ မင်းပြောနေတာတွေက အချစ်နဲ့ဘာမှမသက်ဆိုင်တဲ့ စားဝတ်နေရေးတွေ၊ ဘွင်းဘွင်းပြောရရင် ဗိုက်ဝရေး လက်တစ်ဝါးလုံခြုံရေး၊ ကျောခင်းစရာနေရာရရေးတွေ"

"စဉ်းစဉ်းစားစားလည်းပြောပါ ချစ်အဘိဓမ္မာဆရာကြီးကိုကာလီ၊ အချစ်သက်သက်ဆိုတာမှာကော ချစ်နေရုံနဲ့ပြီးမလား၊ မင်းရဲ့မျိုးဆက်အတွက် အိမ်မင်းလို့ မင်းမစွမ်းတော့တဲ့ အချိန်အတွက် ဒါတွေ ဘယ်သွားထားမလဲ၊ ချစ်လိုက်ကြ --ချစ်လိုက်ကြ၊ ကြားလေမသွေးနိုင်အောင် ကျပ်ကျပ်ကြီးဖက်ထားကြ၊ မင်းသေတော့ မင်းမိန်းမ ဘာဖြစ်ကျန်ခဲ့မလဲ၊ မင်းသိလား၊ မင်းသားမင်းသမီးတွေ စာတတ်၊ ပေမတတ် လမ်းဘေးမှာ ကလေကချေဖြစ် ကျန်ခဲ့မယ်ဆိုရင်ကော၊ မင်းဟာ ချစ်တတ်တဲ့နေရာမှာ ဧတဒဂ်ရချင်ရမယ်၊ တာဝန်ကျေတဲ့လင်၊ တာဝန်ကျေတဲ့ ဖခင်တော့ ဘယ်တော့မှဖြစ်မလာဘူး"

"ဒါကြောင့် အတွေးတိမ်တယ်၊ အစွမ်းအစမဲ့တယ်လို့ ပြောတာပေါ့။ အင်္ဂလိပ်စကားမှာတော့ သတိမရှိတဲ့သူဟာ မိန်းမလှကို မရနိုင်ဘူးတဲ့။ ချစ်ကောင်းဆိုတဲ့ သီချင်းထဲမှာ လူဆိုတာဟာ တိုက်ပွဲနဲ့တွေ့ရင် အရည်အချင်းပေါ်တယ်တဲ့၊ မင်းဟာတကယ်ချစ်တတ်တဲ့ သူတစ်ယောက်ဆိုရင် မင်းလောကကြီးချစ်သူကို ဘယ်သူမှ သဲသဲမဲမဲ စွဲစွဲမြဲမြဲ မချစ်နိုင်ဘူးဆိုတာ မင်းသေချာကြည့်ထားရမယ်။ ဒေါက်တာတွေ၊ အင်ဂျင်နီယာတွေကို ထားလိုက်ဦး ဆောတီစ

www.burmeseclassic.com

www.burmeseclassic.com



လောက် ချမ်းသာသူဖြစ်ပါစေ စကြာဝဠာမင်းထက် ဘုန်းတန်ခိုးအာဏာ ရှိပါစေ မဟာသဓာလောက်ပညာရှိပါစေ။

မင်းချစ်သူကို ချစ်တဲ့နေရာမှာတော့ သူတို့ဟာ မင်းခြေဖျားတောင် မီဘူးဆိုတာကို မင်းအသေအချာ ပိုင်ပိုင်နိုင်နိုင် ယုံကြည်ထားရမယ်၊ ပြောကို ပြောနိုင်ရမယ်၊ စိတ်ထဲကယုံကြည်တာ ပါးစပ်က ထုတ်ပြောတာလောက်ကို ငါအသိအမှတ်မပြုဘူး။ ဒီမှာ ဟော့ကောင်– ပျူစောထီး၊ ဘယ်သူမှ မွေးကတည်းက ဘွဲ့ပါမလာဘူး။ ပိုက်ဆံနဲ့ရာထူးပါမလာဘူး။ မင်းဟာ ဒ   ဘုံး မဟာဗန္ဓုလ လော ႆမှ သတ္တိမရှိနိုင်ရင်တော့ ဟဲ ... ဟဲ မင်းပြောသ ႇ ချစ်သူကိုစွန့်လွှတ်၊ လမ်းဆုံးလမ်းခွမှာ မင်းရဲ့ ဟက်တတ်ပြဲအသည်းကြီးကို မောင်းကွဲကြီး 'တဒူ' ထုပြီး ငိုပြလိုက်၊ အရက်ကလေးသောက်ပြလိုက် လုပ်နေပေတော့"

ကိုကာလီသည် စကားကိုအဆုံးသတ် လက်ကျန်အရက်ကို တစ်ရှိန် ထိုးမော့ကာ –

"ပြန်တော့မယ်၊ အိမ်မှာ ငါ့မိန်းမက ငါမလာမချင်း ထမင်းမစားဘဲ စောင့်နေလိမ့်မယ်၊ ငါ့ကလေးတွေကိုလည်း စာပြရအုံးမယ်"ဟူ၍ပြောပြီး ထထွက်သွားပါသည်။ အရက်ဝိုင်းတွင် ကျွန်တော်နှင့် တွေဝေငေးမှိုင်နေသော ပျူစောထီးသာ ကျန်ခဲ့ပါသည်။

ကိုကာလီသည်လည်းကောင်း၊ ကိုပျူစောထီးသည်လည်းကောင်း ဆယ်တန်းတော့ အောင်ကြသည်။ ဒေါက်တာတစ်ယောက်နှင့် စေ့စပ်တော့မည့် သူ့ချစ်သူကို ကိုကာလီသည် ဆယ်တန်းဖြေပြီး နောက်ဆုံးနေ့တွင်စက်ဘီးနှင့် ခိုးပြေး၏။ ထို့ကြောင့် သူသည်ဘွဲ့မရခဲ့။ သို့သော်ချစ်သူကို ကြွေရာကျပန်း အလုပ်ကြမ်းလုပ်ကာ ရှာကျွေးခဲ့ပြီး ယခုအခါအောင်မြင်သော စာရေးဆရာ ကိုယ်ပိုင်အိမ်ရာနှင့်ဖြစ်နေပါပြီ။ ကိုပျူစောထီးကတော့ ဘွဲ့ရပြီးသော်လည်း ယခုထိ ယောင်ခြောက်ဆယ်။ မကြာမီ သူ့ချစ်သူကို ကုမ္ပဏီဒါရိုက်တာတစ် ယောက်နှင့် ပေးစားတော့မည်။

"ခွင့်လွှတ်ပါတော့ ချစ်သူ
အပြစ်ဆိုချင်ဆို
အဲသည့်လို အသည်းစွန်လေးယံဝဲခြင်းမျိုး
မိုးတိမ်ကျော်ဖို့ကြိုးမရှည်နိုင်"
(လင်းထက်အောင်)

"မင်းတို့နှစ်ယောက် ဘယ်တော့ယူကြမှာလဲ"



"သုံးလေးနှစ်တော့မှန်းတာပဲ၊ ငါ့ကိုသာမေးတယ်၊ မင်းတို့ကြော ောာ"

"မင်းတို့လိုပဲပေါ့ကွာ၊ ဒါပေမဲ့ ငါကရိုးရိုးဘွဲ့ရတစ်ယောက်၊ မင်းတို့ ချစ်သူနှစ်ယောက်က ဘွဲ့ရဒေါက်တာတွေ၊ ခုယူ ခုရတယ်ကွာ၊ အိမ်တစ်လုံးငှား၊ နှစ်ယောက်ဆေးခန်းဖွင့်"

ဒေါက်တာဘွဲ့ရဆိုသူက နားမလည်ရှာသော သားငယ် သနားတယ်ဆို သည့် အကြည့်မျိုးနှင့်ကြည့်ကာ မချိုပြုံးတစ်ပြုံး လွှတ်လိုက်၏။ ထို့နောက် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီးမှာ–

"ခပ်ပေါပေါ ခပ်ပေါ့ပေါ့ စိတ်ကူးယဉ် မလိုင်ဖတ်ဝတ္ထုတွေက မင်းဖတ် ကာရပ်ဖို့သင့်ပြီကွ ဖတ်နေတဲ့ဝတ္ထုတွေထဲမှာ ဒေါက်တာဆိုတာ သိကြားပြဟ္မာ ထက်တောင် မြင့်တဲ့အရပ်မှာ ခါးထောက်လက်ပိုက်ရပ်နေတဲ့ ထိပ်ဆုံးကကျွန်တော်၊ ဆေးခန်းရှေ့ ကားလေးထိုးဆိုက်တဲ့ အချိန်မှာ စောင့်နေတဲ့ လူနာတွေ၊ တိုကင်လေးဆယ်ကို လေးခေါက်ပြန်ဝေပြီးပြီ၊ အိမ်ပြန်တော့ ငါးရာတန်၊ တစ်ထောင်တန်တွေ တစ်ထွာလောက်ထပ်ကိုင်သွားတဲ့ကောင်။

သူများ ချစ်သူလုတာလည်းသူပဲ၊ သဘောကောင်း အပြောကောင်း ဆေးတစ်လုံးထိုးရုံနဲ့ ကုသမှု ဇီဝကလောက် ပျောက်ကင်းအောင်ကုပေးနိုင်တာ လည်း သူပဲ၊ အဲဒါတွေ ခေတ်ကုန်ပြီကွ။ ကျွန်မအမျိုးသားက ဒေါက်တာလေဆို တာတွေ ပျောက်သွားတာလည်းကြာပြီ။

ဒူးထောက်လက်မြှောက်နေရတဲ့ ဒေါက်တာHIV၊AIDS၊ Bပိုးတွေ ကူးစက်အောင်သုံးရတဲ့ တစ်ခါသုံးဆေးထိုးပိုက်တစ်ချောင်းရဲ့တန်ဖိုးကိုပဲ မင်း သိလား။ ရွှေပင်လယ်ကာဆီး ခရီးရယ်မနီးတယ်ဆိုတဲ့ အရပ်တွေကို လှည့်ပတ်တော့မယ့် သင်္ဘောကြီးကိုမင်းသူ။ မင်းရောက်လေရာမှာ လေ့လာခဲ့၊ တစ်ကမ္ဘာလုံးမှာ ငါတို့နိုင်ငံလောက် ကျန်းမာရေးဝန်ဆောင်စရိတ်၊ မင်းတို့ခေါ ခေါ်နေတဲ့ 'ဝါးခ'နည်းတာမရှိဘူး။ အေး... အဲသည်လို သွားကြားညပ်သလောက် 'ဝါးခ'လေးတောင် မတတ်နိုင်တဲ့သူတွေလာကုနိုင်ဖို့ ဆေးကုခအနည်းဆုံး ကိုယူပြီးတော့ ကိုယ့်အိတ်ထဲကလည်း ပါမသွားရအောင် ဈေးပေါပေါဆေးတွေသုံး၊ ချိန်မီတဲ့ ဆေးတွေကျမသုံးနိုင်။ သုံးရင်လည်း ဈေးကြီးလို့ဆေးခန်းကို လူနာ လာ။ ထိုအခါလူနာက ကွမ်းယာဆိုင်က ဈေးပေါပေါ 'စပ်ဆေး'ဆိုတာ ထို ယ်သောက်၊ မပျောက်တော့မှ ကိုယ့်ဆီရောက်။ ရောက်ပြန်တော့လည်း တစ်ရက်တည်းနဲ့ 'အပြီးပေါက်'မှ (ဆေး)'တစ်လုံးချိန်း'ဆိုတာတောင် ဆေးရောန် ညီတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မင်းသူ၊ မင်းစိတ်ကူးကောင်းရင် ကောင်းသလို ဇီဝက၊ ပါစတာ၊ တော်သွန်းမေယိုရှိုက်ဇာ၊ စေတနာ၊ မေတ္တာ၊ ဂရုဏာ မင်းဆေးခန်းကို ကြိုက်တဲ့ နာမည်ပေးလိုက်၊ အလကားပဲ။ အခုဖြစ်နေတာက လူနာကလည်း ဆရာကိုသိပ်အားမကိုးချင်။ သုံးရက်လောက်ဆက်ကုရမှာကိုလည်း တစ်ရက်တည်း ပဲလာ။ မလာလို့သေတော့လည်း ဆရာဝန်က ဘာတတ်နိုင်မှာလဲ။ အဲသည်တော့ ကွာ ဆေးခန်းတွေအားလုံး နာမည်ကို 'ကမ္ဘာသကာဥပေက္ခာ'လို့သာ ဆိုင်းဘုတ်ဆွဲလိုက်ပါတော့။ ဆရာဝန်ကလေး ဒေါက်တာဥပေက္ခာ သည်[illegible]လောက် ရှည်လျားထွေပြား ရှင်းလိုက်ရသဖြင့် အတော်မောသွားပါသည်။ ထို့ သဘောသားလုပ်တော့မည့် ကိုမင်းသူကတစ်စခန်းထလာပြန်သည်။

"ငါတို့လည်း ဘာထူးလို့လဲ၊ အများအမြင်မှာ ဇာတ်လမ်းတွေထဲမှသာ ဒေါ်လာစား သဘောသားမှတ်နေကြတာ၊ ဒီမဖြစ်စလောက်ကျပ်ငွေအနေနဲ့တော့ မြင့်မိုရ်လောက်ပေါ့၊ ဒေါ်လာလေးရဖို့ ဘယ်လိုစားရတယ်၊ နေရတယ်၊ ခြိုးခြံရတယ် ဘာတွေဘယ်လောက် အောက်တန်းကျတဲ့အလုပ်တွေ လုပ်ရတယ်ဆိုတာတော့ တခြားသူတွေပါ ထိနိုက်စရာမို့ မပြောတော့ပါဘူး။ ဒါပေမဲ့ ငါ့ပတ်စပို့ ငါ့ခန့်စာကိုကြည့်မိတိုင်း ငယ်ငယ်က 'မော်နီတာအလုပ်ပြုတ်'ဆိုတဲ့ အသံတွေပဲ ကြားကြားနေတယ်"

သူတို့နှစ်ဦးသားသည် ပြုံးသူကိုယ်တိုင်သာ နားလည်မည့် အပြုံးကိုယ်စီ ပြုံးပြလိုက်ကြသည်။ သို့သော် ပြုံးသူကိုယ်စီကိုယ်၏ မျက်ခမ်းဝယ် မျက်ရည်စတွေနှင့်။ ကိုမင်းသူက ဆက်ပြီး–

"မင်းချစ်သူကို လူတန်းစေ့စေ့ထားနိုင်ဖို့အတွက် ရွှေထွက်တဲ့ တောထဲ တောင်ထဲကအရပ်မှာ မင်းဆေးခန်းသုံးနှစ်သွားဖွင့်ပြီး စီးပွားရှာတော့မယ်ပေါ့၊ မင်းတကယ် ဆုံးဖြတ်ပြီးပြီလား၊ ငှက်တော ချွေးတောမှာမင်းငှက်ဖျားဖြစ်မှာ၊ ဆင်းရဲဒုက္ခရောက်မှာ ခံနိုင်လို့လား"

"ဟဲ… ဟဲ မင်းမဆိုးဘူး၊ တွေးတတ်သားပဲ"

မင်းသူ ငါ့ကောင်ကြီး။ ကိုယ့်ချစ်သူစားဖို့ စပါးစိုက်ရတာ၊ နေဖို့အိမ်ဆောက်ပေးရတာ၊ သုံးဖို့ငွေရှာပေးရတာကို ငါကပင်ပန်းတယ်လို့ မှတ်ရမှာလား။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ ဘယ်ဖြစ်မလဲ။ ဒီစကားက ရိုင်းပါတယ်ကွာ။ ငါးဖြစ်ပြီး ရေစိုမခံချင်လို့ရမလား။ ဆိုကိုင်တဲ့လင်္ကာ ဆိုပေမှာပဲ။

မြို့မှာပဲဖြစ်ဖြစ် တောမှာတောင်မှာပဲဖြစ်ဖြစ် ဆရာဝန်လုပ်ရင် ကျန်းမာရေး ဝန်ထမ်းလုပ်ရင် လူနာနဲ့ဆက်ဆံရမှာပဲ။ ရောဂါပိုးတွေနဲ့ ထိတွေ့ရမှာပဲ။



မင်းတီဘီကူး ခံချင်ခံရမယ်။ နူချင်နူသွားမယ်၊ AIDS အဆင်မသင့်ရင်ဖြစ်ချင် ဖြစ်မယ်။ မင်းကြောက်လား ကြောက်ရင်မလုပ်နဲ့၊ ဒါဟာ မင်းခင်းတဲ့လမ်း၊ မင်းနင်းမယ့် ခြမ်း မင်းဆင်တဲ့စင်၊ ပြီးမှတော့ ဆက်လျှောက်ဆက်တက် ဆက်တက်အဆုံးအထိ။ မင်းလည်း လှိုင်းမူးတတ်ရင် မုန်တိုင်းကြောက်ရင် သင်္ဘောသားမလုပ်နဲ့"

"…"ရက်နေ့ သတင်းစာတွင်ပါသော နိုင်ငံခြားပင်လယ်ကူး သင်္ဘော တစ်စင်း နစ်မြုပ်သည့်ထဲတွင် မင်းသူ ပါသွား၏။

ငုပ်မိသဲတိုင် သွားချေပြီ။

တောင်ဝှေးလဲရင်သာ ဖိုးသူတော်ထူနိုင်၏။ ဖိုးသူတော်လဲသောအခါ တောင်ဝှေးထူနိုင်ပါမည်လား။ ရွှေတောသွားတစ်ဦးတည်းသော သမားဖိုကလေး ဒေါက်တာဥပေက္ခာသည်လည်း သူကိုယ်တိုင် ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ခံရသောအခါ ဘဝတစ်ပါးသို့သာ လားရရှာ၏။ ကြာပြီဆိုတော့လည်း ဒေါက်တာ ဥပေက္ခာဆိုသော သချိုင်းမြေပုံ မှတ်တိုင်လေးကိုပင် ရှာမတွေ့တော့။ ဥပေက္ခာပြု လိုက်ကြချေပြီ။

"အရိုင်းသမုဒ္ဒရာမှာ လှိုင်းပုတ်လို့လေကြီးလာလျှင်
သူတို့တစ်တွေပျော်ပါသလားလို့ စင်ရော်လေးများကိုမေးကြည့်
ဩော် … တစ်စ …စ …ည …ည၌
သည်းထန်ထန်ပင်လယ်ပြင်မှာ စွင့်စဉ်မျောလေ့များပါပေါ့"

(လင်းထက်ကောင်း)

ဓာတ်ငွေ့မီးခြစ်ကို ခြစ်ရုံသာ ခြစ်ထားသည်။ မီးတောက်နေတာကြာလှ ပြီ။ ခုထိ မီးမညှိရသေး။ သတိရလာလို့ မီးညှိပြီးတော့လည်း သုံးလေးဖွာသာ ဖွာပြီး တွေးခံထဲပစ်ထည့်လိုက်သည်။ ကွမ်းထုတ်ထဲက ကွမ်းတစ်ယာယူ ဝါးပြန်သည်။

ဒါလည်း သုံးလေးချက်သာ ဝါးပြီး ကွမ်းဖက်များကို တွေးခံထဲသို့ တွေးထုတ်လိုက်ပြန်သည်။ ငါ ဘာဖြစ်နေတာလဲ။ ငါဒီလောက်တောင် စိတ်လှုပ်ရှား နေသင့်ရဲ့လား။ ဒီကောင်မလေးက ဘာမို့လို့လဲ။ တွေးနေရင်းနှင့်ပင် [illegible] ရေ့တည့်တည့်မှ နံရံမှာချိတ်ထားသော သူ့စိတ်ကြိုက်ဆောင်ပုဒ်[illegible] ခြင်သည်။ တစ်ခုက မြန်မာလို၊ 'မင်းလိုသူစား အများကြီးသော့'တဲ့။ [illegible] Why not?။ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။

ဒီဆောင်ပုဒ်တွေကို သူစတင်ချိတ်ဆွဲတုန်းက သူ့စိတ်သားနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သဘောထား။ 'ဘယ်လောကကြွခြားနေပြလဲ။ ဟုတ်လား။ မင်းလိုလူစားအများကြီးပဲလား။ အများကြီးနဲ့မတူတဲ့ ကွဲပြားသော ထူးခြားသူတစ်ယောက်ဖြစ်ချင်တယ်ဆိုရင်ကော။ မဖြစ်နိုင်တာကို တကယ်ဆန္ဒရှိရင် ဖြစ်အောင်လုပ်နိုင်တာတော့ မှန်ပါရဲ့။ ဒါပေမဲ့ အဲဒါက ဖြစ်သင့်တာဟုတ်ပါ့ မှန်ပါ့မလား။

ခေါင်းထဲမှာ နောက်နေသည်။ စိတ်တွေရှုပ်ထွေးတွေဝေနေသည်။ အချိန်ကသိပ်မလိုတော့။ တစ်ခုခုကိုတော့ ဆုံးဖြတ်ရမည်။ သို့သော် သံယောဇဉ်ဂရုဏာ မေတ္တာစေတနာ၊ ဝေဒနာကြင်နာခြင်း နာကျင်ခြင်း။ ဒါတွေကြောင့် အခုထိ ယတိမပြတ်သေး။

စာဖတ်ဖို့ စာအုပ်ဗီရိုကိုသွားဖွင့်သည်။ တစ်သက်လုံး ဖတ်ရှုစုဆောင်းသိမ်းဆည်းလာခဲ့သော စာအုပ်တွေ။ လက်ခုပ်တစ်ဖောင် မတ်တတ်ဗီရိုကြီးနှင့် လေးလုံး။ ဒီလောက်စာတွေဖတ်ထားပြီးတာတောင် မင်းအခုထိ ညံ့နေတုန်းပါလား။

ဖတ်စရာတစ်အုပ်တော့ ရွေးရမည်။ 'တသိမ့်သိမ့်ဒွန်'။ တိုက်ကြ နိုက်ကြ ငိုကြ ဝမ်းနည်းပူဆွေးကြ။ ပြီးတော့လည်း ပြီးတာပါပဲ။ Gone with the wind ဆရာမြသန်းတင့်က 'လေရူးသုန်သုန်'တဲ့။ မာဂရက်မစ်ချယ်ဆိုလိုချင်တာက လေနှင့်အတူပါသွားပြီ။ ဘာမှမကျန်တော့။ အထီးကျန်တစ်ကိုယ်တည်း။ ဝမ်းနည်းလာသည်။ နောက်မောင်ရဲနိုင်၏ 'ဆည်းဆာ'။ သူ့ဘဝဆည်းဆာစချိန်မရောက်သေးသည့်တိုင် တက်ကြွသော အားမာန်ပြည့်သော မွန်းတည့်ချိန်ကိုတော့ နည်းနည်းလွန်နေပြီ။ 'ဆည်းဆာ'ကြောင့် သတိဝင်လာသည်။

ပေါ့ပေါ့ပါးပါး (စာအုပ်ကမထူသောကြောင့်) ကဗျာစာအုပ်ပဲဖတ်ပါတော့မည်ဆိုပြီး သူငယ်ချင်းကဗျာဆရာတစ်ယောက်၏ ကဗျာစာအုပ်ကိုရွေးလိုက်၏။

"ခင်ဗျားတို့လိုပါပဲ
ရင်ကိုယ်ထဲချိတ်ဆွဲလျက်
သွေးကြောခက်မြွာ ပရိတ်ပလာဇမ်
များစွာ ဖွဲ့စည်းထား။
အချစ်ဟုတ်လား
ထွေပြားရှည်လျား သက်တန့်တံတားထက်
အိပ်မက်ဖက်မွေ့ မေ့ဖူးဖွယ်ရပ်လွှာတစ်ချပ်
တဖျပ်ဖျပ်နှင့် ရွှေ့လျားလေမှာ လွင့်မျောပါနေတာ အချစ်ပေါ့။
(မိတ်ဆွေတို့နှင့် မငြင်းခုံချင်။ ချစ်ခြင်းတရားမှာ အငြင်းစကားလည်း မနိုင်ချင်)



မြန်မာတွေက 'အချစ်'ကို အချစ်လို့ပဲ နားလည်ထားကြသည်။ တစ်ခါတလေမှသာ ၅၂၈နှင့် ၁၅၀၀ဟူ၍ ခွဲခြားပြောကြ၏။ (အချစ်စစ်စစ်အကြောင်းနှင့်အာသဝေါမကုန်ခမ်းသေးသော ပုထုဇဉ်တို့အကြောင်း ပြောနေခြင်းသာဖြစ်ပါသည်။)

တိုင်းတစ်ပါးဘာသာစကားနှင့်တော့ True love အချစ်စစ်၊ Romantic love စိတ်ကူးယဉ်အချစ်၊ Platonic love အပိုနှင့်အမ တဏှာရာဂမပါသောအချစ် (မြန်မာ ၅၂၈အချစ်ကိုဆိုလိုခြင်းမဟုတ်ပါ) တစ်ခါ Love is blind အချစ်မှာ မျက်စိမရှိတဲ့။ တချို့ကျတော့လည်း If the eye does not admire the heart will not desire မျက်စိက မနှစ်သက်လျှင် နှလုံးသားလိုလားလက်ခံမည်မဟုတ်ဟု ရုပ်အလှကို ဦးစားပေးကြပြန်၏။

'မျက်စိ'အချစ်၊ 'နား'အချစ်၊ 'ဦးနှောက်'အချစ်၊ 'အစာအိမ်'အချစ် ဆိုတာတွေက ရိုးအီနေသော ဆီသည်မလက်သုတ်ဖတ် 'ကလီရှေး'တွေမို့မပြောသာတော့ပါ။ ဒီကြားထဲနာမည်ကျော် ကဗျာဆရာတစ်ဦးက "တစ်ခါတလေလည်း 'ရိုမန်တစ်က'(Romantica) တစ်ခါတလေလည်း 'အီရိုးတစ်က' (Erotica)"ဟု စာရွက်ဖြူပေါ် ပုံနှိပ်အက္ခရာတင်လာပြန်တော့ 'အချစ်'နဲ့ 'အညစ်'၊ ရောကုန်၏။ ဆရာဝန်တစ်ယောက်က 'ပရောစတိတ်' (Prostate) ခေါ်ဆီးကျိတ်နဲ့ချစ်သော အချစ်ဟု အသစ်ထွင်လိုက်ပြန်သောအခါ ပျစ်ပျစ်နှစ်နှစ်သာ ကျိန်ဆဲပစ်လိုက်ချင်သည်။

အရွယ်နစဉ်ကတော့ ကိုဖိုး^ကြီးမဟုတ်သည့်တိုင် အချစ်မေတ္တာနှင့် ပတ်သက်လာလျှင် ထုံးလိုချေ ရေလိုနှောက်ချောက်ချားအောင် ပြုနိုင်စွမ်းသော ကဝိတစ်ဆူဟု ကိုယ့်ကိုထင်ပြီး သွေးနားထင်ရောက်ခဲ့သည်။ တတိယနှစ်ဝယ် ခွတ်ချူရန်ခက်ပါဘိဆိုသော 'မောင့်လပြည့်ဝန်း'လေးတစ်ဦးအား နေနှင့်လနှင့် နှစ်ပါးဆိုင်သိကြားကိုယ်တိုင်မတဲ့ ငါဟဲ့ယောကျ်ားဘသားဟု လက်ခမောင်းတဖြောင်းဖြောင်း ခတ်ပြနိုင်ခဲ့သောကြောင့်တည်း။

တူနှစ်ကိုယ်တိုင်းပြည်ကြီးဆောက်ဖို့ စီးပွားရှာရန် စွန့်စားထွက်သွားသည်။ ယင်းသို့ချစ်၍ စွန့်သွားသောသူကို ယနေ့တိုင်မတွေ့နိုင်ဘူး။ ချစ်၍စွန့်သွားသော မောင်လပြည့်ဝန်းကို အနည်းဆုံးတော့ ကိုယ်ကစွန့်၍ ချစ်ပြနိုင်ရမည်ဟု တကယ်တော့ မိန်းမတစ်ယောက်၏ စွန့်ပစ်ခြင်းကိုခံရသော ယောကျ်ားတစ်ယောက်အဖို့ အစွမ်းမဲ့ရာ ရှက်စရာကောင်းလှသည်။ သူဆိုသို့လည်း 'မိန်းမသစ္စာ မုသားသာတည့်'ဟု တီတီလင်းလင်း အတင်းအဖျင်းပြောလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘယ်သူမှ မကောင်းနိုင်တော့။ 'အစွမ်းမဲ့'တာကြောင့် မဟုတ်ပါဘူး။ 'အစွန်း'နဲ့မို့ စွန့်လိုက်တာပါဟု ပြောကြနိုင်အောင် သူအစွန်းရောက်သည်အထိ အရာရာမှာ ဘက်စုံစွန်းညစ်ပြလိုက်သည်။ လိုင်းပေါင်းစုံ စမ်းချင်သလိုစမ်း မောင်ဘာဂျမ်းဟု ထင်ချင်လည်းထင်။ အခြေအမြစ်မရှိသော ကလေကချေ လူပေ လူတေ လူရှုပ်လူပွေ ပလေးဘွိုင်းလို ငါထင်ရာ ငါစိုင်းစိတ်ထင်တိုင်း ရိုင်းလိုက်တော့ကော ဘာဂရုစိုက်ရမည်နည်း။ ဘယ်သူ့ကိုမှ ဖျက်တာမဟုတ်။ ကိုယ့်ကိုကိုယ်သာ သံချေးတက်ပစ်လိုက်သည်။ ဘာတွေပဲထင်ထင် ပြောပြော ခုနစ်စင်ကြယ်ပြောင် ခုနစ်ခါအမြီးထောင်ပြီးလျှင် ဘယ်သူမှု ခုနစ်စဉ်အမျှင်တန်းလမ်းတကာလှည့် ပြောတော့မည်မဟုတ်။

ထိုသို့အားဖြင့် ဤမြို့ငယ်ကလေးသို့ လေရူးသုန်သုန်နှင့်အတူ ရွက်ကျပင်ပေါက်ကလေးပမာ အရာရှိပေါက်စလေးဘဝနှင့် သူရောက်လာသောအခါ တစ်ယောက်တည်းလားမေးတော့ ငါတစ်ယောက်တည်းပါ၊ အိမ်ထောင်ကျဖူးလား။ အင်း–တစ်ခုလပ်စစ်စစ်လားဆိုပြန်တော့လည်း ဟုတ်ပါတယ်လို့ အလွယ်မပြောနိုင်။ ထားလိုက်ပါ။ ဒါတွေက ဒီဇာတ်လမ်းမှာ သိပ်အရေးမပါလှပါဘူး။

အစိုးရပေးသော သူ့အိမ်ရှေ့ဝယ် သူပစ္စည်းပစ္စယတွေ ချနေစဉ် သူ့ရေအရမ်းငတ်လာ၏။ ရေသန့်ဘူးထဲမှာလည်း တစ်စက်မှမကျန်တော့။ ရေဖြစ်လျှင်ပြီးရော၊ ရေသန့်သောက်လည်း လူဝွေကသန့်ချင်မှသန့်တာပါ။ သူ့အိမ်အောက်မှ တဲအိမ်ကလေးရှေ့မှာ သွားရပ်သောအခါ စာဖတ်နေသော အသက်၁၄–နှစ်အရွယ်ခန့် ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး မျက်လုံးအွှဲကလေးနှင့် ကောင်မလေးတစ်ယောက် ကျောင်းစာဖတ်နေသည်။

"ဟေ့– ဝက်ကလေး၊ ဦးကို ရေတစ်ခွက်လောက်တိုက်စမ်းကွာ"

သည်လိုနှင့်စခဲ့သည်။ သူ့ထက်များစွာငယ်သော ကောင်မလေးကို ဝက်ကလေးဟု လွှတ်ခနဲခေါ်လိုက်မိတာကို အားလည်းမနာ၊ အထက်စီးကဆက်ဆံလိုက်မိသည်ဟူ၍လည်း မထင်မိပါ။ ရိုးရိုးခေါ်လိုက်ခြင်းသာဖြစ်သည်။

ကြာလာတော့လည်း တစ်ယောက်အကြောင်းတစ်ယောက် သိလာကြသည်။ ကူညီနိုင်တာရှိလျှင် တစ်ဦးကိုတစ်ဦး ကူညီလိုက်ကြသည်။ ဒါ့ထက်မပို။ သူ့စည်း ကိုယ့်စည်း၊ လူစည်း ဘီလူးစည်း၊ စည်းမကျော်တမ်း၊ စည်းမဖောက်တမ်း။

ဝက်ကလေးက တစ်ခါတစ်ရံ ရက်ဆက်ဝတ်နေသော အဝတ်များကို အတင်းလာယူပြီး လျှော်ပေးသည်။ သူက မုန့်ဖိုးပေးသည်။ သူတစ်ယောက်တည်းစားမကုန်သော အကန်တော့ခံပစ္စည်းများကို တစ်ဖက်အိမ်သို့ပို့သည်။ ဝသာလိုလာပြီး ပညာသင်စရိတ်မတတ်နိုင်သော ဝက်ကလေးကို ဘွဲ့ရသည်အထိ ကူညီထောက်ပံ့သည်။ စာသင်ပေးသည်။



ဒီလိုနှင့်ကောလိပ်ကျောင်းသူ ဝက်ကလေးသည် ငယ်ငယ်ကလို ဝတုတ်ဖြိုးလေးမဟုတ်တော့ဘဲ လှယဉ်ကျေးမယ်လေးလို လှလာသည်။ ချစ်သူတွေပိုင်းကာပတ်လည်သော မှုန်ရွှေရည်လေးပေါ့။ ရည်းစားထားလို့ဆိုပြီး သူ့အမေကနှိုက်တော့ သူကရှေ့နေလိုက်ပေးရသည်။

"ရည်းစားထားတဲ့အရွယ် ရည်းစားထားမှာပေါ့ဗျ၊ ခင်ဗျားဟာနှံးက မထားဘဲနေလို့လား"

"မဟုတ်ဘူးဆရာ၊ ဒီကောင်မက ဘာမှသိတာ နားလည်တာမဟုတ်ဘူး"

"ဟုတ်လား၊ ဘယ်သူကကော မွေးကတည်းက ရည်းစားထားတတ်လာလို့လဲ၊ ခင်ဗျားအရွယ်ငါးဆယ် နားလည်မှရည်းစားရှာရမှာလား။ လုပ်မနေစမ်းပါနဲ့ သူလည်း တက္ကသိုလ်ကျောင်းသူပဲ၊ ခင်ဗျားထက်နားလည်မယ်၊ ရည်းစားထားချင်ထားမယ်၊ ဒီလိုထားလို့ မြဲချင်လည်းမြဲမယ်၊ ပျက်ချင်လည်းပျက်မယ်၊ ဘယ်သူမှ အာမ မခံနိုင်ဘူး။ ရည်းစားတစ်ယောက်ပျက်ရင် တစ်တန်းတက်ရတယ်၊ ဘွဲ့တစ်ခုရတယ်လို့ပဲမှတ်လိုက်၊ ပညာယူလိုက်၊ သင်ခန်းစာယူလိုက် အရေးကြီးတာက ရည်းစားကို အလိုမလိုက်နဲ့၊ ရောဂါနဲ့ရင်သွေး ပါမလာစေနဲ့"

ဘာမှမဆန်းသော ဖြစ်ရိုးဖြစ်စဉ် ဇာတ်လမ်းတစ်ခုပါ။ ဒါပေမဲ့ ဆန်းတာက လူတွေရဲ့နှုတ်ခမ်း။

ကောင်မလေးကသိပ်လှသည်။ သူကလည်းသိပ်ပွေသည်။ သိပ်သောက်သည်။ နောက်ပြီးသူသည် တရားဝင်တစ်ခုလပ်စစ်ဖြစ်သွားခဲ့ပြီ။ သို့သော်သမီးရဲ့ဦးဇာတ်လမ်းမဖြစ်ခဲ့ပါ။ ဝက်ကလေးကလည်း ဦးမလာတဲ့ရက်ကလေးများမှာ ကျိတ်ငိုရတယ်လို့လည်းမပြောပါ။

သူသည် ကိုးတောင်ကျားဖြစ်သော်လည်း ကြောင်ခံတွင်းပျက်မဟုတ်ပါ။ ဝက်ကလေးသည် ချို့တဲ့သော်လည်း ဆက်ရက်တောင်ပံကျိုးမဟုတ်။ သူသည် ချုံထွင်ဖို့မကြိုးစားသလို၊ ပိုက်ကလည်း လာမတိုး။ ရိုးရိုးသားသား။

သူ့ကို မျက်နှာထားတင်းသော်လည်း စိတ်ပျော့သည်။ သောက်သော်လည်း မရမ်းကား။ အပေါက်ဆိုးဘုကျသော်လည်း စိတ်ရင်းကောင်းသည်ဟု ပြောကြသူတွေကိုယ်တိုင်က သူနှင့်ဝက်ကလေး တိတ်တိတ်ပုန်းညားနေသည်။ ဘာလိုလို ညာလိုလို ဆိုကြသောအခါ–

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားတစ်တွေ အနေခက်၊ မျက်နှာပျက် အရှက်ရမှာကို သူတို့ နည်းနည်းမှ မစဉ်းစား မစာနာ။ သူတို့၏ သွားပုပ်လေလွင့် နှုတ်ထွက်စကားများက ကြားရတာ ရက်စက်လွန်း၏။

သူ့အဖို့ကတော့ ဘာအရေးလဲ။ ဥပေက္ခာပြုထားလိုက်ရုံသာ။ သူဆိုသည့်ကောင်က ငါထင်ရာငါစိုင်း။ စိတ်ထင်တိုင်းလုပ်နေသူ။ ငါ့လှေငါထိုး ဘကိုး(ပဲခူး)မကလို့ နွားထိုးကြီးပဲရောက်ရောက်။ အားလုံးကို ပေယျာလကန် လှေခွက်ချည်းသည် အတိုင်းဆန်မည့်ကောင်စားမျိုး။ ဒါပေမဲ့ ကောင်မလေးကို ငဲ့ရမည်။ သူမဂုပ်သော်လည်း သူ့ကိုလာငြိနေသည့် ပြဿနာကို အပြတ်ရှင်းပေးခဲ့ရမည်။ ဒီနေ့တော့ တစ်ခုခုအဖြေပေါ်ကို ပေါ်ရမည်။ ဒါပေမဲ့ ချိန်းထားသူတွေက အခုထိမလာသေး။ စာအုပ်ကိုပိတ်ပြီး သူကက်ဆက်ထဖွင့် သောအခါ ကျော်ဟိန်းအသံထွက်လာ၏။ သို့သော် စိတ်အနှောင့်အယှက်ဖြစ်နေ၍ မကြားတစ်ချက် ကြားတစ်ချက်။

"မြင်နိုင်ပါတယ် ... မီးပြတိုက်ပေါ်၊ ကိုယ့်ရဲ့ဘဝက အမှောင်ထုစိုးမိုး ... ပင်လယ်ပြင်မှာ ... ကံတရားရေလှိုင်းများနဲ့ ...ကြုံလာသူကိုကူညီဖို့ ... ဒီအဖြေ အနေတွေ ... မင်းဖြတ်ခဲ့ရသမျှ ...ပင်ပန်းနေတဲ့မင်းရဲ့နှလုံးသားလေ ... အနည် ထိုင်ဖို့ ...ယုံကြည်စွာပင် ... ကိုယ်ရဲ့သွေးနဲ့ ... အလင်းများရလို့ ... ဒီနေရာမှာ ခဏလောက်နားပြီးတော့ ... ပြန်ထွက်မှာလည်းသိလျက်နဲ့ ... ကူညီချင်တယ် ... ကိုယ်ဘာမှ မျှော်လင့်မထားပါကွယ်"

သီချင်းစာသားက မကောင်း၍မဟုတ်။ ကျော်ဟိန်းအသံက မကောင်း၍ မဟုတ်။ ရင်ထဲမှာ တဒုတ်ဒုတ်မြည်လာသဖြင့် ကက်ဆက်ကို ထောက်ခနဲပိတ် လိုက်ရသည်။ နှောင်ရစ်ကျော့ပြန်ဆိုမှာကို သူ့နှလုံးသားက နားထောင်နိုင်ပါ့ မလား။ သူတို့ရောက်လာကြ၍ တော်သေးသည်။

ဝက်ကလေး၊ ဝက်ကလေးရည်းစား၊ ဝက်ကလေးအမေ၊ ဝက်ကလေး၏ တော်ချင်တော်ရမည့်ယောက္ခမများ၊ ရပ်ကွက်လူကြီးတစ်ဦး။ နောက်ဘာမှမဆိုင် ဘဲပါလာသော ရပ်ကွက် 'မီဒီယာ'စိန်ထည်တွေနှင့် အာကျယ်မတစ်ယောက်။

သူကစ၍ ...

"ကဲ- ကျွန်တော် တိုတိုပြတ်ပြတ်ပဲ ပြောတတ်တယ်။ ဒါကိုခွင့်လွှတ်၊ မင်း ...မင်းနာမည်စိုးဝင်းနော်၊ မင်းနဲ့ ဝက်ကလေးလို့ ငါခေါ်တဲ့အေးအေးမိုးက သမီးရည်းစားဆိုတာ တစ်မြို့လုံးအသိ၊ ငါမေးမယ်၊ မင်းတို့ယူကြမှာလား"

စစချင်းဆောက်နဲ့မတွင်းဘဲ သူ အမြောက်နဲ့ခွင်းထည့်လိုက်တော့ အားလုံး



တိတ်သွားကြ၏။ ဝက်ကလေးက ခေါင်းငုံ့ထားသည်၊ စိုးဝင်းက အာခေးထည့် ထားသလိုဖြစ်ပြီး သူ့အဖေမျက်နှာကို ကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။ မဆိုင်ဘဲဝင်ပြော ဝင်စွာကျယ်ကျယ်လုပ်သူက "ဒေါ်စိန်မီဒီယာ"။

"ဒီကိစ္စမှာ ကျွန်မ ဝင်ပြောရရင်..."

"မပြောနဲ့၊ ခင်ဗျားနဲ့လည်းမဆိုင်ဘူး၊ ခင်ဗျားပြောတာနားလည်းမထောင် ချင်ဘူး၊ တရားလည်းမဝင်ဘူး၊ ကဲ-ကာယကံရှင်မောင်စိုးဝင်းပြော"

"ကျွန်တော် ...ကျွန်တော်စဉ်းစား..."

"ဘာ- ဘာကျွန်တော်စဉ်းစားလဲ၊ မင်းတို့သမီးရည်းစားဖြစ်တာ ဒုတိယ နှစ်ကတည်းက အခု ဘွဲ့ရပြီ၊ စဉ်းစားလို့မပြီးသေးဘူးလား၊ မင်း အေးအေးမိုး ကို ရည်းစားစကားပြောမယ်ကြံတုန်းက ဘယ်နှစ်ရက်စဉ်းစားခဲ့လဲ"

"မဟုတ်ပါဘူး၊ ကျွန်တော်ဆိုလိုတာက ရပ်ကွက်ထဲမှာပြောနေကြတဲ့ စကား၊ နောက်ပြီးတော့ ကျွန်တော်တို့နေဖို့ထိုင်ဖို့"

"နေဖို့၊ ထိုင်ဖို့ဆိုတာ မင်းအစကတည်းက ပြင်ဆင်ထားရမှာ စဉ်းစားထားရမှာ၊ ရပ်ကွက်ထဲမှာပြောနေကြတဲ့စကားဆိုတာက ဘာသဘောလဲ။ ဒီမှာမောင်ရင်လေး ငါနားလည်ပြီ၊ ငါထင်ထားသလိုပါပဲလား။ သိကြားမင်း ဝန်ဆင်းတဲ့ နွားတောင်ချိုကားတယ်ဆိုတဲ့လူတွေစကားမျိုး မင်းနားထဲမှာ ကြားဝင်နေတယ်မဟုတ်လား။ တားဆီးနေတယ်မဟုတ်လား။ ဟိုမှာဖတ်ကြည့်စမ်း၊ မင်းလိုလူစား အများကြီးကွ။ မင်းကိုငါပြောလိုက်မယ်၊ အဲဒီလိုမင်းရဲ့သဘော ထားမျိုးကိုလေ ဘယ်မိန်းမကမှ အားကိုးအားထားမပြုချင်ဘူး။ အထင်မကြီးဘူး။ မင်းပြောတာငါသိတယ်၊ ငါစကားများများမပြောချင်လို့ ဒီစာအိတ်ထဲမှာ ငွေငါး သောင်းရှိတယ် ယူသွား။ မင်းကြိုက်တဲ့မြို့မှာ ကြိုက်တဲ့သားဖွားမီးယပ်ပါရဂူ ကြိုက်သလောက်နဲ့ ဒီကောင်မလေးအပျိုစစ်၊ မစစ်ဆိုတာ စမ်းသပ်ကြည့်၊ ကျေနပ်မှယူ၊ ကျေနပ်တယ်၊ သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းမယ်ဆိုရင် ငါငွေနှစ်သိန်းလက်ဖွဲ့မယ်။ ကောင်းပြီကောင်းရဲ့နဲ့ ပြောသလိုဖြစ်မလာရင်တော့ မင်းကိုငါကိုယ်တိုင်လာမလုပ်ဘူးမထင်နဲ့။ ငါပြောတဲ့ စကားတွေကို ကျေနပ်ဘူးဆိုရင်တော့ အခုတစ်ထိုင်တည်းမှာပဲ အေးအေးမိုးကို ပေးလိုက်တော့"

သူဒီလောက်ပဲပြောသည်။ ငွေအိတ်ကိုယူ၍ သူတို့ထွက်သွားကြသည်။ ဝက်ကလေးက သူ့ကိုမျက်ရည်ဝဲသော ရီဝေဝေအကြည့်နှင့် ကြည့်သွား၏။ ... နေသည်။ ဒါပေမဲ့ နှလုံးသားက သွေးအစား မျက်ရည်တွေ ... ။ ... မရှိ။ နောက်လဆို နောက်တစ်မြို့ သူပြောင်းရတော့မည်။ ပြောတော့သည်း

ပေးသွားမှာပေါ့။

“ငေးငိုင်တမ်းတ လွမ်းဖျားနိုဿရည်းဟာ
ဆိပ်ကမ်းသာမီးပြတိုက်၊ မှန်းမထိုက်နိုင်တာ
ပန်းညာကြွေလျှော ဒီလှိုင်းတောနက်နက်မှာ
အင်ဂျင်စက်မဟုတ် တဒုတ်ဒုတ်မခုတ်
နစ်မြုပ်တတ်တာ သိလိုက်ပါရဲ့ကွယ် ထပ်တူ ထပ်တူ
(လင်းထက်အောင်)။

စိတ်ပညာဘာသာရပ်တွင် Sentiment ဆိုသော စိတ်အစွဲ ဟူသည့် ဝေါဟာရတစ်ခုရှိပါသည်။ တရားမျှတမှုကို ကြိုက်ခြင်း၊ အချစ်၊ မျိုးချစ်စိတ်၊ လွတ်လပ်ရေးကိုမြတ်နိုးခြင်းတို့သည် စိတ်အစွဲများဖြစ်၏။ အချို့သောစိတ်အစွဲတို့သည် ကိုင်တွယ်မြင်တွေ့၍မရသော စိတ္တဇနာမ်များဖြစ်၏။ ထိုအခါ ပို၍အားကောင်းသိသာအောင် တကယ်ရှိ တကယ်ထိနိုင်သောပစ္စည်းများနှင့်ဥပမာမှု ထပ်တူပြုကြ၏။ ဥပမာ–တရားမျှတမှုကို ချိန်ခွင်နှင့်လည်းကောင်း၊ ပညာကို မီးတိုင်နှင့်လည်းကောင်း၊ နိုင်ငံချစ်စိတ်ကို အလံတော်နှင့်လည်းကောင်း ဖော်ပြကြသည်။

အချစ်ဆိုသောအရာကို နှလုံးသားနှင့်ထပ်တူပြုနိုင်ခဲ့သော်၊ သန့်စင်သော၊ အင်အားရှိသော၊ကူဒ္ဒိပါဒ်ရှိသော အချစ်ဖြစ်အောင်၊ ဒဏ်သေနှလုံးသားဖြစ်အောင် လုပ်နိုင်ခဲ့သော်၊ မလိုသည်ကိုနှုတ်၊ လိုသည်ကိုပေါင်း၊ ကောင်းသထက်ကောင်းအောင်လုပ်နိုင်ခဲ့သော် –

“အဖြူနှလုံးသား
မြှုးထဲကငါး
အပြုံးမြားချက်
အမုန်းဓားသတ်
အိမ်မက်အိုအို အတိတ်ဟိုရက် ကျွန်ရစ်တော့လေ
နေ့သစ်ကုဋေ ခရီးရှည်မှာ
ဒဏ်သေနှလုံးသား စွမ်းအားများသယ်ဆောင်။ ။
(လင်းထက်ကောင်း)

ငွေတာရီ၊ ဇန်နဝါရီလ၊ ၂၀၀၄

❑

# ကံထဲကလူသားများ

“ဖေဖေ ... ကကြီးရေးသေးသေးတင် နငယ်သတ်ဆိုရင် ဘာသံထွက်လဲ”

“ဟယ ... ကြံကြံဖန်ဖန် ဒီစာလုံးမျိုး မရှိပါဘူး၊ တစ်စီတာများလို့ဖြစ်ပါလိမ့်မယ်”

မမှားပါဘူး၊ ဖေဖေကိုယ်တိုင် ရေးထားတာပဲလေ၊ သေသေချာချာစာလုံးကြီးနဲ့ရေးထားတာ”

သုံးတန်းရောက်နေပြီဖြစ်သော ကျွန်တော့သမီးလည်း အရွယ်နှင့်မလိုက်အောင် စာဖတ်သူဖြစ်ပါ၏။ စာဖတ်တတ်ကာစ ပထမတန်းဝယ် သူစာလုံးပေါင်းပြီး စာဖတ်သောစာအုပ်သည် ဂျာနယ်ကျော်မမလေး၏ ‘ရင်နှင့်အောင်မွေး’ဖြစ်ကာ၊ အခုသူဖတ်နေသော ‘တစ်သက်တာမှတ်တမ်း’ စာအုပ်ကြီးသည်လည်း တစ်ဝက်ကျော်နေပြီဟုဆိုလျှင် ပိုသော၊ ကြွားဝါသော ‘ပီတာဖခင်’ ဟုထင်ကြပေမည်။ ကျွန်တော် ပိုပြောနေခြင်းမဟုတ်ပါ။

“ကံနဲ့ကန် ဘာကွာသလဲဖေဖေ”

“ကကြီး သေးသေးတင် ကံဆိုတာက ကံတရား၊ ကကြီးနငယ်သတ် ကန်တာ ရေကန်၊ ကြိုးစားရုန်းကန်တာ”

ကျွန်တော်၏သား နှစ်တန်းကျောင်းသားကောင်သည်လည်း [illegible] ကပ်စရာ ကောင်းလောက်အောင် အင်မတန် အမေးအမြန်းထူသူဖြစ်၏။ သူ့အမေ ကျွန်တော့မိန်းမက အရပ်ရှည်သလောက် စိတ်တိုပြီး ကျွန်တော်က အရပ်ပုပေမဲ့ စိတ်ရှည်သည်။ ထို့ကြောင့် ကလေးငယ်များက [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုပဲမေးပြီး သူ့ကိုဝေးဝေးရှောင်ကြ၏။

"ကြီး မသတ်ကမ်ဆိုဆိုရင်ကော ဘာအဓိပ္ပာယ်လဲဖေဖေ၊ မသတ်ကမ် ဆိုတာရှိလား" မြန်မာပညာရှိဦးအေးမောင်တို့၊ ဦးချမ်းမြတို့၏ အကူအညီ ယူရတော့မည့် အခြေအနေရောက်နေပြီ။ ဒီကောင့်ကို အရမ်းဖြေလို့မရ။ အင်မတန် စကားကပ်သည့်ကောင်ဖြစ်၏။

ခုဘောင်မောင်ကျဘမ်းသေပြီးတော့များ ဝင်စားလေရော့သလား။ တစ်ခါက သူ့အမေအား 'ကြက်ဟင်းခါးသီးကို ဘာဖြစ်လို့ ကြက်ဟင်းခါးသီးလို့ ခေါ်သလဲ'ဟု မေးဖူး၏။ သူ့အမေကပြီးစလွယ် 'ခါးလို့ပေါ့'ဟု ပြန်ဖြေသည်။ ထိုအခါ 'ဂေါ်ရခါးသီးကျတော့ ဘာကြောင့် ခေါ်ရချိုသီးလို့ မခေါ်တာလဲ' ဟု မေးမိတာကြောင့် မှတ်လောက်သားလောက် အခေါက်ခံခဲ့ရသည်။ ထိုကတည်းက လူကြီးများ ဉာဏ်မမီသောမေးခွန်းများကို ကလေးများ မေးခွင့်မရှိဟု မှတ်သားလိုက်သလားမသိ။

နောင်ကို ဘာပဲမေးစရာရှိရှိ အန္တရာယ်ကင်းအောင်ရှင်း၊ ခေါင်းခေါက် ကင်းသော ကျွန်တော့်ကိုသာမေး၏။ အခုမေးခွန်းကိုလည်း လွယ်လင့်တကူ မဖြေသာသော ကြောင့် 'အုတ်လုလာသည်'ဟုသာ လျှောက်တင်ခဲ့သည့် ထုံးနှလုံး မူပြီး ညကျမှ အေးအေးဆေးဆေး ရှင်းပြမည်ဟူ၍ ကတိထားလိုက်ရ၏။ ဒါပေမဲ့ မောင်ငယ်၏ အမေးကို အင္ဂမတန်းရောက်သမီးတော် 'အမရာ'မက ဝင်ဖြေ၏။ ကျွန်တော် မျက်လုံးပြူးသွားရပြီး တစ်ချိန်တည်းမှာလည်း 'ဒါမှ ငါ့သမီး'ဟု ဂုဏ်ယူလိုက်မိသည်။

'ကံတရားဆိုတဲ့ သေးသေးတင်ကံက အင်္ဂလိပ်လို Estalism လို့ခေါ်တယ် မောင်ငယ်ရဲ့။ မမတို့နေ့စဉ်သုံးနေတဲ့ ကံကောင်းတယ်၊ ကံဆိုးဝဘယ်ဆိုတာကိုတော့ Luck, Fortune လို့ခေါ်တယ်။ Luck ဆိုရင် ကံကောင်းသော၊ Unluckဆို ကံဆိုးသောပေါ့။ မောင်လေး မေးတဲ့ မသတ်ကမ်ကတော့ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကား"

"မမကြီး မဖြီးနဲ့နော်၊ သားကသွားရှာကြည့်မှာဗျ၊ ဘယ်စာအုပ်ထဲမှာ ပါလဲ"

"ရန်ကုန်ဘဆွေရဲ့ 'ချစ်ဓနီးသို့'ထဲမှာ ပါတယ်၊ တစ်ခြားစာအုပ်တွေ ထဲမှာလည်းပါတယ်၊ မင်းကြီးလာတဲ့အခါ ရှာဖတ်ကြည့်ပေါ့၊ ဆရာကဒီလို ရေးထားတယ်"

(ကမ်ဆိုတာ 'ကမ္ဘ'သဒ္ဒါအမှုကို ခေါ်တယ်။ ကမ္မကနေပြီးတော့မှ



ဗမာအခေါ်မရှိတော့ 'မ'ချေပြီး 'ကမ်'လို့ခေါ်လိုက်တာ၊ အဲဒီတစ်ဆိုတဲ့ 'မ'သတ်ကိုလည်း သဒ္ဒါနည်းအရ နိဂ္ဂဟိတ်ပြုပစ်လိုက်ပြီး၊ နိဂ္ဂဟိတ်ဆိုတာ သေးသေးတင်ကို ပြောတာ၊ အဲဒီရသေးတင်လုပ်လိုက်ပြီး ကံလို့ခေါ်ကြတာ။ တစ်ချို့က ကံကို မမြင်ရတဲ့ကောင်းကျိုး၊ ဆိုးကျိုးကို ဖြစ်သွားစေနိုင်သော အရာလို့ အယူသည်းနေကြသကွဲ့)

အဲဒီလို ရေးထားတယ်၊ ဒါကြောင့် မင်းပြောတဲ့ 'ကမ်'ကို အလုပ်လို့ ယူဆချင်ယူဆပေါ့"

"ဒါဖြင့် မမကြီးက ဗုဒ္ဓဘာသာမဟုတ်ဘူးလား။ ဘုရားဟောတဲ့ ကံ ကံ၏ အကျိုးဆိုတာကို ဘယ်သွားထားမလဲ"

"မောင်လေးရာ မင်းငယ်ပါသေးတယ်၊ မင်းကြီးတော့ သိလိမ့်မယ်။ စာသာ များများဖတ်"

"အောင်မယ် ... အောင်မယ် သူကတော့ မိန်းမကြီးပေါ့၊ ရှစ်တန်းသာ ရှိသေးပြီး 'ချစ်ဓနီး သို့'ဖတ်တာ ရည်းစားထားချင်လို့လား။ မေမေနဲ့ တိုင်ပြောမယ်"

ထိုအခါ ကျွန်တော်ကြားဝင်ရတော့သည်။ လွှတ်ထားလိုက်က မောင်နှမ ရန်ဖြစ်ကြမည်။ ဆူညံဆူညံဖြစ်လျှင် မီးဖိုထဲက 'မဒေါ်သ'ထွက်လာပြီး နှစ်ယောက်စလုံး သိမ်းကျုံးဆော်မည်။ ထိုသို့ဆိုလျှင် ကလေးရိုက်တာ မ"ကြိုက်သော ကျွန်တော်နှင့်စကားများတော့မည်။

"တော်ကြာတော့ ဟိုကကြားရင် အားလုံးနာကုန်လိမ့်၊ ကိုယ်ကြိုက်တာ ကိုယ်သွားဖတ်"

ခွေးမသားလေး။ သူ့အသက်အရွယ်နှင့် သူ့စကားလုံးက ဓီးဓေ့နှင့် မြင့်မိုရ်ဆိုလောက်သည့် 'ကံ ... ကံ၏အကျိုး'။ သမီးပြောတာ Lucky ဆိုသည့်ကံ။ ရေကန်ရန်းကန်ခြင်း ပေဒါပျံခံရသည့် အယက်အကန်၊ ကန်ကျောက်ခြင်း၊ လောကအလယ် သောကတွေကြွယ်နေသူတို့၏ ယက်ကန်ယက်ကန်ဘဝ။ အလုပ်ဆိုတာကမ်။

ဒင်းတို့ မောင်နှမ နှစ်ယောက်က ကျွန်တော့ဦးနှောက်ကို ရှုပ်ရှုပ်ပြစ်အောင် ဆွပေးခဲ့၏။ ထိုစကားလုံးတွေကို ကျွန်တော် အနုလုံပဋိလုံတွေးရတော့သည်။ ကျွန်တော်ဖတ်ပြီးကာစ ဆရာအောင်သင်း၏ 'အနာဂတ်ကို မကြောက်ရ' ဆောင်းပါးထဲတွင်လည်း သမီးပြောသည့် ကံ (Lucky, For) အကြောင်းပါ၏။ ဆရာဆောင်းပါးထဲမှာ—

(ကျွန်တော် မှတ်သားဖူးသော တရုတ်ပညာရှိကြီးလင်ယုတန်၏

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်လေးတစ်ခုကို ထည့်ရေးလိုက်ရဦးမည်။ တစ်ခါက ရွာကလေးတစ်ရွာတွင် တရုတ်အဘိုးကြီး သားအဖနှစ်ယောက်ရှိကြသည်။ သူကို့တမြင်းမွေးသည်။ တစ်နေ့တွင်တော့ မြင်းတစ်ကောင်သည် ပျောက်သွားသည်။ အိမ်နီးချင်းတွေက တရုတ်ကြီးကို သနားကြသည်။

"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား ကံဆိုးရှာတယ်"

"ဘာဖြစ်လို့ ကံဆိုးတယ်ပြောတာလဲ"

"မြင်းတစ်ကောင်ပျောက်သွားတာနဲ့ ကံဆိုးတယ်လို့ ခင်ဗျားဘာကြောင့် ပြောနိုင်သလဲ"

ဤသို့လျှင် လုံးလည်ပတ်ချာလိုက်နေလေတော့ အိမ်နီးချင်းတွေက ခွစာကြီးဆိုပြီး ဆက်မပြောကြတော့။ သည်လိုနှင့် တစ်ပတ်၊ ဆယ်ရက်လောက် ကြာတော့ မြင်းဆိုသည်မှာ အဖော်ခင်တတ်သည့် သတ္တဝါများဖြစ်ကြသည့်အတိုင်း ပျောက်သွားသောမြင်း ပြန်ရောက်လာသည်။ ရောက်လာတော့ တစ်ကောင်တည်း မဟုတ်။ မြင်းရိုင်းတစ်ကောင် အပိုပါလာသေးသည်။ သည်တော့ အိမ်နီးချင်း များက . . .

"ခင်ဗျား ကံကောင်းတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ မြင်းတစ်ကောင် တိုးလာတယ်လေ"

"မြင်းတစ်ကောင် တိုးလာတာနဲ့ ကံကောင်းတယ်လို့ ဘာကြောင့်ပြော တာလဲ"

ရှေးနည်းအတိုင်းပင် ခွစာကြီးကို ဆက်မပြောကြတော့။ သည်လိုနှင့် နောက်ရောက်လာသော မြင်းရိုင်းကို သားဖြစ်သူက စီးကောင်းကျင့်ရာ မြင်းပေါ်က လိမ့်ကျပြီး ခြေကျိုးသွားသည်နှင့် ခြေထောက်ကလေး ထော့နင်းထော့နင်းဖြစ် သွားရှာသည်။ အိမ်နီးချင်းတွေက စိတ်မကောင်းကြ။

"ခင်ဗျား ကံဆိုးတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ ဒီသားတစ်ယောက်တည်းရှိတာ ခြေကျိုးသွားတာကိုး"

"ကျုပ်သား ခြေကျိုးတာနဲ့ ကံဆိုးတယ်လို့ ဘာကြောင့် ပြောနိုင်တာလဲ"

ရှေးနည်းအတိုင်း ခွစာကြီးကို ဆက်ပြီး ဘာမျှမပြောကြတော့။ သည်လိုနှင့်တစ်နေ့တာ ပြည်နယ်ချင်းစစ်ဖြစ်ကြရာ ပြည်နယ်ကောက် တစ်နယ်လုံးရှိ ရဲရင့်သန်မာသူ လူငယ်မှန်သမျှ စစ်ထဲသို့ လိုက်ရမည်



အမိန့်ထုတ်ပြန်ခေါ်ငင်သွားရာ သူ့သားကလေးတစ်ယောက်သာ ခြေထောက် ထော့နင်းဖြစ်နေသောကြောင့် ချမ်းသာရာရခဲ့သည်။ သည်တော့ အိမ်နီးချင်းတွေ တရုတ်ကြီး ကံကောင်းတယ် . . .'

ထွေးလက်စနှင့် ကျွန်တော်ဖတ်ဖူးသော ကံအကြောင်းရေးထားသည့်စာအုပ် စာအုပ်များကို ထရှာပြီး ပြန်ဖတ်ကြည့်ရတော့၏။ တင့်တယ်၏။ 'ထမ္မဓလ' ရန်ကုန်ဘဆွေ၏ 'ရွှေဝါပြည်'နှစ်အုပ်တွေ့သည်။ ရွှေဝါပြည်ထဲတွင်

(ကံဆိုတာ ကမ္မကလာတာ အလုပ်ဗျ။ ကုသိုလ်ဆိုတာ 'ကုသလ'က လာတာ၊ လုပ်လို့ဖြစ်လာတဲ့အကျိုးပဲ။ အဲဒါကို ကျွန်တော်တို့က ကုသိုလ်က ကုသိုလ်အကျိုးပေးလို့ ခေါ်ကြတယ်။ 'အကုသယကမ္မ'ဆိုတာကလည်း လုပ် လို့ဖြစ်လာတဲ့ မကောင်းကျိုးပဲ။ အဲဒါဟာ အကုသိုလ်ကံပဲ။

တကယ်တော့ ဘယ်တန်ခိုးရှင်တွေကမှ ဖန်ဆင်းပေးတာလည်း မဟုတ် ဘူး။ ထိုဘဝ ဟိုဘဝ ကျွန်တော်တို့ မသိမမြင်ရတဲ့ ဘဝဆိုတာတွေကလိုက်ဖြစ် လာတာလည်းမဟုတ်ဘူး။ ဘဝဆိုတာ မြန်မာလို အကြောင်းအဖြစ်ကို ခေါ်တာ။ အရင်ဘဝဆိုတာ အရင်တုန်းကကျွန်တော်တို့ပြုလုပ်ခဲ့လို့ ဖြစ်ခဲ့ကြရတဲ့ အကြောင်း အဖြစ်တွေပဲ။

ဒီနေရာမှာ 'အရင်'ဆိုတာဟာ ကျွန်တော်တို့သိခဲ့မြင်ခဲ့တဲ့အရင်။ လွန် ခဲ့တဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေအကြောင်းအဖြစ်ဟာ လွန်ခဲ့တဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေက အကြောင်းဖြစ်တွေ၊ အဲဒီတော့ အရင်ဘဝက ကုသိုလ်ကံဆို တာ လွန်ခဲ့တဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေက ပြုလုပ်မှုဖြစ်ပြီး အကျိုးအဖြစ်ပဲ။ အဲဒီအကျိုးအဖြစ်ဟာ အခုလတ်တလော အချိန်ကိုလည်း အထောက်အပံ့ပြု ရက်ရှိနေတယ်။ အရင်က တကျွန်းကျဖူးတဲ့သူဟာ ကျွန်းကလွတ်လာပေမဲ့တကျွန်း ပြန်ကြီး ဆိုတဲ့နာမည်ကို ရနေသလိုပေါ့။ ဒါကြောင့် . . .

ကုသိုလ်ကံကောင်းမှု မကောင်းမှုဆိုတာ ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ လုပ်နေကြတာ။ ဒီတော့တော့ ကုသိုလ်ကောင်းအောင် လုပ်ဖို့အတွက် ကျွန်တော်တို့မှာ တွေးခေါ်မြော်မြင် ဆိုတဲ့ အသိပညာရှိရမယ်။ အတွေ့အကြုံများမှုဆိုတဲ့ ဗဟုသုတရှိရမယ်။ ရှေ့ တိုင်း၊ ပြုလုပ်မှုတိုင်းကို မှားယွင်းအောင် အမြဲမှတ်ထားမှုဆိုတဲ့ သတိရှိရမယ်။ အားထုတ်ကြိုးပမ်းနိုင်မှုဆိုတဲ့ လုံ့လရှိရမယ်။ စိတ်မပျက်တဲ့ ခေါင်းထုတ်မှုဆိုတဲ့ ဝီရိယရှိရမယ်။

ကျွန်တော်တို့ဟာ အဲသည်အချက်အလက်တွေနဲ့ ယှဉ်တင်ထားရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြုလုပ်နေနိုင်ကြမယ်ဆိုရင် အမြဲကံကောင်းနေကြမှာပဲ။ အမြဲကုသိုလ်ကံက အကျိုးပေးခြင်းကို ခံယူနေကြမှာပဲ။ အဲဒီတော့ ကျွန်တော်တို့ဟာ အမြဲကုသိုလ်ကံကို စိုးမိုးပိုင်ဆိုင်နေကြတဲ့ သူတွေဖြစ်အောင် အရင်ကကျွန်တော်တို့လုပ်ခဲ့လို့ ရလာကြတဲ့ မကောင်းကျိုးတွေ 'အကုသိုလ်'တွေကို ဆန်းစစ်ပြီး ပြင်လိုက်ကြပါစို့)ဟု ရေးထား၏။

ထိုအယူအဆကို ကျွန်တော်ကြိုက်သည်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ကတော့ နည်းနည်းတယူသန်နိုင်သည်။ သူက Lucky ဆိုသောကံကောင်းတာပဲဖြစ်ဖြစ်၊ ကံဆိုးတာပဲဖြစ်ဖြစ် အားလုံးသည် Coincidence ဆိုသော တိုက်ဆိုင်မှုဟု ဆို၏။ စိတ်ညစ်နေသူတစ်ယောက် ထိပေါက်သည်ကိုပင် တိုက်ဆိုင်မှုဆိုတော့ ခက်လှသည်။ သူ ရှင်းပြ သို့မဟုတ် စကားကပ်ပြောသည်မှာ...

'စိတ်ညစ်တယ်၊ ညစ်တော့ အရက်သောက်ချင်တယ်' အရက်ဆိုင်ကို ထွက်လာတော့ ထီဆိုင်ကိုပြတ်ရရော၊ ဖြတ်တော့ ထီထိုးမိတာပေါ့၊ ထိုးတော့ ပေါက်တာပေါ့။ သူဟာ စိတ်မညစ်ရင် အရက်သောက်ချင်စိတ်မပေါ်ရင် ထီပေါက်ပါ့မလား။ ဒီတော့ စိတ်ညစ်တာရယ်၊ အရက်သောက်ချင်တာရယ်၊ ထီဆိုင်တွေကလည်း ထီပေါက်တာရယ်တွေဟာ အားလုံးတိုက်ဆိုင်သွားတာ မဟုတ်ဘူးလား။

ကျွန်တော့်မှာ တက်ထွန်း၊ မြတ်ထွန်း၊ ထက်ထွန်းနှင့် ဆက်ထွန်းဆိုသော သူငယ်ချင်းလေး 'ထွန်း'ရှိသည်။ ထိုအထဲတွင် ဆက်ထွန်းတစ်ယောက်ကတော့ ဆင်းရဲသည်။ ထို့ကြောင့် ရှစ်တန်းအောင်သည်နှင့် ကျောင်းဆက်မတက်နိုင်တော့ဘဲ လယ်ထဲဆင်း အလုပ်လုပ်ရတော့သည်။ 'ကျန်သုံးယောက်ကတော့ မြို့ပေါ်ရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားကြရာ ဆယ်တန်းအောင်သောအခါ ...

ထက်ထွန်းနှင့်ကျွန်တော်က ဆေးကျောင်းတက်ခွင့်ရ၍ အကောင်းဆုံးဟု လည်းကောင်း၊ မြတ်ထွန်းက စက်မှုတက္ကသိုလ်တက်ခွင့်ရ၍ ဒုတိယကံအကောင်းဆုံးဟု လည်းကောင်း ပြောကြ၏။ ၁၀တန်းကို အမှတ်သိပ်မကောင်းသဖြင့် တက္ကသိုလ်ဆက်မတက်ဘဲ ထိုစဉ်က သိပ်ခေတ်မစားလှသော ရေကြောင်းပညာသိပ္ပံ ကျောင်းတက်သွားသူ တက်ထွန်းကမိုတော့ ဘာမျှမပြောကြ၊ ဉာဏ်ကောင်းဖွဲ့ရှိသော်လည်း ဆင်းရဲသဖြင့် ၁၀တန်းမအောင်သော ဆက်ထွန်းကိုတော့ ကံဆိုးသည်တဲ့။ နောင်နှစ် အစိတ်ခန့်ကြာသော်...

ကံအဆိုးဆုံးဆိုသည့် ဆက်ထွန်းသည် ကျောင်းပညာသင်ခွင့်မရသော်



လည်း မိမိဘာသာမိမိ အားလပ်ချိန်များတွင်စာဖတ်လေ့လာသည်။ ကျေးရွာစာကြည့်တိုက်သည် သူ၏တက္ကသိုလ်ဖြစ်၍ သူတို့ရွာသားစာရေးစိန်လင်းသည် သူ၏ဆရာဖြစ်၏။

တက်ထွန်းသည် ပထမ သင်္ဘောသား၊ ထိုမှသင်္ဘောအရာရှိ နောက်ဆုံးတွင် သင်္ဘောတစ်စီးလုံးမှာ အာဏာအရှိဆုံး ကပ္ပတိန်အဖြစ်သို့ အဆင့်ဆင့်တိုးတက်၏။ မကြာမီရေကြောင်းပညာရပ်မှာ တစ်ဖက်ကမ်းခတ် သူ့ထက်တတ်သူမရှိသည့် မာစတာမရင်နာခေါ် ရေ'ကဝိ'တစ်ဆူဖြစ်သွား၏။

ထက်ထွန်း၊ ယက်ထွန်းဆိုသည့် ပညတ်ချက်အတိုင်း တတ်သတ်ထသည်း ထက်လွန်း၊ မြတ်လွန်းလှသဖြင့် ဆေးသိပ္ပံအတန်းတိုင်းမှာ ဂုဏ်ထူးတွေများစွာနှင့် ဘွဲ့ရခဲ့သည်။ ယခုအခါ ဆေးတက္ကသိုလ်တစ်ခုတွင် ဆေးပညာပါမောက္ခ၊ ဌာနမှူး၊ ပုဂ္ဂလိကဆေးရုံများစွာတွင် စမ်းသပ်ခဈေးအကြီးဆုံးရသော သမားတော်ကြီး၊ ဘွဲ့လွန်ဘွဲ့တွေ အဆင့်လွန်ပညာကျော်၊ စကြဝဠာတံတိုင်းထိ ရောက်သော ဆရာဝန်အကြီးကြီးသော့စ်အကြီးကြီး ဖြစ်နေ၏။

မြတ်ထွန်းကတော့ အင်ဂျင်နီယာဘွဲ့'တစ်ခုသာ ရခဲ့သည်။ ကျောင်းဆင်းပြီးနောက် 'မင်းလိုလူစား အများကြီးပေါ့'ဆိုသော အလုပ်လက်မဲ့ အင်ဂျင်နီယာအုပ်စုထဲရောက်ကာ၊ တဝဲဝဲလည် ဖတ်သီဖတ်သီနှင့် အလုပ်ရှာရင်း ယက်ကန်ယက်ကန် ရုန်းကန်နေရသူ တစ်ယောက်ဘဝသို့ ပြန်ရောက်ခဲ့သည်။

ထိုအခါ ကံကောင်းသူများစာရင်းကို ပြန်ဆွဲမည်ဆိုလျှင် မာစတာမရင်နာခေါ်ခေါ်လာတို့၏ ပိုင်ရှင်ပေါင် စတာလင်စား၊ 'ရေ'ကဝိတက်ထွန်းနှင့် ညှိမှန်သော သစ္စာစကားကြောင့် ရောဂါဟူသမျှ ပျောက်စေသတည်း ဆိုသော စိဝကာ၏ မြေးမြစ် 'ဆေး'ကဝိတို့က ထိပ်ဆုံးသို့ ရောက်သွားသည်။ သူတို့စနေသား နှစ်ယောက်က အားလုံးထဲတွင် အချမ်းသာဆုံးဖြစ်၍တည်း။

တာအထွက်ဝယ် ထိပ်ဆုံးက ကျွန်တော်သည် စနေသားတို့နောက်မှာဖြစ်၏။ လောလောဆယ် ကျွန်တော့မှာ ရာထူးရှိသည်။ စာအုပ်ထုတ်ဝေရေး လုပ်ငန်းတစ်ခုရှိသည်။ တို့ခေတ်ကိုတော့ ရောက်မည်မလွဲ ပါဆိုသည့် နွားလုံလ၊ ယုံကြည်စိတ်တို့ဖြင့် မှန်မှန်ချိတက်နေသူ လယ်သမားကြီး ဆက်ထွန်းသည် ကျွန်တော်နှင့် မယှဉ်းစွဲ၊ သာအေးတို့လည်း လှည်းနဲ့နွားနဲ့ဟု ပြောနိုင်နေ၏။ သူက လယ်ဧကများစွာပိုင်သော တောသူဌေး၊ အောက်ဆုံးမှာ အလုပ်[illegible] ကျွှရှင်တက်နေရသော မြတ်ထွန်းရှိသည်။

နှစ်တွေညောင်း၊ စနစ်တွေဟောင်း၊ ခေတ်တွေပြောင်းခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်တုန်းကတော့ ဒေါက်တာလေးတွေ ခေတ်စားခဲ့သည်။ ဤသို့ဤနှယ် ကံကောင်းလိုက်တာ၊ အားကျလိုက်တာဟု၍ အတိတ်တုန်းက သားမက်တော်ချင်သူတို့ ‘ဝိုင်းဝိုင်းလည်’ ခံရသော ကျွန်တော်တို့သည် ယခုအချိန် ‘မင်းထက်သာ’ သူတို့ပေါ်လာသောအခါ တော်ရာမှာမပျော်သဇာ အိုးလုပ်သလို ရိုးရိုးကုပ်ကုပ်ကလေး နေနေရ၏။ ငယ်ငယ်တုန်းက ဝိုင်းဝိုင်းလည်တို့ကလည်း ကျွန်တော်တို့အား ဒေါက်တာရိုးရိုးဆိုလျှင် တော်ပါပြီ။ ဟိုး ဟိုးနှင့် သနားတယ်ဆိုသူတို့ ဖြစ်ကုန်ကြလေ၏။

ဆယ်တန်းမအောင်သော ဆက်ထွန်းသည် တစ်သက်တစ်ခါကောင်းကြမ္မာတံခါးလာ ခေါက်မှာကိုအသေအချာသိနေသလို စာဖတ်ပြီးစောင့်နေခဲ့သူဖြစ်၏။ ထို့ကြောင့် အစမှာ လယ်သူရင်းငှား၊ နောက် တစ်တုံးထွန်ပိုင်နောက်နောက်တော့လယ်ဧက(၂၀)ပိုင်အဆုံးမှာ ဆက်ထွန်းစပါးနှင့် ပဲမျိုးစုံအိတ်(စ)ပို့အင်တာပရိုက်(စ)၏ မန်နေဂျင်းဒါရိုက်တာ။ တံခါးခေါက်သံသည် ကျယ်လောင်လှချေ၏။

ဆယ်တန်းကလေးကို ဖျစ်ဖျစ်မြည်အောင်ဖို့ အသည်အသန်သံချေးခွာဆီလောင်းအဖြစ် ဘဝကို စတင်ခဲ့ပေမဲ့ အခုတော့လည်း ‘အစိမ်း’တွေပို့လျှံနေပါလားဟုပြောရတော့မည် အင်တာနေရှင်နယ်ရေကြောင်း မာစတာဂုရုကြီး မစ္စတာထွန်းပေတည်း။ လက်ခမောင်းခတ်သံ တဖြောင်းဖြောင်းမည်သော ချန်ပီယံ ‘ရွှေခါးပတ်’ပိုင်ရှင်ပေတည်း။

ဘုရားလက်ထက်က မယုံနိုင် မကုန်နိုင်လောက်အောင် ချမ်းသာလျှင် ကုဋေကြွယ်ဟုဆို၏။ ထိုမကုန်နိုင်အောင်များပြားသော ဥစ္စာနေတို့ကို သုံးဖြုန်းပစ်သော ပုံပြင်ထဲက သူဌေးသားပိုင်ဆိုသည်ဟု ကုဋေရှစ်ဆယ်သာဖြစ်၏။ ကုဋေရှစ်ဆယ်သည် သန်းပေါင်းရှစ်ရာ သိန်ပေါင်းရှစ်ထောင်ဖြစ်၏။ ကျပ်ငွေသိန်းပေါင်းရှစ်ထောင်ဆိုသော ပမာဏက မြတ်ဆောက်လုပ်ရေးလုပ်ငန်း၏ ရင်းနှီးမတည်ငွေနှင့် နှိုင်းယှဉ်လိုက်ပါမှ နဂါးနှင့်တီပမာ ရယ်စရာကောင်းသောကျွမ်းမို့လေးဟု အပြောခံရမည့်အတိုင်းအဆဖြစ်သည်။ မီဂါကော့(ပ) (Mega Corp) ခေါ် မဟာလုပ်ငန်းကြီးတစ်ခုဖြစ်သော ‘မြတ်ကွန်စထရပ်ရှင်း’ ၏ အကြီးဆုံးအုပ်ချုပ်စီမံသူသည် အင်ဂျင်နီယာဦးမြတ်တွန်းဖြစ်၏။ သူ့လုပ်ငန်းကြီးသည် အမြဲတမ်းလုပ်ငန်းရင်းနှီးငွေလိုနေသော မဟာဘီလူးကြီးလည်း ဖြစ်၏။ ထို့ကြောင့်ဘယ်တော့မှ မတင်းတိမ်မရောင့်ရဲနိုင်ဘဲ ရှယ်ယာဆိုလျှင် ‘လာထား မယ်’ဟူ၏။



ဘယ်သူတွေဘာဘာဖြစ်ဖြစ်၊ ဘယ်ဝါတွေဆင်းဆင်း၊ အေးအေးမြမြ ပန်းပန်လျက်ပဲဆိုသူမှာ အံကိုခဲသော ဇေဒါပျံမဟုတ်ပါ။ ကြည်ကြည်ဒွေး၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးတို့လည်းမဟုတ်ပါ။ သူကတော့ လူမနိုင်နိုင်သော ရွှေအိုးကြီးပိုင်ရှင်၊ ပညာသာလျှင်အမိ၊ ပညာသာလျှင်အဖ၊ ပညာသာလျှင် ကိုးကွယ်ရာဟု မှတ်ထားသော ပညာသည် ပါရဂူထက်ထွန်းသာတည်း။ သူဟာ ပါဂျယ်ရိုးပေါ်က ပညာရှင်သခင်အဂ္ဂကြီးကိုး။

ကျွန်တော်ကတော့ ဇေယျ၊ ဘဝသံရာဇာတ်ကားထဲက ရိုးရိုးကြီးဇာတ်ကောင်ဖြစ်သည်။ တစ်ယောက်ဆင်း တစ်ယောက်တက်၊ ဘဝသံသရာဝဲဂယက်ထဲဖြစ်ချင်တာတွေ မဖြစ်ရဘဲ မဖြစ်ချင်တာတွေချည်း လိုမ့်ပိမ့်ဖြစ်လာသဖြင့် နစ်မသွားရအောင် ရုန်းကန်ကူးခတ်နေရ၏။

ကွန်ပျူတာစာစီ အော့(ဖ)ဆက် ခေတ်ဝယ် ကျွန်တော်ပိုင် ခဲစာလုံးစုံနှိပ်စက်အစုတ်ကလေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့ ခဏရပ်ဆိုင်း ‘ဟတ်ဖတိုင်း’ပေးထားရသည်။ မပေး၍လည်းမဖြစ်တော့။ ရှိသမျှအရှုံးကြီးရှုံးပြုတ်ပြုတ်ပြွန်းကာ အိမ်ကမိန်းမပြုံးအလှပိုင်ရှင်ကြီးကိုတောင် အပေါင်ခံမည့်သူ မရှိတော့၍တည်း။ အဆီထုတ်၍မရသော အဆီတုံးကြီးပါတကား။

ဒါပေမဲ့ ပြော၍ရပါ၏လော။ ပြည်ဖုံးကား ကျမလာသေးပါ။ ကျွန်တော်မှာလည်း ဆက်ထွန်းထုံးနှလုံးမူပြီး အရှုံးမူပြီး အရှုံးမပေးမဆုံးသေးပါဘူးဟုလည်းကောင်း၊ တို့ခေတ်ကိုတော့ ရောက်ရမည်မလွဲ ပါ ‘တို့စာရေးဆရာ’ ဟုလည်း ကောင်း ကြွေးကြော်ခွင့်ရှိ၏။ အဘယ်ကြောင့်ဆိုသော မနေ့က စာအုပ်တစ်အုပ်ထဲမှာ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲရေးသော စာရေးဆရာသည် စတာလင်ပေါင် သန်းပေါင်း ၂၈၀ချမ်းသာသည်ဟု ဖတ်လိုက်ရ၏။ ဗြိတိန် ဘုရင်မကြီးသည်ပင် သန်းပေါင်း ၂၅၀သာချမ်းသာ၏။ ထို့ကြောင့်ထိုခေတ် ကိုတော့ ရောက်ရမည်မလွဲပါ။

တံငါသည် ရေနစ်ပြီး မုဆိုးကို ကျားဆွဲသွားလေပြီ။ သို့တည်းမဟုတ် ပျံရင်းပြုတ်ကျပြီး လည်းရင်း ချေးနင်းမိသည်လို့ပဲ ပြောရပေတော့မည်။

တက်ထွန်းစီးနင်းလိုက်ပါသော တိုက်တန်းနစ်သင်္ဘောကြီးသည် ထင်းရှူးပင်လယ်ပြင်တစ်နေရာ၌ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် အနစ်မြုပ်လိုက်ရ၏။ သူပိုင်ဆိုင်သမျှ ဒေါ်လာပြားအားလုံးကို လည်ပင်းမှာဆွဲပြီး ရေအောက်အတွန်းချခံရသလို စုန်းစုန်းမြုပ်သွား၏။ လှိုင်းထန်သော ပါးရှနယ်ပင်လယ်တွေမှ ရေပွက်ကလေး တစ်ကွက်ပေမို့ ဘယ်သူမျှ ဂရုမစိုက်လိုက်ကြ။

www.burmeseclassic.com

www.burmeseclassic.com



အမြတ်အစွန်းများများရရှိရေး၊ စီးပွားရေးနယ်ပယ်ရဲ့ထွင်ရေး၊ ရှယ်ယာများ 'လာထားမယ်' ဖြစ်ရေးတို့ကအဓိက စံချိန်စံညွှန်းမိရေးသည် သာမညဆိုသော 'မြတ်ကွန်စထရေးရှင်း' လုပ်ငန်းကြီးသည်လည်း ဟုန်းကနဲတောက် ဖြုန်းကနဲ ပျောက်အဖြစ် ရောက်ရှိသွားသည်။ ထို့အတွက် တာဝန်အရှိဆုံးမြတ်ထွန်းဖြစ်သည်ဆိုသော အချက်က ဘယ်လိုမှထန်းလက်ကာလို့မရ။

ဦးမြတ်ထွန်း၏ မိန်းမကြည်ကြည်ဆွေက သူ့ယောကျ်ားဦးစီးသော ဆောက်လုပ်ရေးလုပ်ငန်းသည် 'စလုံး'နှင့် တလုံးပေါင်းရသောလုပ်ငန်းဖြစ်သည်ဟု ပြောလောက်အောင် မြတ်ထွန်းသည် အပျော်ကြူး၊ အသောက်ကြူး၊ အဖြုန်းကြူးသော 'မယားစားကြူး'သည့် ဘီးလူးတစ်ကောင်ဖြစ်သည်။

မယားကြီး၊ မယားလတ်၊ မယားငယ်၊ မယားထွေး၊ မယားပိစိကွေးဟူ၍ သူ့မှာ အထင်အရှားမယားများမှသည် တဖြည်းဖြည်းငယ်သွားကာ အဏုကြည့်မှန်ဘီလူးနှင့် ကြည့်မှမြင်ရလောက်သည့် မှုန်မှုန်မွှားမွှား မယားကလေး ပေါင်းစွာရှိ၏။ ထို့ကြောင့်လည်း မြတ်ထွန်းရဲ့ မယားနံပါတ်တွေကိုပြောမယ် ဆိုရင် တစ်နောက်မှာ သုညဘယ်နှစ်လုံးမြောက်လို့ ပြောရလိမ့်မယ်ဟူ၍ အကြောင်းသိများက အကိသရဏ္ဍိအလင်္ကာမြောက်စွာ ပြောကြ၏။

မယားတစ်ယောက်အတွက် ကုန်ကျစရိတ် မည်မျှပေးရသည်ကို မိန်းမရှိသူတိုင်း သိပေလိမ့်မည်။ မယားတစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် မရေမတွက်နိုင်သောအယောက်တို့အတွက် သူပိုက်ဆံဘယ်ကရပါသနည်း။ ပြည်သူပြည်သားအများပိုင် ဆိမျိုးစုကိုကိုင်တွယ်နေရသော မင်းမှုထမ်းတစ်ဦးက 'ဆီကိုင်တဲ့လက်ဆိုတာဆီပေမှာပဲ'ဟု ဆားဆီးရန်ကာ အောက်ကလိအာ စကားပြောဖူးသည့်အတိုင်း ဦးမြတ်ထွန်းကလည်း ကိုးကား၏။

သို့သော် ပေကျံသည်ဆိုသည့်နောက် မသန့်တော့ပြီ၊ မစင်ကြယ်တော့ပြီဆိုသည်ကို သူ သတိမပြုမိခဲ့။ ထို့အတွက် ကုမ္ပဏီပိုင်ငွေအလွဲသုံးစားမှု ရှယ်ယာလိမ်လည်မှု စသည့်အမှုပေါင်းများစွာနှင့် အစီရင်ခံရပြီး လုံခြုံသောတစ်နေရာသို့ သူ့အားပို့လိုက်ကာ သူ့ကုမ္ပဏီကိုလည်း မကြာခဏပြိုကျသော တိုက်တာများကြောင့် နှစ်ထောင်ခုနှစ် သင်္ကြာဗာဇ်ဝယ်ဖြစ်ချင်တိုင်းဖြစ် ကုမ္ပဏီကိုချိတ်ပိတ်၊ အိမ်ကိုချိတ်ပိတ်၊ သူ့ဘဝသည်လည်း တံခါးပိတ်ကျိပ်။

အိမ်သားတွေ အိမ်ရှေ့မှာ ဗိုဒိယိုကြည့်နေကြသည်။

စာကြည့်ခန်းထဲမှာ ကျွန်တော်တစ်ဦးတည်းသာ စာအုပ်များဖတ်ပြီး အပြင်းအထန်ကံ သို့မဟုတ် ကမ်ဆိုတာကို စဉ်းစားနေရ၏။



မာစတာမရင်နာတက်ထွန်းသည် Unfortunately အနှစ်မြုပ်ခံရမည့် သင်္ဘောကို သွားစီးမိသည်လော။ သူစီးလာသည့် သင်္ဘောလမ်းကြောင်းသည် တစ်ဖက်မှ ပစ်လိုက်သော တော်ပီဒိုလမ်းကြောင်းနှင့် ဦးတည်ရာချင်း သွားရောက်တိုက်ဆိုင်မိသည်လော။

ဆက်ထွန်းနှင့် ထက်ထွန်း တိုးတက်ကြီးပွားလာခြင်း၊ ကျွန်တော်၏ မကြီးပွားခြင်း၊ မြတ်ထွန်း၏ ဘဝပျက်ကျဆုံးရခြင်းတို့သည် ကိုယ်စီကိုယ်စီ၏ 'ကမ်'ဆိုသော လုပ်ရပ်များကြောင့်လော။ သို့မဟုတ် လွန်ခဲ့သော အတိတ်ကာလ သုံးလေးဘဝက မောင်စိတ္တ၊ မောင်သက္က၊ မောင်မာယတို့၏ စင်ကြယ်သော မစင်ကြယ်သော ဒါန သီလ ကံအကျိုးပေးများပေလော။

ထန်းပင်စု တစ်ရွာတည်းသားချင်းဖြစ်သော်လည်း မောင်ဆက်ထွန်းကလေးသည် ဆင်းရဲသောမိဘနှစ်ပါး၏သား သွားဖြစ်ရသည်မှာ စားပြတိုက်ကြီးယက္ခဘဝက လူတစ်ပါး၏စည်းစိမ်ဥစ္စာတို့အား ဖျက်ဆီးလုယူခဲ့၍လော။

ထိုအခါ ကျွန်တော်၏သား (ယခင်ဘဝက မိလိန္ဒမင်းကြီး ဖြစ်ချင်ဖြစ်ခဲ့မည်) မောင်မင်းမဟော်လေးမေးသော စကားတစ်ခွန်း သွားသတိရမိ၏။ စကျင်ကျောက်တုံးကြီးတစ်တုံးတည်းက ပဲ့ထွက်လာသည့် ကျောက်ဖြစ်တာချင်း အတူတူ အဘယ်ကြောင့် ဟိုအတုံးသည် ဆေးလိပ်ခွတ်ဖြစ်ပြီး ဒီအတုံးသော့ ဘုရားဆင်းတုတော် ဖြစ်ရပါသနည်းတဲ့။ ကလေးအတွေးဖြစ်ပါသည်၊ ကျွန်တော်ကလည်း အတိတ်ဘဝက ရှင်နာဂသိန်မဟုတ်ခဲ့၊ အခုဘဝမှာလည်း ဘာကောင်မှမဟုတ်၍ မဖြေနိုင်ပါ။

စာရေးဆရာကြီး တော့်လ်စရိုင်းက သူ့ဘဝဆိုသည်ကို ရေတွင်းထဲ ပြုတ်ကျပြီး သစ်ကိုင်းတစ်ကိုင်းအား တွဲလွဲခိုထားရသော လူတစ်ယောက်၏ အဖြစ်နှင့် နှိုင်းယှဉ်ပြထား၏။ ရေတွင်းပေါ်တွင် ကံကြမ္မာဆိုးဆိုသော သတ္တဝါကြီးက စောင့်နေ၏။ ရေတွင်းအောက်ခြေတွင် သေမင်းဆိုသော နဂါးကြီးကလည်း ပါးစပ်ဖြဲစောင့်နေ၏။ သူတွဲလွဲခိုထားသော သစ်ကိုင်းကို ကြွက်ဖြူနှင့်ကြွက်မည်းနှစ်ကောင်(နေ့နှင့်ည)က တစ်လှည့်စီ ကိုက်ဖြတ်နေကြပြန်သေး၏။ ထိုအခြေအနေမျိုး၌ပင် သူသည် သစ်ကိုင်းပေါ်ရှိ ပျားအုံမှတစ်စက်စက် စက်ကျနေသော ပျားရည်ကိုပါးစပ်ဟပြီး ခံနေသည်။

ကျွန်တော်သည် တော်လ်စရိုင်းနှင့် ဘယ်လိုမှမနှိုင်းအပ်သည့် အသေးအဖွဲ အနုညာတကောင် ဖြစ်၏။ သို့သော် တော်စရိုင်း၏ ဥပမာဝတ္ထုကို မေးသည်မှသေသည်အထိ အချိန်ရှိသရွေ့ (ကံကကြမ္မာဆိုးစောင့်ကြီး အငိုက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ခံရ) ဒုက္ခဆင်းရဲမတွေ့ရဘဲ၊ ချမ်းချမ်းသာသာ သုခပျားရည်တွေချည်း ခွက်စောင်းမော့သောက်သွားသူတို့အကြောင်း မပါသေးဟုထင်၏။

ကျွန်တော်ကတော့ လူ့ဘဝဆိုသည်ကို လေးဘက်လေးတန်၌ တောင်ကမ်းပါးယံများဖြင့် ပိတ်ကာထားသောကြောင့် ထွက်ပေါက်မရှိသော ရေကန်ကြီးတစ်ခုနှင့် ပမာပြုချင်ပါသည်။ ကျွန်တော်တို့သည် မွေးလာကတည်းက တစ်စုံတစ်ရောက်၏ ကန်ချခြင်းခံရပြီး ကန်ထဲကျသွား၏။

တစ်ချို့သော လူသားတို့က စားစရာအပြည့်ပါသော လှေပေါ်သို့တိုက်ရိုက်ကျသွား၏။ ဘဝတစ်လျှောက်လုံးမှာ မပူမပင်ရလှေတစ်စင်းနှင့် သီချင်းသည်လှပ်နေနိုင်၏။ သူတို့သည် ရေမကူးတတ်၊ ရေမကူးရ၊ ရေကူးစရာမလိုသောကံအကောင်းဆုံးလူသားများပင်။

ထက်ထွန်းသည် လှေအနားသို့ပြုတ်ကျပြီး အနည်းငယ်ကြိုးစားကူးခတ်ရုံနှင့် လှေပေါ်ရောက်သွားသည်။ တက်ထွန်းသည်လည်း ထို့အတူပင်၊ သို့သော် သူ့လှေသည်အချိန်စောစီးစွာ ကျောက်ဆောင်နှင့် တိုက်မိပြီး နစ်မြုပ်သွားရ၏။

ဆက်ထွန်းသည် လှေနှင့်အတော်ဝေးဝေးဆီမှ အပြင်းအထန် ကြိုးစားရုန်းကန် ကူးခတ်ခဲ့သဖြင့်သာ လှေပေါ်ရောက်သွားသည်။ မြတ်ထွန်းကတော့ ဆက်ထွန်းလောက် မကူးခတ်ရပ်နှင့် လှေပေါ်ရောက်ခဲ့သည်။ သို့သော်သူသည် လှေပေါ်မှာ ငြိမ်ငြိမ်မနေ။ ထို့ကြောင့်ရေထဲသို့ ပြန်ပြုတ်ကျသွားသည်။

ကျွန်တော်ကတော့ ရေထဲကျသည်။ အနည်းငယ်ကူးခတ်ရုံနှင့် လှေဆီရောက်သည်။ သို့သော် လှေပေါ်တက်ခွင့်မရ။ ရေလည်းမကူးရ။ လှေနံရံကို တွယ်ဖက်၍သာ လိုက်ပါခွင့်ရသူသာတည်း။

'ဒွေးက ဘိန်းဖြူရှော့(ခ)ဖြစ်သေပြီးရင် နောက်ဆုံးကျ ကျော်ရဲအောင်လည်းလေ၊ ကျော်ဟိန်းက…'

'မဟုတ်ဘူး၊ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်ရမှာ ကျော်ဟိန်းထောင်ကျမှ မမက ဝတ္ထုဖတ်ပြီးသား'

"မမ ဒါဆိုရင်လောင်းမလား"

"လောင်းမယ်လေ၊ မနက်ဖြန် မုန့်ဟင်းခါး ဝယ်ကျွေးကြ"

ဗီဒီယိုကြည့်ရင်းနှင့် ဘယ်လို ဇာတ်သိမ်းမည်ဆိုသော မောင်နှမ ၂ ယောက် အလောင်းအစား ဖြစ်သွားသည်။ ဝတ္ထုဖတ်ပြီးမှ အမိုင်လောင်းရဲ့ အကြီးမကို ကျွန်တော် သိပ်သဘောမကျ။ ဒါပေမဲ့ ကျွန်တော်ဆုံးမစရာမလို။

အကြီးမ ပြောသည့်အတိုင်း ဇာတ်သိမ်းသည် သည်တော့ သူနိုင်ပြီဆိုပြီ



မောင်ဖြစ်သူကို စ၏။ ဒါပေမဲ့သူပဲ ခံလိုက်ရ၏။

"ကဲ …ကဲ ဘယ်လိုလဲ ကရော် ကရော် ရှက်ပါတယ်"

"ဘာ့ ကရော် ကရော် မမနိုင်လို့လား၊ မောင်လေးပြောတာက နောက်ဆုံးကျ ကျော်ရဲအောင် သေမယ်လို့ပြောတာလေ။ ဒီဇာတ်လမ်းဆုံးတော့ သေမယ်ပြောလို့လား၊ နောက်ဆုံးကျ မသေမယ့်သူ ဘယ်သူရှိလဲ"

အဖေ့သား မင်းမပော်၊ သားက အဖေ့ထက် တစ်လမဟုတ်သွားလပေါင်းများစွာကြီးပါတယ် သားရယ် …

ရှယ်ရီ၊ ဇူလိုင်လ၊ ၂၀၀၄

□

www.burmeseclassic.com

www.burmeseclassic.com

# ဣတ္ထိယတို့သည်

"ငါ့ကို စိန်မောင်က ဇက်ပိုးအုပ်တယ်၊ နာရင်းကိုလည်း ရိုက်တယ်"

လှမဥ္ဇူက ဤသို့ ခေါင်းခါလည်ခါခါနှင့် မကျေမနပ် စကားစလာသည်။ သာမာန်ထက်အနည်းငယ်ပိုပွသော နှာခေါင်းတွင်းမှ ထွက်လေဝင်လေတို့က ရှုးရှဲရှုးရှဲအသံကို ဖြစ်စေသည်။

လှမဥ္ဇူသည် ကလေးတစ်ယောက်အမေ ဖြစ်နေသည့်တိုင် မြီးကောင်ပေါက်ကလေးနှင့်တန်းဘူထချင်ရှုချင်တုန်းပင်။ တစ်ခါတစ်ရံငယ်စိတ်မကုန်သေးဘဲ အပျိုဖြန်းကလေးတွေလို ခုန်ချင်ပေါက်ချင် ဆော့စလူးထချင်သည်။

"နောက်တစ်ခါဆိုရင်တော့ ငါသည်းမခံနိုင်ဘူး၊ ပြန်ကိုက်မယ်၊ ကန်ပစ်မယ်"

ထိုအခါ မိညိုက ခေါင်းကိုဝမ်းနည်းကြေကွဲစွာရမ်းပြီး ညည်းညူသံပေါက်သောအသံဖြင့် တီးတိုးဝင်ပြော၏။

" အဲသည်လို ပြန်လုပ်တော့ကော ဘာထူးလာမှာမို့လဲမဥ္ဇူရယ်"

မိညိုသည် ဤကဲ့သို့ အမြဲတစေ အရှုံးပေးလွယ်ပြီး ခေါင်းငုံ့ခံသည်ဟု လှမဥ္ဇူ ထင်၏။ သူ့ကို မွန်ပြည်နယ်တွင် မွေးခဲ့၍လားမသိ၊ မွန်တို့ထုံးစံ 'မိ' (မ)ကို ရှေ့မှထည့်ကာ ညိုညိုရွှေကို မိညိုဟုခေါ်ကြ၏။

မိညိုသည် မော်လမြိုင်သူတို့ ကိုယ်ဟန်အတိုင်း တင်ကြီးကြီး၊ ပေါင်လုံးကြီးကြီး တောင့်တောင့်ဖြစ်သေမဲ့ ထိုမျှစ်စို့ပေါက်ကြီးသည် လွန်စွာစိတ်အားငယ်တတ်၏။ အမြဲတစေ ဆွေးမြေ့ရီဝေစွာ ငေးငေးငိုင်ငိုင် ရှိတတ်ပြီး စကားပြောလျှင်လည်း တိုးတိုးသက်သာ မပွင့်တပွင့်သာ ပြောလေ့ရှိ၏။



ဒါကလည်း ညိုညိုရွှေ အပျိုဖြစ်ပြီး ဘယ်လောက်မှ ကြာသေးသော အချိန်တွင် သူမ မချစ်မနှစ်သက်သူနှင့် အတင်းအကျပ်ထားစားခံရသော သူ့အပျိုဘဝကို စိတ်နှလုံးနှင့် ကိုယ်ကာယနာကျင်စွာ မျက်ရည်စက်လက်ခံစား၍ အဆုံးခံလိုက်ရကတည်းက ဖြစ်၏။ အစက ဆတ်ဆဲတ်ထိမခံ ကတ်တတ်လန့်ခဲ့သော မိညိုမာန်ကျသွားသည်။

မိညိုသားတစ်ယောက်မွေးသည်။ သို့သော် ထိုသားကို သူမချစ်မလွဲသာ၍သာ နို့တိုက်ကျွေးမွေးခဲ့ရသည်။ သားက သူအဖေနှင့်တူလွန်းသည်။

"အဟမ်း ... အဟမ်း"

မိညိုနှင့်လှမဥ္ဇူသည် ချောင်းဟန့်သံပေးလိုက်သော သဇင့်ကို ငြိမ်တုလှည့်ကြည့်လိုက်ကြသည်။ သဇင်က သူအတွေ့အကြုံတွေရင့်ကျက်ပြတ်သားခန့်တည်စွာ ဆရာမကြီးပမာ ဤသို့ ပြောပြသည်။

"ညည်းတို့ နှစ်ယောက်က ငါ့သဘောကို သိချင်ကြားချင်ကြတယ်လား။ ကောင်းပြီ ဒီမှာမှတ်ထား။ မဥ္ဇူက ဒီကောင်ထိတာကိုတောင်မှ မခံချင်ဘူး မဟုတ်လား။ ဒါဆို သင်းကို ကန်ပစ်လိုက် ကန်ပစ်လိုက် သတ်လို့ရရင်သတ်သာပစ်လိုက် ဒါပဲရှင်းရှင်းလေး။

"အို ဘာထူးမှာမို့လဲ မမသဇင်ရယ်"

မိညိုက သူ့ထုံးစံအတိုင်း အရှုံးပေး စိတ်လျှော့စကားဆို၏။ လှမဥ္ဇူကလည်း ထိုသဘောမျိုးပြောသည်။

"သူက ကျွန်မကို ထပ်ရိုက်မှာပေါ့"

ထိုအခါ သဇင်စိတ်ဆိုးပြီး ခြေဆောင့်ကာ အော်လိုက်၏။

"ညည်းတို့ အဲဒါတွေကြောင့် ခက်နေတာ ခံနေရတာ။ ငါပြောတာကို ယုံထား။ ညည်းတို့ ဆန္ဒတွေကို သူတို့သိအောင် ပြရမယ်။ ညည်းတို့ဟာ အမှီအခိုကင်းတယ်ဆိုတာ သူတို့သိအောင်ပြရမယ်။ အနည်းဆုံး ကလန့်ကဆန့်လုပ်ပြလိုက်။ ဒါဆို သူတို့သိလာလိမ့်မယ်။ တော်ပြီ ဒီလောက်နဲ့တင် နည်းနည်းရှုံ့လာလိမ့်မယ်။ ယောကျ်ားတွေက –

ငါတို့ ဣတ္ထိယတွေကို ဘာမှတ်နေလဲ။ ငါတို့က ခေါင်းငုံ့ခံနေရမှာလား။ သူတို့ခိုင်းစေ အနိုင်ကျင့်သမျှကို ငွေဝယ်ကျွန်အခိုင်းအစေတစ်ယောက်လို ရှင်ရှင်မှားမှားအမြဲတမ်းခံနေရမှာလား။ ကိုယ့်စိတ်ကိုယ့်ဆန္ဒ ကိုယ့်ဒေါသနဲ့ ထိုထိုမကျေမနပ်ချက်တွေကို ထုတ်မပြရဘူးလား။ သေတ္တာထဲမှာပဲအမြဲသော့ခတ်သိမ်းဆည်း ထားရမှာလား။ ငါတို့ဟာ သက်မဲ့ပစ္စည်းတွေ

www.burmeseclassic.com



မဟုတ်ဘူး။ သူတို့လိုပဲအသွေးနဲ့ အသားနဲ့ ဖွဲ့စည်းထားတဲ့သက်ရှိတွေ။

လှမဥ္စူကသူ့အတွက်ပြောမှန်းမသိ၊ ကိုယ့်ဘက်က နာလို့ပြောနေမှန်းမသိ အဓိပ္ပာယ်မရှိ ပေါတောတောနှင့် တဟီးဟီးရယ်ချလိုက်ကာ

"မမသဇင်တုန်းကကော ဘာလုပ်ပြခဲ့လဲ"

"ငါတုန်းက ငါမခံဘူး၊ ငါတော်လှန်တယ်။ ပုန်ကန်တယ်။ ငါ့ဆန္ဒကို သူမသိသိအောင်တော့ အနည်းဆုံးပြသနိုင်ခဲ့တယ်"

သဇင်က ဤသို့လျှင် နှုတ်ခမ်းတလန် ပန်းတလန်ပြောသောခါ ဟိုတစ်ချိန်က ဖြူဖွေးလှပခဲ့သော်လည်း ယခုခါ ဝါကျင့်ကျင့်ရှိသော သွားများကို သူတို့မြင်လိုက်ရသည်။ စိတ်ထဲက ပါမပါတော့မသိ။ လှမဥ္စူက 'သိပ်သတ္တိရှိတဲ့ မမသဇင်ပဲ'ဟု မှတ်ချက်ချသည်။ မိညိုကတော့ ထုံးစံအတိုင်း "အဲသည်တော့ ဘာအကျိုးထူးလာလဲ"

မိညိုက ထိုသို့မေးလိုက်သည်ကို လှမဥ္စူက အလိုက်မသိကြားဖြတ်ဝင်ဖြေ၏။

"သူအရိုက်ခံရတယ်လေ။ ကိုအောင်ရွှေကြီးက မူးမူးရူးရူးနဲ့ ကောင်းကောင်းချတာပေါ့။ နဖူးတောင်ကွဲသွားတယ်"

"ဟုတ်တယ်မိညို။ ငါကောင်းကောင်းအချခံရတယ်။ ဒါပေမဲ့"

ဟီးဟီးဟီး။ ဒါပေမဲ့ မမဇင်ဟာ သူ့ဆန္ဒကိုသူ အနာခံပြနိုင်ခဲ့တယ်"

လှမဥ္စူ၏ ရူးနှမ်းနှမ်းသရော်တော်တော် အပြောနှင့် လေသံကြောင့် သဇင်ဆတ်ကနဲ ဖြစ်သွားသည်။

"ညည်းက ငါ့ကို လှောင်တာလား။ ညည်းဟာလေ သူများနောက်ကွယ်မှာ အတင်းအဖျင်းပြောတဲ့နေရာမှာတော့ ထိပ်ဆုံးကလဲ။ ဒါပေမဲ့ ငါ့ကညည်းလိုတော့ စိန်မောင်က ပွတ်သီးပွတ်သပ် တစ်ချက်နှစ်ချက်လာလုပ်တာနဲ့ ချက်ချင်းပျော့ကျမသွားဘူးအေ့။ ညည်းသာ ညည်းသာ။ ဒီမှာ ဝန်ခံလိုက်စမ်းပါ လှမဥ္စူရယ်။ ညည်းစိန်မောင့်ကို အရူးအမူးချစ်နေပါတယ်"

"ဒါတော့ ကျွန်မ မသိဘူး"

ထိုအခါ မိညိုက တီးတိုးရေရွတ်လိုက်ပြန်သည်။ ဘယ်သူ့ကို ဦးတည်ပြောဆိုလိုက်မှန်းတော့ မသိ။

"မမဥ္စူက သူ့ကိုချစ်တယ်။ မမ မဥ္စူ က ကိုစိန်မောင်ကို မချစ်ဘူး။ ချစ်ချစ် မချစ်ချစ် တစ်သဘောတည်းပါပဲ။ ဘာထူးမှာမို့လဲ"

"အောင်မယ် မိညို ညည်းကများ။ မိညို ညည်းဟာခွဲစိတ်ကုသခံပြီးကတည်းက ညည်းအဖို့ အားလုံးဟာ အတူတူချည်းဖြစ်နေပြီ။ ဘာထူးလာမှာလဲတဲ့။ ဘာထူးလာမှာလဲတဲ့လား"



သဇင်က သည်းမခံနိုင်တော့ဟန် ထအော်လိုက်၏။

"တော်လောက်ပြီဟေ့ ...။ မဥ္စူနင်ဟာ သစ္စာဖောက်။ မိညိုနင်လည်း သစ္စာဖောက်။ နင်တို့ဟာ ငါတို့ဣတ္ထိယတွေကို သစ္စာဖောက်တယ်။ ငါတို့ဣတ္ထိယတွေဟာ စည်းလုံးရမယ်။ တစ်သားတည်း ဖြစ်ရမယ်"

"မမသဇင်ပြောသလို ငါတို့ စည်းလုံးရမယ် မိညို။ နင်သဘောပေါက်ရဲ့လား"

အမြဲတမ်း ညှိုးနွမ်းစိတ်မချမ်းမသာ ဖြစ်နေသော မိညိုက သဇင့်ဘိုလှမ်းပြော၏။

"ဒါပေမဲ့ မမသဇင်ခေတ်တုန်းကလည်း ယောကျ်ားတွေရဲ့ အလိမ်အညာ အပေးအယူ အလဲအလှယ် အရောင်းအဝယ်တွေကြားမှာ လိမ့်ပိမ့်ခံခဲ့ရတာပဲ မဟုတ်လား"

"မဟုတ်ဘူး။ ငါမခံဘူး။ ငါခံတိုက်တယ်။ ဒါတွေ ဘယ်သူသိလဲ။ ဘယ်သူမှ မသိကြဘူး။ ညည်းတို့လည်း မသိနိုင်ဘူး"

"ဟုတ်လား။ ဒီလိုမခံတော့ ဘာတွေအကျိုးထူးလာလဲ။ မမဇင်မခံတာ တိုက်နိုက်တာတွေကို ကျွန်မတို့ ကြားသင့်သလောက်ကြားဖူးပါတယ်။ ဒါပေမဲ့ မမသဇင်လည်း ကျွန်မတို့လိုပဲယောကျ်ားတွေရဲ့ ကစားစရာအရုပ်တစ်ရုပ်လို အလေးထားမခံခဲ့ရဘူးလေ။ စွန့်ပစ်ခံရတယ် သိမ်းပိုက်ခံရတယ်"

သဇင်သည် မလုံတဲ့အနာအလယ်ဗွေထဲကို တုတ်နဲ့အထွခံလိုက်ရသလို ဆတ်ဆတ်ခါသွား၏။ ဒေါသကို အတင်းချိုးနှိမ်ထားရသဖြင့် တုန်တုန်ရီရီဖြစ်နေ၏။ မနည်းချုပ်တည်းထားရသော အသံဖြင့် မိညိုကိုစိုက်ကြည့်ပြီး ပြောလိုက်၏။

"မိညို ... ညည်းက ငါ့ကို ဒီလိုပြောရဲသလား။ ငါ့ကိုများ ... ငါ့ကိုလေ ဒီမှာ ငါမွေးရင် ညည်းဟာ ငါ့သမီးအရွယ်လောက်ပဲရှိတယ်ဆိုတာ သိရဲ့လား ငါဟာ ကလေးငါးယောက် မွေးပြီးပြီ။

"အဲဒီတော့ ဘာကျိုး ..."

"ဘာအကျိုးလာမှာလဲလို့ ပြောဦးမလို့လား။ ငါ့ကိုလေးနဲ့ ... အဖြေအကျိုးရလဒ်ဆိုတာတွေကို ငါစိတ်မဝင်စားဘူး၊ အရေးမစိုက်ဘူး။ ငါဟာ ဆွေကြီးမျိုးကြီးက ဆင်းသက်ပေါက်ဖွားလာတယ်။ ညည်းတို့ဟာ ငါနဲ့ သိတ္တွင်း

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ခွင့်ရတာကို ဂုဏ်ယူလိုက်စမ်းပါ"

ထိုအခါ လှမဥ္ဇူ ကဝင်၍ စကားထောက်သည်။

"ညည်းသိထားဖို့ မိညို၊ တစ်ချိန်က မမသဇင်ဟာ အလွန်ပဲလှပခဲ့တယ်။ နည်းနည်းအချိုးမညီတာလေးတွေ တချို့ကလွဲ လို့ပေါ့လေ။ ရင်အုံကမောက်ပေမဲ့ တင်ဆုံကျတော့ ရင်အုံနဲ့စာရင် နည်းနည်းသေးတယ်။ သိပ်ကိုအချိုးအစားကျပြီး တုတ်ခိုင်သွယ်တန်းတဲ့ ပေါင်လုံးကြီးတွေရှိပေမဲ့ လည်ပင်းကတော့ ငန်းလည်ပင်း လို ဖြစ်နေတယ်။ ဒီလောက်ပါပဲ။

ကလေး (၅)ယောက်မွေးပြီးပေမဲ့ မမသဇင်ဟာ သူ့ခန္ဓာကိုယ်ကို မကျ အောင် ထိန်းထားတုန်းပဲ။ အခုအချိန်အထိ မမသဇင်ကို မြင်ရင် ယောကျ်ားဆိုတဲ့ သတ္တဝါတွေ အရူးအမူးဖြစ်ကြတုန်းပဲ။ ညည်းယုံချင်မှယုံ

"တစ်ခါက ငါ့အတွက်နဲ့ ယောကျ်ားနှစ်ယောက် တုတ်တပျက်ဓားတပျက် ဖြစ်ခဲ့ဖူးတယ်။ တစ်ယောက်က ဓားထိုးခံရလို့ သေသွားပြီး နောက်တစ်ယောက်က ထောင်ဆယ်နှစ်ကျသွားတယ်။ သနားစရာ ယောကျ်ားတွေ။

နှစ်ယောက်စလုံးဟာ လူကြမ်းလူရိုင်းကြီးတွေ။ သူတို့ မျက်လုံးတွေဟာ သားရဲတိရိစ္ဆာန်တစ်ကောင်ရဲ့ မျက်လုံးတွေလို အမြဲတမ်း သွေးဆာနေတဲ့ မျက်လုံးတွေ။ ဘယ်သူပဲဖြစ်ဖြစ် ငါ့ကိုပိုင်ဆိုင်ခွင့်ရရင် ရက်ရက်စက်စက် ရိုက် နှက်မယ် နှိပ်စက်မယ်ဆိုတာ ငါသိထားပဲ။

ဒါပေမဲ့ သူတို့ဆီမှာ ငါမသိတဲ့ ငါနားမလည်တဲ့ တစ်စုံတစ်ခုဆိုတာရှိ နေတယ်။ အဲဒါကြောင့် သူ့အတွက်ဆို ဘာပဲလုပ်ရလုပ်ရ လုပ်ပေးချင်နေမိ တယ်။ သူ့နောက်ကိုပဲလိုက်ချင်တယ်။ ဒါဟာအချစ်လား။ အချစ်မဟုတ်ရင်ဘာ လဲ။ အဲဒါကြောင့် ငါတို့တတွေဟာ ယောကျ်ားဆိုသူတွေရဲ့ အဆေအပါး ဖြစ်ခဲ့ရတာလား။

မိညိုက ထောက်ခံခေါင်းညိတ်ပြ၏။ ထို့နောက် မျှော်လင့်ချက်မဲ့ခြင်း အားကိုးရာမဲ့ခြင်း၊ ဝမ်းနည်းအားငယ်ခြင်း အပြည့်နှင့် ပြောလာပြန်သည်။ သက်ပြင်းလည်း ချသည်။ အတန်ကြာမှာ –

"မမပြောတာ သိပ်မှန်လွန်းအားကြီးနေတယ်။ ဒါပေမဲ့ မမကကံကောင်း တယ်။ မမမှာ အရည်အချင်းအစွမ်းအစတွေရှိတယ်။ ကျွန်မမှာလည်း ငယ်ငယ် ကဆို သိပ်တက်ကြွတဲ့ ခွန်အားတွေ အပြည့်နဲ့ပါ။ ဒါပေမဲ့ စဉ်းစားဉာဏ်မရှိဘူး ... အစွမ်းအစမရှိဘူး။ ဒီတော့ ရလဒ်က ဘာလဲ၊ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး မနာလိုဝန်တိုစိတ်ကြောင့် အရူးတစ်ယောက်လို ဖြစ်ခဲ့ရတယ်။



ခွဲစိတ်ကုသခံခဲ့ရတယ်။

လှမဥ္ဇူကလည်း ဝင်ပြော၏။

"ကျွန်မကတော့ ယောကျ်ားတွေကို ကြိုက်တယ်။ အမှန်အတိုင်းပြောရရင် သူတို့တွေနဲ့ မပတ်သက်ရတဲ့ အခါမျိုးမှာ ကျွန်မဘာဖြစ်သွားမလဲဆိုတာမျိုးတောင် မသိတတ်တော့ဘူး။ ဒါဟာ မွေးရာပါစိတ်ပဲ။ ဓိဝဆိုင်ရာ လိုအပ်ချက်လို့ ပြော ချင်လည်းပြောပါ။ ယောကျ်ားဆိုတာ လိုအပ်ချက်တစ်ခုပဲ"

သဇင်က လှမဥ္ဇူ ကိုထောက်ခံသည်လည်း မဟုတ်၊ မထောက်ခံသည်လည်း မဟုတ်၊ ဒေါ်မလည် မျက်နှာပေးနှင့် ဂဏှာမငြိမ်ဖြစ်နေ၏။ နောက်တော့မှ –

"ငါ့အဖို့တော့ ယောကျ်ားဆိုတာ မလိုအပ်ဘူးအေ။ ဒါပေမဲ့ ယောကျ်ားတွေ ကတော့ ငါ့ကို အရူးအမူးလိုချင်ကြတယ်အေ့။ အဲသည်ထဲမှာ စွမ်းအားတန်ခိုး တစ်ခုရှိနေတယ်ဆိုတာ ညည်းတို့သိကြရဲ့လား။ ငါဟာမကြာခဏဆိုသလိုပဲ ဣတ္ထိယတွေ လွတ်မြောက်ဖို့ လှုပ်ရှားမှုကြီးတစ်ရပ်ကို စကြည့်တယ်။ ဒါပေမဲ့ ငါမှာ ငါနဲ့ ငါပဲရှိတယ်"

ကျန်တာတွေက ယောကျ်ားတွေရဲ့ ဟန်ဆောင်ကြင်နာချော့မော့တဲ့ စကားလေးတစ်လုံးနဲ့ ဘာမဆိုကိုလဲလှယ်ဖို့ အသင့်ဖြစ်နေတဲ့ မဥ္ဇူလိုကောင်မ မျိုးတွေချည်းပဲ။ လုပ်ရကိုင်ရတာ မခက်ပေဘူးလား။ အသက်သေကြွဲခဲ့ရဖူး တယ်။ ဒါပေမဲ့ ငါ့ရဲ့ယဉ်ကျေးသိမ်မွေ့ခြင်း၊ မျက်နှာထားချိုသာခြင်း၊ လှပချော မောခြင်း၊ ကိုယ်ပိုင်အရည်အသွေးရှိခြင်းဆိုတဲ့ အချက်တွေကြောင့် ငါဟာ အခု အချိန်အထိ ခလုတ်မထိဆူးမငြိဘူးအေတို့ရဲ့"

"မှန်တာပေါ့ မမသဇင်ရယ်။ မမကို ဆံပင်အမွှေးအရောင်ကအစ နှထိ နှစ်သက်ချီးမွမ်းနေကြတုန်းပဲ မဟုတ်လား။ စွဲမက်စရာ ပေါင်တံတွေလည်း ရှိနေတုန်းပဲလေ။ ကျွန်မကတော့ သနားစရာ အကျည်းတန်မပါ။

ဒီတော့ ကျွန်မက ယောကျ်ားတွေကို လိုက်ကြိုက်တယ်။ မမသဇင်ကတော့ သူတို့ကို အရေးမစိုက်တော့ သူတို့ကစကြိုက်ရော။ မဟုတ်ဘူးလား"

ထိုအခါ မိညိုက အဲဒီတော့ ဘာအကျိုးထူးလဲဟုပြောရန် စကားစလိုက်၍ လှမဥ္ဇူ က တိတ်တိတ်နေရန် အချက်ပြလိုက်၏။ သဇင်က ဆက်ပြော၏။

"မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတွေရဲ့ နှစ်သက်သဘောကျလှ ချည်ရဲ့ဆိုရင်တော့ လက်ခံလိုက်။ ဒါပုံသေနည်းပဲ။ ညည်းတို့ရဲ့ ဆန္ဒရမှုကိုပဲ သူတို့ဆီ မီးကူးပေးလိုက်။ နို့ပေမယ့် တကယ်မပေးလိုက်မိစေနဲ့။ ငါပြောတာရှင်း လား။

www.burmeseclassic.com

www.burmeseclassic.com



ငါဟာငါ ဘယ်လိုပဲဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာလာ ညည်းတို့လို အားနွဲ့တဲ့သူပါရှင် အစားထဲကပဲ။ ညည်းတို့လိုပဲ ငါ့ဘဝတစ်လျှောက်မှာ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး အတတ်အကျဆိုတာ ရှိခဲ့တာပဲ။ ငါနုပျိုစဉ်က ညည်းတို့လိုလဲသူတို့ရဲ့ အသုံးချခံ အရောင်းစားခံခဲ့ရပေမဲ့ ဘယ်တုန်းကမှ မဆင်းရဲမနွမ်းပါး မပင်ပန်းခဲ့ဖူးဘူး။ ဘယ်ယောကျ်ား တစ်ယောက်ကမှလည်း ငါ့ကိုမရိုက်ဘူး။

"မမရဲ့အလှတွေ ပျက်စီးသွားမှာစိုးလို့ ဆိုပါတော့"

"ဒါပေါ့ ဖြစ်နိုင်တာပေါ့။ ငါ့မှာ လျှို့ဝှက်ချက် တစ်ခုရှိတယ်။ ဘာလဲလို့ မမေးနဲ့။ အခုအချိန်အထိ ငါမလွှမ်းမိုးမချုပ်ကိုင်နိုင်တဲ့ ယောကျ်ားဆိုတာတော့ မရှိသေးဘူးလို့တော့ယုံထား။

"ငါ့အလှ ငါ့အသိဉာဏ်ထက်မြက်မှုဟာ တစ်နယ်လုံးမှာ ပြောစမှတ်ပဲ။ ငါတို့မြို့ရဲ့ လှယဉ်ကျေးမယ်တွေ၊ ကာယအလှမယ်တွေတောင် ငါ့ကို မကျော်နိုင်ဘူး။ ဒါကြောင့်နောက်ဆုံးကျ ငါ့ကို ထိုက်ထိုက်တန်တန်နေရာမပေးပဲနေလို့ မရတော့ဘူးလေ။"

သဇင်က ရှင်ပြုတုန်းက ရွှေထီးဆောင်း၊ နားသတုန်းက ရွှေစည်းပုံဆောင်းခဲ့ရသော ရွှေရောင်နေ့ရက်များကို လွမ်းတသသ ပြန်ပြောနေ၏။ လှမဥ္ဇူက မိညိုအား မေးငေါ့ပြမျက်စပစ်ပြနေ၏။ သဇင်သည် သူ့အလွမ်းအတွေးအိမ်မက်ဟောင်းတွေထဲတွင် စီးဝင်မျောပါနေသဖြင့် မိညိုတို့ကိုသာမဟုတ်၊ ဘာကိုမျှမမြင်။ သူတွေးနေသည်က အမှတ်တရပွဲတော်ရက် အဖြစ်များသာ။

"ညည်းတို့ဟာ တကယ်တော့ အသိဉာဏ်မရှိ ထုံထိုင်းတဲ့ မြည်းမတွေပဲ။ ဒါကြောင့်လည်း အရိုက်ခံရ အနှိပ်စက်ခံရ ဆူဆဲကြိမ်းမောင်းခံနေကြရတာပဲ။ ငါပြောတာတွေ သင်ခန်းစာတွေကို ကောင်းကောင်း နားထောင်ကြ၊ မှတ်ထားကြ။

မိညိုနှင့် လှမဥ္ဇူတို့က ပြောင်စပ်စပ်မျက်နှာများကို မျက်နှာပိုးသတ်လိုက်ကြသည်။ သဇင်ကလည်း မျက်နှာကို တည်ထားပြီး အလေးအနက် ဆက်ပြောသည်။

"ငါ့ကို ဓါဂုဏ်ပြုမယ့်နေ့ မနက်အရုဏ်တက်တာနဲ့ ဖီးလိမ်းပြင်ဆင်ဖို့ လူတွေ ရောက်လာတော့တာပဲ။ နေဦး နေဦး။ အတိအကျပြောရရင် ဖီးပဲဖီးတယ်။ ငါက အလိမ်းမခံဘူး။ ရုပ်ရှင် ရိုက်တာမှ မဟုတ်တာ။ မိတ်ကပ်တွေနှုတ်ခမ်းနီတွေ ကာခြယ်တွေက ဘာလုပ်ရမှာလဲ။ ငါ့ကို ဘီးနဲ့ဖီးတယ်။ ဘရပ်(ရှ)နဲ့ အရောင်ထွက်ပြောင်လက်လာအောင် ဖီးပေးတယ်။ အားလုံးပြင်ဆင် ဝတ်စားပြီး



လို့ ကြည့်လိုက်တော့ ငါ့ကိုယ်ငါတောင် မမှတ်မိလောက်အောင်ပါပဲ။ ငါ့တို့ထိပ်ပေါ်မှာခြုံထားတဲ့ ရွှေချည်ငွေချည်ထိုး အနီရဲရဲကတ္တီပါ ခြုံထည်ကြီးတစ်ခုတည်းကတင် တန်ဖိုးနည်းလား"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ အဲဒီနေ့ဟာ ငါ့အတွက် တကယ်မမေ့နိုင်တဲ့နေ့။ နေရောင်ခြည်ကလည်း ရွှေရောင်လိုဝင်းလို့။ ငါကလည်း ခေါင်းကလေးမော့မော့တင်ကလေးကော့ကော့နဲ့ ထွက်လာတာပေါ့။ ငါထွက်လာတာပြည်းမြင်ရာ အသင့်စောင့်နေတဲ့ အိုးစည်ဗုံမောင်းအဖွဲ့က ဘဝဂ်ညံအောင်တီးတော့တာပဲ။ ငါသွားရာနောက် တကောက်ကောက်လျှောက် လိုက်တီးနေလိုက်တာကွယ်။ အားနာစရာတောင်ကောင်းတယ်။ သီချင်းတွေလည်း ဆိုကြကကြဆိုတော့ ငါလည်းမြူးကြွလာတာပေါ့။

ဒါနဲ့ ငါလည်း ခြေထောက်ကလေးကို တမြှောက်မြှောက်လုပ် ဆောင့်ဆောင့်ချပြီး ခွာသံတဖြောင်းဖြောင်းနဲ့ လာလိုက်တာ မဏ္ဍပ်ရောက်တဲ့အထိပဲ။ ငါ့ကျောပေါ်က မောင်ရင်လောင်းကိုလည်း နည်းနည်းမှလေးတယ်မထင်ပေါင်။

ရှယ်ရီ၊ ဇက်တင်ဘာလ၊ ၂၀၀၅

သက်တွန်း (ဆေးသိပ္ပံ)

□

www.burmeseclassic.com